

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

# ၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI LIVES BRILLIANTLY



အတွဲ(၁၃)၊ အမှတ်(၁၃) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက် ၊ ဗုဒ္ဓဟူး ၊ (ဇွန် ၄ ၊ ၂၀၁၄)


## အရှိန်မြင့်လာသော ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းများ

**ထွန်းခိုင်၊ ရန်မျိုးနိုင်**

ယခုလတ်တလောမြင့်တက်နေသည့် နိုင်ငံရေးအရှိန်သည် ၁၉၉၀နှစ်ကာလများဆီသို့ ပြန်လည်သတိရစေသည်။ ထိုစဉ်က တပ်မတော်အနေဖြင့် နိုင်ငံရေးနှင့် ကင်းကင်းရှင်းရှင်းနေရန်၊ တိုင်းသူပြည်သားများအား ပစ်ခတ်ချုပ်ချယ်မှုများမလုပ်ရန် ပွင့်ပွင့်လင်းလင်းဝေဖန်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ စကားများသည် လူကြိုက်များလှသည့် မိန့်ခွန်းများဖြစ်သော်လည်း ယင်းအပြောအဆိုမျိုးကို တပ်ဘက်ကမူ တပ်မတော်ကို ဖြိုခွဲမည့်လုပ်ရပ်အဖြစ် ရှုမြင်ခဲ့သည်။


**အချပ်ပို** A11 ››


## “မနက်ဖြန်လွှတ်တော်ထဲမှာ ဒီလိုမဲထည့်ဆိုပြီး ညပိုင်းမှာ စာရွက်လိပ်လေးတွေ တံခါးပေါက်ကနေ လိုက်သွင်းသွားတယ်”

ပြည်ခိုင်ဖြိုး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် တွေ့ဆုံမေးမြန်းခြင်း

**အိဖြူလွင်**


**စာမျက်နှာ ၁၈** ››




*ရန်ကုန်မြို့ရှိ ဗေဒင်ဟောခန်းတစ်ခုတွင် လာရောက်မေးမြန်းနေသည့် အမျိုးသမီးတစ်ဦး*

ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

# အသည်းကွဲ အိမ်ရှင်မတို့ အားကိုးရာ

**ထွန်းခိုင်**

ဗေဒင်လက္ခဏာဟောခန်းတစ်ခုရှေ့တွင်ချထားသော ခုံလွတ်၌ နေ့စဉ်လူပြတ်သည်မရှိလောက်အောင် စည်ကားလျက်ရှိသည်။ အိမ်မကပ်တော့သည့် အိမ်ဦးနတ်များ အိမ်ပြန်လာရေးအတွက် လာရောက်တိုင်ပင်ကြသည့် အသည်းကွဲနေသည့် အိမ်ရှင်မအမျိုးသမီးများအတွက်ပင်ဖြစ်သည်။


**စာမျက်နှာ ၈** ››




## “လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဝင်ဖို့ အားမကောင်းတဲ့ မြေယာမူဝါဒတွေကြောင့် အတားအဆီးဖြစ်နေတယ်”

ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့်တွေ့ဆုံခြင်း

အောင်သူရ၊ ပြည်သိမ်း


**အချပ်ပို** A9 ››


## ထိမိပွတ်မိ ဦးရာလူဖြတ်တဲ့ လမ်းမပေါ်က ပြဿနာ

**မိုးညို**

ကားအာမခံထားသော အလေ့အထ အားနည်းသည့် မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ယာဉ်ကြောရှုပ်ထွေးမှု တစ်နေ့တခြား ဆိုးရွားလာပြီး နည်းလမ်းမကျသည့် ဖြေရှင်းမှုကြောင့် နှစ်ဦးနှစ်ဖက် နစ်နာမှုများက လမ်းမများပေါ်တွင် နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည်။


**အချပ်ပို** A12 ››







CNC
RAIN COAT
ENVIRONMENT FRIENDLY
Pocket Map
Detachable Hood
Hidden Wire Holder
Personal Area Network
Wire Holding Loop x4
Nobulge Pocket Design
Clear Touch inner Pocket
Pen Pocket x2
Travel Documents Pocket
Eyeglass Pocket
Digital Camera Pocket
i-Pad Pocket
Extendable Key Holder & Water bottle Loop
Interior view
www.cncmenwear.com
www.facebook.com/cnc1999
LIMITED EDITION - 2014




MAKE it POSSIBLE
HUAWEI
Redefining Excellence
"Fashion is more than just elegance and beauty. Every creation should push new boundaries."
HUAWEI Ascend P7
Excellence With Edge
Redefining Craftsmanship
Redefining Camera Experience
Redefining Connectivity
consumer.huawei.com

7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ရင်းနှီးမြှုပ်နှံမှုကာကွယ်ရေးသဘောတူညီမှု လက်မှတ်ထိုးရန် အမေရိကန်ကမ်းလှမ်း

**ပြည်သိမ်း**

**ရန်ကုန်၊ ဇွန်-၂**

ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် ဥပဒေများ အားမကောင်းသည့်အတွက် ရင်းနှီးမြှုပ်နှံမှု ကာကွယ်ရေးသဘောတူညီမှု လက်မှတ်ရေးထိုးရန် အမေရိကန်နိုင်ငံကလည်း ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သတင်းရရှိသည်။

“ဒါတွေရေးထိုးပြီးရင်တော့ ရင်းနှီးမြှုပ်နှံမှုကြီးတွေက ဝင်လာမှာပါ။ သူတို့က စီးပွားရေးသမားတွေဖြစ်တော့ နိုင်ငံရေးကိုသိပ်စိတ်မဝင်စားဘူး။ လာပြီးတွေ့ရင်တောင် နိုင်ငံရေးအတွက် မဟုတ်ဘူး၊ စီးပွားရေးအတွက်ပဲလို့ပြောပြီး ဆွေးနွေးတယ်”ဟု အထက်ပါကော်မရှင်မှ အတွင်းရေးမှူး ဦးအောင်နိုင်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သောဥပဒေများကို လွှတ်တော်မှ လက်ရှိအချိန်ထိ ပြင်ဆင်ဆဲဖြစ်သည်။ အမေရိက၊ ဥရောပသမဂ္ဂနိုင်ငံများသည် ဥပဒေမူဘောင်ကို များစွာအလေးထားသဖြင့် မြန်မာနိုင်ငံတွင် ဥပဒေတစ်ခုနှင့် တစ်ခုရှုပ်ထွေးမှုများကို စိုးရိမ်ကြသည်။

“သူတို့ဘက်က ပြည်သူပိုင်မသိမ်းဘူးဆိုတဲ့ အာမခံချက်မျိုးကို လိုချင်ကြတယ်။ အရင်တုန်းက ဒါမျိုးတွေမရှိဘူး။ အခုမှ ဒါမျိုးတွေကို လုပ်လာကြတာ”ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဥပဒေပိုင်းဆိုင်ရာ အားနည်းမှုသည် မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေက သက်သေတစ်ခုဖြစ်နေသည်။ ယင်းဥပဒေကို ၁၉၁၄ ခုနှစ်က အင်္ဂလိပ်အစိုးရလက်ထက်က ရေးဆွဲထားသောဥပဒေဖြစ်ပြီးယခုထိပြင်ဆင်ရေးဆွဲနိုင်ခြင်း မရှိသေးပေ။

ထို့အပြင် ဥပဒေတစ်ခုနှင့် တစ်ခုရှုပ်ထွေးနေမှုများကလည်း ရင်းနှီးမြှုပ်နှံသူများအတွက် အခက်အခဲဖြစ်နေသည်။ မြေလွတ်မြေရိုင်းများရယူသုံးစွဲခွင့်နှင့် ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြေလွတ်မြေရိုင်းဥပဒေမှာ ရှုပ်ထွေးနေသည်။


*အမေရိကန်ရင်းနှီးမြှုပ်နှံမှုထုတ်ကုန်တစ်ခုဖြစ်သော ကိုကာကိုလာအချိုရည်ဘူးများ*

ဓာတ်ပုံ – စိုးသန်းဝင်း/အေအက်ဖ်ပီ

မြေလွတ်မြေရိုင်းဥပဒေတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလုပ်ချင်သူသည် ဦးစွာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် ခွင့်ပြုမိန့်လျှောက်ရမည်ဟု ပါရှိသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင် မြေလွတ်မြေရိုင်း၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါက မြေလွတ်မြေရိုင်းဥပဒေ၏ ခွင့်ပြုချက်ကို မြေစာရင်းမှ ယူပြီးမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုရမည်ဟု ပါရှိသည်။ ယင်းသို့ဥပဒေများရှုပ်ထွေးနေမှုက ရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်နေသည်။

အမေရိကန်နိုင်ငံကဲ့သို့ ဥရောပသမဂ္ဂနိုင်ငံများကလည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ရင်းနှီးမြှုပ်နှံမှုကာကွယ်ရေးသဘောတူညီမှုကို လက်မှတ်ရေးထိုးရန် စီစဉ်နေသည်။





PYI HTUN AUNG TRADING CO.,LTD
BRIDGESTONE တာယာမိုးရာသီအကြိုအထူးဈေးရောင်းပွဲတော်
Bridgestone Truck & Bus Tire တစ်လုံးဝယ်ယူပြီး . . .
ဆီပြည့်ကဒ် နှင့် T-Shirt တစ်ထည် ထုတ်ယူပါ။
BB DE 437
CITARO
ပြည်ထွန်းအောင်ကုမ္ပဏီ၏ UNIVERSAL အရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ် ဆိုင်များတွင် ကုန်ကားနှင့် ဘတ်(စ်)ကားတာယာများဝယ်ယူပြီး T-Shirt တစ်ထည်နှင့်ကျပ် (15000) တန် ဆီထည့်ခွင့်ကူပွန်များ ရယူပါ။
PROMOTION ကာလ (10.5.2014-30.6.2014) အထိ တာယာအလုံးရေ ကန့်သတ်ထားပါ၍ BRIDGESTONE ၏ မိတ်ဟောင်းမိတ်သစ်များကို အခွင့်အရေးကောင်းလက်မလွှတ်စေရန် သတင်းကောင်းပါးအပ်ပါသည်။
ဆီထည့်ခွင့်ကူပွန်အားငွေသားဖြင့်လဲလှယ်ပေးမည်မဟုတ်ပါ။ PROMOTION ကာလအတွင်းအပြင်းအလွဲမှုတစ်စုံတစ်ရာဖြစ်ပါကပြည်ထွန်းအောင်ကုမ္ပဏီ၏ဆုံးဖြတ်ချက်သာအတည်ဖြစ်သည်။
အရောင်းကိုယ်စားလှယ်များဆက်သွယ်ရန် ဖုန်း ၀၉ ၄၂၁၁၀ ၃၀၈၈
အရောင်းကိုယ်စားလှယ်ဆိုင်များ
ရွှေမြို့တော်တာယာဆိုင် -၀၉ ၂၅၉၀၀၈၀၀၆၊ ၀၉ ၂၅၉၀၀၈၀၀၇၊ ဘုရင့်နောင် တာယာဆိုင် -၀၈၁-၂၁၂၁၂၄၂၊ ပါလီတာယာရောင်းဝယ်ရေး -၀၇၄-၂၂၁၁၀၊ ၀၇၄-၂၂၁၂၁၊ ဖက်စ်-၀၇၄-၂၁၉၅၅
ဦးလှရွှေ(ကံတော်လေးတာယာဆိုင်) -၀၉ ၅၃၁၂၄၈၀၊ ၀၆၉-၂၀၀၄၉၆၊ ကွန်မြူတာ(တာယာဆိုင်) -၀၁-၆၈၀၄၈၀၊ ၀၁-၅၂၈၅၅၂၊ ၀၉ ၄၂၀၂၁၈၇၅၀
ငွေစင်(တာယာရောင်းဝယ်ရေး) -၀၉ ၅၃၀၀၇၆၁၊ ၀၉ ၅၃၀၀၈၆၄၊ မြနှင်းဆီ(တာယာရောင်းဝယ်ရေး) -၀၆၆-၂၂၆၇၆၊ ၀၉ ၄၀၂၆၁၁၃၀၄
ကံတော်လေး(တာယာနှင့်အင်ဂျင်ဝိုင်) -၀၆၉-၂၀၀၄၉၆၊ ၀၉ ၅၃၁၂၄၃၀၊ မဟာမိတ်(ကားပစ္စည်းဆိုင်) -၀၆၂-၂၂၇၃၀၊ ၀၆၂-၂၃၅၃၀
အန်တီဝင်း -၀၁-၆၈၃၁၄၄၊ ၀၁-၆၈၆၁၈၂၊ ၀၉ ၅၁၀၇၉၄၅ ကေဒီပါ(တာယာဆိုင်) -၀၁-၆၈၂၆၅၄၊ ၀၁-၆၈၀၆၁၆၊ အောင်(တောင်ကြီး) -၀၁-၆၈၆၀၈၇၊ ၀၁-၆၈၂၉၅၀
Promotion တွင်ပါဝင်သော Tire များ
SULP
8.25-20 / 9.00-20
10.00-20 / 11.00-20
G - 611
11.00 R20
295/80 R22.5
M - 840
10.00 R20
R - 150
12 R22.5
295 / 80 R22.5
L - 317
10.00 R20
11.00 R20
G - 580 II
12.00 R20
L - 301
10.00 R20
11.00 R20
Universal တာယာအရောင်းဆိုင်များ
UNIVERSAL (မြေနီကုန်း)၊ အမှတ် (260) ဗားဂရာလမ်း၊ မြေနီကုန်း စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-01 2304116
UNIVERSAL (အောင်မင်္ဂလာအဝေးပြေးဝန်း)၊ အခန်း (ယ-13)၊ ပုဏ္ဏကလမ်း၊ ယ-ဝန်းအသစ်၊ အောင်မင်္ဂလာအဝေးပြေး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-09 73143283
Universal (မြေဘာနာမြို့သစ်)၊ အမှတ် (1)၊ အမှတ် 3 လမ်းမကြီးနှင့် 12 လမ်းထောင့်၊ သည်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-09 73142042

Life
7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

အေးသူစံ

# ကျွန်မ . . . ကားစပယ်ယာ



*ယာဉ်စီးခလိုက်လံတောင်းခံနေသည့် မနီနီစိုးကို တွေ့ရစဉ်* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ရန်ကုန် အင်းစိန်လမ်းပေါ်ရှိ လှည်းတန်းမှတ်တိုင်သို့ ထိုးဆိုက်လာသည့် ၄၈ အဲကွန်းအထူး ဘတ်စ်ကားပေါ် ပြေးတက်သော ခရီးသည်အချို့ ကားခလိုက်လံကောက်ခံသည့် ယာဉ်နောက်လိုက်ကြောင့် တအံ့တသြအထူးအဆန်း ဖြစ်နေကြပုံရသည်။ ကျောလယ်ခန့်ဆံပင်ကို စုစည်းချည်နှောင်ထားပြီး ခဲနှင့် အပြာရင့်ရောင် တွဲစပ်ထားသော ယာဉ်နောက်လိုက်ဝတ်စုံခပ်ပွပွကို ဝတ်ဆင်ထားသူမှာ အမျိုးသမီးတစ်ဦး ဖြစ်နေခြင်းကြောင့်ပင်။

သူမသည် ဗိုလ်တထောင်မှ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ ပြေးဆွဲသည့် ၄၈ အဲကွန်းအထူး ယာဉ်လိုင်းမှ ခန့်အပ်ထားသော ပထမဆုံးအမျိုးသမီးယာဉ်နောက်လိုက်များထဲမှ ယာဉ်နောက်လိုက် မနီနီစိုးဖြစ်သည်။ ငါးပေခန့်အရပ်ကလေးနှင့် မလိုက် ပိန်သွယ်သွယ်ခန္ဓာကိုယ်ကလေးနှင့် ကားတစ်စီးလုံး ရှေ့နောက်ဝဲယာမကျန် လွန်းကလေးလို ပြေးလွှားလှုပ်ရှားနေသည်။

မနီနီစိုးက ယာဉ်နောက်လိုက်လုပ်သက် တစ်လခန့်သာရှိသေးသော်လည်း ယာဉ်စီးခငွေများကို ဝါရင့်ယာဉ်နောက်လိုက်တစ်ဦးသဖွယ် လက်ခလယ်နှင့် လယ်ညှိုးကြားညှပ်၍ သိမ်းဆည်းထားသည်။ ယာဉ်မောင်းဒရိုင်ဘာထံ လမ်းကြောင်း ရှင်း၊ မရှင်း အဲကွန်းအေး၊ မအေး အနေအထားတွေကို သက်သောင့်သက်သာ သတင်းပို့နေပြီး သူ့ကိုစူးစမ်းနေသော ခရီးသည်များ၏ မျက်လုံးများကို တုံ့ပြန်ပြုံးပြလိုက်သေးသည်။

“ကားပေါ်စရောက်ရောက်ချင်း ဖြစ်ပါ့မလား စိုးရိမ်စိတ်ရှိတယ်။ ရှက်တယ်။ ယာဉ်နောက်လိုက် ယူနီဖောင်းဝတ်လိုက်တော့ စိတ်ထဲဘာမှ မရှိတော့ဘူး။ ခရီးသည်တွေကတော့ ကိုယ့်ကိုတွေ့တော့ ဟာခနဲ၊ ဟင်ခနဲဖြစ်ကြတယ်။ အံ့သြကြတယ်။ ရယ်ပြကြတယ်” ဟု မနီနီစိုးက ယာဉ်နောက်လိုက်ဘဝ ကနဦးအတွေ့အကြုံများကို ပြောပြသည်။

စလုပ်စဉ်ကအမျိုးသားယာဉ်နောက်လိုက်များကဲ့သို့ မပါးနပ်သည့်အတွက် ကားခပိုက်ဆံပိုငွေကို ချက်ချင်းပြန်မအမ်းနိုင်ခြင်း၊ ယာဉ်စီးခကို အသံကျယ်ကျယ်နှင့် အော်မတောင်းရဲခြင်း၊ ယာဉ်စီးခ တမင်မပေးသည့် ခရီးသည်များကို အတင်းမတောင်းရဲခြင်း၊ ခရီးသည်

**အချပ်ပို** (A5) **သို့**


# GREAT GETAWAYS
## WITH ALL-IN FARES AND 30KG BAGGAGE ALLOWANCE

SINGAPORE
FROM USD 222 RETURN


DENPASAR | JAKARTA
SURABAYA | YOGYAKARTA
FROM USD 578 RETURN

SEOUL | TOKYO
FROM USD 720 RETURN

CHENNAI | KOCHI
KOLKATA | MUMBAI
FROM USD 798 RETURN

ADELAIDE | BRISBANE
MELBOURNE | SYDNEY
FROM USD 1,128 RETURN

From now to 30 September 2014, transit in Singapore and receive a complimentary S$20 Changi Dollar Voucher for fabulous shopping and dining or exclusive access to the Ambassador Transit Lounge.



singaporeair.com

SILKAIR
SINGAPORE AIRLINES
A STAR ALLIANCE MEMBER

Fares are available from these authorised travel agents:

| | | | | | | | |
|---|---|---|---|---|---|---|---|
| AMTRA TRAVEL | TEL: 393 304, 393 035 | HTOO TRAVEL | TEL: 860 3766, 860 3767 | SAW PORN PHAN | TEL: 373 234, 224 883 | THAN THAN TRAVEL | TEL: 255 034, 255 035 |
| COLUMBUS TRAVEL | TEL: 229 245, 378 535 | NICE FARE TRAVEL | TEL: 393 088, 245 378 | SUN FAR TRAVEL | TEL: 243 993, 255 338 | WORLD CONNECT TRAVEL | TEL: 218 181, 218 182 |

All advertised fares are per person in Economy Class and include the price of the air ticket, associated taxes and surcharges, correct as at 24 April 2014. Fares quoted are available from now to 27 June 2014 for travel out of and into Yangon from now to 31 August 2014, subject to seat availability and currency fluctuation. Fares are only available at the authorised travel agents listed above, and may be subject to additional service fees. Change of passenger name is not allowed but date changes are allowed, subject to an administrative fee. Tickets are non-refundable, cannot be used in conjunction with upgrade awards and are not interchangeable for travel on other airlines. Tickets are eligible for mileage accrual at 10% of the actual miles flown. Other terms and conditions apply. For special fares to other destinations, please check with the appointed travel agents.

7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ရှေးဟောင်းအဆောက်အအုံများ လမ်းလျှောက်လေ့လာမှု အစီအစဉ် လူငယ်အများစုစိတ်ဝင်စား

ရှင်းရှင်း၊ ယမင်း

ရန်ကုန်၊ ဇွန်-၂

ရန်ကုန်မြို့ ဆူးလေတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံများ လမ်းလျှောက်လေ့လာရေး အခမဲ့ခရီးစဉ် စိတ်ဝင်စားသူ အများစုမှာ လူငယ်များဖြစ်ကြောင်း ရန်ကုန် မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သတင်းရရှိသည်။

“ဖေ့စ်ဘွတ်ခ်မှာ ကြေညာလိုက်တယ်ဆိုရင်ပဲ ဖုန်းတွေ အီးမေးလ်တွေနဲ့ လျှောက်ကြတဲ့သူတွေ အရမ်းများတယ်။ နာရီဝက်အတွင်း စာရင်းပြည့်တယ်။ အဲဒီထဲမှာမှ အများစုက လူငယ်တွေပဲ။ ဗိသုကာပညာရှင်တွေ၊ တိုးရစ်ဂိုက်တွေက ဒီလေ့လာရေး ခရီးစဉ်ကို ပိုစိတ်ဝင်စားမှုများပြားတာကို တွေ့ရပါတယ်”ဟု ခရီးစဉ်အစီအစဉ်ရေးဆွဲသူ မရွှေယင်းမာဦးကပြောသည်။

ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့် မြို့ပြအမွေအနှစ် အများဆုံးတည်ရှိရာ ရန်ကုန်မြို့၏ သမိုင်းကြောင်းနှင့် တန်ဖိုးကို သိရှိစေရန်နှင့် အပြန်အလှန်ဆွေးနွေးနိုင်သည့် အသိပညာပေးနိုင်ရန် ရည်ရွယ်ပြုလုပ်သည့် ကဏ္ဍ တစ်ခုဖြစ်ကြောင်းသိရသည်။



ဓာတ်ပုံ – YHT

*ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများအား လိုက်လံကြည့်ရှုနေသူများကို YHT မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြနေစဉ်*

အဆိုပါလေ့လာရေးခရီးစဉ်ကို စိတ်ပါဝင်စားသူ ၃၀ ခန့်၊ အင်္ဂလိပ်–မြန်မာ ဘာသာပြန်တိုးရစ်ဂိုက်တစ်ဦး အပါအဝင် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ လိုက်ပါပြီး ပန်းဆိုးတန်း(အောက်ဘလောက်)နှင့် ဆူးလေအနီးတစ်ဝိုက်ရှိ ရှေးဟောင်း အဆောက်အအုံများ၊ မြို့ပြအခင်းအကျင်းများကို လမ်းလျှောက် လေ့လာနိုင်ကြောင်း သိရသည်။

ယင်းလေ့လာရေးအခမဲ့ ခရီးစဉ်ကို လတစ်လ၏ ပထမပတ်၌ ခေါ်ယူ၍ မြန်မာနိုင်ငံသားဖြစ်သူ မည်သူမဆို အသက်အရွယ်မရွေး ဝင်ရောက်စာရင်းပေးနိုင်ကာ လေ့လာနိုင်ပြီး လေ့လာချိန်မှာ တစ်နာရီခွဲကြာမြင့်ကြောင်း သိရသည်။

ထို့အပြင် တစ်လလျှင် တစ်ကြိမ်သာ ပြုလုပ်ကာ အများပြည်သူအားလပ်ရက်ဖြစ်သည့် စနေ၊ တနင်္ဂနွေရက်များတွင်သာပြုလုပ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် ပန်းဆိုးတန်းလမ်းအောက်ဘလောက်၊ အမှတ် ၂၂/၂၄ တွင်ရှိသည့် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၁–၂၄၀၅၄၄ ကိုဖြစ်စေ၊ အီးမေးလ်လိပ်စာ–info@yan–gonheritagetrust.org တွင်ဖြစ်စေဆက်သွယ်စာရင်းပေးနိုင်သည်။

“ဒီလို လမ်းလျှောက်လေ့လာရေးလုပ်တယ်ဆိုတာ ကောင်းပါတယ်။ ကိုလိုနီအဆောက်အအုံတွေများတဲ့နိုင်ငံမှာလူငယ်၊ လူကြီးတွေက ရှေးဟောင်းအဆောက်အအုံနဲ့ ပတ်သက်ပြီး အသိပညာရှိဖို့လိုတယ်”ဟု ပန်းဆိုးတန်း အနုပညာနှင့်ယဉ်ကျေးမှုဂျာနယ်အယ်ဒီတာကိုရဲဟိန်းအောင်က ပြောသည်။





## ပုစွန်ချဉ်စပ်ကြော်

ဒီတစ်ပတ်တော့ အချဉ်အစပ်အရံဟင်းတစ်ခွက်ကို ပြင်ဆင်ချက်ပြုတ်ထားပါတယ်။

ပထမဆုံး ကြက်သွန်ဖြူနီကို ငရုတ်သီးခွဲခြမ်းနဲ့ ဆီသတ်ပါ။ ငါးပိလက်တစ်ဆစ်စာလောက် ထည့်သတ်ပါမယ်။ အခွံနွှင်ထားပြီး ဆား၊ နနွင်း နယ်ထားတဲ့ ပုစွန် (၁၀)သားလောက်ကို ထည့်ဆီသတ်ပါ။

ဆီမသတ်ခင်ကတည်းက ကင်ပွန်းချဉ်ရွက်၊ ဇရစ်ရိုး၊ ရုံးပတီသီး၊ ကန်စွန်းရွက်တွေ လှီး၊သင်ထားပါမယ်။

ဆီသတ်ပြီးတဲ့အခါ ရုံးပတီသီးနဲ့ ကန်စွန်းရွက်ကိုချန်ပြီး ကင်ပွန်းချဉ်ရွက်နဲ့ ဇရစ်ရိုးထည့်ပါ။ နောက်ဆုံးမှ ကန်စွန်းရွက်နဲ့ ရုံးပတီသီးထည့်ပြီး သုံးမိနစ်လောက်ထည့်မွှေပြီး ချလို့ရပါပြီ။






7 ရ ရက် သတင်းဂျာနယ် DAY NEWS JOURNAL
Vol.13, No.13 ▪ JUNE 4 , 2014

# ချင်းတောင်တန်းပေါ်မှ စွန့်စားခန်းများ

**ကိုစိုင်း**

တောင်တက်လမ်းများအတိုင်း မောင်းနှင်လာသော ကားပေါ်တွင် လိုက်ပါလာရင်း မူးဝေဝေဖြစ်လာသဖြင့် မှေး၍လိုက်လာခဲ့သည်။ တစ်နေရာအရောက်တွင် ချင်းအမျိုးသမီးမရွှန်းနိုင်ပါး စီးနင်းလာသောကားမှာ လေထဲတွင်နှစ်ပတ်သုံးပတ်လည်ကာ ပေတစ်ရာနက်သော ချောက်အတွင်းသို့ ထိုးဆင်းသွားခဲ့သည်။

“ကျွန်မသိလိုက်တဲ့အချိန်မှာ ကားကလေထဲမှာ နှစ်ပတ်သုံးပတ်လည်နေပြီ။ ကျွန်မလည်း လန့်ပြီးအားခနဲ အော်လိုက်တယ်။ နောက်ပိုင်းဘာမှမသိတော့ဘူး။ သတိရချိန်မှာ ဆေးရုံရောက်နေပြီ”ဟု အသက်မသေဘဲကျန်ခဲ့သူ မရွှန်းနိုင်ပါးက ပြောသည်။

မေလ ၂၃ရက် ညနေက ဖလမ်းမြို့မှ ကလေးမြို့သို့အပြန် သိုင်းငင်းရွာအနီးအရောက်တွင် မရွှန်းနိုင်ပါးအပါအဝင် လူ ၁၂ဦး စီးနင်းလာသော ကားသည်ပေတစ်ရာအနက်ရှိချောက်ထဲသို့ ထိုးကျသွားခဲ့သဖြင့် မရွှန်းနိုင်ပါး၏အသက် (၄)နှစ်အရွယ်လူမမည်ကလေးတစ်ဦးအပါအဝင် လူငါးဦးအသက်ဆုံးရှုံးသွားခဲ့သည်။



*ပေတစ်ရာအနက် ချောက်ထဲသို့ ထိုးကျသွားခဲ့သည့် ခရီးသည်တင်ယာဉ်ကို တွေ့ရစဉ်*

ဓာတ်ပုံ – ကိုစိုင်း

အလားတူပင် မေလ ၁၂ရက်ကလည်း ကလေးနှင့်ဟားခါးသို့ ပြေးဆွဲနေသည့် ရွှေခြသေ့်ခရီးသည်တင်ယာဉ်တစ်စီးသည် ဖလမ်းနှင့် ဟားခါးမြို့အကြား ရှန်လုံနှင့် တားရွာအနီး တိမ်းမှောက်ခဲ့သည်။ ထိုယာဉ်တိမ်းမှောက်ရာတွင်လည်း ကားပေါ်ပါခရီးသည် ၄၃ဦးအနက် နှစ်ဦးဒဏ်ရာရပြီး ကားစပယ်ယာ သေဆုံးသွားခဲ့သည်။

ယင်းယာဉ်တိမ်းမှောက်မှုများအပါအဝင် မေလတစ်လအတွင်း ချင်းပြည်နယ်တွင် ယာဉ်မတော်တဆမှု ခုနစ်ကြိမ်ဖြစ်ပွားခဲ့ကာ လူရှစ်ဦးအထိသေဆုံးခဲ့ကြောင်း ချင်းပြည်နယ်ရဲတပ်ဖွဲ့ရုံးမှ ထုတ်ပြန်ထားသည်။

ချင်းပြည်နယ်အတွင်း ယာဉ်တိမ်းမှောက်မှုများ မကြာခဏဖြစ်ပွားနေခြင်းမှာ ယာဉ်မောင်းများ၏ ပေါ့ဆမှုများပါသလို ကားလမ်းဖောက်လုပ်ထားရာတွင်လည်း တောင်တန်းများ၏ မြေသားများကြောင့်လည်းဖြစ်ကြောင်း ချင်းတောင်တန်းပေါ်တွင် ဖြတ်သန်းမောင်းနှင်သည့်အတွေ့အကြုံရှိ ယာဉ်မောင်းများက ပြောကြားသည်။

“ချင်းတောင်တန်းပေါ်မှာ ကားမောင်းရတာ တစ်ပေတောင် အမှားမခံဘူး။ နောက်ကို ပြန်မလိမ့်ခင် ဘရိတ်အုပ်ရင်ရတယ်။ နောက်ကို နည်းနည်းလောက် ပြန်လိမ့်ပြီဆိုရင်တော့ ဘယ်လိုမှ ထိန်းလို့မရတော့ဘူး။ ချောက်ထဲကျတာပဲ။ ကားတစ်စီးနဲ့တစ်စီးရှောင်ရှင်လည်း ကားသမားကဝါရင့်မှ။ ယာဉ်အကူကလည်းမပျင်းမှ။ မဟုတ်ရင် မြေအငှားပေါ်ရပ်လိုက်မိတာနဲ့ တောင်အောက်ကိုပြုတ်ကျတော့တာ”ဟု ချင်းတောင်တန်းပေါ်တွင် မောင်းနှင်သည့်ဝါရင့်ယာဉ်မောင်းဦးပူးမားမာန်ကပြောသည်။

**စာမျက်နှာ (၁၉) သို့**



7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014



*ဗေဒင်လက္ခဏာပညာရှင်တစ်ဦးသို့ လာရောက်မေးမြန်းနေသည့် အမျိုးသမီးကိုတွေ့ရစဉ်*

ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

# အသည်းကွဲ အိမ်ရှင်မတို့ အားကိုးရာ

**ထွန်းနိုင်**

ပြတင်းပေါက်မှ ဝင်ရောက်လာသည့် နေရောင်က ၁၀ ပေ ပတ်လည်ခန့်သာ ကျယ်ဝန်းသော အခန်းလေးကို အလင်းရောင်ကောင်းစွာ ပေးလျက်ရှိသည်။

အခန်းထဲမှာတော့ ဂမ္ဘီရဆန်ဆန် အသုံးအဆောင်ပစ္စည်းများ၊ ကိုးကွယ်ယုံကြည်မှုနှင့်သက်ဆိုင်သည့် ရုပ်တုများ၊ အစဉ်အဆက် အသုံးပြုခဲ့ကြသည့် ဗေဒင်လက္ခဏာကျမ်းများက နေရာယူထားသည်။

ခန်းမ၏ထိပ်တွင် ဆုံလည်ကုလားထိုင်ဖြင့် အမျိုးသမီးတစ်ဦး ထိုင်နေသည်။ သူ၏ရှေ့တွင်တော့ ထိုင်ခုံလွတ်နှစ်ခု၊ သုံးခုခန့်။

ထိုင်ခုံလွတ်များက ရန်ကုန်မြို့အနှံ့မှ လာရောက်ကြမည့် အိမ်မကပ်တော့သည့် အိမ်ဦးနတ်များ အိမ်ပြန်လာရေးအတွက် လာရောက်တိုင်ပင်ကြသည့် အသည်းကွဲနေသည့် အိမ်ရှင်မ အမျိုးသမီးများအတွက်ပင်ဖြစ်သည်။

ဗေဒင်လက္ခဏာပညာရှင် ဒေါ်ထက်နွေးစန္ဒီ၏ ရှေ့တွင်ချထားသော ခုံလွတ်တွင် နေ့စဉ်လူပြတ်သည်မရှိလောက်အောင် စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့လယ် ဆူးလေမှ လေးဆယ့်ငါးမိနစ်ခန့် သွားရသည့် ဒဂုံမြောက်ပိုင်း မဟာမြိုင်အိမ်ရာရှိ အဆိုပါ အမျိုးသမီးသီးသန့် ဗေဒင်လက္ခဏာ ဟောခန်းသို့ အသည်းကွဲ အမျိုးသမီးများ ဒါဇင်နှင့်ချီကာ နေ့စဉ်တဖွဲဖွဲ လာရောက်လျက်ရှိသည်။ ဗေဒင်ဆရာမကသူတို့အတွက်အဆောင်အယောင်များပြုလုပ်ပေးရသည်။

“ကျွန်မ ဟောခန်းစဖွင့်တာ ၂၀၀၇ လောက်ကစတာ။ ဒါပေမဲ့ ၂၀၁၀ နောက်ပိုင်းမှာ လာမေးကြတဲ့သူတွေ တော်တော်လေး သိသိသာသာ များလာတယ်။ တစ်နေ့တစ်နေ့ လာမေးတဲ့သူတွေရဲ့ အဓိကက ဒီ (အမျိုးသားတွေအိမ်ထောင်ရေးဖောက်ပြန်တဲ့) ပြဿနာ ဖြစ်နေတယ်” ဟု ဗေဒင်လက္ခဏာပညာရှင် ဒေါ်ထက်နွေးစန္ဒီက ပြောသည်။

မိမိလင်ယောက်ျား အိမ်ပြန်လာရေးအတွက် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ လာရောက်လုပ်ကြသည့် အမျိုးသမီးများသည် ဒေါ်ထက်နွေးစန္ဒီ၏ ဗေဒင်ခန်းတွင်သာမကဘဲ ရန်ကုန်မြို့ရှိ ဗေဒင်ဟောခန်းတော်တော်များများတွင် ပြည့်နှက်နေလျက်ရှိသည်။

အချက်အလက်ရရှိရန် ခက်ခဲလှသည့် မြန်မာနိုင်ငံတွင် အိမ်ထောင်ရေးအဆင်မပြေမှုများ၊ အိမ်ထောင်ပြိုကွဲမှုများ မည်မျှရှိသည်ကို တိတိကျကျသိရန် ခက်ခဲလှသည်။ သို့သော်လည်း ဗေဒင်ဟောခန်းများဆီသို့ တစ်ရက်တစ်ရက် လာရောက်ကြသည့် အမျိုးသမီးအရေအတွက်ကို ကြည့်လျှင် မြန်မာ့လူ့အဖွဲ့အစည်းအတွက် မသေးလှသည် ပြဿနာဖြစ်ကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။ ထိုအချက်ကို မကြာသေးမီက မီဒီယာစာမျက်နှာများပေါ်တွင် ရေပန်းစားခဲ့သော အနုပညာရှင်အချို့၏ အိမ်ထောင်ရေးသတင်းများကသက်သေပြနေသည်။

မိသားစုအသိုက်အဝန်းဆီမှ စွန့်ခွာပြီး အချစ်သစ်ရှာတွေ့သွားကြသည့် လင်ယောက်ျားများ အတွက် ရတက်မအေးဖြစ်နေရသည့် အမျိုးသမီးများ ရန်ကုန်တွင် တစ်နေ့တခြား များပြားလာကြောင်း 7Day မှ သွားရောက်တွေ့ဆုံမေးမြန်းကြသည့် ဗေဒင်လက္ခဏာပညာရှင်များက ပြောသည်။

“မိန်းမတစ်ယောက် ရောက်လာပြီ။ မျက်နှာအနေအထားက ဝမ်းနည်းနေပြီဆိုရင် တွက်ချက်မနေတော့ဘူး။ တန်းပြောလိုက်တာ အိမ်ထောင်ရေး မကောင်းဘူး မဟုတ်လားဆိုပြီး။ မှန်တယ် အဲဒါက။ အဲဒီလောက်ထိကိုဖြစ်နေတာ” ဟု ရန်ကုန်ကန်တော်လေးတွင် ဗေဒင်ဟောခန်းဖွင့်ထားသည့် အကြားအမြင် မနောစွမ်းအားဖြင့်ဟောကြားသည့် ဦးရှင်မင်းက ပြောသည်။

အိမ်ထောင်ရေးအဆင်မပြေမှုများအတွက်လာရောက်မေးမြန်းကြသည့် အမျိုးသမီးများမှာ အသက် (၃၀) မှ (၅၀) အရွယ်မှာ အများဆုံးဖြစ်ကြောင်း ဗေဒင်ဟောကြားသူများကပြောသည်။ ဖောက်ပြန်သည့် အမျိုးသားများမှာ အသက် (၃၀) မှ (၆၀) အရွယ်မှာ အများဆုံး ဖြစ်ကြောင်းလည်း ဗေဒင်ပညာရှင်များက ပြောသည်။

အိမ်ထောင်ဦးစီး၏ ဖောက်ပြန်မှုများ အဆုံးသတ်စေရေးအတွက် အမျိုးသမီးများလာရောက်တိုင်ပင်မှုသည် ၂၀၁၀ ခန့်မှစတင်ပြီး သိသိသာသာမြင့်တက်လာကာ ၂၀၁၃ တွင် အမြင့်ဆုံးအခြေအနေဖြစ်လာကြောင်း ဒေါ်ထက်နွေးစန္ဒီက ပြောသည်။

အမျိုးသားများ၏ ချစ်သူအသစ်များသည် ကာရာအိုကေ၊ အနှိပ်ခန်း စသည့်နေရာများမှ အမျိုးသမီးငယ်များသာမက ဘွဲ့ရပညာတတ်အသိုင်းအဝိုင်းမှ အမျိုးသမီးများလည်း ပါဝင်လာကြကြောင်း သူ့ထံသို့ လာရောက်ဆွေးနွေးသူများ၏ ပြောကြားချက်များကို ကိုးကား၍ ဒေါ်ထက်နွေးစန္ဒီက ပြောသည်။

“၁၅ နှစ်လောက် အများအယွင်းမရှိဘဲ အိမ်ထောင်ရေး ထိန်းသိမ်းလာကြတဲ့သူတွေလည်း ပါတယ်။ ဖောက်ပြန်တဲ့ ယောက်ျားတွေထဲမှာအသက်(၇၀)ကျော်တွေတောင်ပါလာတယ်”ဟု ဒေါ်ထက်နွေးစန္ဒီက ပြောသည်။

လင်ယောက်ျားများ၏ အိမ်ထောင်ရေးဖောက်ပြန်မှုများ ကြုံတွေ့နေရသည့် အမျိုးသမီးများသည် ဗေဒင်ပညာရှင်များဆီသို့သာ သွားရောက်ကြသည်မှာ သက်ဝင်ယုံကြည်မှုတစ်ခုတည်းကြောင့်တော့ မဟုတ်ပါ။ လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေများကြောင့်လည်း ဖြစ်သည်။ အမျိုးသားများ၏ အိမ်ထောင်ရေးဖောက်ပြန်မှုအတွက် ရာဇဝတ်မှုအဖြစ် အရေးယူရန် ခက်ခဲလှသောကြောင့် ဖြစ်သည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေတွင် လင်ဖြစ်သူ၏ ဖောက်ပြန်မှုကို သာမန်အိမ်ထောင်ရေးပြစ်မှုအဖြစ် သတ်မှတ်ပြီး မယားဖြစ်သူ၏ ဖောက်ပြန်မှုကို ကြီးလေးသောအိမ်ထောင်ရေးပြစ်မှုအဖြစ် သတ်မှတ်သည်။

“မြန်မာဓလေ့ထုံးတမ်းဥပဒေမှာ ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ထက် ပိုယူခွင့်ရှိတယ်” ဟု တရားလွှတ်တော်ရှေ့နေ ဦးကျော်ဇေယျက ပြောသည်။

ဇနီးမယားဖြစ်သူတစ်ယောက် အချစ်သစ်ရှာဖွေတွေ့ရှိသွားပါက သူမ၏ ချစ်သူသစ်ကို မယားခိုးမှုသတ်မှတ်ကာ ရာဇဝတ်မှုကြောင်းအရ အရေးယူပေးရန် လင်ယောက်ျားဖြစ်သူက တရားရုံးတော်သို့ လျှောက်ထားရန် အခွင့်အရေးရှိသည်။ သို့သော် အမျိုးသမီးများအတွက်တော့ ထိုအခွင့်အရေးမရနိုင်။ မိမိ၏လင်ယောက်ျားဖြစ်သူ အချစ်သစ်ရှာဖွေ တွေ့ရှိခဲ့ပါက အမျိုးသား၏ ချစ်သူသစ်ကို ရာဇဝတ်မှုကြောင်းအရ တရားစွဲခွင့် အမျိုးသမီးများတွင် မရှိ။ ကွာရှင်းရန်အတွက်သာ တောင်းဆိုနိုင်သည်။

“မယားကြီးရှိလျက်နဲ့ ယောက်ျားက နောက်အိမ်ထောင်ပြုရင် မိန်းမက ဒါဟာ ရက်စက်တဲ့အမှု၊ အိမ်ထောင်ရေးပြစ်မှုနဲ့ ကွာလိုမှုလျှောက်လို့ရတယ်။ မြန်မာအမျိုးသမီးတစ်ယောက်ရဲ့ အခွင့်အရေးက ကွာလိုမှုလျှောက်တဲ့ အခွင့်အရေးတစ်ခုပဲ ရှိတယ်။ ရာဇဝတ်မှုနဲ့ ဆွဲလို့မရဘူး” ဟု တရားလွှတ်တော်ရှေ့နေ ဦးကျော်ဇေယျက ပြောသည်။

ထိုအချက်သည် အိမ်ထောင်ရေးဖောက်ပြန်သည့် အမျိုးသားများနှင့် ချစ်သူအသစ်များအတွက် အားသာသည့်အချက် ဖြစ်လာခဲ့သည်။

ဗေဒင်ဟောခန်းများသို့ လာရောက်ကြသော အိမ်ထောင်ရေးအဆင်မပြေသည့် အမျိုးသမီးများ၏ အဆိုအရ ယောက်ျားဖြစ်သူသည် သူ၏ ချစ်သူအသစ်ကို မယားကြီးနေထိုင်သည့် အိမ်ပေါ်အထိခေါ်လာပြီး နေထိုင်သည်အထိ ရှိလာကြောင်း ဗေဒင်ပညာရှင်များက ပြောသည်။

ထို့အတွက် ဇနီးမယားဖြစ်သူဘက်မှ အချစ်သစ် ဇာတ်လမ်းစခဲ့ပါက သူမ၏ အဖော်သစ်ကို ထောင်ထဲပို့ပြီး အဆုံးသတ်သွားရန် အမျိုးသားဘက်တွင် အခွင့်အရေးရှိသလို အမျိုးသမီးများက လုပ်ခွင့်မရ။ အိမ်ပေါ်ခေါ်လာသည့် ယောက်ျား၏ ချစ်သူသစ်ကို နောက်ဆုတ်ရန် (သို့မဟုတ်) ထောင်ထဲပို့ရန် အခွင့်အရေး မရ။ အများဆုံးရနိုင်သည့် အခွင့်အရေးမှာ လင်မယားနှစ်ဦးကြား တရားဝင်လမ်းခွဲရန်သာဖြစ်သည်။

“တချို့ အမျိုးသမီးတွေ ရောက်လာရင် တရားစွဲမယ်ဆိုပြီး ပြောကြတယ်။ ဒီအခွင့်အရေး မရှိဘူး။ ကျွန်မတို့ လုပ်နိုင်တာက ယတြာတွေနဲ့ သူပြန်လာဖို့ပဲဆိုတာ ရှင်းပြရတယ်” ဟု ဥပဒေပညာရပ်နှင့် ဘွဲ့ရခဲ့သူလည်းဖြစ်သည့် ဗေဒင်ပညာရှင် ဒေါ်ထက်နွေးစန္ဒီက ပြောသည်။

အနှစ်နှစ်အလလက တည်ဆောက်ထားသည့် မိသားစုကို မပြိုကွဲစေလိုသည့် အမျိုးသမီးများအတွက်တော့ ရုံးတော်တွင် သွားရောက်ဖြေရှင်းလိုခြင်း မရှိကြ။ ဒီအစား အိမ်ထောင်ဦးစီးပြန်လာရေးအတွက် ဗေဒင်ခန်းများဆီသို့သာ သွားလိုကြသည်။ သူတို့အတွက်တော့ ဗေဒင်ယတြာနှင့် ဂမ္ဘီရအဆောင်အယောင်များက တရားဥပဒေထက် ပိုအားကိုးအားထား ပြုစရာဖြစ်ခဲ့ရသည်။

အိမ်ထောင်ရေး ဖောက်ပြန်သည့် အမျိုးသားများ၊ အိမ်မကပ်တော့သည့် အိမ်ဦးနတ်များ ပြန်လာရန်အတွက် အမျိုးသမီးများစွာသည် ရန်ကုန်မြို့ရှိ ဗေဒင် ဟောခန်းများဆီသို့ နေ့စဉ် ခေါက်တုံ့ခေါက်ပြန် သွားလာနေကြရသည်။ သို့သော် ဗေဒင်ယတြာဆိုသည်က တရားဥပဒေလို လူတိုင်းအပေါ် တစ်ပြေးညီ သတ်မှတ်နိုင်သည်တော့မဟုတ်။ အစီအရင်များကြောင့် လင်ယောက်ျားများ မိသားစုဆီပြန်လာသူများလည်း ရှိသလို အဝေးထွက်ခွာသွားသူများအတွက် ပူဆွေးနေရုံမှ တစ်ပါးအခြားမရှိသည့် ဇနီးမယားများ၊ ကိုယ့်မျက်စိရှေ့တွင် ကိုယ့်ယောက်ျားအခြားတစ်ဦးနှင့် ချစ်ရည်လူးနေသည်ကို ကြည့်နေရသည့် ဇနီးမယားများလည်း ရှိနေဆဲဖြစ်သည်။

# Health

7DAY NEWS JOURNAL

Vol.13, No.13 • JUNE 4 , 2014


# သက်ကြီးပိုင်းအမျိုးသားများ ခံတွင်းကင်ဆာ ဖြစ်ပွားမှုများ

**ယမင်း**

**ရန်ကုန်၊ မေ-၃၁**

အာဆီယံဒေသများ၌ အဖြစ်များဆုံးကင်ဆာငါးခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ခံတွင်းကင်ဆာဖြစ်ပွားမှုမှာ မြန်မာနိုင်ငံတွင် အသက် (၄၅) နှစ်မှ (၆၅) နှစ်အတွင်း အမျိုးသားများ၌ ပိုမိုဖြစ်ပွားနေပြီး အများစုမှာ ကွမ်းစားခြင်းကြောင့် ဖြစ်သည်ဟု ဆေးပညာအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

အဆိုပါအသက်အရွယ်အတွင်းဖြစ်ပွားမှုမှာ(၅၄ဒသမ၁၇ရာခိုင်နှုန်း)ဖြင့်အများဆုံးဖြစ်နေပြီး ဝေဒနာရှင်များ၏၆၀ရာခိုင်နှုန်းမှာ အသက်အန္တရာယ်စိုးရိမ်ရသည့် နောက်ဆုံးအဆင့် (၄)အထိရှိနေသည်ဟု ၂၀၁၂ က သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့်အသားအစားထိုးခွဲစိတ်ပြုပြင်မှုဌာနများမှ ခံတွင်းကင်ဆာဝေဒနာရှင် ၁၂၀ ဦးအား စစ်တမ်းကောက်ယူမှုအရ သိရသည်။

"၁၅ နှစ်သားအရွယ်နဲ့ ကွမ်းစားတတ်တဲ့လူဟာ နောက်နှစ် ၃၀ ကြာလာတော့ ပါးစောင်ကင်ဆာဖြစ်လာတယ်။ ဖြတ်တောက်မှပဲရမယ်။ ခံတွင်းကင်ဆာဖြစ်လာတယ်။ ကင်ဆာဆေးတွေ၊ ဓာတ်ရောင်ခြည်စက်တွေနဲ့ ကုသရတယ်။ ကွမ်းစားတာထက် အဆပေါင်းတစ်ထောင်ကျော်လောက် ကုန်ကျစရိတ်ရှိတယ်။ ပြီးတော့ ကုသမှုလည်းရတယ်။ ဒါကြောင့် ဆင်ခြင်စားသုံးသင့်တယ်"ဟု အင်းစိန်ဆေးရုံကြီး အထွေထွေဆေးပညာဌာနမှ အထူးကုဆရာဝန်ကြီးဒေါက်တာတင့်တင့်ကြည် ကဆိုသည်။

ကွမ်းစားခြင်းကြောင့် သွားအရောင်ညစ်ခြင်း၊ ကြွေလွှာပြုန်းတီးစေခြင်း၊ မေးရိုးအဆစ်ရောဂါရခြင်း၊ သွားကျောက်တည်ကာ သွားဖုံးဝေဒနာခံစားရခြင်းစသည်တို့အပြင်နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ခံတွင်းကင်ဆာ၊ ပါးစပ်ကင်ဆာ၊ အစာမျိုလမ်းကြောင်းကင်ဆာ၊ အသည်းကင်ဆာများ ဖြစ်ပွားစေနိုင်ကြောင်း ဆရာဝန်ကြီးများကဆိုသည်။

"ကွမ်းကိုတောက်လျှောက်စားပါများရင် သွားကျဉ်လာမယ်။ အစပ်မစားနိုင်တာတွေ၊ လျှာထူတာတွေဖြစ်လာမယ်။ အစားအစာရဲ့အရသာကို ကောင်းကောင်းမခံစားနိုင်တော့ဘူး။ ဒီအပြင် နောက်ဆက်တွဲရောဂါဆိုးကျိုးတွေအဖြစ် ကင်ဆာရောဂါတွေ ဖြစ်နိုင်ပါတယ်"ဟု သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာဇော်ဇော်ကပြောသည်။

ကွမ်းရွက်မှာ မြန်မာ့ဆေးဖက်ဝင်အရွက်တစ်မျိုးဖြစ်သော်လည်း ကွမ်းယာတွင်ပါရှိသော ကွမ်းသီး၊ ဆေးရွက်ကြီးနှင့် အမွှေးအကြိုင်များ၌နိုက်ထရိုစမင်း၊ အလ်ကာလွိုက်နှင့်ပိုလီဖီနောဓာတ်များ အပါအဝင်ကင်ဆာဖြစ်စေနိုင်သော ဒြပ်ပေါင်းအမျိုး(၃၀)ခန့်ပါဝင်ပြီး ထုံးကခံတွင်းသားများကို လောင်စေ၍ ထိုမှတစ်ဆင့် ကင်ဆာဖြစ်ပေါ်စေနိုင်သော ဓာတ်များအထဲသို့ စိမ့်ဝင်နိုင်အောင် အားပေးလျက်ရှိသည်။ ထို့ကြောင့် ကွမ်းစားပြီးပါက သီးသန့်သွားဆေးခန်းသို့သွားရောက်၍ကွမ်းချေးများဆေးပေးခြင်း၊ ခံတွင်းသန့်ဆေးများငုံပေးခြင်းတို့ကိုပြုလုပ်သင့်သည်။

"သွားဖုံးထဲမှာ အနာလိုဖြစ်လာပြီး အစာတွေဘာတွေစားမရတော့ဘူး။ သွားပြကြည့်တော့မှ ပါးစောင်အမြှေးပါးဖြစ်နေတယ်လို့ ဆရာဝန်တွေကပြောတယ်။ အဲဒါ ဓာတ်အမြန်ကင် ရမယ်ဆိုလို့ တောင်ကြီးမှာသွားကင်ရတယ်။ ကွမ်းလည်း ဖြတ်ထားရတယ်။ ကျွန်တော့်လိုမဖြစ်အောင် ကွမ်းစားတာကိုဆင်ခြင်ပါလို့ပြောချင်ပါတယ်"ဟု ရန်ကုန်ဆေးရုံကြီးသို့ လာရောက်ပြသသူပါးစပ်ကင်ဆာဝေဒနာရှင် ဦးကြည်အေးကဆိုသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ ကွမ်းစားအများဆုံး ခြောက်နိုင်ငံထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ပထမနေရာတွင် ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စာရင်းတွင် ဖော်ပြထားသည်။



*ကွမ်းစားခြင်းသည် ခံတွင်းကင်ဆာကိုဖြစ်စေသော အဓိကအချက်ဖြစ်သည်။*

ဓာတ်ပုံ – နစ်ကီ

# အစာအိမ်အူလမ်းကြောင်းရောဂါရှာဖွေရန် ဆေးတောင့်ပုံကင်မရာစတင်အသုံးပြု

**ရဲနောင်**

**ရန်ကုန်၊ မေ-၃၀**

အစာအိမ်အူလမ်းကြောင်းရောဂါရှာဖွေရေးတွင် နိုင်ငံတကာသုံး ဆေးတောင့်ပုံစံကင်မရာ(Endo–scopic capsule) ကို မြန်မာနိုင်ငံတွင် စတင်သုံးစွဲနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခင်က အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများကို မှန်ပြောင်းထည့်၍ ရောဂါရှာသည့်စနစ်မှ ယခုဆေးတောင့် ပုံစံကင်မရာအသုံးပြုရှာဖွေသည့် စနစ်ကို အသုံးပြုနိုင်ပြီဖြစ်သောကြောင့် လူနာများအနေဖြင့် လွယ်ကူစွာ မျိုချနိုင်ခြင်း၊ ရောဂါရှာဖွေရေးတွင် အချိန်ကုန်သက်သာခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်သည်ဟု ရန်ကုန်ဆေးရုံကြီးအစာအိမ်နှင့် အူလမ်းကြောင်းဌာနမှ ပါမောက္ခဆရာဝန်ကြီးက ပြောသည်။

ထို့အပြင်အဆိုပါနည်းပညာအသစ်ကြောင့် အူသိမ်ပိုင်းအတွင်းရှိ အနာ၊ ကင်ဆာနှင့် သွေးထွက်သောနေရာအစိတ်အပိုင်းများကို အလွယ်တကူရောဂါရှာဖွေတွေ့ရှိနိုင်သည်ဟု ဆိုသည်။

ဆေးတောင့်ပုံ ကင်မရာ (Endoscopic Capsule) သည် တစ်စက္ကန့်လျှင် သုံးပုံနှုန်းဖြင့် နာရီပေါင်း ၁၂ နာရီအတွက် ဓာတ်ပုံ တစ်သိန်းနှစ်သောင်းကို အရည်အသွေးမြင့်ကြည့်ရှု၍ ရောဂါရှာဖွေရေးပြုလုပ်နိုင်ပြီး အဆိုပါ တစ်ခါသုံးဆေးတောင့်ပုံကင်မရာ တစ်ခုလျှင် ကျပ်ငါးသိန်းအထိ ကုန်ကျမည်ဖြစ်သည်။

အဆိုပါနည်းပညာသစ်ဖြင့် မြန်မာနိုင်ငံတွင် ရောဂါရှာဖွေရေး ပြုလုပ်လျှင် ငွေကျပ်ဆယ်သိန်းခန့် ကုန်ကျနိုင်ပြီး ယခင်ကနိုင်ငံရပ်ခြားသွား၍ ယခုကဲ့သို့ ရောဂါရှာဖွေရေးအတွက် ကျပ်သိန်း နှစ်ဆယ်ခန့်အထိ ကုန်ကျသည်ဟု ကုန်ပစ္စည်းတင်သွင်းသော ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင်ရန်ကုန်ဆေးရုံကြီး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး၊ မန္တလေးဆေးရုံကြီးတို့၌ ဆေးတောင့်ပုံစံကင်မရာ နည်းပညာဖြင့် အစာအိမ်အူလမ်းကြောင်းရောဂါများကို အခမဲ့ ရှာဖွေပေးလျက်ရှိပြီး အူသိမ်တွင် ရောဂါဖြစ်နိုင်ဖွယ်ရှိသော လူနာများအား ဦးစားပေးကုသပေးလျက်ရှိသည်ဟု သတင်းရရှိသည်။




7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# နေပြည်တော် ခုတင်တစ်ထောင်တွင် ဓာတ်ရောင်ခြည်ကုသမှုရပြီဟုဆို

**ရဲနောင်**

**ရန်ကုန်၊ မေ-၃၁**

နေပြည်တော် ခုတင်တစ်ထောင် ဆေးရုံကြီးတွင် ကင်ဆာဝေဒနာရှင်များကို ဓာတ်ရောင်ခြည်စက်ဖြင့် စတင်ကုသမှု ပေးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ကင်ဆာရောဂါ ကုသနိုင်သော ဓာတ်ရောင်ခြည်ဆေးကုဌာနများသည် ယခင်က ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များတွင်သာရှိပြီး ဝေဒနာရှင်များပြားမှုကြောင့် စက်နှင့်လူနာမမျှတ၍ အချိန်စောင့်ဆိုင်းရမှုများ ကြုံတွေ့နေရပြီး ယခုအခါ နေပြည်တော်တွင်လည်း ကုသမှုခံယူနိုင်မည်ဖြစ်သည်။

နေပြည်တော် ခုတင်တစ်ထောင်ဆေးရုံကြီးတွင် တပ်ဆင်ပြီးသော ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသစက်ဖြင့် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ တစ်ရက်လျှင် လူနာပေါင်း ၃၀ မှ ၅၀ အထိ ကုသမှုပေးနိုင်မည်ဖြစ်သည်။ ယခုအချိန်တွင် အရေးပေါ် လူနာများကိုစတင်ကုသပေးနေကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူက ပြောသည်။

"ဖွင့်တာသုံး၊ လေးရက်ပဲရှိသေးတယ်။ အခုတော့ လူနာတွေကိုစပြီးစာရင်းလက်ခံနေပြီ"ဟု အဆိုပါဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးက ပြောသည်။

တပ်ဆင်ထားသော ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသစက်မှာ သုံးဖက်မြင်သရီးဒီနည်းပညာဖြင့် ကုသနိုင်သောကြောင့် ရောဂါဖြစ်ပွားသည့်နေရာကို အတိအကျကုသပေးနိုင်ပြီးအခြားနေရာများကို ထိခိုက်မှုမရှိကြောင်း၊ တက်ရောက်ကုသသည့် လူနာအနည်းအများပေါ်မူတည်၍စက်တစ်လုံးထပ်မံတပ်ဆင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကင်ဆာရောဂါဖြစ်ပွားမှုများပြားလာသောမြန်မာနိုင်ငံတွင်စက်နှင့်လူနာမမျှတမှုများ ဖြစ်ပေါ်နေသောကြောင့် ရန်ကုန်ဆေးရုံကြီးတွင်လည်း ဓာတ်ရောင်ခြည်စက်အသစ်တစ်လုံး ထပ်မံတပ်ဆင်ရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လူတစ်သိန်းလျှင် ၁၅၀ ခန့်မှာ ကင်ဆာရောဂါဖြစ်ပွားလျက်ရှိပြီး အမျိုးသားများတွင် အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ အူမကြီးကင်ဆာအဖြစ်များ၍ အမျိုးသမီးများတွင် ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာနှင့် အူမကြီးကင်ဆာများ အဖြစ် များဆုံးဖြစ်သည်။

# ကလေးငယ်များ တုပ်ကွေးဖျားနာ ဂရုစိုက်ရန်လို

**ရဲနောင်**

**ရန်ကုန်၊ မေ-၃၁**



မိုးရာသီစတင်ကူးပြောင်းနေပြီဖြစ်၍ ကလေးငယ်များတွင် တုပ်ကွေးဖျားနာမှုကို ပိုမိုဂရုစိုက်သင့်ကြောင်း အထွေထွေရောဂါကုဆရာဝန်များကပြောသည်။

"ဒီအချိန်ကတော့ပုံမှန်လိုပဲ။ ရာသီအကူးအပြောင်းမှာ တုပ်ကွေးဖျားနာကပိုဖြစ်တတ်တယ်။ အခုရက်ပိုင်းကလေးတွေဖျားနာကြတာတော်တော်များလာတယ်"ဟု အင်းစိန်မြို့နယ်မှ အထွေထွေရောဂါကုဆရာဝန်ဒေါက်တာစည်သူကပြောသည်။

ရာသီဥတုစိုစွတ်မှုရှိလာချိန်တွင် ပတ်ဝန်းကျင်ရှိ ဗိုင်းရပ်စ်နှင့် ဘက်တီးရီးယားပိုးများအချိန်ကြာကြာပိုမိုရှင်သန်ကြပြီးတစ်ဦးမှတစ်ဦးသို့အလွယ်တကူကူးစက်နိုင်သောကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အာဟာရပြည့်ဝစွာစားသောက်နေထိုင်ရေးတို့ကို ဂရုပြုရမည်ဟု တုပ်ကွေးဖျားနာနှင့်စပ်လျဉ်း၍ အထွေထွေရောဂါကုဆ ရာဝန်များကအကြံပြုသည်။

ရာသီပေါ်တုပ်ကွေးဖျားနာဖြစ်ပွားလျှင် နှာစေးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်များကိုက်ခဲခြင်း၊ ချောင်းဆိုးခြင်း၊ကိုယ်အပူချိန်၁၀၀ဒီဂရီဖာရင်ဟိုက်အထက်ရှိခြင်းစသည့်လက္ခဏာများဖြစ်ပေါ်လာပြီး ကောင်းစွာအနားယူခြင်း၊ လူထူထပ်သောနေရာများသို့ သွားလာရန်ရှောင်ရှားခြင်းများပြုလုပ်သင့်သည်ဟု ၎င်းတို့ကအကြံပြုသည်။

"တုပ်ကွေးဖြစ်တဲ့ ရာသီကစပြီဆိုတော့ ကလေးငယ်တွေဖျားရင် ပိုပြီးဂရုစိုက်ရတယ်။ DHF (သွေးလွန်တုပ်ကွေး)ကမဖြစ်မနေစစ်ကိုစစ်ရတယ်။ လူကြီးတွေရဲ့ ကလေးအပေါ် ပြုစုရှောက်စောင့်မှုက အရေးကြီးတယ်"ဟု ဒေါက်တာဝေဖြိုးကပြောသည်။

တုပ်ကွေးရောဂါပိုး တစ်ဦးမှ တစ်ဦးသို့ ကူးစက်မှုနည်းပါးစေရန် ကာကွယ်ဆေးထိုးခြင်းနည်းလမ်းအပြင် ရောဂါပိုးအလွယ်တကူဝင်ရောက်နိုင်သည့် ကိုယ်ခံအားနည်းစေသည့် အပြုအမူများကို ဂရုစိုက်သင့်ကြောင်းလည်းအကြံပြုသည်။



# Regional

7 DAY NEWS JOURNAL

Vol.13, No.13 • JUNE 4 , 2014

## ယခုနှစ် ချင်းတွင်းမြစ် ရေကြောင်းကျဆင်းမှု နှစ် ၃၀ အတွင်း ပထမဆုံးကြုံတွေ့ရ

**ကိုစိုင်း**



ချင်းတွင်းမြစ်ကြောင်းတစ်နေရာ

ဓာတ်ပုံ– ကိုစိုင်း

**ကလေး-** ယခုနှစ် ချင်းတွင်းမြစ်ရေကြောင်းကျဆင်းမှုသည် ချင်းတွင်းမြစ်အတွင်း နှစ် ၃၀ ကျော် ကုန်ကူးသန်းရောင်းဝယ်နေသည့်ကာလအတွင်း ပထမဆုံးကြုံတွေ့ရသော ရေကြောင်းကျဆင်းမှုဖြစ်ကြောင်း မုံရွာမြို့နှင့် ချင်းတွင်းအထက်ပိုင်းမြို့များသို့ ကုန်စည်ပို့ဆောင်နေသော ကုန်သည်များထံမှ သတင်းရရှိသည်။

“မင်းကင်း ပထိုးလုံးလို့ခေါ်တဲ့နေရာကတော့ ရေကြောင်း အကျပ်ဆုံးပါ။ မြစ်ရေအနက် ၂ ပေကျော်ကျော်လောက်ပဲရှိပါတယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ် ကတော့ မြစ်ရေနည်းနည်းပြန်တက်သွားသေးတယ်။ အခုပြန်ကျနေပါပြီ။ အခုလိုကြုံတွေ့နေရတာကလည်း ကျွန်တော်ကုန်သည်လုပ်ခဲ့တဲ့သက်တမ်းနှစ်ပေါင်း၃၀ကျော်မှာ ဒါပထမဆုံး ပါပဲ”ဟု ကလေးဝမြို့မှ ကုန်သည်တစ်ဦးကပြောသည်။

ချင်းတွင်းမြစ်အထက်ပိုင်းမြို့များဖြစ်သော ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်နှင့် ဟုမ္မလင်းမြို့များသည် ချင်းတွင်းမြစ်ရေကိုသာ ၁၂ ရာသီအားထားကုန်သွယ်မှုပြုကြရသည်။

မိုးတွင်းကာလ ကလေးဝ–မုံရွာတစ်ညအိပ်ခရီးသွားလာနေရသည့် ကုန်တင်သင်္ဘောများသည် မေလ နောက်ဆုံးပတ်တွင် လမ်းခရီး၌ ၁၀ ရက်ခန့်ကြာမြင့်စွာ သွားလာနေရသည်။ မေလ ၃၀ ရက်တွင် ချင်းတွင်းမြစ်ကြောင်း ကျပ်သောနေရာဖြစ်သည့် မင်းကင်းမြို့နယ် ပုထိုးလုံးနေရာတွင် ကုန်တင် သင်္ဘောအစီး ၃၀ ခန့် ပိတ်မိနေသည်။ထိုသို့ရေကြောင်းကျပ်ပြီး လမ်းခရီးရက်ကြာခြင်း၊ အဆင့်ဆင့် ကဲ့ပြီးသယ်ယူနေရခြင်းကြောင့် ကုန်တင်ခများ ဈေးမြင့်တက်လာပြီး ယခင်က တစ်ပိဿာလျှင် ၁၂ ကျပ်ကျော်သာရှိသော ကုန်တင်ခသည် ယခုအခါ ၂၅ ကျပ်အထိ မြင့်တက်လာခဲ့သည်။ ချင်းတွင်းမြစ်အတွင်း အဓိက သယ်ဆောင်ရသော ကုန်စည်များအနေဖြင့် ဆောက်လုပ်ရေးသုံး ကုန်စည်များ မပုပ်မသိုးနိုင်သော ကုန်စည်များနှင့်အိန္ဒိယသို့တင်ပို့မည့် ကွမ်းသီးများဖြစ်သည်။သင်္ဘောဖြင့် ကုန်တင်ရမှုသည် ကားဖြင့်ကုန်တင်ရခြင်းထက် တန်ဆာခသက်သာခြင်းကြောင့် ကုန်သည်များ အနေဖြင့် ရေလမ်းကြောင်းကိုသာ အားထားကုန်စည်တင်ပို့မှုပြုလုပ်နေရသည်ဟု ကုန်သည်တစ်ဦးက ပြောကြားသည်။

## ကျေးရွာပေါင်း ၁၂၀ ကျော်တွင် ဆိုလာမီးပေးရန် တိုင်းအစိုးရအဖွဲ့ ရန်ပုံငွေသုံးမည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေ- ၃၁**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၁၂၀ ကျော်တွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းနယ်စပ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ သတင်းရရှိသည်။

“တနင်္သာရီတိုင်းထဲမှာ လျှပ်စစ်မီးမရသေးတဲ့ ရွာတွေကတော့ အများကြီး ရှိနေပါသေးတယ်။ အဲဒီထဲကမှ အခုဆိုလာစနစ်နဲ့ ဆောင်ရွက်ပေးမယ့် ရွာတွေကို နယ်စပ် ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဆောင်ရွက်ပေးမှာပါ။ တခြားကျေးရွာတွေကိုတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ ဆောင်ရွက်မှာတွေလည်းရှိပါတယ်”ဟု တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုရုံးမှ ကြီးကြပ်ရေးမှူး ဦးအောင်ကျော်မြင့်ကပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ မြို့နယ် ၁၀ မြို့နယ်ရှိပြီး ယခုဆောင်ရွက်ပေးသွားမည့် ကျေးရွာပေါင်း ၁၂၀ မှာ ရေဖြူမြို့နယ်၊ တနင်္သာရီမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့ မှ ဖြစ်ပြီး အိမ်ခြေ ၅၇၆၂ လုံးတွင် ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရေးအတွက် ဆိုလာပြား၊ ဘက်ထရီ၊ အင်ဗာတာ၊ မီးလုံး နှစ်လုံးနှင့် မီးချောင်းနှစ်ချောင်းတို့ကိုတပ်ဆင်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

ဆိုလာစနစ်ဖြင့် မီးပေးမည့် အိမ်များတွင် လျှပ်စစ်မီးအသုံးပြုရာ၌ AC နှင့် DC နှစ်မျိုးစလုံး အသုံးပြုနိုင်မည်ဖြစ်ပြီး မီးထွန်းရုံသာမကပဲ တီဗီကြည့်ခြင်းနှင့် ဖုန်းအားသွင်းခြင်းတို့ကိုပါ ပြုလုပ်နိုင်စေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် ကျပ် ၁ ဒသမ ၅ ဘီလီယံခန့် လျာထားကြောင်း ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သတင်းရရှိသည်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ခြင်းကိုတနင်္သာရီတိုင်းတစ်ခုထဲတွင် သာမကနိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၇၃ မြို့နယ်တွင်ရှိသောကျေးရွာများတွင်လည်း ဆိုလာစနစ်ဖြင့် မီးရရှိရေးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

## ရွှေမန်းဦးတင်မောင် ကြေးရုပ်တုဖွင့်ပွဲနှင့် ရွှေမန်းသတင်အနုပညာ ဖျော်ဖြေပွဲကို ဇွန်လပထမပတ်တွင် ပြုလုပ်မည်

**စိုင်းသာအောင်**

**မန္တလေး၊ မေ- ၃၁**

အလ်္ကာကျော်စွာရွှေမန်းဦးတင်မောင်၏ ကြေးရုပ်တု ဖွင့်ပွဲအထိမ်းအမှတ်နှင့် ရွှေမန်းသဘင်မိသားစု၏ အနုပညာဖျော်ဖြေပွဲကို ဇွန် ၇ရက်တွင် မန္တလေးမြို့ နန်းရှေ့ ၆၆လမ်း၊ အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ဇွန် ၇ရက် မနက်မှာ ဘိုးဘိုးရွှေမန်းဦးတင်မောင်ရုပ်တုဖွင့်ပွဲ၊ အမျိုးသားကဇာတ်ရုံရဲ့ အနောက်တောင်ထောင့်မှာ ဖွင့်ပွဲပြုလုပ်မယ်။ ညပိုင်းမှာ ရွှေမန်းတင်မောင်အမှတ်တရဖျော်ဖြေပွဲကို အစီအစဉ်(၉)ရပ်နဲ့ ပြုလုပ်သွားပါမယ်။ ပထမဦးဆုံးစံတော်ချိန်တီးလုံး၊ မန္တလေးပန်တျာယဉ်ကျေးမှုအဖွဲ့ရဲ့ ဘုရားကန်တော့၊နတ်ယိမ်း၊ဦးညွန့်ဝင်း၊ ဦးဝင်းဗိုလ်၊ ဦးဆန်းဝင်း၊ ဦးဝင်းမောင်၊ ဦးချမ်းသာ၊ ကျော်ကျော်ဗို၊ တင်မောင်ဆန်းမင်းဝင်း၊ မေတင်မောင်ဆန်းမင်းဝင်း၊ မင်းရဲမောင်တို့ရဲ့ သံမဏိမေတ္တာ ပဏာမသီချင်း၊ မန္တလေးမြို့မဟာတီးဝိုင်းနဲ့ ဦးဆန်းဝင်း၊ ဦးဝင်းမောင်တို့ရဲ့ မြန်မာတေးသံသာ၊ ရွှေမန်းအဖွဲ့ရဲ့ အနန္တသခင်ထာဝရအရှင်ကပွဲ၊ ဦးချမ်းသာ၊ ဦးတင်မောင်ဆန်းမင်းဝင်းရဲ့ မြန်မာတေးသံသာ၊ ကျော်ကျော်ဗို၊ မေတင်မောင်ဆန်းမင်းဝင်းတို့ရဲ့ မြန်မာတေးသံသာ၊ အလ်္ကာကျော်စွာရွှေမန်းနှစ်ပါးသွားတို့ကို သားသမီးမြေးမြစ်တို့က တင်ဆက်ကပြသွားပါမယ်”ဟု ရွှေမန်းဦးတင်မောင်၏ မြေးဖြစ်သူတင်မောင်ဆန်းမင်းဝင်းကပြောသည်။

မန္တလေးမြို့ပန်တျာကျောင်းဝင်းအမျိုးသားကဇာတ်ရုံဝင်းအတွင်း၌ ရွှေစားကျော်စိန်ဗေဒါ၊ နန်းတော်ရှေ့ဆရာတင်၊ လေဘာတီမမြရင်၊ အလ်္ကာကျော်စွာစောင်းပညာရှင်ဒေါ်မြအေးကြည်တို့၏ ရုပ်တုများစိုက်ထူပြီးဖြစ်သည်။



7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# နေပြည်တော်တွင် မိုးခေါင်၍ မိုးသီးနှံစိုက်ခင်းအချို့ ပျက်စီး



*နေပြည်တော်မြို့နယ်အတွင်းရှိ တောင်ယာစိုက်ခင်းတစ်ခုကို တွေ့ရစဉ်*

ဓာတ်ပုံ – သန်းထူး

**သန်းထူး**

**နေပြည်တော်၊ ဇွန်-၁**

နေပြည်တော်ကောင်စီ နယ်မြေတွင် ပြီးခဲ့သည့် မိုးရွာရက်များက စိုက်ပျိုးထားသောမိုးသီးနှံစိုက်ခင်းအချို့မှာ လက်ရှိအခြေအနေတွင် မိုးပြတ် နေသဖြင့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဒေသခံတောင်သူ လယ်သမားများကပြောသည်။

တောင်သူများသည် မိုးရွာရက်များနောက်ပိုင်း မိုးဆက်ရွာမည်အထင်ဖြင့် အစေ့ထုတ်ပြောင်း၊ နှမ်းနှင့် ပဲတီစိမ်းကဲ့သို့သော မိုးသီးနှံများကို စိုက်ပျိုးထားရာ ယနေ့အချိန်တွင် အထက်ပါစိုက်ခင်းများ၌ အပင်ပေါက်များ သေခြင်း၊ ကြွက်များ ကိုက်ဖြတ်ခြင်း၊ ပုရစ်ကိုက်ဖြတ်ခြင်း၊ အပင်မဖြစ်ထွန်းခြင်းများကို ကြုံတွေ့နေရကြောင်း ပျဉ်းမနားမြို့နယ်မှ တောင်သူဦးလှထွန်းကပြောသည်။

"လာမယ့် ဇွန်ပထမပတ်ကုန်တဲ့အထိ မိုးမရွာသေးဘူးဆိုရင်တော့ သွားပြီ။ အကုန်လုံး ပြန်စိုက်ရဖို့ပဲ ရှိတော့တယ်။ အဲဒီလိုဆိုရင် သီးနှံက ရာသီချိန်မမီတော့သလို တောင်သူတွေလည်း ငွေထပ်ကုန်ရတော့မယ်" ဟု ဦးလှထွန်းကပြောသည်။

သီးနှံစိုက်ခင်းများ ပျက်စီးပြီး ပြန်လည်စိုက်ပျိုးရန် ဖြစ်လာပါက တောင်သူများအကြွေးပိုမိုတင်သွားမည်ဖြစ်ပြီး လက်ရှိအခြေအနေတွင်ပင် အရင်းအနှီးစိုက်ထည့်ရန် နည်းလမ်းများစွာဖြင့် ချေးငွေများရယူနေရကြောင်း နေပြည်တော်ဒေသခံ တောင်သူများထံမှ သိရသည်။

နေပြည်တော်၌ယခု ၂၀၁၄–၁၅ ဘဏ္ဍာရေးနှစ်အတွင်း မိုးစပါးဧက တစ်သိန်းခြောက်သောင်းကျော်၊ အစေ့ထုတ်ပြောင်း ဧကတစ်သောင်းရှစ်ထောင်၊ နှမ်းဧကခြောက်သောင်းခွဲကျော်၊ ပဲတီစိမ်းဧက ခြောက်သောင်းခုနစ်ထောင်ကျော် စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

# မောင်တောနယ်စပ်တွင် အခမဲ့ပညာသင်ကျောင်းဖွင့်

**မောင်ကံ**

**မောင်တော၊ ဇွန်- ၁**

အရက္ခဖောင်ဒေးရှင်းနှင့် စေတနာရှင်များပူးပေါင်း၍မောင်တောနယ်စပ်ဒေသတွင် အခမဲ့ပညာသင်ကြားပေးရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

ပထမတန်းမှ စတုတ္ထတန်းအထိ မြို့မကျောင်းတိုက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

စာသင်ချိန်ကို နံနက်တစ်ချိန်၊ ညနေတစ်ချိန်သတ်မှတ်ထားပြီး သင်ကြားပေးမည့် ဆရာ၊ ဆရာမများမှာ မောင်တောမြို့မှ စေတနာရှင်ဆရာ၊ ဆရာမများဖြစ်ကြောင်း စီစဉ်သူတစ်ဦးက ပြောကြားသည်။

"မိဘမဲ့၊ ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေကို အဓိကထားသင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအတွက်လိုအပ်တဲ့ကျောင်းအသုံးအဆောင်တွေအားလုံးကို အခမဲ့ စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းအကြို၊ အပို့ကိုလည်း စီစဉ်ပေးသွားမှာဖြစ်ပါတယ်"ဟု မောင်တောလူငယ်များအသင်းမှ ကိုစောဗဦးက ဆက်လက်ပြောပြသည်။

စာသင်ကြားခြင်းကိုကျောင်းများစတင်ဖွင့်လှစ်မည့် ဇွန်လ ၂ ရက်မှ စတင်သင်ကြားပေးသွားမည်ဖြစ်ပြီး ယမန်နေ့က ကျောင်းသား၊ ကျောင်းသူ ၃၀ ကျော် လာရောက်ကျောင်းအပ်နှံခဲ့ကြောင်း သိရသည်။

အရက္ခ ဖောင်ဒေးရှင်းမှာ ရခိုင်ပြည်နယ် မြို့နယ်အသီးသီးရှိ မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးသည့် ကလေးငယ်များ စာသင်ကြားနိုင်ရေးအတွက် အခမဲ့ပညာသင်ကျောင်းများကို ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**မေမေဂျယ်လီနှင့် အချိုရည် ကုမ္ပဏီမှ ကျင်းပပြုလုပ်မည့်**
**ဒုတိယအကြိမ်မြောက်**
**အမေနေ့ အထိမ်းအမှတ် ကဗျာနှင့် ဆောင်းပါး ဖိတ်ခေါ်ပြိုင်ပွဲ**

**ကဗျာခေါင်းစဉ်** – **"လက်တွေ့ဆပ်ပါ အမေ့မေတ္တာ"**
**ဆောင်းပါးခေါင်းစဉ်** – **"အမေဆိုသည်မှာ . . . ."**

- ၁. ၇. ၂၀၁၄ တွင်စာမူများကို စတင်လက်ခံမည်။
- ၃၀. ၉. ၂၀၁၄တွင် စာမူများကို နောက်ဆုံးထားလက်ခံမည်။ သတ်မှတ်ရက် ထက်ကျော်လွန်ရောက်ရှိလာသော စာမူများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

**ပထမဆု (၇) သိန်း၊ ဒုတိယဆု (၅)သိန်း၊ တတိယဆု (၃)သိန်း၊**
**နှစ်သိမ့်ဆု (တစ်သိန်း) ၅ ဆု ချီးမြှင့်ပေးသွားမည်။**

♦ ၁၅. ၁၂. ၂၀၁၄ တွင် ဆုရရှိသူများကို ကြေငြာပေးမည်။
♦ ၄. ၁. ၂၀၁၅ အမေနေ့တွင် ဆုပေးပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။
♦ ကိုယ်တိုင်ဆုတက်ယူနိုင်ခြင်း မရှိသောဆုများကို ပယ်ဖျက်မည်ဖြစ်သည်။

မှတ်ချက်။ ။ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ စာမူများကို ကုမ္ပဏီမှ အခမဲ့ ထုတ်ဝေသော စာအုပ်များတွင် ထည့်သွင်းအသုံးပြုသည်ကိုလည်း လက်ခံနိုင်ရမည်။

♦ မည်သည့်ပြိုင်ပွဲ မည်သည့်နေရာမှ ဖော်ပြအသုံးပြုထားခြင်း မရှိသေးကြောင်းနှင့် ကိုယ်ပိုင်စာမူဖြစ်ကြောင်း စာမူရှင်ကိုယ်တိုင် ဝန်ခံကတိလက်မှတ်ရေးထိုးချက် ပူးတွဲပါရှိရမည်။
♦ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံပါရှိရမည်။ သတ်မှတ်ချိန်အတွင်း ဆက်သွယ်၍ မရပါက ရွေးချယ်ထားသော စာမူကိုပယ်ဖျက်မည်ဖြစ်သည်။
♦ စာမူများကို ရွေးချယ်ရာတွင် ကုမ္ပဏီဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်သာလျှင် အတည်ဖြစ်သည်။
♦ အမေ့မေတ္တာနားလည်ရန်နှင့် အမေ့ကျေးဇူး ဆပ်တတ်ရန်အတွက် အဓိကထား၍ ရည်ရွယ်ပါသည်။

စာမူများကို အိမ်အမှတ် ၈၈/၄၅၊ ၈၄×၈၅လမ်းကြား၊ ၂၉×၃၀လမ်းကြား၊ ခတ္တိယဝင်းအတွင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ "မေမေဂျယ်လီနှင့် အချိုရည်"ကုမ္ပဏီသို့ ပို့ဆောင်ရမည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**
**မေမေဂျယ်လီနှင့် အချိုရည် ကုမ္ပဏီ**



7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ယုံကြည်မှုတို့ မွေးဖွားပေးရာ

ဥက္ကာကိုကို



ပဲနို့ထုတ်လုပ်သည့် အလုပ်ခန်းအတွင်းတွေ့ရသည့် လူငယ်နှစ်ဦး

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

သူ တည်ထောင်ပေးထားသည့် တစ်နိုင်တစ်ပိုင် ပဲနို့ လုပ်ငန်းလေး အောင်မြင်လာလိမ့်မည်ဟု အီလင်းန်(Eileen Lui) တစ်ယောက်ခိုင်မာစွာ မျှော်လင့်ထားသည်။ အောင်မြင်အောင်လည်း သူ့ရဲ့ ကလေးတွေက ဆောင်ရွက်ကြလိမ့်မည်။ ဒီလုပ်ငန်းလေး အောင်မြင်နေမှ လူငယ်စင်တာလေး ရပ်တည်လို့ရမှာ ဖြစ်သည်။ ကလေးများ၏ အနာဂတ်ကောင်းစားရေးသည်လည်း ပဲနို့လုပ်ငန်းလေးအပေါ် မူတည်နေသည်။ လုပ်ငန်းအောင်မြင်မှုက အခြားကလေးငယ်များအတွက် စံပြဖြစ်လာမည်ဟု သူက ခံယူသည်။

အီလင်းန်က မလေးရှားနိုင်ငံသူဖြစ်သည်။ တရုတ်လူမျိုးခင်ပွန်းဖြစ်သူက မြန်မာနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်သည့်အခါ အီလင်းန်လည်း လိုက်ပါလာခဲ့သည်။ ဒီရောက်တော့ ပရဟိတလုပ်ငန်းကို ဝါသနာကြီးသူ အီလင်းန်က မြန်မာနိုင်ငံရှိ မိဘမဲ့ကျောင်းတချို့ကို ဆက်သွယ်ကာ စာသွားသင်ပေးသည်။

ကိုယ်တတ်နိုင်သလောက် ငွေကြေးလေးများ စိုက်ထုတ်ကာ မိဘမဲ့ကလေးများအတွက် ကူညီပေးခဲ့သည်။ ပထမဆုံးကူညီ၍စာသင်ကြားပေးသည့်ကျောင်းမှာ မြောက်ဥက္ကလာပမြို့နယ်မှ နန်းဦး ဘုန်းတော်ကြီးကျောင်းတွင် ဖြစ်သည်။ ထို့နောက် အင်းစိန်ရှိ Hosana ကျောင်း၊ မြောက်ဒဂုံမြို့နယ်ရှိ Life Garden ကျောင်းတို့နှင့် ဆက်သွယ်ဖြစ်ခဲ့သည်။

ကလေးအရေအတွက်များလာသဖြင့် အားလုံးကို ကူညီထောက်ပံ့ရန် မတတ်နိုင်သည့်အတွက် အီလင်းန်က မလေးရှားရှိ မိဘဆွေမျိုးများထံ အကူအညီတောင်းခံခဲ့ရသည်။ မလေးရှားရှိ သူ့သူငယ်ချင်းများနှင့် အိမ်မှပို့ပေးသည့် ငွေကိုစုစည်းကာ Children of Tomorrow အမည်ဖြင့် လူငယ်သင်တန်းကျောင်းလေး တစ်ခုကို တစ်နိုင်တစ်ပိုင် ဖွင့်လှစ်နိုင်ခဲ့သည်။

"အလှူတွေ လုပ်နေရင်းနဲ့ စဉ်းစားမိတာက အဝတ်အစားတွေထောက်ပံ့နေရုံနဲ့မရဘူး။ ပညာရေးကို ပိုအရေးကြီးတယ်ဆိုပြီး သူငယ်ချင်းတွေထောက်ပံ့ပေးတဲ့ ငွေနဲ့ သင်တန်းတွေပေး၊ စာသင်ပေးတာပါ"ဟု အီလင်းန်က ဆိုသည်။

သဃ်န်းကျွန်းမြို့နယ်ရှိ ပြည်ထောင်စုရိပ်မွန် အိမ်ရာတွင် ဖွင့်လှစ်ထားသည့် Children of Tomorrow Youth Center၌ ကလေးအယောက်ငါးဆယ်ခန့်ကို ဆရာတချို့ငှားလျက်စာသင်ကြားပေးခဲ့သည်။ အင်္ဂလိပ်စာသင်တန်း၊ ပန်းချီသင်တန်းတို့ကိုပို့ချပေးနေခြင်းဖြစ်ကာ ဂီတသင်တန်းကို သူကိုယ်တိုင်သင်ကြားပေးသည်ဟု ဆိုသည်။ သင်တန်းသားများမှာ နန်းဦးကျောင်း၊ Hasana ကျောင်း၊ Life Garden ကျောင်းတို့မှ မိဘနှင့် ဝေးနေသည့် ကလေးငယ်များဖြစ်ပြီး အသက် ၁၄နှစ်အထက် အရွယ်များကို ရွေးချယ်ခေါ်ယူကာ တနင်္ဂနွေနေ့တိုင်း သင်တန်းပေးခြင်းဖြစ်သည်။ မကြာမီတွင် ကွန်ပျူတာသင်တန်းကိုပါ လေ့ကျင့်သင်ကြားပေးနိုင်ရန်စီစဉ်လျက်ရှိသည်။

အီလင်းန်တို့ ဇနီးမောင်နှံမြန်မာနိုင်ငံသို့ရောက်လာသည်မှာ ၂ နှစ်ရှိပါပြီ။ ပရဟိတကို ဝါသနာကြီးသည့် အီလင်းန်က ယခုနှစ် ဇန်နဝါရီလတွင် Youth Center ကို တည်ထောင်လိုက်ခြင်းဖြစ်သည်။ မိဘမဲ့ကျောင်းများမှ ကလေးများက ကျောင်းတွင်လွတ်လပ်စွာတွေးခေါ်နိုင်မှု နည်းပါးနိုင်သည်ဟုယူဆ၍ အီလင်းန်က Youth Center သို့ခေါ်ယူကာ စိတ်ဓာတ်ပိုင်းနှင့် ပညာပိုင်းကိုလေ့ကျင့်သင်ကြားပေးနေခြင်းပင်။

"အပြင်မှာ စိတ်အပြောင်းအလဲလေး ဖြစ်သွားအောင်ပေါ့။ ကျောင်းမှာကျတော့ ဘုန်းကြီးကို ကြောက်နေရတာမျိုးရှိနိုင်တယ်။ သူတို့လေးတွေ ပြောချင်တာကို လွတ်လပ်စွာ ပြောနိုင်အောင်၊ တွေးခေါ်နိုင်အောင် တနင်္ဂနွေနေ့တိုင်းခေါ်ပြီး သင်ပေးတာပါ"ဟုသူကပြောသည်။

တနင်္ဂနွေနေ့တိုင်း စင်တာသို့ လာရောက်သင်ကြားသည့် ကလေးငယ်များက ပို့စကတ်များ၊ ပြက္ခဒိန်လေးများကို ပြုလုပ်ကြသည်။ ထိုအမှတ်တရပစ္စည်းလေးများကို မလေးရှားနိုင်ငံသို့ပို့ကာ မလေးရှားရှိ အီလင်းန်၏ သူငယ်ချင်းများက စင်တာရန်ပုံငွေအတွက်ကူညီရောင်းချပေးကြသည်။

"ပထမဆုံးအခက်အခဲကက လေးတွေကို သင်ပေးရတာပါ။သူတို့ဆီမှာ အိပ်မက်တွေရှိတယ်။ သူတို့က Oxford တက္ကသိုလ်ကိုသွားပညာသင်ချင်ကြတယ်။ အဲဒါက ကိစ္စမရှိပါဘူး။ ဒါပေမဲ့ သူတို့ကြိုးစားကြဖို့လိုပါတယ်။ နောက်တစ်ခုက သူတို့ကိုယ်တိုင် စဉ်းစားတတ်ဖို့ သင်ကြားပေးဖို့ပါ။ အဲဒါကလည်းသူတို့ ရင့်ကျက်ဖို့အတွက် အရမ်းအရေးကြီးပါတယ်။ ကလေးတွေ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ကောင်းကောင်းမွန်မွန်ဖြစ်စေချင်ပါတယ်။ တကယ်လို့သာ သူတို့က Oxford တက္ကသိုလ်ကိုသွားပညာသင်ဖြစ်ခဲ့ရင် သိပ်ကောင်းပါတယ်။ ကျွန်မတို့လည်း သိပ်ဝမ်းသာပါတယ်။ ဒါပေမဲ့ နင်တို့သွားနောက်ပြန်လာရင် ငါတို့ကို ပိုက်ဆံပြန်ပေးရမယ်လို့ ကျွန်မတစ်ခါမှ မပြောဖူးပါဘူး"ဟု အီလင်းန်က ပြောပြသည်။

သူတည်ထောင်ထားသည်မှာ အစိုးကျောင်းမဟုတ်၊ ပုဂ္ဂလိက စာသင်ကျောင်းမဟုတ်၊ ကျောင်းပညာရေး မဟုတ် သင်တန်းတွေပဲဖြစ်သည်။ အင်္ဂလိပ်စာတိုးတက်လာရန်နှင့် ဘဝအတွက် စိတ်ဓာတ်ခွန်အားများ ရရှိစေရန် သူက ရည်ရွယ်သည်။ကလေးများကို စာသင်နေရင်းနှင့် အီလင်းန်တစ်ယောက် ခြေလှမ်းတစ်လှမ်းစလှမ်းလိုက်ပါသည်။ မလေးရှားမှ ပို့ပေးသည့် မိဘနှင့် သူငယ်ချင်းများထံမှ အလှူငွေများက ရေရှည်ရပ်တည်ဖို့ မဖြစ်နိုင်ကြောင်း အီလင်းန်သဘောပေါက်ခဲ့သည်။

ထို့အတွက် သူ့စလုပ်လိုက်တာကတော့ ပဲနို့လုပ်ငန်းပဲ ဖြစ်သည်။ တစ်နိုင်တစ်ပိုင်ပဲနို့လုပ်ငန်းအတွက် ပဲနို့ထုတ်လုပ်သည့် စက်နှင့် လိုအပ်သည့်ပစ္စည်းလေးများကို ဝယ်ယူကာ Soy Ai အမည်ဖြင့် လုပ်ငန်းစခဲ့သည်။ ထိုလုပ်ငန်းကို အီလင်းန်ဆောင်ရွက်ခြင်း မဟုတ်ပါ။ သူကူညီပေးနေသည့် မိဘမဲ့စာသင်ကျောင်းသုံးခုမှ အလုပ်လုပ်၍ ဘဝကို ရပ်တည်လိုသည့်လူငယ်လေးများကို ရွေးချယ်ခေါ်ယူကာ လုပ်ကိုင်စေခြင်းဖြစ်ပါသည်။ နန်းဦးဘုန်းတော်ကြီး စာသင်ကျောင်းနှင့် အခြားကျောင်းမှ ဆယ်ကျော်သက်အရွယ် လူငယ်လေးဦးက သူ့ဆီမှာ ပဲနို့လုပ်ငန်းကို စတင်လုပ် ကိုင်လိုက်ကြသည်။

Soy Ai ပဲနို့ထုတ်လုပ်ခြင်းကို စနစ်တကျသင်ကြားပေးပြီး စတင်ခဲ့သည်မှာ လေးလသာ ရှိသေးသည်။ ဈေးကွက်အတွင်း ဖြန့်ဝေခြင်းမဟုတ်ဘဲ မိဘမဲ့ကျောင်းများသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။ ပဲနို့ ဖြန့်ဝေခြင်း ပရိုဂရမ်တွင်မိဘမဲ့ကလေးကျောင်းများ၏ စာရင်းရှိသည်။ ကုမ္ပဏီတစ်ခုခုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ Soy Ai ပဲနို့ကိုအနည်းဆုံးခြောက်လစာ တစ်ဗူးလျှင် တစ်ထောင်နှုန်းဖြင့် ဝယ်ယူလျက် မိဘမဲ့ကျောင်းများသို့ လှူဒါန်းလိုပါက အီလင်းန်၏ Soy Ai လုပ်သားလေးများက တစ်ပတ်တစ်ကြိမ် ပို့ဆောင်ပေးကြသည်။

ပဲနို့လုပ်ငန်းမှ ရရှိလာသည့် လစဉ် ဝင်ငွေမှ ၃၀ရာခိုင်နှုန်းကို Youth Center ၏ ပညာရေးအတွက် အသုံးပြုပြီး ၃၀ရာခိုင်နှုန်းကို စင်တာတွင် လိုအပ်သည့် သင်တန်းများအတွက် အသုံးပြုသည်။ နောက်ထပ် ၃၀ရာခိုင်နှုန်းကို ပဲနို့လုပ်ငန်းဖွံ့ဖြိုးရေးအတွက် အသုံးပြုပြီး ကျန်ရှိသည့် ၁၀ရာခိုင်နှုန်းကိုတော့ ပဲနို့လုပ်ငန်းအဖွဲ့ဝင် လူငယ်လေးများအပိုကြေးငွေအဖြစ် ခွဲဝေသုံးစွဲကြခြင်းဖြစ်သည်။

"တချို့က အသက် (၂၀) ကျော်နေပြီ။ အလုပ်မလုပ်ဘဲနေကြတုန်း။ အပြင်လည်းမထွက်ရဲကြဘူး။ အဲဒါများတယ်။ သူတို့တွေကိုယ်တိုင်ရပ်တည်နိုင်အောင်၊ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် နေထိုင်တတ်ဖို့အတွက် ကျွန်မဒါကိုစခဲ့တာ ဖြစ်ပါတယ်"ဟု အီလင်းန်ကပြောသည်။

အီလင်းန်က ပဲနို့လုပ်ငန်းအဖွဲ့ဝင် လူငယ်လေးဦးကိုသာ အလုပ်ပေးထားခြင်းမဟုတ်ပါ။ဆယ်တန်းမအောင်သည့် လူငယ်နှစ်ဦးကိုလည်း City Mart ဈေးဝယ်စင်တာတွင်အရောင်းဝန်ထမ်းအဖြစ် အလုပ် သွင်းပေးထားပါသည်။ စက်ရုံတစ်ခုတွင် လူငယ်တစ်ဦးကို အလုပ်လုပ်ခိုင်းထားပြီး ကျန်တစ်ဦးကို HTCကုမ္ပဏီတွင် အလုပ်ဝင်လုပ်စေရာမှ ယခုဆိုလျှင်ကြော်ငြာဌာန၏ မာကက်တင်းအမှုဆောင်အဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်ပါသည်။

အလုပ်သွင်းပေးသည်ဟုဆိုရာ၌ အီလင်းန်က အလုပ်ရှင်များကို ပြောဆိုကာအလုပ်ဝင်ခိုင်းခြင်းမဟုတ်။ အလုပ်ခေါ်စာတွေ့သည့်အခါအလုပ်လုပ်လိုသည့်မိဘမဲ့လူငယ်လေးများကို အလုပ် လျှောက်ရန် စေလွှတ်ခြင်းဖြစ်သည်။ မိမိတို့ အရည်အချင်းနှင့်ပင် အလုပ်ဝင်စေခဲ့သည်။ ထို့အတွက် လိုအပ်သည့် အသေးအဖွဲ့ကိစ္စများကိုသာ အီလင်းန်က ကူညီပါသည်။

**စာမျက်နှာ(၁၄) သို့**

7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

**စာမျက်နှာ(၁၃) မှ**

## ယုံကြည်မှုတို့ မွေးဖွားပေးရာ

နောက်ထပ်လည်း အလုပ်လုပ်ချင်သည့် မိဘမဲ့ ကလေးများကို သူက ကူညီသွားဦးမည်ဟု ဆိုသည်။ အလုပ်လုပ်ကိုင်လိုစိတ်ရှိသည့် ကလေးများကိုသာ ကူညီခြင်းဖြစ်ပြီး အတင်းအကျပ်လုပ်ရန် တိုက်တွန်းခြင်းမရှိဟုလည်း ပြောသည်။

အီလင်းန်က ဆင်းရဲသည့် မလေးရှားမိသားစုလေးတစ်ခုမှ မွေးဖွားလာခဲ့သူ ဖြစ်သည်။ အလွန်ဆင်းရဲသည့် ဘဝကိုဖြတ်သန်းခဲ့ရသော်လည်း အီလင်းန်၏ စိတ်ဓာတ်က သူများကသနားပြီး ကူညီမှုကို လက်မခံလိုသူပင်။သူက စာအလွန်ကြိုးစား၍ ပညာကို ထူးချွန်အောင် သင်ယူခဲ့သည်။ ထို့ကြောင့် ဩစတြေးလျနိုင်ငံမှ ပညာသင်ဆုတစ်ဆုကို ရရှိ၍ကျောင်းသွားတက်ခဲ့ရသည်။ ကျောင်းတက်ရင်းအပြင် အလုပ်လုပ်ကာ ငွေစု၍ မလေးရှားတွင် ကျန်ခဲ့သည့် မိသားစုကို ပြန်ထောက်ပံ့နိုင်ခဲ့သည်။ သူကြိုးစားဖြတ်သန်းပုံများကို အီလင်းန်က မိဘမဲ့ကလေးများအား အမြဲပြောပြလေ့ရှိသည်။ ကလေးများအတွက် စိတ်ဓာတ်ခွန်အားဖြည့် ဆည်းပေးမှုမှာ သူ့ဘဝဇာတ်ကြောင်းပဲ ဖြစ်ပါသည်ဟု သူက ဆိုသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်မမှာ မိသားစုရှိသေးတယ်။ ကလေးတွေအတွက် စိတ်မကောင်းတာက သူတို့က မိသားစုနဲ့ အတူမနေရဘူး။ လမ်းမှန်ပြပေးမယ့်သူ မရှိဘူး။ ကျွန်မတောင် ကြိုးစားလာခဲ့ပြီးဖြစ်လာမှတော့ ကလေးတွေလည်း ဖြစ်ရမယ်ဆိုပြီး ကျွန်မအကြောင်းကို ပြောပြဖြစ်တယ်" ဟု အီလင်းန်က ပြောသည် ။

အီလင်းန်၏ အမျိုးသား မစ္စတာ ရစ်ချက်က Samsaung ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသူဖြစ်ပြီး မြန်မာနိုင်ငံသို့ လာရောက်တာဝန်ထမ်းဆောင်နေသူဖြစ်၏။ သျှောင်နောက်ဆံထုံးပါ အီလင်းန်ကလည်း မြန်မာနိုင်ငံသို့ လိုက်ပါလာရပြီး ယခုကဲ့သို့ မြန်မာကလေးငယ်တို့အတွက် ပရဟိတကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခု စင်တာဖွင့်လှစ်ထားသည့် ပြည်ထောင်စုရိပ်မွန်အိမ်ရာရှိ လုံးချင်းအိမ်မှာ အသိတစ်ယောက်က ခေတ္တပေးထားခြင်းဖြစ်သည်။ အီလင်းန်တို့ ဇနီးမောင်နှံ မလေးရှားသို့ ပြန်ကြရမည့် တစ်နေ့တွင် ယင်းစင်တာလေးကို ထား ရစ်ခဲ့ရမည်။ ထိုအခါ Youth Center တွင် Soy Ai ပဲနို့လုပ်ငန်းလုပ်ကိုင်နေကြသည့် လူငယ်လေးများသာ ကျန်ရစ်ခဲ့လိမ့်မည်။ ပဲနို့လုပ်ငန်းအောင်မြင်မှသာ သူတို့အနာဂတ်အတွက် အဆင်ပြေမှာဖြစ်သည်။ သူတို့ကို အီလင်းန်က တစ်သက်လုံး မစောင့်ရှောက်ပေးနိုင်ပါ။

"ပဲနို့စီးပွားရေးလေး အောင်မြင်လာလို့ရှိရင် သူတို့နေရာလေး တစ်ခုရှာနိုင်ရန် နေရာဝယ်ချင်ဝယ်ကြမှာပေါ့။ ပဲနို့လုပ်ငန်းအောင်မြင်နေသရွေ့ ဒီစင်တာလေး ရှိနေမှာပါ။ အခုလည်း သူတို့အရမ်းကြိုးစားနေကြပါတယ်" ဟု အီလင်းန်က သူ့အနီးတွင်ထိုင်နေကြသည့် SoyAi ပဲနို့လုပ်ငန်း အဖွဲ့သားလူငယ်လေးများကိုကြည့်၍ ပြောပါသည်။

အာဟာရပြည့်ဝသည့် ပဲနို့လုပ်ငန်းသည် မိဘမဲ့ကလေးများအတွက် ကိုယ်ပိုင်ရပ်တည်မှု၊ အသက်မွေးဝမ်းကျောင်းမှုနှင့် နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ ပြုလုပ်ပေးထားခြင်းဖြစ်သည်။ ကလေးများ ဘဝတိုးတက်ရေးကိုသာမက ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများပါ ဖန်တီးပေးနိုင်ရန်လည်း ရည်ရွယ်ထားသည်။

လက်ရှိတွင် SoyAi ပဲနို့လုပ်ငန်းလေးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘမဲ့ဂေဟာသုံးခုမှ ကလေးငယ်များအတွက် ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှုပညာ ဖွံ့ဖြိုးတတ်မြောက်ရေးနှင့် စားဝတ်နေရေးအတွက် အထောက်အပံ့ ပေးလျက်ရှိသည်။ ကလေးများကို ဆင်းရဲမှုမှ လွတ်ကင်းစေကာ အလှူငွေကိုသာ အမြဲတမ်း မမှီခိုဘဲ ကိုယ်စွမ်းကိုယ်စဖြင့် ရပ်တည်စေလိုခြင်းလည်း ဖြစ်ပါသည်။

"ကျွန်တော်တို့ဘဝတွေဟာ လွယ်ကူအဆင်ပြေတဲ့ မိသားစုမျိုးက လာခဲ့ကြရတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဘဝတွေ ကြမ်းတမ်းခဲ့ပါတယ်။ တစ်ခါတလေ ကျွန်တော်တို့ စာသင်ဖို့၊ နေစရာရဖို့၊ ထမင်းစားရဖို့တောင် ပိုက်ဆံမရှိကြပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဟာ သနားစရာဘဝတွေအဖြစ်နဲ့ အလှူငွေ လှူမယ့်သူတွေကိုသာ အားကိုး မနေချင်ပါဘူး။ ကျွန်တော်တို့ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်ချင်ပါတယ်။ ကျွန်တော်တို့ကို ထောက်ပံ့ကျွေးမွေးခဲ့တဲ့ ဂေဟာတွေအတွက် အဖိုးတန်အားထားရတဲ့သူမျိုးပဲ ဖြစ်ချင်ပါတယ်။ ဘဝမှာ ဘယ်လိုအခက်အခဲမျိုးတွေပဲရှိရှိ ကျွန်တော်တို့ ကြိုးစားရှင်သန် ရပ်တည်မှာပါ။ ကျွန်တော်တို့ဟာ အောင်နိုင်သူများ ဖြစ်မယ့်လမ်းကိုသာ ရွေးချယ်လိုက်ပါပြီ။ ကျွန်တော်တို့က ဒုက္ခသည်တွေ မဟုတ်ကြပါဘူး" ဟု SoyAi ပဲနို့လုပ်ငန်းလေး၏ လက်ကမ်းစာစောင်တွင် ရေးသားထားသည်ကို တွေ့ရသည်။


"ကျွန်တော်က နန်းဦးဘုန်းတော်ကြီးကျောင်းကနေ ဒီရောက်လာတာပါ။ နယ်မှာ ကျောင်းမတက်ဘဲ ခဏခဏ ပြေးနေလို့။ ဆိုးနေလို့ အဖေက နန်းဦးကျောင်းကို ပို့လိုက်တာ။ ရှစ်တန်းအထိ သင်ဖူးတယ်။ အရင်က စကားမပြောရဲဘူး။ လူတွေနဲ့ပြောဆိုရင် အရမ်းရိုင်းတယ်။ အခု ဒီစင်တာကိုရောက်မှ ပြောတာ၊ ဆိုတာ သိသာလာတယ်" ဟု SoyAi အဖွဲ့လေးတွင် လုပ်ကိုင်နေသည့် တောင်ကြီးမြို့မှ အသက် (၁၉)နှစ်အရွယ် စောမောင်က ပြောသည်။

SoyAi အဖွဲ့လေးကို လူငယ်လေးဦးက ဆောင်ရွက်နေကြခြင်းဖြစ်သည်။ သူတို့ထဲတွင် အသက် (၁၈)နှစ်အရွယ် သန်းတင့်အောင်က မြင်းခြံမြို့မှဖြစ်ပြီး မိဘအဆင်မပြေခြင်းကြောင့် နန်းဦးကိုရောက်ရှိလာပြီး ယခု စင်တာသို့ ထပ်ရောက်ကာ အလုပ်လုပ်ကိုင်နေသူ။ အသက် (၁၇)နှစ်အရွယ် မြစ်ကြီးနား၊ ဝိုင်းမော်မှ ခေါင်ဒေါင်ကတော့ မိဘများက ပညာတတ်စေလို၍ ရန်ကုန်သို့ပို့လိုက်သူဖြစ်ကာ အနှိမ်ခံရမှုများရှိခဲ့၍ ဆယ်တန်းကို မဖြေဘဲ ရပ်ပစ်လိုက်ပြီး ယခုနှစ်ပြန်ဖြေမည်ဟု အားတင်းထားသူ။ အသက် (၁၈)နှစ်အရွယ် ဆီဆိုင်မြို့မှပအိုဝ်းတိုင်းရင်းသားခွန်ကျော်အိုးကတော့မူးယစ်ဆေးဝါး ပေါသည့် နယ်မြေမှလာရောက်သူ။

သူတို့သည် တစ်လလျှင် နှစ်သိန်းမှ လေးသိန်းဝန်းကျင်အထိ ကုန်ကျစရိတ်ရှိသည့် ထိုစင်တာလေး ရေရှည်ရပ်တည်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားနေကြသည်။ မြန်မာနိုင်ငံမှ ချို့တဲ့နွမ်းပါးသော မိဘမဲ့ကလေးများနှင့် မပြည့်စုံသည့်ကလေးများ၏ပညာရေးကိုတတ်နိုင်သလောက်ထောက်ပံ့ကူညီပေးလိုသည့် အီလင်းန်၏ ဆန္ဒကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနေကြသည်။ ပဲနို့လုပ်ငန်း အောင်မြင်လျှင် စင်တာလေး အသက်ရှည် မည်။ ဒါမှသာ အခြားမိဘမဲ့ ကလေးများကို ပညာရေးသင်တန်းပေးနိုင်မည်။အလုပ်လည်း ပေးနိုင်လိမ့်မည်။

ယခုအခါ အီလင်းန်က မလေးရှားတွင် ယခုကဲ့သို့ စင်တာနှင့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် စီစဉ်ထားပြီဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင်လည်း HIV/ AIDA မိဘမဲ့ကလေး ဂေဟာများကိုလည်း စတင်ကူညီနေပြီဖြစ်သည်။ မြန်မာနိုင်ငံမှ SoyAi ပဲနို့လုပ်ငန်းလေးက သူ့အတွက် အရေးကြီးဆုံး အိပ်မက်ဖြစ်လာသည်။

"သူတို့ အောင်မြင်မယ်လို့ ထင်တယ်။ သူတို့ဘဝကို သူတို့လက်နဲ့ သူတို့ကိုယ်တိုင် ပြောင်းလဲနိုင်ရမယ်။ ပဲနို့လုပ်ငန်းအောင်မြင်သွားရင် သူတို့ဘဝလည်း အောင်မြင်မှာပဲ။ ဒီလုပ်ငန်းအောင်မြင်လာရင် တစ်နိုင်ငံလုံးက မိဘမဲ့ကလေးတွေအတွက် စံပြဖြစ်ပြီး ကြိုးစားချင်စိတ်တွေ ရှိလာကြမှာပဲ။ မိဘမဲ့ကလေးတွေ အလုပ်လုပ်ချင်စိတ် ရှိလာရင်လည်း ကူညီပေးမယ်" ဟု အီလင်းန်က တက်ကြွစွာပြောပါသည်။ ။



## ၂၀၁၄ ဇွန် ၄ ရက်မှ ၁၀ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေဦးဟာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနဲ့ မြောက်ပိုင်းဒေသများသို့ လုံးဝဝင်ရောက်နိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနဲ့ အရှေ့အလယ်ပိုင်းတို့မှာ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ သာယာနေပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး၊ ရခိုင်နဲ့ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအမြင့် (၂) ပေမှ (၃)ပေ ခန့်နဲ့ ကျန်မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအမြင့် (၁) ပေမှ (၂) ပေခန့်ရှိနိုင်ပါတယ်။

### နေ့အပူချိန်များအခြေအနေ

နေ့အပူချိန်များဟာ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်ဟာ 38˚C–40˚C ခန့်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေ့အပူချိန်များဟာ 35˚C–37˚C ခန့်၊ ကျန်ပြည်နယ်များအားလုံးနဲ့ တနင်္သာရီတိုင်းဒေသကြီးတို့တွင် 31˚C– 34˚C ခန့်ရှိနိုင်ပါတယ်။

### ခရမ်းလွန်ရောင်ခြည်အခြေအနေ

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း အမြင့်ဆုံးတန်ဖိုးဖြစ်သော လွန်ကဲအဆင့်ရှိသည့် ၁၁ ထက်ကျော်လွန်နေသော တန်ဖိုးများကို တနင်္သာရီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှ လွဲ၍ မြန်မာတစ်နိုင်ငံလုံးကျရောက်နိုင်ပါတယ်။ အထူးသဖြင့် ကော့သောင်းမြို့ (၁၀.၄)၊ ထားဝယ် (၁၂.၅)၊ မော်လမြိုင် (၁၂.၅)၊ ရန်ကုန် (၁၀.၅)၊ နေပြည်တော် (၁၂.၅)၊ မကွေး (၁၂.၅)၊ မန္တ လေး (၁၂.၅) နဲ့ မြစ်ကြီးနား (၁၁.၅) တို့တွင်လည်းကောင်း ကျရောက်ရှိနေနိုင်ပါတယ်။

### မိုးတိမ်တောင်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ ကပ္ပလီပင်လယ်ပြင်နဲ့ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ညနေပိုင်း အချိန်များ၌ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကယားပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ အရှေ့ပိုင်းတို့တွင် နေရာကွက်ကျားနဲ့ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါတယ်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါတယ်။

**ဒေါက်တာထွန်းလွင်** (MCCW)

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့မှ ဖိတ်ခေါ်တယ်နော် ခိုင်ခိုင်ကျော်
ရန်ကုန်မြို့က ခိုင်ခိုင်ကျော် ...မြန်ပြည်တစ်ခွင် ဂုဏ်သတင်းမွှေး...
များပြည်သူ့အားပေးသမို့ ...
မြို့ကျိုက်ထို ရာမညတိုင်းမှာ ဆိုင်ခွဲတစ်ခု ဖွင့်လှစ်ပြီ...
သန့်ရှင်း၊ ကျန်းမာ၊ ရသာစုံပြီး ဖော်ရွေကာ ဝန်ဆောင်ပေး ကြွခဲ့ပေါ့မနေး ...

မော်တော်ယာဉ်မှူးကြီးများခင်ဗျာ -
ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမ မိုင်တိုင် (၁၀၆/၅)၌ တည်ရှိပြီး ကျိုက်ထီးရိုး ဘုရားကြီး နှင့် မိနစ် (၂၀)ခန့် ကွာဝေးပါသည်။

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ (Breakfast) - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘာ့ဇေတာဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။
ဖုန်း ၀၉-၇၃၀၀၆၄၂၂၊ ၀၉-၄၃၁၃၆၆၆၉၊ ၀၉-၅၁၅၉၀၀၄၊ ၀၉-၇၃၀၀၀၇၀၇၊ ၀၉-၄၂၀၀၆၀၅၅၊ ၀၁-၅၂၄၂၀၈
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။
ရန်ကုန်တက္ကသိုလ်ဆိုင်ခွဲ - တောင်ဆောင် Canteen၊ ရန်ကုန်တက္ကသိုလ်။

ဆိုင် ၃၀၀ ကျော် တပ်ဆင်အောင်မြင်ပြီး
စက်သုံးဆီ ပန့်ဆိုင်သုံး
အင်ဖိုစစ်မြန်မာ
ကွန်ပျူတာစနစ်
01-291442, 09-73203624
တစ်နိုင်ငံလုံးသို့ လိုက်လံတပ်ဆင်ပေးနေပါပြီ

အမြဲတမ်း(နေ့စဉ်) တရားစခန်း ဖွင့်လှစ်ထားခြင်း

လှည်းကူးမြို့၊ စိတ္တသုခသာသနာ့ရိပ်သာကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစပြီး နေ့စဉ်အမြဲတမ်း တရားစခန်းအဖြစ် ဖွင့်လှစ်ထားပါတယ်။

ရဟန်းရှင်လူယောဂီသူတော်စင်(၃၀၀)ကျော်ခန့် ချမ်းသာစွာ တရားအားထုတ်နိုင်တဲ့ "သန္တိသုခဓမ္မာရုံကြီး"လည်း ရှိပါတယ်။

ယောဂီသူတော်စင်များ စားရေး၊ နေရေး၊ ထိုင်ရေးတို့အတွက် ချမ်းသာမှုရအောင် ကပ္ပိယကာရကဝေယျာဝစ္စတို့မှ ဆောင်ရွက်ပေးထားပါတယ်။

အချိန်မရွေးလာရောက်၍ တရားအားထုတ်နိုင်ပါကြောင်း ဖိတ်ခေါ်တိုက်တွန်း အသိပေးနှိုးဆော်အပ်ပါတယ်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၈၆၂၆၄၄၇၊၀၉-၄၅၀၀၁၇၉၉၃

# Education

7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014



ယခုစာသင်နှစ်ကျောင်းအပ်ရာသီတွင် ရန်ကုန်မြို့တွင်းရှိ အချို့သောအလယ်တန်းကျောင်းများ၌ ကျောင်းအပ်နှံသူ နည်းပါးနေသည် ဓာတ်ပုံ – ကျော်ဇင်သန်း

# ကျောင်းအပ်ရာသီတွင် အလယ်တန်းကျောင်းများ၌ လာရောက်အပ်နှံသူလျော့ကျ

ဇော်မျိုးလှိုင်

ရန်ကုန်၊ မေ-၃၁

ယခုနှစ် ကျောင်းအပ်ရာသီတွင်အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ လာရောက်အပ်နှံသည့်ဦးရေမှာ ယမန်နှစ်ကထက် လျော့နည်းသွားကြောင်း သတင်းရရှိသည်။

မူလတန်းကျောင်းများကမှ စတုတ္ထတန်းအောင်သူများသည် ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ တက်ရောက်နိုင်သည့် အထက်တန်းကျောင်းများသို့ သွားရောက်အပ်နှံခြင်းနှင့် ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများသို့ ပြောင်းရွှေ့သွားသည့် ကျောင်းသားများရှိနေခြင်းကြောင့် ယခုနှစ်တွင် လာရောက်အပ်နှံသည့် ကျောင်းသားအရေအတွက်နည်းပါးရခြင်းဖြစ်ကြောင်း အခြေခံပညာအလယ်တန်းကျောင်းများမှ သိရသည်။

"မနှစ်ကလာအပ်တဲ့ကျောင်းသားက ၈၀၀ ကျော်လောက်ရှိတယ်။ဒီနှစ်တော့အခုကျောင်းအပ်ရာသီပိတ်တဲ့အထိ လာအပ်တာ ၇၀၀ လောက်ပဲရှိသေးတယ်။ ဆရာမတို့ကျောင်းဆို အ.မ.က (၂၉) မရမ်းကုန်းကျောင်းက ခွဲတမ်းကျပေမယ့် အဲဒီက ငါးတန်းတက်မယ့် ကလေးတွေက ကိုးတန်း၊ ဆယ်တန်းတစ်ခါတည်းတက်ချင်တော့ ထ(၂)၊ ထ(၃) ကျောင်းတွေကို တန်းသွားကြတယ်။ တချို့ကလည်း ပုဂ္ဂလိကကျောင်းတွေကို သွားကြတာတွေရှိတယ်"ဟု အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း(မရမ်းကုန်း)မှ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးက ပြောပြသည်။

ထိုသို့ ခွဲတမ်းကျသည့် ကျောင်းများသို့ အပ်နှံခြင်းမရှိဘဲ နယ်ကျော် အပ်နှံသောကျောင်းသားများရှိနေခြင်းကြောင့်အထက်တန်းကျောင်းများတွင် ကျောင်းသားများ ပိုမိုများပြားလာခြင်း၊ အလှူငွေကောက်ခံသည့် ကိစ္စများဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ အလယ်တန်းကျောင်းအုပ်ဆရာမကြီးက ထောက်ပြသည်။

"ဆရာမတို့ကျောင်းမှာဆိုသူ့ကျောင်းသားနဲ့သူပဲ ပုံမှန်လာအပ်ကြတယ်။ ထွက်တဲ့ကျောင်းသားလည်းမရှိဘူး။ ပိုတဲ့ကျောင်းသားလည်းမရှိဘူး။ ပုံမှန်ပဲ။ အဲဒီလိုတွေ ခွဲတမ်းကျတဲ့ကျောင်းတွေမှာ မအပ်ဘဲနယ်ကျော်တွေသွားအပ်ကြတော့ မလိုလားအပ်တဲ့ကိစ္စတွေဖြစ်ကုန်တာပေါ့"ဟု အဆိုပါကျောင်းအုပ်ဆရာမကြီး က ပြောသည်။

ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများတွင်လည်း ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ တက်ရောက်နိုင်ပြီး ကျူရှင်ထပ်မံထားစရာမလိုတော့သောကြောင့် အလယ်တန်းအဆင့်မှ စတင်၍ ကိုယ်ပိုင်ကျောင်းတွင် ကျောင်းအပ်နှံသည့်ကျောင်းသားများရှိနေကြောင်း ကျောင်းသားမိဘများထံမှ သိရသည်။

"ကျွန်မကလေးကို ဒီနှစ်ကစပြီး ကိုယ်ပိုင်ကျောင်းမှာ သွားအပ်ထားတယ်။ ကျူရှင်ထပ်ပေးစရာမလိုတာရယ်၊ ကလေးကို ဆယ်တန်းမှာ အမှတ်ကောင်းကောင်းနဲ့ အောင်စေချင်တာရယ်ကြောင့် ငါးတန်းကတည်းက စထားဖြစ်တာ"ဟုကိုယ်ပိုင်ကျောင်းတစ်ခုတွင် ကျောင်းအပ်နှံခဲ့သည့် လသာမြို့နယ်မှ ကျောင်းသားမိဘမသီရိက ပြောသည်။

အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံရာတွင် ၂၀၁၂–၁၃ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည့်မသင်မနေရမူလတန်းပညာရေးစနစ်အရ မူလတန်းအဆင့်အခမဲ့ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် ငွေကျပ်တစ်ထောင်စီ ပေးခဲ့ကာ ယခု ၂၀၁၄–၁၅ ပညာသင်နှစ်မှ စတင်၍အလယ်တန်းအဆင့်အခမဲ့စနစ် စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ပြဋ္ဌာန်းစာအုပ်၊ ကျောင်းလခ၊ အားကစား၊ စာရေး ကိရိယာ၊ စာကြည့်တိုက်ကြေးနှင့် မိဘဆရာအသင်းကြေးများပေးသွင်းရန်မလိုဘဲ ကျောင်းအပ်နှံနိုင်ပြီဖြစ်ကြောင်းသိရသည်။

# ပညာရေးမြှင့်တင်မှုနှင့် နိုင်ငံတကာအထောက်အပံ့များ

■ ဇော်မျိုးလှိုင်

ပညာရေးဝန်ကြီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတိုးချဲ့ဆောင်ရွက်နိုင်ရေး အမေရိကန်ဒေါ်လာ သန်း ၈၀ အကူအညီ ပေးရန် ကမ္ဘာ့ဘဏ် အမှုဆောင်ဒါရိုက်တာဘုတ်အဖွဲ့က မေလ ၂၀ ရက်တွင် အတည်ပြုခဲ့သည်။

အမျိုးသားပညာရည်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍအတွက်ခွင့်ပြုပေးသည့် ဘဏ္ဍာငွေပမာဏကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်လာသည့်အချိန်မှာပင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများလည်း ရရှိလာနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်မှ ပညာရေးကဏ္ဍအတွက် ၂၀၁၄–၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၉၀၀ ဘီလီယံ သုံးစွဲရန် လျာထားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၈ ဒသမ ၂ သန်းတက်ရောက်ပညာသင်ကြားနေသည့်မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းများသို့ကျောင်းရန်ပုံငွေထောက်ပံ့ခြင်းနှင့်ဆင်းရဲနွမ်းပါးသောကျောင်းသား၊ ကျောင်းသူတစ်သိန်းခန့်အားပညာသင်ထောက်ပံ့ကြေးပေးခြင်းများပြုလုပ်ရန်ပညာရေးဝန်ကြီးဌာနက စီမံကိန်းများ ချမှတ်ခဲ့သည်။

ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာသန်း၈၀ နှင့်ဩစတြေးလျအစိုးရက သန်း ၂၀ စုစုပေါင်း အမေရိကန်ဒေါ်လာသန်း၁၀၀ ကို ပညာရေးဝန်ကြီးဌာနသို့ ၂၀၁၄ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အကူအညီပေးခဲ့သည်။

ယင်းအစီအစဉ်ကို Myan–mar partnership Multi–Donor Trust Fund မှတစ်ဆင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနလက်အောက်ရှိအခြေခံပညာကျောင်းများအားလုံးအတွက် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု ကမ္ဘာ့ဘဏ်က ထုတ်ပြန်ထားသည်။

"အခွင့်အလမ်းတွေ နည်းပါးပြီး ဝေးလံတဲ့ ဒေသက ဆင်းရဲနွမ်းပါးတဲ့ ကလေးငယ်တွေအတွက် ပညာရေးကောင်းမွန်စေဖို့ ဆောင်ရွက်တာဟာ မြန်မာနိုင်ငံအတွက် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျပါတယ်။ လွန်ခဲ့တဲ့ နှစ်တွေအတွင်း မြန်မာနိုင်ငံအစိုးရက ပညာရေး အသုံးစရိတ်မြှင့်တင်ရေး ကြိုးစားလာတာကို မြင်တွေ့ရတာအားတက်မိပါတယ်"ဟု ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာခန်သန်ရှန်ကာက ပြောသည်။

ပညာရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သော စာရင်းများအရ မြန်မာနိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းပေါင်းလေးသောင်းကျော်ရှိပြီး မူလတန်းအဆင့် ကျောင်းသား၊ကျောင်းသူ ငါးသန်းကျော်၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ နှစ်သန်းကျော်နှင့် အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူခြောက်သိန်းခွဲကျော်သာ ကျန်ရှိတော့သည်။

စာမျက်နှာ (A4) သို့ ››



7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ဝေဖန်မှုများရှိနေသော အမျိုးသားပညာရေးဥပဒေကြမ်း ဇွန်လမှာပင် လွှတ်တော်၌ အတည်ပြုဖွယ်ရှိ

**မင်းဟိန်းကျော်**

**ရန်ကုန်၊ မေ-၃၁**

ပြည်သူ့လွှတ်တော်မှ အတည်ပြုထားပြီးဖြစ်သော အမျိုးသားပညာရေးဥပဒေကြမ်းပါအချက်အလက်အချို့အားကန့်ကွက်မှုများရှိသော်လည်း အမျိုးသားလွှတ်တော်မှ ပြင်ဆင်မှုမရှိပါက ဇွန်လဒုတိယပတ်အတွင်း အတည်ပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းကပြောသည်။

"အမျိုးသားလွှတ်တော်ကလည်းအမြန်ဆုံးလုပ်နေတယ်။ ပြည်သူ့လွှတ်တော်ကအတည်ပြုထားတဲ့အတိုင်းပဲဆိုရင် အဲဒါကို သမ္မတဆီပို့ပြီး အတည်ပြုချက်ရယူမယ်။ ဒီဇွန်လဒုတိယပတ်လောက်အတွင်း ပြီးစီးအောင် ဆောင်ရွက်နေပါတယ်"ဟုဦးစောလှထွန်းကဆိုသည်။

အမျိုးသားပညာရေးဥပဒေကြမ်းတွင် ဗဟိုအုပ်ချုပ်မှုစနစ်များကို အသက်သွင်းထားသော အချက်များ ပါဝင်သောကြောင့် ကျောင်းသားသမဂ္ဂများ၊ ဆရာ၊ ဆရာမများအသင်း၊ အရပ်ဘက်ပညာရေးအဖွဲ့အစည်းများပါဝင်ဖွဲ့စည်းထားသည့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်(NNER)က ကန့်ကွက်ကြောင်း ကြေညာထားသည်။

"ဒီဥပဒေကြမ်းမှာ ဗဟိုကချုပ်ကိုင်တဲ့အချက်တွေပါဝင်နေတာတွေ့ရတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ကွန်ရက်ကကန့်ကွက်ထားတယ်။ကျွန်တော်တို့ဖြစ်စေချင်တာကတော့လွှတ်တော်ကပညာရေးကော်မတီရယ်၊ ပညာရေးဝန်ကြီးဌာနက ဖွဲ့စည်းထားတဲ့ လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုကော်မတီရယ်၊ ကျွန်တော်တို့ NNER ရယ် သုံးပွင့်ဆိုင်တွေ့ဆုံပြီး အကျေအလည်ဆွေးနွေးပြီးလုပ်မှ အားလုံးလိုချင်တဲ့ ဥပဒေကြမ်းလာပါမယ်"ဟု NNER မှ ကိုစည်သူမောင်ကပြောသည်။

အမျိုးသားပညာရေးဥပဒေကြမ်းအရ အမျိုးသားပညာရေးကောင်စီကို ဒုသမ္မတတစ်ဦးက ဥက္ကဋ္ဌအဖြစ်နှင့် ပြည်ထောင်စုဝန်ကြီးများက အဖွဲ့ဝင်အဖြစ်တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ကျောင်းအားလုံးကို ဥပဒေနှင့်အညီဖြစ်စေရန် ငါးနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ရေးသားထားသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်အတွက် အရေးတကြီးလိုအပ်သော အမျိုးသားပညာရေးဥပဒေကြမ်းကို မိမိတို့အနေဖြင့် အမြန်ဆုံးပြီးစီးစေရန် ဆောင်ရွက်မည်ဖြစ်ပြီး ယခုစာသင်နှစ်အမီ ပြီးစီးရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ယခုနှစ်မတ်လတွင် ပြုလုပ်သည့် ပြည်သူ့လွှတ်တော်နဝမပုံမှန် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

"လွှတ်တော်နာယကကြီးရဲ့ ညွှန်ကြားချက်နဲ့အညီ အခုစာသင်နှစ်အမီပြီးအောင် လုပ်နေပါတယ်။ ဇွန်လ ၁ ရက်တော့ မမီပေမယ့် အဲဒီလအတွင်း ပြီးအောင်လုပ်မှာပါ"ဟု ဦးစောလှထွန်းကပြောသည်။

အဆိုပါဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ပညာရေး ကော်မတီကတင်သွင်းခဲ့ကာပညာရေးဝန်ကြီးဌာနကလည်း တစ်ပြိုင်နက်တင်သွင်းခဲ့သဖြင့် အဆိုပါဥပဒေနှစ်ခုပေါင်းစပ်ကာ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ပြည်သူ့လွှတ်တော်မှ တင်သွင်းသည့် ဥပဒေကြမ်းပါ အချက်အလက် အများစုကို ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့သည်။

"ပြည်သူ့လွှတ်တော်ဘက်ကတော့ ဒီဥပဒေအမြန်ဆုံးထွက်လာဖို့ နေ့ညမနားဘဲ အစည်းအဝေးထိုင်ဆုံးဖြတ်ပြီး အတည်ပြုပေးလိုက်ပါတယ်။ အမျိုးသားကအတည်ပြုပြီး ပြင်ဆင်ချက်မရှိရင်တော့ ဒီဥပဒေကြမ်းကို နိုင်ငံတော်သမ္မတဆီပို့ရုံပါပဲ"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပြောသည်။

# အင်္ဂမတန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းလေးရာကျော် ဖွင့်လှစ်မည်

**ရဲနိုင်**

**ရန်ကုန်၊ မေ-၃၁**

အင္ဂမတန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကျောင်းဆက်မတက်နိုင်သော ကလေးများအတွက် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်း ၄၂၄ မျိုးဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို ဝန်ကြီးဌာန ၁၅ ခုက သက်ဆိုင်သည့်ကဏ္ဍအလိုက်ခေါ်ယူသွားမည်ဖြစ်ပြီး သင်တန်း အမျိုးအစားများပေါ်မူတည်၍ ကာလအပိုင်းအခြားကွာခြားသွားမည်ဟု သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သိရသည်။

"သက်ဆိုင်ရာဝန်ကြီးဌာနတွေက သက်ဆိုင်တဲ့အပိုင်းတွေခေါ်မယ်။သင်ကြားပေးပြီးရင်ပြည်တွင်းပြည်ပမှာ အလုပ်အကိုင်နဲ့ လုပ်ခလစာထိုက်ထိုက်တန်တန်ရမယ့်အခွင့်အလမ်းရှိတယ်။ ဒါကရုံးကိုရောက်လာတဲ့ရုံးစာမှာပါတာကိုပြောတာပါ"ဟု ၎င်းကပြောသည်။

ဝန်ကြီးဌာန ၁၅ ခုကသက်ဆိုင်ရာဘာသာရပ်များကိုခေါ်ယူသင်ကြားမည်ဖြစ်၍ အသေးစိတ်အချက်အလက် မသိရှိသေးဘဲ နည်းပညာကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းအသေးစိတ်အချက်အလက်များကို နိုင်ငံတော်ပိုင်သတင်းစာ အပတ်စဉ်တနင်္ဂနွေအချပ်ပိုတွင်ထည့်သွင်းကြော်ငြာမည်ဟုသိရသည်။

သင်တန်းတွင်ပါဝင်ဖွင့်လှစ်မည့် သမဝါယမဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် ရက်ကန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း၊ လျှပ်စစ်အခြေခံသင်တန်း၊ သံဂဟေသင်တန်း၊ သစ်ပေါင်းနည်းပညာအစရှိသည့် သင်တန်းပေါင်း ၂၀ ကို သင်ကြားပေးနေကြောင်း နေပြည်တော်သမဝါယမဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူးဦးဇော်မျိုးကပြောသည်။




ရွှေဖူဂျီထီးစက်ရုံ — အမှတ် ၅၅၊ ၅၆၊ ၅၇ မြတောင်ဝန်ကြီးဦးမှိုလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၈၅၇၉၄၊ ၀၁-၆၈၇၈၆၄
ဝင်ရပ်ဖြန့်ချိရေးဆိုင် — တိုက်(၁၈)၊ အခန်း (၇)၊ စံပယ်လမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၀၅၀၀၈၊ ၀၉၈၆၄၀၃၈၃၊ ၀၉၅၀၀၇၄၅၃
ဖူဂျီရွှေဝမ်းစင်တာ — အမှတ်(၁၈၉/၁၉၅)၊ ပန်းဆိုးတန်းလမ်း(လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၃၈၁၁၃၀၊ ၀၁ - ၃၈၁၁၃၁
K&K စတိုး — အမှတ်(၄၅/၉)၊ တမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။ ဖုန်း ၀၈၁ - ၂၁၂၁၅၀၉
ဖူဂျီရွှေဝမ်းစင်တာ ဝင်ရပ်း — အမှတ်(၄၉၂/၄၉၄)၊ လမ်း(၈၀) နှင့် လမ်း(၃၀) ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၃၆၈၀၊ ၀၂ - ၇၇၇၈၀
ဖူဂျီရွှေဝမ်းစင်တာ ဆိုင်ခွဲ (၁) — အမှတ်(၈-၆/၃၀)၊ ၆၂ လမ်း၊ မနော်ဟရီလမ်းနှင့် နိုင်ရွှေဝါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၈၁၉၁၅၊ ၀၉ - ၉၁၀၂၉၉၆၆
ဖူဂျီရွှေဝမ်းစင်တာ ဆိုင်ခွဲ (၂) — အကွက်(၈၅၄)၊ စစ်ကိုင်းလမ်းခွဲ၊ ဦးပွား၊ ဂုံကျော်တံတားအရှေ့ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၆၇၄၁၊ ၀၂ - ၇၆၇၄၂
ဖူဂျီရွှေဝမ်းစင်တာ ဆိုင်ခွဲ (၃) — အမှတ်(၁၀/၁-၂)၊ ၇၈-လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၄၅၅၉၊ ၀၂ - ၆၈၇၂၂

7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014



# ပုဂ္ဂလိကအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ ကိုရီးယားသို့လုပ်သားစေလွှတ်ခွင့်ရလို


**အေးမြတ်သူ**

**ရန်ကုန်၊ မေ-၃၁**

ကိုရီးယားသို့ မြန်မာအလုပ်သမားစေလွှတ်မှုကို ပုဂ္ဂလိက အေဂျင်စီများသို့ ပြောင်းလဲလုပ်ကိုင်ခွင့်ပေးစေလိုကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီဥက္ကဋ္ဌ ဦးမင်းလှိုင်ကပြောသည်။

လက်ရှိတွင် ကိုရီးယားသို့ လုပ်သားစေလွှတ်မှုကိုအစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီကဦးစီးလုပ်ကိုင်လျက်ရှိသဖြင့် ပုဂ္ဂလိကပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအား လုပ်ကိုင်ခွင့်ပေးစေလိုခြင်းဖြစ်သည်။

“အခုထိုင်းကလည်း အစိုးရအချင်းချင်း (G to G) လုပ်တယ်။ ကိုရီးယားကလည်း G to G လုပ်တယ်။ ထိုင်းကို အစိုးရက ကျွန်တော်တို့ကို MOU ထိုးပြီးချပေးတယ်။ ကိုရီးယားကိုလည်း အဲဒီလိုလုပ်ပေးရင်ကောင်းပါတယ်။ G to G လုပ်တာအတူတူ ကိုရီးယားကပိုကောင်းတယ်။ ထိုင်းပုံစံမျိုးချပေးရင်ရပါတယ်။ ဒါမှမဟုတ်ဟိုဘက်ကတောင်းဆိုရင် မြန်မာအစိုးရက MOU ထိုးပြီး အေဂျင်စီအသင်းချုပ်က လက်မှတ်ထိုးပြီးပို့ပေးလို့ရပါတယ်။ ထိုင်းကိုပို့ရတာပြဿနာများပါတယ်”ဟု ဦးမင်းလှိုင်ကပြောသည်။




*EPS* ***စာမေးပွဲအောင်စာရင်းအား ကြည့်ရှုနေသည့် လုပ်သားတစ်ဦးကို တွေ့ရစဉ်***

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ကိုရီးယားနိုင်ငံသို့ မြန်မာအလုပ်သမားစေလွှတ်ခြင်းကို ၂၀၀၈ခုနှစ်ခန့်က စတင်ခွင့်ပြုခဲ့ရာ စစ်မှုထမ်းဟောင်းအဖွဲ့မှ လုပ်ကိုင်သော ရွှေအင်းဝကဦးစွာတာဝန်ယူပို့ဆောင်ခွင့်ရခဲ့သည်။ ထို့နောက် လုပ်သားစေလွှတ်မှုအပိုင်းတွင် အလုပ်သမားများထွက်ပြေးခြင်း၊ ဝန်ဆောင်ခပိုမိုကောက်ခံခြင်းတို့ကြောင့် ယင်းအေဂျင်စီရပ်ဆိုင်းခဲ့ပြီးနောက် အစိုးရကဦးစီး၍ ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့သည်။

“အခုဝန်ဆောင်ခကို ကျွန်တော်တို့သတ်မှတ်ထားတဲ့အတိုင်း သူတို့ယူနိုင်မလား။ ပိုယူရင် ဒီ MOU ရပ်သွားမှာ။ နောက်အလုပ်သမားတွေ ထွက်မပြေးအောင်လည်း တာဝန်ယူနိုင်ရမယ်။ လုပ်နိုင်ရင်ဝန်ကြီးဆီတင်ပေါ့။ အသင်းချုပ်အနေနဲ့ ဝန်ကြီးကိုတင်လို့ရတာပဲ။ အကယ်၍ MOU မှာပြဿနာတက်သွားရင် အလုပ်သမားတွေပဲနစ်နာမှာ။ သူတို့ကိုရီးယားဘက်ကိုက တခြားနိုင်ငံတွေကိုရော G to G နဲ့ပဲလုပ်သားပို့တာ”ဟု အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်ကပြောသည်။

“ပို့လို့ရမယ်ဆိုရင်တော့ အေဂျင်စီတိုင်းလိုလိုက ပို့ချင်နေကြတာ။ ကိုရီးယားက လစာလည်းကောင်းတယ်လေ။ ထိုင်းလိုမျိုးပြဿနာမတက်ဘူး။ ပို့ခွင့်ပေးရင်တော့ ပို့ချင်တာပေါ့”ဟု မိုးယံပြည်ပအလုပ်အကိုင်အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ထင်ကျော်ကပြောသည်။

သုံးနှစ်ကျော်ကာလအတွင်း ကိုရီးယားသို့ EPS စနစ်ဖြင့်သွားရောက်လုပ်ကိုင်ရန် မြန်မာအလုပ်သမားရှစ်ထောင်ကျော်စေလွှတ်ခဲ့ပြီး ၎င်းတို့သည် တစ်လလျှင်ငွေကျပ် ၁၀ သိန်းခန့်ရရှိကြကြောင်းသိရသည်။ ထို့အပြင် ကိုရီးယားသို့သွားရောက်လုပ်ကိုင်ရန် သတ္တမအကြိမ်စာမေးပွဲဖြေဆိုထားသောအောင်စာရင်းသည်လာမည့်ဇွန်လ ၁၁ရက်တွင်ထွက်ရှိမည်ဖြစ်သည်။

## Free Classified ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

77 Staffs Good in Excel and Interest–ed in Music Required for one month Campaign. closing date: 12 June 2014. Mango Marketing Services.

Ph: 01–512884, 01–523338

------------------------

**အလိုရှိသည်**

Japan စာသင်ရန် ဆရာ၊ ဆရာမများ အလိုရှိသည်။ Japan စာ N4,N3 အောင်မြင်ထားသူဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။ UFL ကျောင်းဆင်းဖြစ်ပါက ဦးစားပေးမည်။

No.125/A,Bogyoke Aung San Road, Bothaung Township,Yangon.

PH:01 200391,397245

------------------------

**ဝန်ထမ်းအလိုရှိသည်**

ရုံးအတွင်းရေးမှူး (၁) ဦး
ရုံးဝန်ထမ်း မ (၂) ဦး
Marketing ဝန်ထမ်း ကျား/မ (၃) ဦး
Driver ကျား (၂) ဦး
၁၅.၆.၂၀၁၄ နောက်ဆုံး။
ဖုန်း–၀၉ ၃၃၄၇၅၅၈

------------------------

**ဝန်ထမ်းအလိုရှိသည်**

သက်န်းဆိုင်တွင် အလုပ်လုပ်ရန် အရောင်းစာရေးနှင့် ပစ္စည်းစာရင်းကိုင် မ (၁) ဦး
၁၀ တန်းအောင်(သို့) ဘွဲ့ရ။
ဖုန်း–၀၁ ၅၃၉၄၈၇၊ ၀၉ ၇၃၄၉၁၄၀၆

------------------------

**ဝန်ထမ်းအလိုရှိသည်**

Sale & Marketing F (2) Posts
Operation Staff M/F (2) Posts
Tour Operator M/F (2) Posts
PH:01 294525, 09 5503696

------------------------

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း ကျား (၁) ဦး
အလုပ်ချိန် နံနက် ၁၀ နာရီမှ ၉နာရီခွဲအထိ။
သယ်န်းကျွန်း၊ သုဝဏ္ဏနေထိုင်သူဦးစားပေးမည်။ လစာ– ငါးသောင်းကျပ်။
ဖုန်း–၀၉ ၄၂၀၀၉၄၂၈၅

------------------------

**ဝန်ထမ်းအလိုရှိသည်**

AutoCAD ဆရာ၊ ဆရာမ (၃) ဦး
Basic,DTP,Graphic
ဆရာ၊ ဆရာမ (၂) ဦး
ဖုန်း–၀၉ ၂၀၁၁၆၂၂၁

------------------------

**ဝန်ထမ်းအလိုရှိသည်**

Waiter/Waitress (10) Posts
Cashier F (5) Posts
Japanese Chef (2) Posts
European Chef (2) Posts
Thai Chef (2) Posts
Bakery Chef (2) Posts
PH:09 421050413

------------------------

**ဝန်ထမ်းအလိုရှိသည်**

အငယ်တန်းအင်ဂျင်နီယာ (JE)
ကျား (၁) ဦး
AGTI(Civil),B.Tech (Civil) ဘွဲ့ရ၍ တောင်ဥက္ကလာပ၊ လုပ်ငန်းခွင်ရုံး၌ နေထိုင်နိုင်သူဖြစ်ရမည်။ အမှတ် (၃၈)၊ ၅ လွှာ၊ ရွှေသရဖီရိပ်မွန် အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**ဂရင်းလိ(ဖ်) ဖြန့်ချိရေး**

Marketing Supervisor
ကျား (၁) ဦး၊ မ( ၁) ဦး
Sale Supervisor ကျား (၃) ဦး၊ မ(၃) ဦး
Sales & Marketing
ကျား (၁၀) ဦး၊ မ (၃၀) ဦး
Promotion Sale မ (၁၀) ဦး
ဖုန်း–၀၉ ၈၆၂၀၅၀၈

------------------------

**အလိုရှိသည်**

တယောဆရာမတစ်ဦးအလိုရှိသည်။
ဖုန်း–၀၉ ၂၅၄၀၀၈၁၄၆

------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing (2) Posts
Installer (1) Post
CCTV တပ်ဆင်ခြင်းအား ကျွမ်းကျင်စွာလုပ်နိုင်သူ။
GM ဘွဲ့ရ၊ ကွန်ပျူတာအသုံးပြုနိုင်၊ အတွေ့ အကြုံ ၃ နှစ်။
ဖုန်း–၀၉ ၄၀၁၆၀၃၈၈၀

------------------------

**ဝန်ထမ်းအလိုရှိသည်**

Site Engineer (3) Posts
B.E/B.Tech/AGTI (Civil)၊ လုပ်ငန်းအတွေ့အကြုံ ၂ နှစ်နှင့်အထက်။ Site ကို တာဝန်ယူဆောင်ရွက်နိုင်ရမည်။
Email:knkmahar@gmail.com
ဖုန်း–၀၁ ၄၃၀၈၈၇

------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing (1) Post
Able to Communicate in English with Hotel Background. At lease 2 Year Experience.
Bahan Township.
PH:01 553700

------------------------

**ဝန်ထမ်းအလိုရှိသည်**

Reserch & marketing/Sales & Mar–keting Staff
အသက် ၁၈ မှ ၂၈ ကြား၊ ပညာအရည်အချင်း (၁၀) တန်း။
Email:info@saga–agp.com
PH:09 448027677

------------------------

**ဝန်ထမ်းအလိုရှိသည်**

Sale and Marketing F (2) Posts
Sale and Marketing M (2) Posts
၁၀ တန်းအောင်(သို့) ဘွဲ့ရ(သို့) အိမ်ဆောက်ပစ္စည်းဖြန့်ချိရေးလုပ်ငန်းနှင့် အိမ်ခြံမြေလုပ်ငန်းအတွေ့အကြုံရှိသူ။
23.5.2014 နောက်ဆုံး။
ဖုန်း–၀၉ ၃၃၃၅၅၈၈၉

------------------------

**ဝန်ထမ်းအလိုရှိသည်**

Sale Promoter/Sale Promoter F (5)
(Junction Square, Yuzana Plaza, Yuzana Center, ကိုးမိုင် မင်းဓမ္မလမ်းတွင် တာဝန်ထမ်းဆောင်ရမည်)
Driver M (1)
Email:hr.natray@gmail.com
ဖုန်း–၀၁ ၆၅၁၅၀၁

------------------------

**ဝန်ထမ်းအလိုရှိသည်**

Cashier (1) Post
Any Degree, At Lease 1 Year Ex–perience.
ယာဉ်မောင်း (2) Posts
လိုင်စင် သုံးနှစ်သက်တမ်း။
ဖုန်း–၀၁ ၅၅၃၇၀၀

------------------------

**ဝန်ထမ်းအလိုရှိသည်**

အထည်ညှပ်သမား (၂) ဦး
ကလေးဝတ်အထည်ချုပ်ရုံ (သို့) တစ်ဦးချင်းယူချုပ်လိုသူများ
အရောင်းဝန်ထမ်း မ (၂) ဦး
စာရေးမ (ကွန်ပျူတာအခြေခံကျွမ်းကျင်) မ (၁) ဦး
ဖုန်း–၀၉ ၅၁၈၇၁၃၂

------------------------

**ဝန်ထမ်းအလိုရှိသည်**

IT & Mobile အရောင်းဝန်ထမ်း
ကျား/မ (၃) ဦး
Computer & Mobile Technician
ကျား (၅) ဦး
အထွေထွေရုံးအကူဝန်ထမ်း
ကျား/မ (၂) ဦး
အမှတ်–၂၃/၃၀၊ အောင်ဆန်းအားကစားပြိုင်ကွင်း၊ တောင်ဘက်ခြမ်း( ရန်ကုန်ဘူတာကြီးရှေ့တည့်တည့်)။

------------------------

**ဝန်ထမ်းအလိုရှိသည်**

Air Con Service လုပ်ငန်းတွင် လုပ်ကိုင်နိုင်ရန်အတွက် Air Con Helper (၅) ဦး
ပညာအရည်အချင်းအထက်တန်းအောင်
Greenish Engineering Service Co.,Ltd
ဖုန်း–၀၉ ၇၃၄၉၅၀၉

**ဝန်ထမ်းအလိုရှိသည်**

Office Staff F (4) Posts
Chief Engineer (Civil) M/F (2) Posts
Senior Engineer (Civil) M/F (2) Posts
PH:09 421060353

------------------------

**EVA Company Limited**

Factory Manager M (1) Post
Marketing M (1) Post
Sales F (2) Posts
Engineer (Electrical/Mechanical) M (2) Posts
Quality Control (QC) M (5) Posts
Driver M (2) Posts
No.22/23,De Pae Yin Wun Htauk U Myae Road, Hlaing Thar Yar Industry Zone (3),Hlaing Thar Yar Township.

------------------------

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း မ (၅) ဦး
စက်ချုပ်(မော်တာစက်ရုံသုံး)ကျွမ်းကျင် မ (၁၀) ဦး
စီးကွင့်ထိုးကျွမ်းကျင် မ (၅) ဦး
အင်္ကျီကျောက်ကပ်ကျွမ်းကျင် မ (၁) ဦး
Helper(အတွေ့အကြုံရှိသူ) မ (၃) ဦး
အိမ်အကူ မ (၁) ဦး
ကလေးထိန်း မ (၁) ဦး
ယာဉ်မောင်း ကျား/မ
ဖုန်း–၀၉ ၃၀၂၀၈၆၈၆

------------------------

**ဝန်ထမ်းအလိုရှိသည်**

စာရင်းကိုင်ကျွမ်းကျင်ဝန်ထမ်း (၁) ဦး အလိုရှိသည်။ (တရုတ်စကားပြော ကျွမ်းကျင်ရမည်)
YUDING HotPot
ဖုန်း–၀၉ ၃၀၁၈၀၀၀၀

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.13, No.13 ▪ JUNE 4 , 2014

# “မနက်ဖြန်လွှတ်တော်ထဲမှာ ဒီလိုမဲထည့်ဆိုပြီး ညပိုင်းမှာ စာရွက်လိပ်လေးတွေ တံခါးပေါက်ကနေ လိုက်သွင်းသွားတယ်”

## ပြည်ခိုင်ဖြိုး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် တွေ့ဆုံမေးမြန်းခြင်း

**အိဖြူလွင်**

ပြည်ခိုင်ဖြိုးပါတီ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်သည့် တပ်မတော် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈)ဆင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အငြိမ်းစားညွှန်ကြားရေးမှူး (ဗိုလ်မှူးကြီးဟောင်း) ဦးလှဆွေနှင့် 7Day News သတင်းထောက်က လွှတ်တော်အစည်းအဝေးကာလအတွင်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

လွှတ်တော်အတွင်းရေးရာများနှင့် အခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ မေးခွန်းအချို့ကို 7Day က မေးမြန်း၍ ဦးလှဆွေက ဖြေကြားထားပါသည်။

**အခု လုပ်နေတဲ့ NLD ရဲ့ ၄၃၆ ပြင်ဆင်ရေး လှုပ်ရှားမှုတွေပေါ်မှာ ပြည်ခိုင်ဖြိုးပါတီရဲ့ ဗဟိုကော်မတီဝင်တစ်ယောက်အနေနဲ့ ဘယ်လိုများ မှတ်ချက်ပေးချင်ပါသလဲ။**

၄၃၆ တံခါးကြီးကို ဖွင့်ရမှာပေါ့။ အခြေခံဥပဒေမှာ ၄၃၆ က ဂိတ်ပေါ့၊ ဒီဂိတ်ကို ဖွင့်ရင် အထဲထဲမှာရှိတဲ့ ပုဒ်မ ၁၊ ၂၊ ၃၊ ၄၊ ၅ အဲဒါတွေကို အကုန်ပြင်လို့ရမယ်။ အဲဒီတော့ ဒီ ၄၃၆ ကို ဖွင့်ဖို့ ၇၅ ရာခိုင်နှုန်းကျော်က ထောက်ခံရမယ်။ အဲဒါကို ပြောတာက သုံးယောက်ရှိတယ်။ ကာချုပ်လည်း ပြောတယ်။ သမ္မတလည်း ပြောတယ်။ ဦးရွှေမန်းလည်း ပြောတယ် သုံးယောက်လုံးက ပြောတယ်။ ပြင်မယ်ဆိုတဲ့ စကားက သူတို့သုံးယောက်လုံး ပြောတာ၊ ကာချုပ်က ပြင်မယ်၊ ဥပဒေအတိုင်း ပြင်မယ်။ သမ္မတက ပြင်မယ် မလောနဲ့လို့ ပြောတယ်။ ဦးရွှေမန်းက ပြင်မယ်။ ကော်မတီဖွဲ့တယ်။ သုံးယောက်လုံးကတော့ ပြင်မယ်ဆိုတော့ ပြင်မယ်လို့ပြောကတည်းက ဒီဂိတ်က ဖွင့်ရမှာပဲ ဂိတ်မဖွင့်ဘဲ နဲ့ ဘယ်လိုလုပ်ပြင်မလဲ။ ၄၃၆ ကို ဖွင့်မပေးဘူး။ ပုဒ်မ ၁၂၄ ကို ပြင်မယ်ဆိုလို့မှ မရတာက ၄၃၆ မဖွင့်ဘဲနဲ့ ဘယ်လိုလုပ်ပြင်မလဲ။ အဲလိုပဲ ကျွန်တော်က ယူဆတယ်။ Automactically ဖွင့်ကိုဖွင့်ရမယ်။ ၄၃၆ ကို ဖွင့်ပေးပါ ဖွင့်ပေးပါ။ ပြောစရာမလိုဘူး။ Understood ပဲ။ ကျွန်တော်က ဒီလိုမြင်တယ်။ ကျွန်တော်ကပဲ ကြိုမြင်တာလား။ သူတို့ကပဲ မမြင်ချင်ယောင်ဆောင်တာလား မသိဘူး။

**တပ်မတော်ရဲ့ သဘောထားကကော ဘယ်လိုများ ရှိနိုင်မယ်လို့ တပ်မတော်သားဟောင်း တစ်ဦးအနေနဲ့ ထင်မြင်ပါသလဲ။**

၂၅ ရာခိုင်နှုန်းက သေချာတယ်။ ထည့်မှာ ဟိုက ၇၅ ထည့်ရင် တစ်ရာတောင်ဖြစ်သွားဦးမှာ ဒီ ၇၅ ထဲက မသေချာတဲ့သူရှိရင် ရှိဦးမယ်။ ဟိုက ၂၅ ကတော့ သေချာတယ်။ ကျွန်တော်က ဒီလိုကြိုမြင်ထားတာ ဘာလို့လဲဆိုရင် သူတို့သုံးယောက်ပြောတဲ့ စကားရှိတယ်လေ။ ဒီသုံးယောက်ကကျွန်တော်ထင်တယ်။ Relationship ရှိမှာပဲလေ။ သမ္မတနဲ့ တပ်ချုပ်နဲ့တော့ ရှိမှာပဲလေ။

**တချို့နယ်တွေမှာ ၅၉(စ) မပြင်ဆင်ရေး၊ ပုဒ်မ ၄၃၆ မပြင်ဆင်ရေးဆိုပြီး ဆန္ဒပြနေတာတွေ ရှိပါတယ်။ အဲဒါက ပြည်ခိုင်ဖြိုးက လုပ်တာပါလား။**

အဲဒါ ကြံ့ခိုင်ရေးပေါ့ဗျာ။ သေချာတာပေါ့ဗျာ။ သူပဲခိုင်းမှာပေါ့။ သူတို့နယ်မြေက တောင်းဆိုလို့ အဲဒီနယ်မြေမှာရှိတဲ့ ကြံ့ခိုင်ရေးက လုပ်တာဖြစ်မယ်။ ဗဟိုကတော့ မင်းတို့နယ်မှာ ဒါလုပ်လိုက်ဆိုပြီး ပြောတာမျိုးတော့ ကျွန်တော်တို့ မကြားဘူး။ ကျွန်တော်တို့လည်း အခိုင်းမခံရဘူး။ အစည်းအဝေးလည်း လုပ်တာ မကြားဘူး။ သို့သော် အဲဒီနယ်မြေမှာ အဲလို အဲလိုတော့ ရှိနေတယ်ဆိုပြီး အဲဒီနယ်မြေကြံ့ခိုင်ရေးက လုပ်တာဖြစ်မယ်။

**၂၀၁၅ မှာ ပြည်ခိုင်ဖြိုးပါတီ အနေနဲ့ ၂၀၁၀ တုန်းကလို အပြတ်အသတ်နိုင်မယ်လို့ မျှော်လင့်နိုင်သေးလား။**

ဘယ်လွယ်လိမ့်မလဲ။ ဒါက ဘာခေါ်မလဲ။ နယ်မြေပေါ် မတူဘူးဗျ။ တချို့ ဘုန်းကြီးတွေက ပြောတယ်။ ဒကာကြီးကြံ့ခိုင်ရေးလည်း မကြိုက်ဘူး။ NLD လည်း မကြိုက်ဘူးတဲ့။ ကြံ့ခိုင်ရေး ကျတော့ အစိုးရဖော်လံဖားတွေတဲ့ NLD ကလည်း အစိုးရနဲ့ ပြဿနာတက်ပြီး ထောင်ကျထုတ်ပစ်ခံရတဲ့ လူတွေတဲ့ ဇရုတ်သုတ်ခတွေပဲတဲ့။ အဲဒီတော့ ကြားပါတီရှိရင်ကောင်းမယ်တဲ့ ဆိုလိုတာကတော့ NLD က သူတို့ကို သိပ်ကြိုက်တယ်ဆိုတာ သူတို့ဘာသာ သူတို့ သွေးနားထင်ရောက်တာဖြစ်မယ်။ ကျွန်တော်တို့ကြံ့ခိုင်ရေးကတော့ သွေးနားထင် မရောက်ဘူး သိတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ တုန်းက ကျွန်တော်တို့ Landslide နိုင်ခဲ့တယ်။ ဒါပေမဲ့ အဲဒါ NLD မပါလို့။

**လွှတ်တော်ထဲမှာ စီးပွားရေးလုပ်ငန်းရှင် လွှတ်တော်ကိုယ်စားလှယ်တွေလည်း အများအပြားရှိနေတဲ့အတွက်လွှတ်တော်ရဲ့ တချို့သော လုပ်ဆောင်ချက်တွေဟာ ဒီလုပ်ငန်းရှင်တွေရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးနေတယ်လို့ ဝေဖန်မှုတွေ ရှိလာတဲ့အပေါ်မှာ သယံဇာတ ကော်မတီရဲ့ အတွင်းရေးမှူး တစ်ယောက်အနေနဲ့ ဘယ်လိုပြောချင်ပါသလဲ။**

ဦးခင်ရွှေတို့ ဦးဌေးမြင့်တို့တော့ ကျွန်တော်မသိဘူး။ ဦးနေဝင်းထွန်းတော့ ကော်မတီတစ်ခုတည်းမို့ သိတယ်။ အားလုံးကိုတော့ ဝါးလုံးရှည်နဲ့ သိမ်းယမ်းလို့မရဘူး။ လွှတ်တော်ထဲမှာ တချို့ကိစ္စတွေကိုကာကွယ်တယ်ဆိုတာမျိုးကတော့ မှန်တယ်။ ဥပမာ –FDI က ၄၉၊ ၅၁ ကိစ္စဆိုရင် နိုင်ငံခြားက လာရင်က ၄၉ ပဲ လာရမယ်။ ဗမာပြည်က သူနဲ့ပေါင်းမယ့်သူက ၅၁ ရှိရမယ်ဆိုပြီး ညမှာ ကျွန်တော်တို့ကို လိုက်ပြောတယ်။ မနက်ဖြန်ကျရင် အဲလိုပဲ မဲထည့်ဆိုပြီး။ ညမှာ စာလေးတွေကို ပြည်ခိုင်ဖြိုး အမတ်များအဆောင် တံခါးပေါက်က လာသွင်းတယ်။ ကျွန်တော်တို့ပါတီကပေါ့။ အဲဒီတော့ စဉ်းစားတယ်။ ဗမာပြည်က သူဌေးက ၅၁ နဲ့ ဒီကိစ္စတစ်ခုကို ပေါင်းလုပ်ရမယ်။ ဗမာပြည်က သူဌေးက ၅၁ ကျပ်ရှိရမယ်ဆိုတော့ ၅၁ ကျပ် ရှိတဲ့သူက နည်းနည်းလေးပဲရှိတာ ကျွန်တော်တို့က ဘယ်လိုကြိုက်လဲဆိုတော့ ကိုယ့်မှာ ၂၀ ပဲ ရှိတယ်။ ဟိုက ၈၀ လာမယ်။ ကိုယ့်မှာ ၂၀ ပဲ ရှိပေမယ့် ဟိုက ၈၀ နဲ့ ပေါင်းပြီး ဒီလုပ်ငန်းလုပ်နိုင်မယ်။ ၂၀ ရှိတဲ့ လူကအများကြီးရှိတယ်။ ၅၁ ရှိတဲ့ လူကနည်းနည်းလေးပဲ ရှိတယ်။ အဲဒီတော့ ၅၁ ရှိတဲ့လူတွေ ပိုချမ်းသာအောင် စောစောက ပြောသလို၊ အမတ်အရှိန်အဝါကို သုံးပြီးဒီလိုပြောတယ်ဆိုတာ ဒါဖြစ်နိုင်တယ်။ အဲဒီကိစ္စမှာ ကျွန်တော်တို့က ၂၀/၈၀ ပဲ ထည့်လိုက်တော့ ပူညံပူညံဖြစ်ကုန်ကြတယ်။ အဲဒါကျွန်တော်တို့ လွှတ်တော်ထဲက ခရိုနီတွေရဲ့ စနက်ပေါ့၊ လွှတ်တော်ထဲက ခရိုနီတွေက ၄၉/၅၁ ကို ထောက်ခံဖို့အတွက် လှုံ့ဆော်တယ်။ ဒါပေမဲ့ အမတ်တွေနည်းနည်းပဲ ပါပါတယ်။

**နာယကတို့၊ လွှတ်တော်ဥက္ကဋ္ဌတို့ကလည်းတချို့စီးပွားရေးလုပ်ငန်းတွေနဲ့ ဆက်စပ်တယ်။ သူတို့မှာလည်း ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေရှိတော့ တချို့ကိစ္စတွေကို လွှတ်တော်ထဲမှာ ကန့်ကွက်တဲ့အခါမှာလည်း သူတို့အကျိုးစီးပွားနဲ့ပတ်သက်နေတယ်ဆိုပြီး ပြောကြတာတွေ ရှိပါတယ်။ အဲဒီအပေါ်ကိုကော ဘယ်လိုမြင်ပါသလဲ။**

ဦးရွှေမန်း တစ်ခါပြောဖူးတာရှိတယ်။ ကိုယ်ကျိုးစီးပွား ကာကွယ်စောင့်ရှောက်တာလားဆိုပြီး ထင်လာရင် တရားရုံးကို တင်ပါလိုက်ရှင်းမယ်လို့ ပြောဖူးတယ်။

**စောစောက ပြောတာကို ပြန်ဆက်ရရင် လွှတ်တော်ကိုယ်စားလှယ်တွေထဲမှာလည်း စီးပွားရေး လုပ်ငန်းရှင်တွေ ပါတယ်။ ဒီ လုပ်ငန်းရှင်တွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကြားမှာ လာဘ်ပေးတဲ့သဘော မဟုတ်တောင် တန်ဖိုးကြီး လက်ဆောင်တွေနဲ့ ပတ်သက်မှုတွေ ရှိတယ်လို့ သိရတယ်။ အဲဒီပေါ်မှာကော လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဘယ်လိုပြောချင်ပါသလဲ။**

အဲဒီလိုပေးလို့ သူတို့ဘာအကျိုးရှိမှာလဲ။ ကျွန်တော်ကတော့ ပေးတာ မမြင်ပါဘူး။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာတော့ဝန်ကြီးဦးဝင်းမြင့်က လွှတ်တော်တစ်ကြိမ်မှာ ထမင်းကျွေးတယ်။ နောက်ဦးခင်ရွှေက ကျွေးတယ်။ တစ်ခါတလေ ဦးနေဝင်းထွန်းကျွေးတယ်။အပျော်ပေါ့။ဒါပဲရှိတယ်။ သူတို့ အကျိုးငှာပစ္စည်းပေးတာတော့ ကျွန်တော်မမြင်ပါဘူး။

**ခုနောက်ပိုင်းမှာ လွှတ်တော်ထဲမှာ ရေပန်းစားနေတဲ့ စကားက လွှတ်တော်ထဲမှာ ဘယ်အမတ်ကတော့ မွေးစားခံလိုက်ရပြီဆိုပြီးတော့ရှိတယ်လေ။ အဲဒီအကြောင်းတွေ ပြောပြပါဦး။**

မွေးစားတယ်ဆိုတာက ဥပမာ အဲဒီဘက်သားဖြစ်သွားတာပေါ့နော်။ အရင်တုန်းက ဟူးဝါး ဟူးဝါး ထပြောပြီးတော့ အခုမပြောတော့ဘဲ ငြိမ်သွားတာပေါ့။ ဘယ်သူတွေ ဘာတွေရလဲဆိုတာ။ ကျွန်တော်တော့ မသိဘူးဗျ။ အချိုးပြောင်းသွားတာ ဘယ်သူတွေရှိလဲဆိုတော့ သိပ်မမြင်ပါဘူး။ အစတုန်းက အရမ်းကြီး ထော်လော်ကန့်လိုက်တိုက်နေရာကနေ နည်းနည်း ပြောင်းသွားတာတော့ ရှိတယ်။ ဘာကြောင့်လဲတော့ မပြောနိုင်ဘူးပေါ့။

**နောက်ဆုံး မေးခွန်းအနေနဲ့ကတော့ ဦးလှဆွေက မီဒီယာတွေမှာ ဖွတယ်ဆိုပြီး နာမည်ကြီးတယ်။ ဦးလှဆွေပြောစကားတွေ မီဒီယာတွေမှာ မှတ်တမ်းမှတ်ရာတွေနဲ့ ရှိနေတဲ့အတွက်ဒီစကားတွေပေါ်မှာ ဘယ်လောက်ထိ တာဝန်ယူနိုင်ပါသလဲ။**

ကျွန်တော်က မီဒီယာတွေကို မကြောက်ဘူး။ ခင်မင်တယ်။ ဒါက နံပါတ် ၁ အချက်။ ဒါကြောင့် မီဒီယာတွေကလည်း ကျွန်တော့်ကို ခင်မင်တယ်။ ကျွန်တော်နဲ့ ဆက်ဆံရေး ကောင်းတယ်။ မီဒီယာဆိုတာက စတုတ္ထမဏ္ဍိုင် သူတို့နဲ့ကိုယ်နဲ့ ရန်ဖြစ်နေဖို့ မလိုဘူး။ ကျွန်တော်က ကိုယ့်အမြင်ကို ပြောတယ်။ သွယ်ဝိုက်ပြီး မပြောဘူးတဲ့ချတယ်။ တချို့ကတော့ သွယ်ဝိုက်ပြီး ပြောစေချင်တယ်ပေါ့။ ကျွန်တော့်စကားတွေ ကျွန်တော်တာဝန်ယူတယ်။ ကျွန်တော်တို့ကို ပါတီက မင်းဒါကိုပြော၊ ဒါမပြောနဲ့ဆိုပြီး ပိတ်ပင်တာမရှိဘူး။ ဟိုတစ်လောကတော့ ကျွန်တော့်ကို ကိုလှဆွေတဲ့ လူကြီးတွေမျက်နှာပူအောင်မလုပ်ပါနဲ့ဆိုပြီးပြောတယ်။ သူ့ ဘာသာပြောချင်ရာ ပြောပါစေ။ မင်းထပ်မပြောနဲ့တဲ့ ။

**ကျေးဇူးတင်ပါတယ်။** ။



*ဦးလှဆွေ* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# Commodity Watch

စာမျက်နှာ (၇)မှ

## ချင်းတောင်တန်းပေါ်မှ စွန့်စားခန်းများ



ဓာတ်ပုံ – ကိုစိုင်း

*သိုင်းငင်းရွာအနီးတွင် ဖြစ်ပွားခဲ့သော ယာဉ်တိမ်းမှောက်မှုကို လာရောက်ကြည့်ရှုနေသူများ*

ချင်းတောင်တန်းပေါ်တွင် ကားမောင်းတော့မည်ဆိုပါက ကားမောင်းတတ်ရုံမျှဖြင့် မလုံလောက်၊ လမ်းပိုင်းများကိုလည်း အလွတ်ရနေသင့်သည်ဟု ဦးပူးမားမာန်ကအကြံပြုသည်။

ချင်းတောင်တန်းပေါ်တွင် တစ်နာရီမိုင်၃၀နှုန်းသည်ကားဒရိုင်ဘာများအတွက် အမြန်ဆုံးပင်ဖြစ်သည်။ ဖလမ်းနှင့်ဟားခါးအကြား လမ်းကောင်းသည်ဟုဆိုသော လမ်းပိုင်းတွင်ပင် အလွန်ဆုံး ကီလိုမီတာ ၅၀အထိသာ မောင်းနှင်ကြရသည်ဟု ယာဉ်မောင်းများက ပြောသည်။

“မိုးတွင်းဆိုရင် တောင်တန်းတွေပေါ်မှာ လမ်းကိုတစ်တောင်ကျော်ကျော်လောက်သာ မြင်ရတော့လောက်အောင် မှောင်မည်းနေတာတွေရှိတယ်။ အရင်တုန်းကကောင်းနေပြီး မိုးရွာမှမထင်မှတ်ထားဘဲ မြေပြိုပြီး သွားလို့ မရတာကိုမသိဘဲ မောင်းလို့ရတယ်ထင်ပြီးမောင်းတဲ့အခါကားမှောက်တာတွေလည်းတွေ့ရတယ်”ဟု ဟားခါး–ကလေး ခရီးသည်တင်ယာဉ်မောင်း ကိုဘောင်းဘီက သူ့အတွေ့အကြုံကိုပြောပြသည်။

ချင်းပြည်နယ်အတွင်း သွားလာရေးအတွက် သုံးသောလမ်းပိုင်းများ ပျက်စီးနေသည်များကို ကောင်းမွန်အောင် ပြုပြင်ရန်ပြည်နယ်အစိုးရက ဘတ်ဂျက်အများဆုံးချကာ အသုံးပြုလျက်ရှိသည်။

ချင်းတောင်တန်းများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မနေခြင်း၊ တောင်တန်းများသည် သက်နုကျောက်များဖြင့် ဖွဲ့စည်းထားသဖြင့် မိုးတွင်းရောက်လျှင် မြေပြိုမှုများ အမြဲလိုကြုံတွေ့နေရပြီးတစ်နေရာတည်းကိုပင် သုံးကြိမ်အထိ ပြန်ပြုပြင်ရသည်များရှိသည်။

ထို့ကြောင့် အသစ်တည်ဆောက်ရသည်ထက် ထိုသို့ရာသီဥတုဒဏ်ကြောင့် ပျက်စီးခဲ့သော လမ်းပိုင်းများကို ပြန်လည်ပြုပြင်နေရခြင်းကြောင့်ပင် ဘတ်ဂျက်မလောက်ငမှုများ ကြုံတွေ့နေရသည်ဟု ချင်းပြည်နယ်ဆောက်လုပ်ရေးဝန်ကြီးဦးငွန်ဆန်းအောင်ကပြောကြားသည်။

ချင်းတောင်တန်းများပေါ်တွင် ဖြစ်ပွားနေသော ယာဉ်တိမ်းမှောက်မှုများမှာ လမ်းအရည်အသွေးမကောင်းမှုကြောင့်လည်းပါသလို ယာဉ်မောင်းများ၏ အားနည်းချက်ကြောင့်လည်း အသက်စတေးခဲ့ရသည့် နမူနာများစွာရှိခဲ့သည်။

“ချင်းပြည်နယ်မှာဖြစ်တဲ့ ယာဉ်မတော်တဆမှုတွေကို လေ့လာမယ်ဆိုရင်ယာဉ်မောင်းတွေရဲ့ အားနည်းချက်တွေ အများကြီးတွေ့တယ်။ တောင်တန်းမှာ ကားမောင်းရတာပင်ပန်းတော့သောက်စားပြီးမောင်းတာ။ အန္တရာယ်မရှိလောက်ဘူးဆိုပြီး ပေါ့ပေါ့ဆဆနဲ့ မောင်းတဲ့အခါမျိုးမှာ ဖြစ်တတ်လေ့ရှိတယ်”ဟု ရဲအရာရှိကြီးတစ်ဦးကမှတ်ချက်ပြုသည်။

ချင်းပြည်နယ် ကားလမ်းမများထက်တွင် ခရီးသွားလာရခြင်းနှင့် ပတ်သက်ပြီးအသက်(၄၅)နှစ်အရွယ် ကိုပူးပါဗွိက“ဒီလမ်းတွေပေါ်မှာ ခရီးသွားတော့မယ်ဆိုရင် ကျွန်တော့်အသက်ကို ဘုရားသခင်ဆီမှာ အပ်နှံထားတယ်။ လူတွေအသက်ကို မကြာခဏရန်ရှာတတ်တဲ့ ဒီလမ်းမကြီးအကြောင်းတွေးမိရင် သိပ်စိတ်နာတယ်”ဟု ပြောကြားသည်။

ချင်းတောင်တန်းက လမ်းမများထက်သွားလာရင်း မထင်မှတ်ထားသောအချိန်များတွင်မရှုန်းနိုင်ပါးကဲ့သို့ ရင်နစ်သည်းချာများနှင့် ချစ်ရသောဆွေမျိုးများဆုံးရှုံးလိုက်ရသည့်အဖြစ်များမနည်းတော့။

ချင်းပြည်နယ်သူ၊ နယ်သားများအတွက်မူ အန္တရာယ်များလှသော ချင်းတောင်တန်းပေါ်က လမ်းပိုင်းများတွင် လိုရာခရီးရောက်ရန် အသက်များကို ယာဉ်မောင်းများလက်အပ်ကာသွားလာနေကြရဦးမည်သာဖြစ်ပါသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 218,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 245,000 |
| Galaxy S3 | 327,000 |
| Galaxy S4 Mini | 350,000 |
| Galaxy S4 | 477,000 |
| Galaxy Mega 5.8 | 342,000 |
| Galaxy Note II | 407,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 382,000 |
| Xperia J | 158,000 |
| Xperia P | 260,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 780,000 |
| iPhone 5s(32GB) | 772,000 |
| iPhone 5s(16GB) | 672,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 130,000 |
| G 700 | 218,000 |
| Ascend P6 | 292,000 |
| C 8813 (CDMA) | 128,000 |
| G 610c (CDMA) | 145,000 |
| Y 300c (CDMA) | 99,000 |

မေလ (၃၁) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 450,000 |
| Panasonic(LED) | THL32B6T | 240,000 |
| Sony (LED) | 32W45 | 295,000 |
| LG (LED) | 32LN5120 | 230,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu–ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 330,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 240,000 |
| Panasonic | NR.BT224 | 230,000 |
| **Washing** | | |
| Samsung | WA95W9 | 175,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 240,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 230,000 |

အထက်ပါဈေးနှုန်းများမှာ မေလ (၃၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင် နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၈၀၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၃၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၁၁၀ |
| အုတ်(၈ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၈,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၃,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၀၇,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.42mm) | တစ်ပေ | ၉၅၀ |
| Two Stars (အနီရောင်) | တစ်ပေ | ३५० |
| ထုံး(၈ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (2"–4") | တစ်ပိဿာ | ၁,၃၁၀ |
| အိမ်ရိုက်သံ (1"½") | တစ်ပိဿာ | ၁,၄၁၀ |

အထက်ပါဈေးနှုန်းများမှာ မေလ (၃၁) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀–၁,၆၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၂၀၀ |
| ဆန် (ဧယာ) | တစ်ပြည် | ၇၀၀–၉၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၇၀၀ |
| သကြား | တစ်ပိဿာ | ၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀–၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀–၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၈,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၁,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားပီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

မေလ (၃၁) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jun (4) | 815 | 940 | 920 | 950 |
| Jun (5) | 815 | 940 | 920 | 950 |
| Jun (6) | 815 | 940 | 920 | 950 |
| Jun (7) | 815 | 940 | 920 | 950 |
| Jun (8) | 815 | 940 | 920 | 950 |
| Jun (9) | 815 | 940 | 920 | 950 |
| Jun (10) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **Dell** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, 14" | 542,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 590,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 687,000 |
| Intel Core i5 1.6 GHz, 6 GB DDR3, 500 GB HDD , 15.6" | 775,000 |
| **Lenovo** | |
| Intel Core i3 1.2 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 1 TB HDD, 14" | 678,000 |
| Intel Core i7 2.6 GHz, 4 GB DDR3, 500 GB HDD, 15.6" | 755,000 |
| Intel Core i7 2.2 GHz, 4GB DDR3, 500 GB HDD, 14" | 823,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 503,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 500 GB HDD, 15.6" | 629,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 750 GB HDD, 17.3" | 813,000 |
| Intel Core i7 2.2 GHz, 4 GB DDR3, 750 GB HDD, 14" | 969,000 |

7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# လက်ကိုင်ဖုန်းဝေဒနာ မပျောက်နိုင်သေးပါ

ကိုရဲ(ရွှေတြိဂံ)




စစ်အစိုးရခေတ်မှာ စီးပွားရေးလက်ဝါးကြီးအုပ်ထားတဲ့ သူတွေကြောင့် ပြည်သူတွေနဲ့ လက်ကိုင်ဖုန်းဆိုတာ "ဘယ်သောအခါမှ တူနှစ်ကိုယ်နီးရပါမယ်"သီချင်းလိုမျိုး ဖြစ်ခဲ့တာ အားလုံးအသိပင်ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံမှာ လက်ကိုင်ဖုန်းကို ကြိုက်သလိုသုံးနေတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံက ပြည်သူတွေက လက်ကိုင်ဖုန်းကိုင်တဲ့သူကို ငေးမောကြည့်ရတာ အမောပါပဲ။ ဘယ်တော့များမှတို့တစ်တွေကိုင်ရပါမလဲဆိုတဲ့ အတွေးတွေနဲ့ဖြစ်ပါတယ်။ အရပ်သားအစိုးရလက်ထက်မှာ ကျပ် ၁,၅၀၀ တန် ဆင်းမ်ကတ်တွေ ရောင်းချပေးမယ်ဆိုတော့ဝမ်းသာမျှော်လင့်မိတာအမှန်ပါ။ ဒါပေမဲ့ အလုံအလောက်ချပေးတာ မဟုတ်ဘဲ မဲယားငယ်ပေး ပေးရာကနေ ခုနောက်ဆုံးမဲစနစ်ဖြစ်လာပါတယ်။ ဒီမှာလည်းမသမာမှုတွေဖြစ်လို့ အတိုင်ခံရ၊ အစစ်ဆေးခံရတဲ့ အုပ်ချုပ်ရေးမှူးတွေလည်း မနည်းမနောပါပဲ။ ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်ကို မဲစနစ်နဲ့ ရွေးချယ်မယ်ဆိုတော့ ပြည်သူတွေလည်း အားရဝမ်းသာနဲ့ လျှောက်ကြပါတယ်။ ကိုယ်က ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်မဲပေါက်မယ်၊ မပေါက်မယ်မသိသေးပေမယ့် အိမ်ထောင်စုစာရင်းမိတ္တူကူးခ၊ မှတ်ပုံတင်မိတ္တူကူးခ ၂၀၀၊ ထောက်ခံစာတစ်ရွက်ကို ၁၀၀ နဲ့ လောလောဆယ် ကျပ် ၃၀၀ ကုန်တာကို သတိမထားမိကြပါဘူး။ ပြည်သူတွေ သတိမထားမိပေမယ့် သပိတ်ဝင်အိတ်ဝင်ဖြစ်သွားတာက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတွေနဲ့ မိတ္တူဆိုင်တွေပဲ ဖြစ်ပါတယ်။

မဲနှိုက်တဲ့အခါမှာလည်းကိုယ့်နာမည်လေးပါမလားလို့ မျှော်လင့်ချက်တွေနဲ့ ရပ်ကွက်ရုံးကို သွားကြပေမယ့် မဲမပေါက်တဲ့အခါ လက်မှိုင်ချခဲ့ကြရပြန်ပါတယ်။ နောက်လအတွက် ထပ်ကြိုးစားလိုက်ဦးပေါ့။ ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်မဲပေါက်တဲ့သူကလည်း လတ်တလောစားသောက်ရေးအတွက် ပြင်ပပေါက်ဈေးနဲ့ ပြန်ရောင်းလိုက်ပါတယ်။ အဲဒီအချိန်က ပြင်ပပေါက်ဈေးတစ်သိန်းကျော်မှာရှိပါတယ်။ ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်ကို တစ်သိန်းကျော်ပေးကိုင်ရတဲ့ အဖြစ်ကလည်း တော်တော်ဆိုးပါတယ်။ မဲ ပေါက်တဲ့မိသားစုအဖို့ ဒါလေး ပြန်ရောင်းတဲ့အခါ အထိုက်အလျှောက်တော့ အဆင်ပြေသွားပါတယ်။ ဒါကလည်း သမ္မတကြီးရဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို အတော်အသင့်အထောက်အကူပြုတယ်လို့ ဆိုရမလားမသိဘူး။

ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်ရဖို့ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမိတ္တူနဲ့မှ လျှောက်လို့ရတယ်ဆိုလို့ မလျှောက်ဘဲ နေခဲ့တာ နောက်တော့မိသားစုကလည်းတိုက်တွန်းလို့လျှောက်ထားလိုက်တာ အခုချိန်အထိ မပေါက်သေးပါဘူး။ ကျပ် ၁၅၀၀ တန် ဆင်းမ်ကတ်တွေ ပြင်ပမှာ ကျပ်တစ်သိန်းဖြစ်နေတာကို တချို့က အရင်တုန်းက ဈေးနဲ့ဆိုရင် မဝယ်နိုင်ဘူး။ တစ်သိန်းဆိုလည်း မဆိုးပါဘူးဆိုပြီး ဝယ်ကိုင်ကြတယ်။ တဖြည်းဖြည်းနဲ့ လက်ကိုင်ဖုန်းကိုင်တဲ့သူတွေက ပတ်ဝန်းကျင်မှာ တော်တော်များလာပါတယ်။ အောက်ခြေလူတန်းစားတွေကလည်း ဖုန်းပေါက်ပါစေလို့ ဆုတောင်းရတာ အမောပေါ့။

ကျွန်တော်တို့အိမ်နားက ညီလေးတစ်ယောက်က ဖုန်းပေါက်တော့ သူများကိုင်တော့ သူလည်းကိုင်ချင်တယ်။ ခက်နေတာက အကြွေးငါးသောင်းပေးစရာကလည်းရှိတယ်။ ဒီအကြွေးကလည်း စားဖို့ အခက်အခဲရှိတော့ အတိုးနဲ့ ချေးထားရတာလို့ပြောပါတယ်။ အကြွေးသမားကလည်း သူဖုန်းပေါက်တာသိလို့အိမ်ကိုခဏခဏလာပြီး အကြွေးတောင်းတယ်။ အဲဒီအချိန်က ဂျီဆိုတော့ တစ်သိန်းကျော်ပေါက်သေးတယ်။ ကြွေးရှင်ကလည်း အရင်း ငါးသောင်းနဲ့ အတိုးတွက်ပြီး ငွေနည်းနည်းပေးလိုက်ရင် အကြွေးလည်းရ ဖုန်းလည်းကိုင်ရဆိုတော့ သူ့တွက်ကိန်းကလည်း မဆိုးပါဘူး။ ဖုန်းပေါက်တဲ့ ညီလေးကလည်း သူများဆီကယူထားတဲ့ အကြွေးလည်း ဆပ်ချင်၊ ဖုန်းလေးလည်း ကိုင်ချင်ဆိုတော့ သူ့အနေနဲ့ ဝေခွဲလို့မရဖြစ်နေတယ်။ ဒါနဲ့ သူခိုင်မာတဲ့ ဆုံးဖြတ်ချက်ကို ချလိုက်ပါတယ်။ "အစ်ကိုရာ . . . ဒီအသက်အရွယ်အထိ လမ်းဘေးဖုန်းနဲ့ ဆက်နေတာ။ ဒီဖုန်းကို ရောင်းလိုက်ရင် အကြွေးတော့ ကျေသွားမယ်။ ရောင်းပြီး ဆပ်လိုက်တော့မယ်"လို့ ပြောပါတယ်။ သူက ဆက်ပြောပါသေးတယ်။ အခုမဲပေါက်တဲ့ဖုန်းကို ရောင်းလိုက်လို့ မကိုင်ရပေမယ့် ဒီနှစ်ဆန်း(ဇန်နဝါရီလ) လောက်ဆို ဖုန်းတွေ အခမဲ့တောင်ပေးမယ်လို့ပြောတယ် အစ်ကို၊ အဲဒါပဲမျှော်နေတော့မယ်လို့ ပြောပါတယ်။ သူပြောတဲ့ ဇန်နဝါရီလကုန်ခဲ့လို့ မေလကုန်တဲ့အထိ ပုဂ္ဂလိက ဖြန့်မယ်ဖုန်းကတော့ မလာသေးပါဘူး။

ကျွန်တော်လည်း လက်ကိုင်ဖုန်းမရှိတော့ မြို့နယ်အသင်းကဖိတ်တဲ့ အစည်းအဝေး၊ ဆရာကန်တော့ပွဲအတွက် အစည်းအဝေးတွေကို မတက်ဖြစ်ပါဘူး။ အစိုးရဝန်ထမ်းဘဝမှာ မပြောပလောက်တဲ့ အရာရှိဘဝလေးနဲ့ တာဝန်ထမ်းဆောင်ခဲ့တာကို မြို့ခံတွေကသိနေတော့ ဒီခေတ်၊ ဒီအချိန်မှာ လူတိုင်းနီးပါး ဖုန်းကိုင်နေတဲ့အချိန် ကျွန်တော့်ကို ဖုန်းနံပါတ်မေးရင် လက်ရှိလုပ်နေတဲ့ အလုပ်ထဲက ဖုန်း၊ လမ်းဘေးဖုန်းကို ပေးရပါတယ်။ လက်ကိုင်ဖုန်းလေး မြန်မြန်ကိုင်ချင်လို့ ပုဂ္ဂလိကဖုန်းတွေ ဘယ်တော့ဖြန့်မလဲဆိုတဲ့သတင်းကို နေ့စဉ်သတင်းစာတွေမှာ စောင့်ဖတ်ရတာလည်း အမောပါပဲ။

မိသားစုရဲ့ တိုက်တွန်းချက်ကြောင့် ရပ်ကွက်ရုံးမှာ ဖုန်းလျှောက်ထားပေမယ့် ဒီစာရေးနေချိန်အထိတော့ ကျွန်တော်မဲမပေါက်သေးပါဘူး။ လုပ်ဖော်ကိုင်ဖက်တွေကခင်ဗျားဖုန်းမကိုင်သေးဘူးလား မေးတိုင်း "မဲမပေါက်သေးလို့"ဆိုတဲ့ အဖြေပေးရတာလည်း အခုအချိန်ထိပါပဲ။ တချို့မြို့နယ်က ရပ်ကွက်တွေမှာ လူစေ့သွားလို့ ဒုတိယအကြိမ်ပြန်စနေပြီလို့ ပြောပါတယ်။ ကျွန်တော်နေထိုင်တဲ့ မရမ်းကုန်းမြို့နယ်၊ ၂ ရပ်ကွက်က လူဦးရေတော်တော်များပုံရပါတယ်။ မုဒိတာအိမ်ရာတစ်ခုလုံးရှိနေတာကိုး။ ဒါကြောင့် အခုချိန်ထိ ချပေးတဲ့ ခွဲတမ်းကို မဲနှိုက်နေရတုန်း၊ မဲမပေါက်တဲ့ သူရှိနေတုန်းပါပဲ။

ရန်ကုန်တိုင်းမှာ စီဒီအမ်အေတွေချည်း ချပေးတဲ့အခါ အခုမှ မဲပေါက်တဲ့ ပြည်သူတွေအနေနဲ့ ဈေးကောင်းမရတော့ပါဘူး။ စီဆိုရင် ကျပ်သုံးသောင်းလောက်နဲ့ ရနေပေမယ့် ဟန်းဆက်ဈေးကလည်း မသေးပါဘူး။ ဆင်ဖိုးထက် ချွန်းဖိုးကြီးဆိုသလိုပါပဲ။ အဲဒီတော့ စီပေါက်တဲ့သူလည်း ကိုင်ချင်ပေမယ့် စိတ်ကို ချုပ်တည်းပြီး ရတဲ့ဈေးနဲ့ ပြန်ရောင်းလိုက်တာ တစ်ပတ်စာ စားစရိတ်တော့ အနည်းငယ်ဖူလုံ သွားပါတယ်။ အကြီးအကဲ တစ်ယောက်ပြောတဲ့ တစ်ရက် နှစ်ထောင်နှုန်းနဲ့ ဆိုရင်တော့ဆန်ပြုတ်ပြုတ်သောက်မယ်ဆိုရင် နှစ်ပတ်၊ သုံးပတ်လောက်သုံးရမယ် ထင်ပါတယ်။

သေခြင်းတရားဆိုတာ ဘယ်တော့လာမလဲမသိတော့ ခုနေသေသွားရင်တောင် ကိုယ်ပိုင်မဲပေါက်တဲ့ဖုန်းမကိုင်ရလို့ ဖုန်းကိုစွဲလမ်းပြီး ဖုန်းသရဲ၊ ဖုန်းပြိတ္တာဖြစ်မှာ ကြောက်ရသေးတယ်။ စီတွေများများချပေးတော့ ဈေးကသက်သာသွားတဲ့အတွက်ဖုန်းကိုင်တဲ့သူတွေ တော်တော်များလာသလို မျက်စိနောက်စရာတွေ၊ နားငြီးတာတွေလည်း အများကြီးပါ။ ကားပေါ်မှာ တစ်ဖက်လူကို အားမနာဘဲ သီချင်းအကျယ်ကြီးဖွင့်တဲ့သူ၊ ဖုန်းပြောတဲ့အခါ အသံအကျယ်ကြီးပြောတဲ့သူ၊ ဖုန်းထဲကနေ ဆဲဆိုပြီးပြောတဲ့သူ၊ လူတောထဲမှာ သူဘယ်လောက်ထိရောက်တယ်ဆိုတာ ပြချင်လို့ ဟိန်းဟောက်နေတဲ့ ခြသေ့်နဲ့ တူတဲ့သူတွေရဲ့ ဒုက္ခပေးတာကိုလည်းခံနေရပါသေးတယ်။ တချို့ဆိုရင် ကိုယ့်အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ ဖုန်းပြောရင်း လမ်းဖြတ်ကူးတဲ့သူတွေကိုလည်း နေ့စဉ်ကြုံတွေ့နေရပါတယ်။ လူငယ်လေးတွေရဲ့ လက်ထဲမှာလည်း ဖုန်းလေးတွေ ကိုယ်စီနဲ့ ဟုတ်နေကြပါတယ်။ Hand Set ကောင်းကောင်းလေးတွေနဲ့ဆိုတော့ သူတို့လေးတွေ နည်းပညာတွေ လေ့လာနေကြမှာပဲလို့ ငဲ့စောင်းကြည့်မိတဲ့အခါ ဂိမ်းကစားနေတဲ့ သူတွေက ၉၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ လူလတ်ပိုင်းနဲ့ လူကြီးပိုင်းတွေလည်း ဒီအတိုင်းပါပဲ။ ဂိမ်းကစားနေကြတာများပါတယ်။

အွန်လိုင်းမှာ တလွဲအသုံးချနေကြတာများတော့ နည်းပညာရဲ့ သားကောင်တွေဖြစ်မှန်းမသိဖြစ်နေကြပြီး ကိုယ်လုပ်နေတဲ့ အလုပ်က ကောင်းကျိုးပေး၊ မပေးဆိုတာ သတိမထားမိတော့တဲ့အတွက် လူစင်စစ်က ပိုးဖလံတွေနဲ့ တူလာကြပါတယ်။ ပိုးဖလံမျိုးမီးကိုတိုး ကိုယ်ကျိုးနည်းတတ်တယ်လို့ ဆုံးမစကားရှိတယ် မဟုတ်ပါလား။

တန်ဖိုးနည်းဖုန်းရောင်းပေးတဲ့စာရင်းကို နိုင်ငံပိုင်သတင်းစာမှာ တစ်လတစ်ခါကြည့်ပြီး ဒီတစ်ပတ်တော့ ပေါက်နိုင်တယ်လို့ မျှော်ရတာလည်း လူစင်စစ်က သစ်ကုလားအုတ်ဖြစ်နေပါပြီ။ ပြီးခဲ့တဲ့ သင်္ကြန်ရက်က အိမ်ရှေ့မှာထိုင်ပြီးလမ်းသွားလမ်းလာတွေကို ကြည့်နေတာ လက်ထဲမှာ ဖုန်းမပါတဲ့ သူဆိုလို့ အမှိုက်ပစ်တဲ့ ကိုထွန်းငြိမ်းကြီးနဲ့ ကျွန်တော်ပဲရှိတော့တယ်။

ပြီးခဲ့တဲ့လက ဖုန်းတွေမဲနှိုက်သံကြားလိုက်ရပေမယ့် ကျွန်တော့်နာမည်က လည်ပင်းကျောက်ခဲဆွဲပြီး ရေနှစ်ခံထားရတဲ့သူလိုပါပဲ။ ဒါကို သနားလို့ပဲလား၊ အမြင်မတော်လို့လားမသိပါဘူး အဒေါ်ဖြစ်သူက သူ့ဖုန်းပေါက်တယ်၊ အိမ်မှာ တစ်လုံးရှိရင် တော်ပြီ။ နင်လည်း လူတောထဲသွားသွားနေရတာ လူရှိသေရှင်ရှိသေဖြစ်အောင်ကိုင်ပေါ့တဲ့၊ ကောင်းကြသေးရဲ့လားဗျာ။ ကျွန်တော်တို့နိုင်ငံမှာ ဖုန်းကိုင်နိုင်မှ လူရှိသေရှင်ရှိသေဖြစ်မယ့်အခြေအနေမျိုးရောက်နေပြီဗျာ။ ဖုန်းမရှိတဲ့သူကို ဘယ်သူမှ မရှိသေချင်ကြတော့ဘူးလားဆိုတဲ့ အခြေအနေတွေ ရောက်နေပြီလားလို့ တွေးမိရင်း လက်ကိုင်ဖုန်းဆိုတာ လူရဲ့ မကောင်းတဲ့ အကျင့်စာရိတ္တကို ဖုန်းကွယ်ပေးထားတဲ့ အရာလားလို့ တွေးမိပါတယ်။ ။

# Technology

7DAY NEWS JOURNAL

Vol.13, No.13 • JUNE 4 , 2014


## MICT Park အသစ် ဖော်ထုတ်ရန် တောင်းဆိုမှု ပြည်ထောင်စုဝန်ကြီး စိတ်ဝင်စား

**နိုင်လင်းအောင်**

**ရန်ကုန်၊ ဇွန်-၁**

ပြည်တွင်းနည်းပညာ လုပ်ငန်းများအတွက် ရည်ရွယ်တင်ပြခဲ့သည့် MICT Park အသစ်စီမံကိန်းအား သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိတ်ဝင်စားလျက်ရှိကြောင်း သတင်းရရှိသည်။

MICT Park အသစ်တစ်ခု ထပ်မံဖော်ထုတ်ရန်အတွက် ပြီးခဲ့သည့်လပိုင်းအတွင်း၌ ကွန်ပျူတာအသင်းချုပ်က ဝန်ကြီးဌာနသို့ တင်ပြခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဆိုပါ စီမံကိန်းနှင့်ပတ်သက်သော ဖြစ်နိုင်ခြေရှိသည့် အချက်အလက်အသေးစိတ် ထပ်မံတင်ပြရန်မှာကြားထားကြောင်း သိရသည်။

“MICT Park နောက်တစ်ခု ပေါ်ပေါက်လာဖို့အတွက် ဖြစ်နိုင်ခြေကို သေချာတွက်ပြီးတော့ တင်ပြဖို့တော့ ဝန်ကြီးက ပြောသွားတယ်။ လက်တွေ့အကောင်အထည်ဖော်မှာ ဖြစ်မလာတာမျိုးတွေ ရှိမှာစိုးတဲ့အတွက် သေသေချာချာ ဖြစ်အောင်လုပ်ဖို့အတွက်တော့ မှာသွားပါတယ်” ဟု မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူးဦးမျိုးမြင့်ထွန်းက ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်များ နယ်မြေ၌ MICT Park ကို ဖွင့်လှစ်ထားပြီး အဆိုပါနေရာမှာ MICTD အများပိုင် ကုမ္ပဏီလီမိတက် ပိုင်နေရာဖြစ်သည်။ အိုင်တီကုမ္ပဏီပေါင်း ၅၀ ကျော်မှ ရုံးခန်းများဖွင့်၍ လုပ်ငန်းလုပ်ကိုင်လျက်ရှိသလို နည်းပညာ လေ့လာလိုသည့် ကျောင်းသားများအတွက် သင်တန်းများဖွင့်၍ သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

MICT Park အသစ် တည်ဆောက်နိုင်ရန်အတွက် ရန်ကုန်ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်မည့် နေရာနှင့်မနီးမဝေးပတ်ဝန်းကျင်လျှပ်စစ်မီးနှင့် ဆက်သွယ်ရေး အလွယ်တကူရရှိနိုင်မည့် နေရာတွင် ဆောင်ရွက်နိုင်ရန်အတွက် လေ့လာထားရှိပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့များသို့ တင်ပြနိုင်ရန်မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




## Window OS သုံးပစ္စည်းများတွင် မိုက်ကရိုဆော့ဖ်က Salesforce App များ ထည့်သွင်းမည်

**ဆန်ဖရန်စစ္စကို၊ မေ-၃၁**

မိုက်ကရိုဆော့ဖ်ကုမ္ပဏီကိုအဝေးထိန်းကွန်ပျူတာစနစ် (Cloud–computing system) နှင့် ပိုမိုရင်းနှီးစေရန် အမှုဆောင် အရာရှိချုပ် ဆက်တယာ နာဒယ်လာ၏ ကြိုးပမ်းမှုကို ပံ့ပိုးခြင်းအဖြစ် ပြိုင်ဘက် Salesforce.com ကုမ္ပဏီ၏ Application များကို ၎င်းတို့၏ Window operating system များနှင့် အွန်လိုင်း office ဆော့ဖ်ဝဲများတွင် ထည့်သွင်းသွားမည်ဟု မိုက်ကရိုဆော့ဖ်ကုမ္ပဏီက ပြောသည်။

ယင်းအစီအစဉ်ကြောင့် Salesforce ကုမ္ပဏီ၏ လူကြိုက်များသော စီမံခန့်ခွဲရေး Applica–tion များကို Window OS သုံးထားသည့် တစ်ကိုယ်ရေသုံး ကွန်ပျူတာများ၊ သင်ပုန်းကွန်ပျူတာများနှင့် မိုဘိုင်းဖုန်းများတွင် ရယူ အသုံးပြုနိုင်မည်ဖြစ်သည်။ Sales–force အသုံးပြုသူများမှာ မိုက်ကရိုဆော့ဖ် Office တွင်ပါဝင်သော Excel နှင့် Powerpoint တို့ကဲ့သို့ ဆော့ဖ်ဝဲများကို အသုံးပြုနိုင်မည် ဖြစ်သည်။

ယင်းကုမ္ပဏီနှစ်ခုအနေဖြင့် ပိုမိုပြည့်စုံသော အချက်အလက်ပေါင်းစည်းရေးကဏ္ဍများကိုလည်း ခွင့်ပြုသွားမည်ဖြစ်သည်။ သို့သော် ယင်းသဘောတူညီချက်များကို ဖော်ပြခြင်း မရှိပေ။

ယင်းပူးပေါင်းဆောင်ရွက်မှုမှာ မိုဘိုင်းဖုန်း ဖောက်သည်များကို ကောင်းစွာ ထိန်းထားနိုင်သော ကုမ္ပဏီများနှင့် မိုက်ကရိုဆော့ဖ်ကုမ္ပဏီတွဲ၍ အလုပ်လုပ်ရန် ကြိုးစားနေသည့် နာဒယ်လာ၏ ရည်ရွယ်ချက်ကို ဖော်ပြနေသော လက္ခဏာတစ်ခုဖြစ်သည်ဟု ရိုက်တာသတင်းက ဖော်ပြသည်။

Salesforce ကုမ္ပဏီမှာ အဝေးထိန်းကွန်ပျူတာစနစ်တွင် ဦးဆောင်နေဆဲဖြစ်ပြီး ယခုသဘောတူညီမှုကြောင့် မိုက်ကရိုဆော့ဖ်၏အဝေးထိန်း ကွန်ပျူတာစနစ် သိသိသာသာ ကျယ်ပြန့်လာစေသည်ဟု ဈေးကွက်လေ့လာရေး အဖွဲ့ FBR မှ လေ့လာသူ ဒန်နီရယ်အိဗ်က ပြောသည်။

—*Ref: Reuters*

## တယ်လီနောက ရန်ကုန် Data Center ပြီးလျှင် မန္တလေးတွင်တည်ဆောက်မည်

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၁**

ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းများအတွက် တယ်လီနောမြန်မာကုမ္ပဏီက ရန်ကုန်မြို့၌ Data Center ဆောက်လုပ်အပြီး တစ်လကျော်အကြာတွင် မန္တလေးတိုင်းတွင်ပါဆက်လက်ဆောက်ဖြစ်ကြောင်း တယ်လီနော်မြန်မာကုမ္ပဏီမှ သတင်းရရှိသည်။

ရန်ကုန်မြို့ရှိ Data Center ကို ဧပြီလဆန်းက ဖွင့်လှစ်ကာ တယ်လီနောမြန်မာရုံးချုပ်နှင့် ဆက်သွယ်စမ်းသပ်ကြည့်ပြီး တစ်လအတွင်း မန္တလေးရှိ Data Ce–nter ကို ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။

မန္တလေး Data Center မှ တစ်ဆင့် အသံနှင့် ဗီဒီယိုခေါ်ဆိုမှုများကို စမ်းသပ်အောင်မြင်ပြီး ဖြစ်ရာ မေလ ၃၀ ရက်က တရားဝင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း တယ်လီနောမြန်မာ၏ မီဒီယာပြန်ကြားရေးတာဝန်ခံကိုစိုးသူထွန်းကပြောသည်။



*တယ်လီနော၏ 3G ကွန်ရက်ကို စမ်းသပ်သုံးစွဲနေစဉ်* Telenor Myanmar

အဆိုပါ Data Center နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်သွားရန်ရှိပြီး မန္တလေး Data Cen–ter ကို ရန်ကုန်မြို့ရှိ Data Center ကဲ့သို့ ကွန်တိန်နာကြီးများဖြင့် တည်ဆောက်ထားပြီး မိုဘိုင်းတာဝါတိုင်လည်း ထည့်သွင်းတည်ဆောက်ထားသည်ဟု ဆိုသည်။

တစ်နှစ်အတွင်း မိုဘိုင်းတာဝါတိုင်ပေါင်း ၂၄၀၀ တည်ဆောက်သွားရန်ရှိပြီး မြေနေရာနှင့် ဆောက်လုပ်ခွင့်ရရှိရန်အတွက် ဆောင်ရွက်နေပြီး လက်ရှိရန်ကုန်မြို့တွင် တည်ဆောက်ထားသည့် Data Center မှာ မိုဘိုင်းဖုန်းလိုင်း ၁၀ သန်းမှ စ၍ အကန့်အသတ်မရှိသုံးစွဲနိုင်ကြောင်း တယ်လီနောမြန်မာ ကုမ္ပဏီမှ သိရသည်။

လက်ရှိတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွန်ရက်ဖြန့်ကြက်မှုကို ထောက်ပံ့ပေးမည့် Core Net work ကို Huawei ကုမ္ပဏီဝန်ဆောင်မှုပေးနေပြီး အခြားကွန်ရက် ဆက်စပ်ပစ္စည်းထောက်ပံ့သူများမှာ Ericsson နှင့် Wipro ကုမ္ပဏီတို့ဖြစ်ရာအခြေခံအဆောက်အအုံဖြစ်သည့် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပြီး စီမံခန့်ခွဲသူများမှာ Apollo Towers နှင့် Irrawaddy Green Techno–logy(IGT) တို့ဖြစ်သည်။




# ဖုန်းသုံးစွဲမှု များပြားလာခြင်းကြောင့် စမတ်ဖုန်းဈေးကွက် ကြီးထွားလာနေ

**ဝါရှင်တန်၊ မေ-၃၁**

ထွန်းသစ်စဈေးကွက်များအတွင်း တန်ဖိုးနည်းလက်ကိုင်ဖုန်းများ အသုံးပြုမှု ပိုများလာခြင်းကြောင့် တစ်ကမ္ဘာလုံးစမတ်ဖုန်းရောင်းချမှုမှာ ယခုနှစ်တွင် ၂၃ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကာ အလုံးရေ ၁ ဒသမ ၂ ဘီလီယံရောင်းချရလိမ့်မည်ဟု သုတေသနလုပ်ငန်းတစ်ခုက ပြောသည်။

စမတ်ဖုန်းရောင်းအားမှာ ၂၀၁၈ ခုနှစ်အထိ နှစ်စဉ် ၁၂ ဒသမ ၃ ရာခိုင်နှုန်း ကြီးထွားလာမည်ဖြစ်ကြောင်း IDC သုတေသနလုပ်ငန်း၏ စစ်တမ်းကောက်ယူမှုက ဖော်ပြသည်။

အက်ပဲလ်ကုမ္ပဏီ၏ ဈေးကွက်ဝေစုမှာ တဖြည်းဖြည်း နည်းလာပြီး မိုက်ကရိုဆော့ဖ်ဝင်းဒိုး၏ ဈေးကွက်ဝေစု အလယ်အလတ်အဆင့်ရှိသည်။ Black Berrry ၏ ဈေးကွက်ဝေစုမှာ ဆက်လက်ပျောက်ကွယ်နေစဉ် စမတ်ဖုန်းရောင်းအားမြင့်တက်မှု အများစုမှာ Android operating system အသုံးပြုထားသော တန်ဖိုးနည်းလက်ကိုင်ဖုန်းများဖြစ်သည်ဟု IDC က ပြောသည်။

အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ရုရှားနိုင်ငံတို့အပါအဝင် အဓိကထွန်းသစ်စ ဈေးကွက်များတွင် ယခုအချိန်နှင့် ၂၀၁၈ ခုနှစ်ကြား စမတ်ဖုန်းတင်ပို့ရောင်းချမှု နှစ်ဆကျော် ရှိလာမည်ဖြစ်ကာ တရုတ်နိုင်ငံမှာ ၂၀၁၈ ခုနှစ်တွင် စမတ်ဖုန်းတင်ပို့မှုအားလုံး၏ သုံးပုံတစ်ပုံနီးပါး ရှိလာမည်ဟု IDC က ပြောသည်။

လာမည့်နှစ်များအတွင်း Window OS အသုံးပြုသော စမတ်ဖုန်းရောင်းအားမှာ အလယ်အလတ်အဆင့်သို့ ရောက်ရှိသွားမည်ဖြစ်ကာ ၂၀၁၄ ခုနှစ်အတွင်း Andriod OS သုံး စမတ်ဖုန်းများ၏ ဈေးကွက်ဝေစုမှ ၈၀ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးနေရာတွင် ရှိနေဦးမည်ဟု မျှော်လင့်ထားကြောင်း သုတေသနလုပ်ငန်း IDC က ပြောသည်။ *—Ref: AFP*



# ဆက်သွယ်ရေးလုပ်ငန်း အကြံပေးရာထူး စိတ်ဝင်စားသူများ လျှောက်ထားနိုင်

**ဆွေမွန်**

**ရန်ကုန်၊ မေ-၃၀**

ပြည်တွင်းဆက်သွယ်ရေးဆိုင်ရာ တရားဝင်ထိန်းသိမ်းရေးအဖွဲ့အစည်းအား အကြံဉာဏ်များပေးရန်အပြည်တွင်းနှင့် ပြည်ပမှ အကြံပေး ပုဂ္ဂိုလ်ရာထူးအတွက် စိတ်ဝင်စားပါက ပေးပို့လျှောက်ထားနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီများကို စောင့်ကြည့်မည့် လွတ်လပ်သည့် တရားဝင်ထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခု (Independent Regulator) ကို အကြံဉာဏ်များပေးရန်အတွက် အစိုးရမဟုတ်သည့် နည်းပညာကျွမ်းကျင်ပညာရှင်များကို ခေါ်ယူခြင်းဖြစ်ကြောင်း သိရသည်။

မကြာမီကာလအတွင်းအမျိုးသားဆက်သွယ်ရေး အကြံပေးကော်မတီအဖြစ် ဖွဲ့စည်းသွားရန်ရှိပြီး ပြည်တွင်းပြည်ပမှ အကြံပေးပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းသွားမည်ဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှလည်း ပါဝင်မည်ဖြစ်ကြောင်းဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ဦးက ပြောကြားသည်။

ဆက်သွယ်ရေးဆိုင်ရာ အကြံဉာဏ်များပေးနိုင်ရန် အဆိုပါ အကြံပေးပုဂ္ဂိုလ် (Advisor) ရာထူးအတွက် စိတ်ဝင်စားမှုဖော်ပြစာ (Expression of Interest) များ ပေးပို့နိုင်ပြီဖြစ်ပြီး အသေးစိတ်အချက်အလက်များကိုဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.mcit.gov.mm/news/ptd-news တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ထုတ်ပြန်ထားသည်။ အဆိုပါ လျှောက်ထားလွှာကို ဇွန်လ ၉ ရက်နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး သင့်လျော်သည့် ပြည်တွင်း ပြည်ပအကြံပေးပုဂ္ဂိုလ်ကို ရွေးချယ်သွားမည်ဖြစ်ကြောင်းသိရသည်။

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ကြမည့် အော်ပရေတာများ ပြိုင်ဆိုင်လုပ်ကိုင်ခြင်းကို စောင့်ကြည့်ထိန်းချုပ်ပေးနိုင်မည့် Independent Regulator ကိုလည်း ၂၀၁၅ ခုနှစ်အတွင်း အပြီးသတ်ဖွဲ့စည်းသွားမည်ဖြစ်သည်ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုဝန်ကြီး ဦးသောင်းတင်က ဖေဖော်ဝါရီ ၁၃ ရက်တွင်ပြောကြားခဲ့သည်။






# ဆယ်နှစ်ကျော်သည့်တိုင် မပြီးဆုံးနိုင်သည့်အိမ်ရာစီမံကိန်းများ

မြင့်မိုရ်ဆွေ

စာရေးသူသည် ၁၉၉၈ခုနှစ်က ဘန်ကောက်မြို့၏ ထပ်မြင့်အိမ်ရာစီမံကိန်းများကို လေ့လာကြည့်ရှုခဲ့ဖူး၏။ အရိုးပြိုင်းပြိုင်းနှင့် ကွန်ကရစ်တစ္ဆေကောင်များ ပမာ ဆောက်လက်စတန်းလန်းနှင့်ရပ်ဆိုင်းထားသော အထပ်မြင့်အိမ်ရာများကို ဟိုနေရာဒီနေရာအနှံ့အပြားမြင်တွေ့ခဲ့ရ၏။ လွန်ခဲ့သောနှစ်များက စီးပွားရေးကျဆင်းမှု၏ အကျိုးဆက်ဖြစ်ကြောင်းထိုင်းနိုင်ငံသားများက ရှင်းပြခဲ့၏။ ထိုစဉ်ကာလ၌ စာရေးသူတို့နိုင်ငံတွင် ထပ်မြင့်အဆောက်အအုံအချို့မှာ ပလာဇာ(Plaza)၊ တာဝါ(Tower) စသည့်အမည်များခံယူ၍ တစ်နေရာ၊ နှစ်နေရာပွဲဦးထွက်ပေါ်ထွန်းစဖြစ်၏။ မြန်မာနိုင်ငံ၏ ထပ်မြင့်အိမ်ရာစီမံကိန်းများတည်ဆောက်မှုဖြစ်စဉ်တွင် ထူးခြားချက်နှစ်ရပ်ရှိကြောင်း တွေ့ရှိနိုင်၏။ ပထမအချက်မှာ နိုင်ငံတော်အစိုးရနှင့်အကျိုးတူဆောင်ရွက်သော စီမံကိန်းများဖြစ်ပြီး ထိုအချိန်က တိုင်းပြည်၏ အုပ်ချုပ်မှုမြို့တော်ဖြစ်သော ရန်ကုန်မြို့၌သာ အများဆုံးစုဝေးတည်ဆောက်ခဲ့ခြင်းဖြစ်၏။ ဒုတိယထူးခြားချက်မှာ ထိုင်းနိုင်ငံကဲ့သို့ တိုင်းပြည်၏ စီးပွားရေးတစ်ဟုန်ထိုးကျဆင်းမှု(Economic Recession) ဟူသော အကြောင်းတရားကြောင့် တစ်ပိုင်းတစ်စနှင့်ရပ်ဆိုင်းသွားမှုမရှိခဲ့ခြင်းဖြစ်ပေသည်။ စီးပွားရေးက တစ်ဟုန်ထိုးတိုးတက်ခဲ့ခြင်းမရှိ၍ တစ်ဟုန်ထိုးကျဆင်းမှုလည်းမရှိခဲ့ခြင်းဟုဆိုနိုင်၏။ ပုံမှန်အတိုင်း ကျဆင်းမြဲကျဆင်းနေသည်သာဖြစ်၏။ သို့ရာတွင် နဝတလက်ထက်အကျိုးတူဆောင်ရွက်ရာမှ အကျိုးမတူဟုဆိုကာ တစ်ဖက်သက်အချိုးအစားပြောင်းလဲသတ်မှတ်ခဲ့သည့်အချိန်(၂၀၀၄–ခုနှစ်)မှစတင်ပြီး ပုစွန်ထုပ်များခေါင်းချိုးလိုက်သလို အထပ်မြင့်ကို ခေါင်းဖြတ်၍ ဆယ်နှစ်ကျော်လုပ်သော်လည်း ယနေ့အထိမပြီးသေးသော စီမံကိန်းများအားစိတ်မသက်သာဖွယ်မြင်တွေ့နေရပေသည်။ ထပ်မြင့်အိမ်ရာဖြစ်စဉ်တွင် မြန်မာနိုင်ငံ၏ မြန်မာ့နည်း မြန်မာ့ဟန်ဝိသေသဖြစ်စဉ်ဟုခေါ်နိုင်၏။ ကမ္ဘာ့အမွေအနှစ်ရှေးဟောင်းထပ်မြင့်အဆောက်အအုံများအဖြစ် ယူနက်စကိုတွင် နောင်သောအခါ လျှောက်ထားနိုင်မည့်အလားအလာကောင်းများရှိမည်ဟုလည်း ထင်မှတ်ရ၏။

ဖြစ်စဉ်အစမှာ ၂၀၀၂ခုနှစ်တွင်ဖြစ်၏။ ယခင်တပ်မတော်အစိုးရလက်ထက် ရန်ကုန်မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်မှုကော်မတီကိုဖွဲ့စည်းခဲ့၏။ ကော်မတီဥက္ကဋ္ဌမှာ ဗိုလ်ချုပ်ကြီးခင်ညွန့်ဖြစ်ပြီး ကော်မတီဝင်များအဖြစ် မြို့တော်ဝန်နှင့်တကွ သက်ဆိုင်ရာဝန်ကြီးဌာနဝန်ကြီးများပါဝင်ခဲ့၏။ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ကြောင်းတွေ့ရှိရ၏။ ဌာနဆိုင်ရာမြေကွက်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေကွက်များနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်မြေကွက်များတွင် ထပ်မြင့်အိမ်ရာများကို တစ်ပြိုင်တည်း အများအပြားဆောက်လုပ်ပြီး ရန်ကုန်မြို့တော်ကို စင်ကာပူကဲ့သို့ ခေတ်မီမြို့ပြအသွင်ဖြစ်ပေါ်စေရန် အထူးရည်ရွယ်ခဲ့ကြောင်းသိရှိရ၏။ လုပ်ငန်းအကောင်အထည်ဖော်သည့် တိုင်းရင်းသားဆောက်လုပ်ရေးကုမ္ပဏီများနှင့် အကျိုးတူဆောင်ရွက်ခြင်းဖြစ်ပြီး အကျိုးအမြတ်ခွဲဝေမှုမှာအစိုးရက ၂၀ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကုမ္ပဏီများက ၈၀ရာခိုင်နှုန်းဖြစ်၏။ ထိုစဉ်ကာလမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်၏ ပုဂ္ဂလိကနှင့် အကျိုးတူဆောင်ရွက်သောအိမ်ရာစီမံကိန်းများတွင် အကျိုးအမြတ်ခွဲဝေမှုမှာအစိုးရက ၃၃ဒသမ ၃ရာခိုင်နှုန်း၊ ပုဂ္ဂလိကကုမ္ပဏီများက ၆၆ဒသမ ၇ရာခိုင်နှုန်းခန့် အနည်းဆုံးရရှိကြောင်းနှင့် အချို့နေရာဒေသကောင်းလျှင် အစိုးရက ပိုမိုရယူကြောင်းသိရှိရ၏။ သို့သော် မြို့တော်အိမ်ရာစီမံကိန်းကော်မတီသည် အိမ်ရာဖွံ့ဖြိုးရေးအကျိုးအမြတ်ကိုငွေကြေးအကျိုးအမြတ်ထက် ပိုမိုဦးစားပေးမည်ဟူသောမူဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ကိုင်မှုအခွင့်အလမ်းသာစေရန်အတွက် အကျိုးအမြတ်နှုန်းထားကို တမင်လျှော့ချပေးခဲ့ခြင်းဖြစ်ကြောင်းလည်းသိရှိရ၏။

အမှန်အားဖြင့် ရန်ကုန်မြို့လယ်ဒေသနှင့် ဆင်ခြေဖုံးဒေသတွင် ဆောက်လုပ်သောအိမ်ရာစီမံကိန်းနှစ်ရပ်အား အကျိုးအမြတ်အတူတူသတ်မှတ်ရန်မှာ မူအားဖြင့် လုံဝမသင့်လျော်ပေ။ နေရာဒေသအပေါ် မူတည်၍ ခွဲခြားသတ်မှတ်ခြင်းက သဘာဝကျပေသည်။ နေရာဒေသအလိုက် မြေတန်ဖိုးပေါ်မူတည်ပြီး အဆောက်အအုံ၏ တန်ဖိုးပြောင်းလဲသည်မှာ အိမ်ခြံမြေရောင်းဝယ်မှုလုပ်ငန်း၏ နိယာမသဘောတရား ဖြစ်ပေသည်။ ဤနိယာမကို လျစ်လျူရှုခဲ့ခြင်းကြောင့် မြို့တော်အိမ်ရာစီမံကိန်းကော်မတီ၏အကျိုးအမြတ်ခွဲဝေမှုစနစ်အပေါ် ဝေဖန်မှုအမျိုးမျိုးရှိခဲ့လေ၏။ သို့သော် အာဏာအဓိကယန္တရားဖြစ်ခြင်းကြောင့် စောဒကမရှိခဲ့ဘဲ လုပ်ငန်းများကို ၂၀၀၂ခုနှစ်မှစ၍ အပြိုင်အဆိုင်စတင်ခဲ့ကြကြောင်းတွေ့ရှိရ၏။ လုပ်ငန်းစီမံကိန်းတစ်ခုရပြီဆိုလျှင် စီးပွားရေးဘဏ်မှလည်း ငွေထုတ်ချေးခြင်းကြောင့် လုပ်ငန်းရှင်တို့ပျော်မဆုံးမော်မဆုံးဖြစ်ခဲ့၏။ ခြံခတ်ကြ၊ ယန္တရားကြီးများနှင့်မြေတူးကြ၊ Pile ရိုက်ကြ၊ ဆိုင်းဘုတ်ထောင်ကြစသည်ဖြင့် တရုန်းရုန်းတပြုံးပြုံးရှိခဲ့ကြ၏။ ဘဏ်ချေးငွေကြောင့် ကြိုပွဲဝင့်ကိုလည်းအလေးမထား၊ ခေါင်းတထောင်ထောင်နှင့်မိုးမမြင်လေမမြင်ရှိခဲ့ကြ၏။

၂၀၀၄ခုနှစ်တွင် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်အား နဝတမှဖမ်းဆီးပြီး အာဏာအလွဲသုံးစားမှုဖြင့် ထောင်ဒဏ်စီရင်ခဲ့၏။ ဆိုင်းငံ့ပြစ်ဒဏ်ဖြင့်နေအိမ်အကျယ်ချုပ်ခံခဲ့ရ၏။ မြို့တော်အိမ်ရာစီမံကိန်းကော်မတီမှ ခွင့်ပြုခဲ့သည့် အိမ်ရာစီမံကိန်းများ၏ အကျိုးအမြတ်ခွဲဝေမှုကိုလည်း ၂၀း၈၀ အချိုးကို ပယ်ဖျက်၍ အစိုးရအတွက် ၄၀ရာခိုင်နှုန်းသို့တိုးမြှင့်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်အတွက် ၆၀ရာခိုင်နှုန်းပြင်ဆင်သတ်မှတ်ခဲ့၏။ ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် မူလ ၂၀ရာခိုင်နှုန်းမှတစ်ဆတိုး၍ ၄၀ရာခိုင်နှုန်းတိုးမြှင့်ပေးရမည်ကို မကျေနပ်ကြသော်လည်း အာဏာအဓိကယန္တရား၏ သဘာဝကို နောကျေသူများပီပီ မချိသွားဖြဲဖြင့် စောဒကတက်ခြင်းအားအာရတီဝိရတီပြုခဲ့ကြလေ၏။ ရန်ကုန်မြို့တော်ကြီးတွင် ထပ်မြင့်အိမ်ရာရင်းနှီးမြှုပ်နှံရန်အတွက် ပွဲကြီးပွဲကောင်းတွေ့ပြီဟု မန္တလေးမြို့မှဆင်းလာသော လုပ်ငန်းရှင်အချို့မှာလည်း ‘သေမယ့်ရက်မှ စစ်ထဲလိုက်မိလေခြင်း’ဟု ညည်းတွားရင်းနောင်တယူကြကုန်၏။

ထိုအခါ မူလက ထပ်မြင့်ဆောက်ရန်ဖောင်ဒေးရှင်းချပြီးသော အဆောက်အအုံအချို့အတွက် ၄၀း၆၀ အချိုးပေးပါမည်။ အထပ်မြင့်အစား ရှစ်ထပ်သာဆောက်ခွင့်ပေးပါတော့ဟု အသနားခံကုန်၏။ အသစ်နေရာယူလာကြကုန်သော အာဏာရှိပုဂ္ဂိုလ်ကြီးများ၏ကရုဏာတရားကြောင့် မူလက ၁၅ထပ်၊ အထပ် ၂၀ စသည်ဖြင့်ရည်ရွယ်ထားသည့် အထပ်မြင့်အဆောက်အအုံအချို့မှာ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ပုစွန်ထုပ်ခေါင်းဖြတ်သလို ရှစ်ထပ်ဖြစ်ကုန်ကြလေ၏။ အချို့စီမံကိန်းများရပ်ကုန်၏။ အချို့မှာ လှုပ်ပဲ့လှုပ်ပဲ့နှင့် အသက်ငင်ကုန်၏။ အချို့က ဟန်တစ်လုံး ပန်တစ်လုံးမဗေဒါစတိုင်ဖြင့် ဘဲအုပ်ကိုက်ဖွဲ့ခြင်းခံရသည့်ပန်းအပွဲ့ကိုပန်ပြီးအံခဲနေကြ၏။ ထိုစဉ်က မြင်ကွင်းမှာ ၁၉၉၈ ခုနှစ်က မြင်တွေ့ရသည့် ဘန်ကောက်မှ ထပ်မြင့်အိမ်ရာစီမံကိန်းများနှင့်မခြားဖြစ်၏။ သို့သော် ဘန်ကောက်မှထပ်မြင့်အိမ်ရာများမှာ စီးပွားရေးဦးမော့လာသော သုံးနှစ်တာမျှအတွင်း တဖြည်းဖြည်း လက်စသိမ်းနိုင်ခဲ့ကြ၏။ ရုပ်လုံးများပေါ်လာခဲ့၏။ မြန်မာနိုင်ငံတွင်မူ န.ဝ.တအစိုးရ ကုန်လွန်၍ လက်ရှိဒီမိုကရေစီခေတ်သစ်သို့ ရောက်သည့်တိုင်အောင် လက်စမသိမ်းနိုင်ရှာသေးကြောင်း ဝမ်းနည်းဖွယ်တွေ့မြင်နိုင်လေ၏။

ဘာကြောင့် လက်စမသိမ်းနိုင်သေးပါသနည်း။ လုပ်ငန်းရှင်များတွင် ငွေအရင်းအနှီးမရှိ၍လော၊ ယခင်အစိုးရကပြင်ဆင်သတ်မှတ်သည့်အချိုးအစားကများနေ၍လော၊ အိတ်ထဲကဖားလိုသဘောထားပြီး ဖိဖိစီးစီးမလုပ်ဘဲ တွက်ခြေကိုက်မည့် အခြားလုပ်ငန်းများနောက်သို့ တကောက်ကောက်လိုက်လုပ်နေခြင်းကြောင့်လော၊ လက်ရှိအစိုးရကတွန်းအားပေးကြပ်မတ်မှုအားနည်း၍လော ဟု အကြောင်း(၄)ရပ်ကိုတစ်ကန့်စီခွဲ၍ သုံးသပ်ပါက နောက်ဆုံးနှစ်ကန့်သည်သာ အဓိကဖြစ်နေကြောင်းတွေ့ရှိရပေသည်။

စာမျက်နှာ(၃၂) သို့



7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

(ယခင်အပတ်မှအဆက် . . .)

# မင်းဒင်ရဲ့ သက်ခိုင်(၂)

မင်းဒင်



**အခန်း (၃၇)**
**ဉာဏ်လမ်းကို လျှောက်နိုင်ကြပါစေသတည်း**

ခင်ဗျားမေ့နေမှာစိုးလို့ သေချာအောင်ထပ်ပြောရဦးမယ်။ဝါဝါဟာရခိုင်ကလေးမလေးမို့သူ့အဖေကိုသန်းမောင်ရဲ့ ရခိုင်မိတ်ဆွေအရင်းအချာတွေလည်း ကျွန်တော်နဲ့တိုင်ပင်ညှိနှိုင်းလုပ်ကိုင်နေတဲ့အထဲမှာပါလေရဲ့ဗျာ။ကျွန်တော့်မှာလည်း ဖူးခက်ရောက်ရခိုင်လူမျိုးမိတ်ဆွေတော်တော်များများရှိပါတယ်။ သူတို့လည်း ကျွန်တော့်အစီအစဉ်ကိုအားတက်သရောလိုက်တဲ့ဘက်က ဝိုင်းကြဝန်းကြပါတယ်။ ဝါဝါ့အခြေအနေကို စိုးရိမ်တကြီးလာကြည့်ကြ၊ သတင်းမေးကြတဲ့ ရခိုင်လူမျိုးတွေ ဝါချီလတ်ဆေးရုံမှာမနက်ကနေ မိုးချုပ်အထိပြည့်နေတတ်ပါတယ်။ ဒါပေမဲ့ ဝါဝါကံမကောင်းဘူးဆိုရမယ်ဗျာ”

“ကျွန်တော် ဝါဝါ့ကိုဗီဒီယိုရိုက်ပြီး နောက်တစ်နေ့မှာ ကျွန်တော့်ဆီကို တစ်စုံတစ်ယောက်ကဖုန်းခေါ်လာပါတယ်။သူ့အသံဟာဒေါသကြောင့်မာရေကျောရေဖြစ်နေလေရဲ့။ သူစပြီးမိတ်ဆက်ပုံက အတော်သင်းတယ်ဆိုရမယ်။ “ဟေ့ကောင်။သက်ခိုင်ဆိုတာမင်းလား”တဲ့။ လူပဲဗျာ။ “ဟေ့ကောင်” လို့အခေါ်ခံရတော့ စိတ်ထဲမှာသိပ်မကျေနပ်လှဘူးပေါ့။ ဒါပေမဲ့ နေရာတကာဒေါသရှေ့ထားလို့မဖြစ်ပြန်ဘူးဆိုပြီး စိတ်ကိုထိန်းရတာပေါ့ဗျာ။ဟုတ်တယ်လေ။အဲဒီဖုန်းဝင်လာတဲ့အချိန်။ကျွန်တော်နဲ့ အတူဝါဝါ့အဖေနဲ့ပတ်သက်ရာပတ်သက်ကြောင်း ရခိုင်အလုပ်သမားတွေလည်းအတူရှိနေတယ်ဗျ။ဖုန်းသံကထူးခြားနေတာကြောင့် ကျွန်တော်လည်းဘေးကရခိုင်ပရိသတ်တွေကြားရအောင် ဖုန်းစပီကာကိုဖွင့်ထားလိုက်မိတယ်”

“ဟုတ်ကဲ့ ကျွန်တော်သက်ခိုင်ပါ”ဆိုတဲ့ ကျွန်တော့်အဖြေလည်းဆုံးရော တစ်ဖက်ကအသံရှင်ဟာ အသာစီးရပြီလို့များယူဆသွားလေရော့သလားမဆိုနိုင်ဘူး။ အတွဲလိုက် ဆွဲတော့တာပဲဗျာ။ “ဟေ့ကောင် သက်ခိုင်။ ငါ့နာမည်ကျော်သောင်း။ ထိုင်းမှာနေလာတာ ဆယ်နှစ်ကျော်ပြီ။ မင်းခြေလှမ်းတွေဘယ်လှမ်းနေတယ်ဆိုတာ ငါသိတယ်။ မင်းလုပ်ရပ်တွေကို ချက်ချင်းရပ်လိုက်ပါ။မင်းတို့လုပ်စားနေတာတွေ ငါအကုန်သိတယ်”...ဘာညာဘာညာတွေ မျိုးကိုစုံနေတာပဲဗျာ။ဘေးကရခိုင်ရှေ့ကိုယ်တော်အုပ်စုလည်းအသာငြိမ်ပြီး ကျွန်တော်တို့ ဖုန်းနဲ့အချေအတင်ဖြစ်နေကြတာကို နားစွင့်နေကြတာပေါ့ဗျာ။ အမှန်ဝန်ခံရရင် ကျွန်တော် တော်တော်ဒေါသဖြစ်နေပါပြီ။ မဖြစ်သေးပါဘူးလေဆိုပြီး ပြေလည်လိုပြေလည်ငြားလေပြေပြန်ထိုးကြည့်ပါသေးတယ်”

“ကိုကျော်သောင်း ခင်ဗျားလူမှားနေပြီထင်တယ်။ဒါမှမဟုတ်သတင်းမှားနေပြီထင်တယ်။ လူချင်း တွေ့လိုက်ကြရအောင်”စသည်ဖြင့်ပေါ့။အဆင်မပြေတဲ့အပြင် သူ့ဘက်က မအေတွေနှမတွေပါ ပါလာပါလေရော။ ဒီတော့ နဂိုကမှ ခပ်ဆတ်ဆတ်စိတ်အခံရှိတဲ့ ကျွန်တော့်ဒေါသအိုးဟာ ထိန်းမရသိမ်းမရ ပေါက်ကွဲထွက်သွားပါတော့တယ်။

“ခွေးမသား ကျော်သောင်း မင်းဘာသာကျော်သောင်းမကလို့ ကျော်သောင်းအဖေဖြစ်ပလေ့စေ။ သောက်ဂရုမစိုက်ဘူး။ ငါရှိတဲ့နေရာမင်းမလာရဲရင် မင်းရှိတဲ့နေရာကို ငါခုချက်ချင်းလာခဲ့မယ်။ ငါ့နာမည်သက်ခိုင်။ ငါဘာကောင်ဆိုတာ မင်းသိစေရမယ်”ဆိုပြီး ခပ်ကြမ်းကြမ်းအနီတုံ၊ တုံ့ပြန်လိုက်တော့ ပုဂ္ဂိုလ်ကငြိမ်သွားပြန်သဗျ။

အဲဒီအချိန်မှာ ကျွန်တော့်ဘေးကပ်လျက် မတ်တတ်ရပ်နေတဲ့ ရခိုင်လူငယ်တစ်ယောက်က အားတုံး အားနာလေသံနဲ့“ဆရာ၊ အဲဒါ ကိုသောင်းအသံမဟုတ်ဘူး။သူဘယ်သူဆိုတာ ကျွန်တော်သိတယ်”တဲ့။

“ဟ ဒါဆို ဘယ်သူများတုံး” လို့လည်း ကျွန်တော်မေးလိုက်ရော”

“အဲဒါ ဘုန်းကြီး”တဲ့။

ကျွန်တော်လည်းတအံ့တဩနဲ့ “ဘယ့်နှယ်ဘုန်းကြီးက ဘာကြောင့် ကိုကျော်သောင်းပါဆိုပြီး လိမ်ရသတုံးရှင်းပါဦး”ဆိုတော့မှ အဲဒါ “ ဦးကုမာရ။ ကျွန်တော်တို့လို ရခိုင်ပဲ။သူဖူးခက်ကိုရောက်နေတာကြာပြီ”တဲ့ဗျား။

“ကောင်းကြရောပေါ့ဗျာ။ဦးကုမာရဆိုတဲ့ ဘုန်းကြီးကကျော်သောင်းပါဆိုပြီးလိမ်။ ကျွန်တော်ကလည်းဘုန်းကြီးမှန်းမသိဘဲ ရိုင်းစိုင်း။ ဘယ်ဘက်ကကြည့်ကြည့်တော်တော့ကို အချိုးမပြေတဲ့ကိစ္စဗျာ။။ဒီမှာတင် ကျွန်တော့်ခေါင်းထဲဖျတ်ခနဲသတိဝင်လာတယ်။ဦးကုမာရကို လူကိုယ်တိုင်သေချာမဆုံဖူးပေမယ့် သူ့အကြောင်းတစ်စွန်းတစ်စကိုကျွန်တော်သိနေတယ်ဗျ။ ဟုတ်တယ်။ သေချာမဆုံဖူးဘူးဆိုတာ လျှပ်တစ်ပြက်တော့ ဆုံခဲ့ဖူးတယ်ဆိုရမယ်။ ဝပ်နာခါဆိုတဲ့ ရပ်ကွက်ထဲက ဗမာအလုပ်သမားတွေရဲ့ ဝါဆိုသင်္ကန်းကပ်တဲ့အလှူတစ်ခုမှာ ဦးကုမာရကိုဆုံဖူးတယ်။ ကျွန်တော့်စိတ်ထင် အဲဒီရခိုင်ဘုန်းကြီးဦးကုမာရဟာ အသက်ခြောက်ဆယ်ကျော်လောက်ရှိနေပါပြီ။ အလှူပွဲအပြီးမှာ တရားနာနေတဲ့ဗမာအလုပ်သမားတွေကို လက်ဖွဲ့လိုလို၊ အဆောင်လိုလိုမန်းမှုတ်ပြီးဝေနေတာတွေ့လို့ ဘဝင်မကျလှတာနဲ့ခပ် ဝေးဝေးကနေ သူ့အကြောင်းစပ်စု လိုက်မိတော့ ဦးကုမာရဟာ ဆူနာမီကိစ္စမှာ အတော်ရှုပ်ရှုပ်ထွေးထွေး လုပ်ခဲ့တယ်ဆိုတာ တစ်စွန်းတစ်စ သိလာရတယ်။ ဦးကုမာရရဲ့ အဓိကအားနည်းချက်ကတော့ နေရာတကာမှာတွင်ကျယ်ချင်တဲ့ကိစ္စပဲဗျ။ ဘာကြောင့် ကျွန်တော် ဒီလိုပြောနိုင်သတုံးဆိုတော့ ဆူနာမီကာလတုန်းက အာအက်ဖ်အေလို၊ ဘီဘီစီလို သတင်းဌာနတွေရဲ့ ထိုင်းအခြေစိုက်တာဝန်ခံ ဗမာသတင်းသမားတွေကိုလက်ဆောင်တွေသူကိုယ်တိုင်လိုက်ပို့ပြီး ဖူးခက်မှာ ဆူနာမီဒုက္ခသည်တွေကို သူဘယ်လိုကူညီနေတယ်ဆိုတာ ရေဒီယိုသတင်းတွေမှာပါလာအောင်အားထုတ်ခဲ့ဖူးသတဲ့။ အာအက်ဖ်အေသတင်းဌာနက ကျွန်တော့်မိတ်ဆွေ ရခိုင်လူမျိုး ကိုကျော်ထင်ပြောတာကတော့ သူ့ဆီကိုတောင်ငါးတွေ ထည့်ထားတဲ့ ရေခဲပုံးကြီးနဲ့ ကြွလာခဲ့ဖူးသတဲ့။ ခင်ဗျားကြားဖူးမလားတော့ မဆိုနိုင်ဘူး။ ဘီဘီစီကလွှင့်တဲ့ ကမ္ဘာ့အရေးမြန်မာ့အရေးလို ဆွေးနွေးခန်းတွေမှာ မကြာမကြာဆိုသလို သူထင်ရာစွတ်တင်ပြီး ကပေါက်တိကပေါက်ချာနိုင်ငံရေး အယူအဆတွေ ဆွေးနွေးနေတာ အဲဒီကိုယ်တော်ကြီးပေါ့ဗျာ”

“ဦးကုမာရဟာ ဆူနာမီရေဘေးဒဏ်ခံဗမာအလုပ်သမားတွေအတွက် နိုင်ငံတကာအဖွဲ့တချို့ဆီကနေ အကူအညီတွေရခဲ့ဖူးတယ်။ အဲဒီထဲက တချို့ကို ဖူးခက်မှာရှိနေတဲ့သူ့ဆွေမျိုးဉာတကာတွေကို ဝေခြမ်းရေးလုပ်သတဲ့။ ပြောလက်စနဲ့ ဆက်ပြောရရင် ဦးကုမာရရဲ့ ညီအရင်း ပန်းရန်ခေါင်းဆောင်လိုလိုလက်သမားခေါင်းဆောင်လိုလိုဝင်းနိုင်ဆိုတဲ့မောင်ဟာ ကျွန်တော့်ဆီကနေဘတ်နှစ်သောင်းကျော်ဖိုးလောက် ငွေလိမ်ဖူးလေရဲ့။ ဝင်းနိုင်မိန်းမက ထိုင်းမဗျ။ ဝင်းနိုင်ကတော့ ထိုင်းမကိုရအောင်ယူနိုင်တယ်ဆိုပြီး အတော့်ကိုဘဝင်ကြွနေတဲ့ပုံစံပါပဲ။ ဦးကုမာရ သူ့ဘာသာ အကြံအဖန်လုပ်တာ၊ မလုပ်တာ၊ ခွင်ရိုတာ၊မရိုက်တာ ကျွန်တော်စိတ်မဝင်စားလှပါဘူး။ ဝါဝါ့ကိစ္စမှာတော့ ဦးကုမာရာ ငွေကြေးတစ်ပြားတစ်ချပ်မှ ရစရာအကြောင်းမရှိပါဘူး။ကျွန်တော့်စိတ်ထင်ပြောရရင် ရခိုင်ကလေးမလေး အသည်းအသန်ရောဂါဖြစ်ပြီး ဆေးရုံတင်ရတဲ့ကိစ္စမှာ ကျွန်တော်လို ဗမာကောင်တစ်ကောင်ဝင်ပြီးဆရာလုပ်တာကို သူမျက်စိဆံပင်မွေးစူးတယ် ထင်ပါရဲ့။ သူ့လို အထင်ကရ ဘုန်းတော်ကြီးတစ်ပါးရှိပါလျက် ကျွန်တော်လူတွင်ကျယ် လုပ်တာကိုကြည့်မရတာပါပဲ။ ထားပါလေ။ ကျွန်တော်အဓိကဦးတည်ချင်တာက ဝါဝါဆိုတဲ့ကလေးမလေးကိစ္စမှာ ဦးကုမာရဝင်နှောက်လို့ဖြစ်ရတဲ့နောက်ဆက်တွဲကိစ္စတွေဗျ”

“ကျွန်တော်နဲ့ ဦးကုမာရဖုန်းကတစ်ဆင့် အချေအတင်ဖြစ်ခဲ့ပေမယ့် ကျွန်တော့်စိတ်မှာ ဘာမှအကြီးအကျယ် စိတ်အနှောင့်အယှက်မဖြစ်ခဲ့ပါဘူး။ အေးလေ။ ကျွန်တော်လုပ်နေတာ ရခိုင်ကလေးမလေး ဝါဝါကိစ္စ။ ကျွန်တော်လုပ်သမျှ ကျွန်တော့်ဘေးမှာရှိတဲ့ ရခိုင်လူငယ်တွေအတော်များများ မြင်နေ၊ ကြားနေရတာပဲ။ ဦးကုမာရဖုန်းနဲ့လှမ်းဟောက်ရုံနဲ့ အမြီးကုပ်သွားမယ့် လူစာရင်းထဲမှာ ကျွန်တော်မပါပါဘူး။ ဒါပေမဲ့ ဦးကုမာရဟာ ရှေ့ဆက်ပြီးခြေတစ်လှမ်းတိုးပြန်ပါတယ်။အဲဒီခြေလှမ်းကတော့ ဝါဝါ့ကိုကံဆိုးမိုးမှောင်ကျစေမယ့် ရောမခြေလှမ်းမှားကြီးပါပဲ”

“နောက်နှစ်ရက်ကြာတော့ ကျွန်တော့်ဆီကို ဝါဝါ့အဖေ ကိုသန်းမောင်အရေးတကြီးဖုန်းဆက်လာတယ်။ ဝါဝါ့ကို ဝါချီလတ်ဆေးရုံပေါ်ကနေ ဖွတ်အတင်းမောင်းချလိုက်လို့ ကလွန်းကမ်းခြေဘက်ကသူတို့အလုပ်သမားတန်းလျားကိုပြန်ရောက်နေပြီတဲ့ဗျာ။ ကျွန်တော်လည်း ထိတ်ထိတ်ပျာပျာနဲ့ ဘယ်လိုဖြစ်တာတုံးကိုသန်းမောင်ရ။ ဝါဝါက ဆေးသွင်းပိုက်တွေတန်းလန်း၊ ခေါင်းမှာပတ်တီးတွေဗရပွနဲ့ ဘယ်လိုကြောင့် ဆေးရုံကနေဆင်းခိုင်းလိုက်ကြတာတုံးလို့မေးတော့ ဦးကုမာရကြောင့်တဲ့။ ကိုသန်းမောင်လေသံကို နားထောင်ရတာ ခေါင်းမီးတောက်နေတယ်လို့ ခန်းမှန်းနိုင်တာကြောင့် ဦးကုမာရ ဘာလုပ်သွားတယ်။ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ဆက်မမေးတော့ဘဲ ကျွန်တော့်ဘာသာဆက်သွယ်စုံစမ်းလိုက်တော့ ကျွန်တော်နဲ့စကားများပြီးနောက်နေ့မှာ ဦးကုမာရဟာ ဝါချီလတ်ဆေးရုံကိုကြွသွားပြီးဆေးရုံကတာဝန်ရှိပုဂ္ဂိုလ်တွေကို ကြိမ်းမောင်းခဲ့သတဲ့ဗျာ။ တကယ်တော့ ဦးကုမာရနဲ့ ဝါချီလတ်ဆေးရုံတာဝန်ရှိသူတွေဟာ နောက်ခံဇာတ်လမ်းတစ်ခုကြောင့် နှစ်ဖက် အကျိတ်အခဲရှိခဲ့သတဲ့ဗျာ။

ဖြစ်ပုံက လွန်ခဲ့တဲ့ ၂ နှစ်ဝန်းကျင် ကိုယ်ဝန်ပျက်ကျတဲ့ရခိုင်အမျိုးသမီးလူနာတစ်ယောက်ကိုဆေးရုံက လုံလောက်တဲ့ကုသမှုမပေးဘူးဆိုပြီး ကျန်းမာရေးဝန်ကြီးဌာနရုံးချုပ်ရှိရာ ဘန်ကောက်အထိ ဦးကုမာရကိုယ်တိုင်သွားပြီး တိုင်လားတောလားလုပ်ခဲ့တာကြောင့် ဝါချီလတ်ဆေးရုံတာဝန်ရှိသူတချို့ အစစ်ဆေးခံရ။ ရှင်းလင်းထုချေရတာတွေရှိခဲ့သတဲ့။

အခု ဝါဝါ့ကိစ္စမှာ ဦးကုမာရလည်း ဖြုန်းဆိုပေါ်လာရော နဂိုမကျေလည်မှုအခြေခံနဲ့ ဒီဘုန်းကြီးထပ်ဝင်ရှုပ်ရင် နောက်တစ်ခါပြဿနာရှင်းလှချည့်ရဲ့ ဆိုတဲ့အတွေးကြောင့် ဆေးရုံတာဝန်ရှိသူတွေက ဝါဝါ့ကို ဆေးရုံပေါ်ကဖွတ်မောင်းချလိုက်တာတဲ့ဗျာ။ ကျွန်တော်ဟာ ဆရာဝန်မဟုတ်ပေမယ့် ဦးခေါင်းခွဲစိတ်ကုသမှုခံထားရတဲ့ ကလေးတစ်ယောက်ဟာ ဆေးရုံမှာလုံလောက်တဲ့ အချိန်တစ်ခုအထိရှိ နေရမယ်ဆိုတာလောက်တော့ သိနေတာမို့တော်တော့ကို ပူပန်သွားခဲ့တာတော့ အမှန်ပဲဗျာ။ ခင်ဗျားဘာသာဆက်စဉ်းစားကြည့်ပေတော့ ကိုမင်းဒင်။ ဝါချီလတ်လို ခေတ်မီဆေးရုံကြီးပေါ်မှာခေတ်မီ စက်ကိရိယာတွေ၊ ဆေးသွင်းပိုက်တွေတန်းလန်း ကျွမ်းကျင်တဲ့သမားတော်တွေ၊ သူနာပြုတွေနာရီနဲ့အမျှကြပ်မတ်ကုသနေရတဲ့ဝါဝါဟာသူ့အဖေကိုသန်းမောင်ရဲ့ အလုပ်သမားတန်းလျားမှာ ဘယ်လိုလုပ်ရှေ့ခရီးဆက်ပါ့မတုံးဗျာ။

ဝါဝါ့ဘဝဇာတ်ကြောင်းမှာ နစ်မျောနေမိသော ကျွန်တော်သည် သူ့ဇာတ်လမ်း၌နေရာ အရောက်တွင် အသက်ရှူမမှန်သလိုဖြစ်လာ၏။ စိတ်မချမ်းမြေ့ဖွယ်ရာအကြောင်းအရာတို့ကို ဆက်၍နားထောင်ရန် ဝန်လေးသလိုလိုဖြစ်လာသည်။

“ကျွန်တော်စိုးရိမ်တာ မမှားခဲ့ပါဘူး။ ဝါဝါဆေးရုံက ဆင်းခဲ့ရပြီး သုံးရက်မြောက်ညဦးသန်းခေါင်ယံတစ်နာရီလောက်မှာ ကိုသန်းမောင်ဆီကနေဖုန်းဝင်လာပါတယ်။ ဆရာ၊ သမီးအသက်ရှူမမှန်တော့ဘူးတဲ့။ ဒီတော့ကျွန်တော်လည်း ကိုသန်းမောင် ကျွန်တော်ဘာလုပ်ပေးစေချင်သလဲ။ ဝါချီလတ်ကိုပြန်သွားလို့လည်း လက်ခံမယ်မထင်မိဘူးဆိုတော့ ကိုသန်းမောင်ဟာ ငိုသံပါကြီးနဲ့ ဆရာရောက်အောင်လာခဲ့ပါဆရာရယ်။ ကျွန်တော့်သမီးဆရာ့လက်ပေါ်မှာသေသွားရင်တောင် ကျွန်တော် ကျေနပ်ပါတယ်တဲ့။ ကျွန်တော်အိပ်ရာက ဝုန်းခနဲထပြီးကားကိုကိုယ်တိုင်မောင်းရင်းကလွန်း ကမ်းခြေက သန်းမောင်တို့ အလုပ်သမားတန်းလျားရှိရာကို ထွက်လာခဲ့ပါတော့တယ်။ ကျွန်တော်နေတဲ့ ရပ်ကွက်နဲ့ကိုသန်းမောင်တို့တန်းလျားရှိရာကလွန်းကမ်း ခြေဟာမိုင်နှစ်ဆယ်နီးပါး ဝေးပါတယ်။ မှတ်မှတ်ရရ ခုလိုမိုးရာသီ ကြီးပဲဗျာ။ကျွန်တော်အိမ်ကထွက်ပြီဟေ့ဆိုကတည်းကမိုးတွေကလည်း သည်းလိုက်တာကားရှေ့မီးကြီးထိုးထားတာတောင်ကတ္တရာလမ်းတွေကို သဲသဲကွဲကွဲမမြင်ရတဲ့အထိ”

**အချပ်ပို (A6) သို့**

7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ရေနောက်လို့မြက်ခြောက်မှာကိုစိုး

**မောင်သာချို**




**(တစ်)**

ရေကြည်ရာ မြက်နုရာဆိုသည့် ဆိုရိုးစကားအတိုင်း ကိုယ့်ရေကိုယ့်မြေထက် အသက်ရှင်နေထိုင်ရေးအတွက် ပိုလို့အဆင်ပြေချောမွေ့ဖြောင့်ဖြူးရာအရပ်ဒေသများစွာသို့မြန်မာတို့ပြောင်းရွှေ့နေထိုင်ဖို့ ကြိုးစားလာခဲ့သည်မှာ အနှစ် ၅၀ ကျော်လာခဲ့ပါပြီ။ ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာ သိမ်း၍ အပြီး စီးပွားရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ လူမှုအခွင့်အရေး၊ စာပေ အနုပညာ စသည်စသည် ဖြင့် ဘက်ပေါင်းစုံကကျဆင်း၍ လာသော မြန်မာနိုင်ငံ၌ လူနှင့်သူနှင့်တူစွာ အသက်ရှင်နိုင်ခွင့်ဆိုသည်က တစ်စတစ်စနှင့် ခက်ခဲလာလေရာ မြန်မာတို့ ကိုယ့်ရပ်ကိုယ့်ရွာကို စွန့်ခွာဖို့ စဉ်းစားလာကြသည်မှာ ဘာမှမဆန်းကြယ်လှပါ။

အစွမ်းထက်သူများက အင်္ဂလန်လို၊အမေရိကန်လို၊ဩစတြေးလျလိုနိုင်ငံများ၌ နေခွင့်ရဖို့ရာ ကြိုးပမ်းကြပြီး အမြောက်အမြားရောက်ရှိဖို့ကြိုးစားကြသည်က ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား စသည့်နိုင်ငံများ။ ပြည်ပရောက် မြန်မာများအကြား၌ သူ့အလိုလို တန်ဖိုးဖြတ်ထားသည့် သဘောတရားတစ်ခုရှိပါသည်။ ယင်းမှာ ဂျပန်နှင့်စင်ကာပူနိုင်ငံများသို့သွားရောက်နေထိုင် အလုပ်လုပ်သည့် လူငယ်များသည် ပညာ အခြေခံ မြင့်မားသူများဖြစ်ပြီး ထိုင်းနှင့် မလေးရှားသို့ရောက်ရှိသွားသူများကမူ ပညာအရည်အချင်းတစ်နည်းနည်းဖြင့် နိမ့်ကျသူများဖြစ်သည်ဟူသည့် ယေဘုယျသဘောတရားဖြစ်ပါသည်။

မြန်မာအများဆုံးရှိသည့် နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပါသည်။ ၂၀၁၀ ဝန်းကျင်က နယ်စပ်ဖြတ်ကျော်မှုခင်းဌာန ဒုတိယရဲမှူးကြီးရာလျှန်မုန်း ခန့်မှန်းထားခဲ့သည်မှာ ထိုင်းရောက်မြန်မာ ၂ ဒသမ ၄ သန်းဖြစ်ပါသည်။ ယခု ၂၀၁၄ တွင်ကား လေးသန်းဝန်းကျင်ဟု ခန့်မှန်းထားပါသည်။ လူအယောက်သိန်း ၄၀ ဟုပဲဆိုကြပါစို့ရဲ့။ တစ်ကမ္ဘာလုံးတွင် ပျံ့နှံ့နေသည့် မြန်မာနိုင်ငံသားတွေမည်မျှအထိ များပြားနေလေပြီလဲ မပြောတတ်။

ထိုင်းနိုင်ငံရောက် မြန်မာ တစ်ယောက်၏ဝင်ငွေက တစ်နေ့ဘတ် ၃၀၀ ပဲရှိပါသည်။ တစ်ဘတ်ကို မြန်မာငွေကျပ် ၃၀ နှင့်ထား၊ တစ်နေ့ဝင်ငွေ ၉,၀၀၀ ရှိပါသည်။ အချို့လုပ်ငန်းခွင်တွေမှာက ဘတ် ၃၀၀ အပြည့်မရ။ ဘတ် ၁၈၀၊ ဘတ် ၂၀၀၊ ဘတ် ၂၅၀ စသည်ဖြင့် အစိုးရသတ်မှတ်ထားသည့် တစ်နေ့တာ အနိမ့်ဆုံးလုပ်ခထက် လျှော့ပေးသည်များရှိပါသည်။ ထိုသို့ လျှော့ပေးရခြင်း၏ အကြောင်းပြချက်တစ်ခုက နေစရာပေးထား၍ဟူသော အခြေခံကိစ္စ။ ဘာပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံထက်စာလျှင် ထမင်းတော့ဝလင်အောင်စားရသားပဲဟူသည့်စိတ်ဖြင့် ဘတ် ၃၀၀ မရလည်း မြန်မာတို့ အောင့်အည်းသည်းခံကာ နေထိုင်လာခဲ့ကြသည်ပဲဖြစ်ပါသည်။

အခုတော့.. ထိုင်းမှာ မီးလောင်ပါပြီ။ နိုင်ငံရေးမီးခိုးလုံးကြီးတွေ အူလို့။

**(နှစ်)**

စစ်တပ်က အကြိမ်ကြိမ်အခါခါ အာဏာသိမ်းဖူးလေသည့် ထိုင်းနိုင်ငံတွင် ၁၉၃၂ ခုနှစ်မှစ၍ ရေတွက်သော် ယခုသည် (၁၉) ကြိမ်မြောက်အာဏာသိမ်းမှုဖြစ်ပါသည်။

၂၀၁၄ မေလ ၂၀ ရက်တွင် မာရှယ်လောထုတ်ပြန်ကာ ညနေ ၁၀ နာရီမှ နံနက် ၅ နာရီအတွင်း အသွားအလာမရှိစေရကြေညာခဲ့ပြီး နောက်တစ်နေ့ မေလ ၂၂ ရက်တွင် အာဏာသိမ်းကြောင်း ထုတ်ပြန်ကြေညာလိုက်ခြင်း ဖြစ်သည်။ အာဏာသိမ်းခေါင်းဆောင်က ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာ။ ရွေးကောက်ပွဲကို နောက်တစ်နှစ်အတွင်း မလုပ်ပေးနိုင်ကြောင်းကိုလည်း ကြေညာလိုက်ပါပြီ။

၂၀၀၆ ခုနှစ်တုန်းဆီက သက်ဆင်ရှင်နာဝပ် ကုလသမဂ္ဂအစည်းအဝေးသွားရောက်တက်နေစဉ် စစ်တပ်က အာဏာသိမ်းခဲ့သည်မှစကာ ထိုင်းကလှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေခဲ့ခြင်းဖြစ်ပါသည်။

လယ်သမား၊ အလုပ်သမားဆင်းရဲသားများစွာတို့က သက်ဆင်ကို ထောက်ခံသူများဖြစ်ပြီး ရှပ်နီဝတ်များဟု ထင်ရှားသည်။ လူလတ်တန်းစားများ၊ တောင်ပိုင်းသားများ၊ ဘန်ကောက်နေ လူ့အထက်တန်းလွှာများက သက်ဆင်ကို အလိုမရှိ။ သူတို့က ရှပ်ဝါဝတ်များ။ ထိုရှပ်နီ၊ ရှပ်ဝါတို့အပြန်အလှန်ဆန္ဒပြကြရာက စစ်တပ်က အာဏာသိမ်းပြီး သက်ဆင်လည်းပြည်ပြေးဘဝရောက်ခဲ့ရခြင်းဖြစ်ပါသည်။

ထို့နောက် ဝန်ကြီးချုပ် အဘီဆစ်ဝှဲချာချီဝတက်လာပြီးနောက် ၂၀၁၁ ရွေးကောက်ပွဲအပြီးတွင် သက်ဆင်ရှင်နာဝပ်၏ ညီမယင်လပ်ရှင်နာဝပ်က ဝန်ကြီးချုပ် ဖြစ်လာပြန်ခဲ့ပါလေသည်။

ယင်လပ်က ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၁ တွင် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကြမ်းကို ထုတ်ပြန်ခဲ့ရာ ယင်းဥပဒေသည် ပြည်ပြေးသက်ဆင်ကို ပြန်လာခွင့်ရအောင်လုပ်ခြင်းဖြစ်သည်ဟု ယူဆရာက အပြန်အလှန်ဆန္ဒပြကြ၊ ပစ်ကြခတ်ကြနှင့် နေ့တထိတ်ထိတ် ညတထိတ်ထိတ်နေလာခဲ့ကြရင်း ခုနစ်လအကြာ ၂၀၁၄ မေလ ၇ ရက်မှာတော့ ယင်လပ်နှင့် ဝန်ကြီးများစွာကို နေရာမှ ဖယ်ရှားပစ်လိုက်ပါသည်။ ယာယီဝန်ကြီးချုပ်တစ်ယောက်ကိုလည်း ခန့်အပ်လိုက်ပါသေးသည်။

သို့သော် ပြဿနာကမပြီး။ ယာယီဝန်ကြီးချုပ် နိဝတ်တုမရွမ်ဘွန်ဆောင်ပေဆန်ကိုပါ ကန့်ကွက်ကြ၊ ထောက်ခံကြနှင့် ဆန္ဒပြ၍မဆုံးဖြစ်နေကြရာက မေလ ၂၂ ရက်တွင် အာဏာသိမ်းသည့်လမ်းသို့ ရောက်သွားခဲ့ခြင်းဖြစ်ပါသည်။

ထိုင်းမှာ မီးလောင်ပါပြီ။

**(သုံး)**

ထိုင်းမီးလောင်သောအခါ မြန်မာတွေကို ပူရပါသည်။

ထိုင်းရှိ မြန်မာလုပ်သားအများစုမှာ တရားမဝင်အလုပ်သမားတွေ ဖြစ်ပါသည်။ နည်းလမ်းအမျိုးမျိုးဖြင့် ခိုးဝင်လာကြသူတွေကများပါသည်။

"ကျွန်တော်က.. ကော့သောင်းကနေဝင်တာဆရာ.. ရနောင်းလမ်းပေါ့။ အာဆရာကလည်း.. လူဝင်မှုကြီးကြပ်ရေးတွေ၊ ဘာတွေကိုဖြတ်ပြီး ဝင်တာဘယ်ဟုတ်မလဲ။ သူတို့ကိုရှောင်ပြီး လွတ်တဲ့ဆိပ်ကမ်းကိုခိုးကပ်..ကားလမ်းပေါ်တက်.. အသင့်စောင့်နေတဲ့ ကားပေါ်ပုန်းပြီးတော့ လိုက်.. ကိုယ့်လိုလူတွေအများကြီးပေါ့.. ဟိုဘက်သည်ဘက်ပွဲစားချင်းချိတ်ပြီး လုပ်ကြရတာ.. လမ်းက အတားအဆီးအစစ်အဆေးအားလုံး.. ကြိုရှင်းထားပြီးသား"

လူငယ်တစ်ယောက်က သည်သို့ရှင်းဖွင့်ပါသည်။ သူ့လိုပဲ တာချီလိတ်က၊ မြဝတီက၊ ဘုရားသုံးဆူက ပွဲစားကိုငွေပေးပြီး အစစ်အဆေးကို ကျော်လွှားကာ ထိုင်းသို့ခိုးဝင်အလုပ်လုပ်ကြသူတွေက ထိုင်းနိုင်ငံအနှံ့အပြားသို့ ရောက်ကုန်ကြခြင်းဖြစ်ပါသည်။

"ဆိုင်ကယ်စီးလို့ ဦးထုပ်မပါရင် ထိုင်းဆို ဘတ် ၃၀၀၊ ဗမာဆို ဘတ် ၁,၀၀၀ ခံရတာပဲဆရာရဲ့"

လူငယ်တစ်ယောက်က ဥပဒေအရမညီမျှပုံကို ရင်ဖွင့်ခြင်းဖြစ်ပါသည်။

မြန်မာအများစုက စားပွဲထိုး၊ အိမ်ဖော်၊ အချက်အပြုတ်၊ သန့်ရှင်းရေး၊ စိုက်ပျိုးရေး၊ ငါးဖမ်းစက်လှေ စသည့်လုပ်ငန်းခွင်များထဲ၌ လုပ်ကိုင်ကြရခြင်းဖြစ်ရာ ငါးဖမ်းစက်လှေလို လုပ်ငန်းခွင်များထဲ၌ မြန်မာတွေ၏ဘဝ မရေရာပုံတွေကိုလည်း တစ်ယောက်က နာကြည်းစွာ ဆိုပါသည်။

"တချို့ပျောက်ပျောက်သွားတယ်ဆရာ.. ပင်လယ်ပြင်မှာ နေမကောင်းလို့ ရောဂါပြင်းထန်လာတယ်နော်။ မကုတော့ဘူးဆရာ.. ရေထဲချပြီး ငါးစာကျွေးပစ်လိုက်တာပါပဲ.. ရန်တွေ၊ ဘာတွေဖြစ်လို့ကတော့ ရေထဲရောက်ဖို့သာပြင်ပေတော့.. ဘယ်သူ့ကိုတိုင်မလဲ.. ဘယ်လိုတိုင်မလဲ၊ ဘယ်သူက သက်သေလိုက်မလဲ၊ အမှိုက်တစ်စလွှင့်ပစ်လိုက်သလိုပါပဲ ဆရာရယ်.. သိသိကြီးနဲ့ သည်လိုပဲနေလိုက်ကြရတာပါပဲ"

ရခဲလှသည့် ဒုလ္လဘတရားတစ်ခုလို ထိုင်းနိုင်ငံတွင်း ခိုးဝင်ရောက်ရှိနေသူများကို ပြည်တွင်းသုံး passport ကလေးများလုပ်ပေးသည့်အခါနှင့်ကြုံသဖြင့် ကိုင်ဆောင်ထားနိုင်သူများလည်းထိုင်း၌ ရှိပါသည်။

"ထိုင်းရဲက အဲသည့် passport ပြရင်လည်း စိတ်မထင်ရင်၊ ဆွဲဖြစ်ရင် ဆွဲဖြစ်တာဗျ"

သူတစ်ပါး၏လက်ခုပ်ထဲက ရေအနေအထားကို ခံပြင်းသူ လူငယ်၏ စကားလုံးတွေပဲဖြစ်ပါသည်။ တရားမဝင်ရောက်ရှိကာ အလုပ်လုပ်နေကြရသူများပေမို့ မြန်မာများသည် သူတို့၏ ထမင်းအိုးကြီးပဲဖြစ်လေရာ ထိုင်းရဲက တစ်ရက်ဘတ် ၁၀၀၊ တစ်လဘတ် ၃,၀၀၀ ကောက်ပါသည်။ မည်သူမှပြေးမလွတ်။ ဘယ်ဆိုင်မှာ ဘယ်သူစာရင်းရှိပြီးသား။ ဆောက်လုပ်ရေးလုပ်ငန်းခွင်လိုနေရာများ၌မူ ရဲနှင့်မတိုးအောင် မည်သူမျှ လုပ်ငန်းခွင်အပြင်သို့မထွက်ရ။ မထွက်ကြ။ ကွမ်းယာ၊ ဆေးလိပ်၊ မုန့်ပဲသရေစာခိုးကြောင်ခိုးဝှက်ထွက်ဝယ်ရင်းမိခဲ့သော်တောင်းသရွေ့ပေးပေတော့။ ဒါမှမဟုတ် အချုပ်ထဲလိုက်သွား။

**(လေး)**

အခု ထိုင်းနိုင်ငံက စစ်ဖိနပ်၏အောက်သို့ရောက်ရှိ၍ သွားပါပြီ။ သည့်မတိုင်ခင်ကတည်းက "နိုင်ငံရေးအခြေအနေမကောင်းလို့လုပ်ငန်းကိုင်ငန်းတွေမဟန်ဘူးဆရာ.. အခြေအနေကောင်းရင် မြန်မာနိုင်ငံပြန်လာချင်ပြီ"ဟုဆိုသူလူငယ်တွေ အခု သူတို့ထင်သည်ထက် ဆိုးရွားသွားခဲ့ပြီ။

အသက်ရှင်နေထိုင်ဖို့ ပိုလို့များကျဉ်းကျပ်ခက်ခဲသွားကြလေပြီလား။ ရေကြည်ရာ မြက်နုရာကနေ ရေနောက်ပြီး မြက်ခြောက်တဲ့ အရပ်များဖြစ်သွားလေပြီလား။ စစ်ဖိနပ်က ဘုရင့်နိုင်ငံတော်ကို နင်းထားခဲ့ပြီမဟုတ်လား။ ။


7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုး၊ ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဖွဲ့မာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငူလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဒ္ဓိ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
**Hotline : 0973032006**

# ဆိုးကျိုးကိုသယ်ဆောင်သူဟာ ဖိနှိပ်မှုပါ

**ဇော်မင်း**




ကနေ့မြန်မာ့နိုင်ငံရေးအခြေအနေကိုကြည့်ရတာ အားတက်ဖွယ်မရှိပါ။ အားရဖွယ်လည်း မကောင်းပါ။ ဒီမိုကရေစီဆိုတာ လူကြားကောင်းအောင် ပြောဆိုအသုံးချတဲ့အဆင့်မှာသာရှိနေတာလည်း မြင်ရပါတယ်။ အခြေခံဥပဒေပြင်ဆင်ရေးကိစ္စနဲ့ပတ်သက်တာတွေကတော့ ကနေ့အတွေ့ရအများဆုံးလှုပ်ရှားမှုတွေပါ။ ဒါပေမဲ့ အာဏာရအစိုးရနဲ့ သူ့ရဲ့ပါတီကတော့ အခြေခံဥပဒေပြင်ဆင်ရေးအတွက် စိတ်ဝင်စားပုံမပေါ်ပါ။ မပေါ်တဲ့အပြင် အခြေခံဥပဒေပြင်ဆင်ရေးကို ပြန်ပြီးကန့်ကွက်နေတာတွေလည်း မြင်နေရပါတယ်။

ဒီအခြေခံဥပဒေကို လူထုကြီးရဲ့ ၉၂ ရာခိုင်နှုန်းကျော်ထောက်ခံမဲနဲ့ အတည်ပြုခဲ့တယ်လို့ အာဏာပိုင်များက ဆိုပါတယ်။ ဒါပေမဲ့ လူထုကြီးက သောင်းသောင်းဖြဖြ မဲပေးထောက်ခံခဲ့တယ်ဆိုတာနဲ့ ပတ်သက်လို့ ခိုင်ခိုင်လုံလုံသက်သေမပြနိုင်ပါ။ နာဂစ်မုန်တိုင်းအပြီး ဖွတ်အတင်းအတည်ပြုပြဋ္ဌာန်းခဲ့လို့ နာဂစ်ဖွဲ့စည်းပုံလို့တောင် နာမည်ကျော်နေရတာမဟုတ်လား။ ဒီနာဂစ်ဖွဲ့စည်းပုံကို တောင်ပေါ်မြေပြန့် မြန်မာနိုင်ငံသား တိုင်းရင်းသားလူမျိုးစုံအားလုံးက မနှစ်သက်ပါ။ နာဂစ်ဖွဲ့စည်းပုံအတိုင်းဆိုရင် လူတိုင်းစစ်ထဲဝင်ထားမှ နောင်နိုင်ငံရေးထဲပါဖို့ စိတ်ချရမလိုလည်းဖြစ်နေပါတယ်။ စစ်တပ်ကို အသားပေးထားတဲ့ ဖွဲ့စည်းပုံဖြစ်နေတာကိုး။

ရပ်ကျေးအဆင့်ကနေ ထိပ်ဆုံးအထိ အာဏာယူထားတာလည်း ဒီအုပ်စု၊ ငွေကြေးခနတောင့်တင်းတာလည်း ဒီအုပ်စု၊ လက်နက်ကိုင်တပ်မတော်ကြီးကို ပိုင်ဆိုင်ထားတာကလည်း ဒီအုပ်စု၊ မြေယာတွေကို သိမ်းယူထားတာလည်း ဒီအုပ်စု၊ စီးပွားရေးကုမ္ပဏီပေါင်းစုံကို ပိုင်ဆိုင်နေတာလည်း ဒီအုပ်စု၊ ဖိနှိပ်တဲ့ဥပဒေမျိုးစုံကို ဆက်အသုံးချနေတာလည်း ဒီအုပ်စု၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်ချင်တာလည်း ဒီအုပ်စုပါပဲ။ ပြည်သူတွေ နိုင်ငံသားတွေဟာ ဒီအုပ်စုအုပ်ချုပ်မှုအောက်မှာ ဆင်းဆင်းရဲရဲ နေထိုင်နေရတာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပါပြီ။ နိုင်ငံတစ်ခုလုံးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနိမ့်ကျခဲ့ရတာလည်း ဒီအုပ်စုရဲ့ မှားယွင်းတဲ့ တစ်ဖက်သတ်လုပ်ရပ်တွေကြောင့်ပါ။

နိုင်ငံသားတွေဟာ နိုင်ငံတော်တွင်းမှာတည်ရှိနေတဲ့ သယံဇာတအပေါ်ကနေ ဘာအကျိုးအမြတ်မှ မရရှိခဲ့ပါ။ အုပ်စိုးသူများက ဘာတစ်ခုကိုမှ ပြည်သူတွေအကြား မျှဝေခံစားဖို့ လုပ်ဆောင်ခဲ့ခြင်းလည်း မရှိခဲ့ပါ။ ဖားလာသိမ်း၊ ငါးလာသိမ်း ရှိသမျှသောခံစားခွင့်တွေ အကျိုးအမြတ်တွေကို သူတို့အိတ်ထဲကိုသာ ထည့်ခဲ့တာပါ။ နှစ်ပေါင်းများစွာ ဒီလောက်ချမ်းသာ၊ ဒီလောက်အာဏာကို ရယူထားသူတွေဟာ အခြေခံဥပဒေထဲက တချို့အချက်တွေကို ပြင်ဆင်ဖို့ ဘာကြောင့်ငြင်းဆန်နေကြတာလဲ။ ရှင်းပါတယ်။ အာဏာနဲ့ ချမ်းသာကြွယ်ဝမှုကို ဆက်ထိန်းထားချင်လို့ပါ။ အခြေခံဥပဒေပြင်ဆင်ဖို့ ပြည်သူတွေ၊ နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးက တောင်းဆိုနေတာကို မျက်ကွယ်ပြုနေပါတယ်။

တစ်ချိန်တည်းမှာတော့ အခြေခံဥပဒေပြင်ဆင်ဖို့ တောင်းဆိုနေတာကို တန်ပြန်ဖို့မျိုးစောင့်ဥပဒေကိစ္စကို စင်ပေါ်တင်လာပါတယ်။ အမျိုး၊ ဘာသာ၊ သာသနာဆိုတာကို ဒိုင်းသဖွယ်အကာအကွယ်ယူပြီး ဆောင်ရွက်လာပါတယ်။ နိုင်ငံတော်တစ်ခုဟာ နိုင်ငံတော်တစ်ခုပီသစွာ ဘက်စုံတောင့်တင်းခိုင်မာမှ အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်ဖို့ဆိုပြီး ဥပဒေထုတ်ပြန်တာ တစ်ခုတည်းနဲ့ ဆင်းရဲတဲ့နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်လာအောင် မဖန်တီးနိုင်ပါ။ မျိုးစောင့်ဥပဒေကို အတည်ပြုနိုင်တာနဲ့ လူတွေအလိုလိုပညာတတ်မလာပါ။ အလိုလိုဝင်ငွေကောင်းလာမယ်မဟုတ်ပါ။ ဆင်းရဲနွမ်းပါးမှုလည်း လျှော့ချသွားမှာမဟုတ်ပါ။ ဘယ်လိုဥပဒေထုတ်ထုတ် ဆင်းရဲနွမ်းပါးတဲ့ တိုင်းပြည်တစ်ပြည်သာ ဆင်းရဲလွန်းတာကြောင့် အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်နိုင်စွမ်းမရှိပါ။ ကိုယ်ခံအားနည်းနေတဲ့ ဖျားနာနေတဲ့လူတစ်ဦးဟာအုန်းပွဲ၊ ငှက်ပျောပွဲတွေကို နတ်တင်ပသလိုက်ရုံနဲ့ ရောဂါဘယဒဏ်ကို ကာကွယ်နိုင်စွမ်းမရှိတာမျိုးနဲ့ တူပါတယ်။

လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ တောင်းဆိုနေတာဟာ တစ်ဖက်သတ်သိမ်းယူထားတဲ့ အာဏာကို ပြည်သူတွေဆီ ပြန်လည်မျှဝေဖို့ ဖြစ်တယ်ဆိုတာ အာဏာရအစိုးရ နားလည်ဖို့လိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ တောင်းဆိုတာဟာ အနာဂတ်တိုင်းပြည် စီးပွားရေးတိုးတက်လာဖို့ လမ်းစဖြစ်တယ်ဆိုတာကိုလည်း အာဏာရအစိုးရနားလည်ဖို့ လိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ တောင်းဆိုတာဟာ တိုင်းရင်းသားလူမျိုးများအကြား မညီမမျှဖြစ်နေတာတွေကို တန်းတူရည်တူဖြစ်လာအောင် လမ်းစဖော်ခြင်းဖြစ်တယ်လို့ အာဏာရအစိုးရနားလည်ဖို့လိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့တောင်းဆိုနေတာဟာ မျိုးဆက်သစ်မြန်မာနိုင်ငံသား လူငယ်လူရွယ်တွေ နောင်အနာဂတ်မှာ ဒီထက်တိုးတက်ဖွံ့ဖြိုးလာဖို့ဆိုတာကို နားလည်ဖို့ လိုပါတယ်။

အခုမြန်မာပြည်ရင်ဆိုင်နေရတဲ့ ပြဿနာတွေဟာ ချမ်းသာကြွယ်ဝမှုမညီမျှခြင်း၊ အာဏာယူပုံယူနည်းမတရားခြင်း၊ မမျှတခြင်းဆိုတာတွေအပေါ်မှာ အခြေခံနေပါတယ်။ အာဏာခွဲဝေပုံ မညီမျှမှုနဲ့ အာဏာကိုလိုသလို အသုံးချခြင်းဟာ နိုင်ငံအတွင်းမှာ နောက်ထပ်အမျိုးစုံလှတဲ့ မညီမျှခြင်းတွေကို ထပ်မံဖန်တီးပါတယ်။ မညီမျှခြင်းတွေကို ခံစားရတဲ့နိုင်ငံသားတွေဟာ အောက်တန်း၊ နောက်တန်းကိုရောက်သွားရပါတယ်။ တိုးတက်လာဖို့ဆိုတာ ဝေလာဝေးပါ။ အရာရာမှာ အောက်တန်း၊ နောက်တန်းရောက်နေတဲ့ နိုင်ငံသားတွေဟာ တိုင်းပြည်တစ်ခုလုံး တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ဖို့ဆိုတာမဖြစ်နိုင်တော့ပါ။ အလားတူပါပဲ ချမ်းသာကြွယ်ဝနေတဲ့ လူနည်းစုတစ်စုနဲ့လည်း တိုင်းပြည်တိုးတက်ဖွံ့ဖြိုးအောင် မဆောင်ရွက်နိုင်ပါ။

**စာမျက်နှာ(၃၂) သို့**

Business
7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ဘဏ်များအကြား ငွေကြေးရောင်းဝယ်မှု သုံးဆခန့်မြင့်တက်



*အမေရိကန်ဒေါ်လာများကိုရေတွက်နေစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၁**

ဘဏ်များအကြား နိုင်ငံခြားငွေဈေးကွက်တွင် ငွေကြေးရောင်းဝယ်မှု သုံးဆခန့်မြင့်တက်လာသော်လည်း ဗဟိုဘဏ်၏လေလံဈေးကွက်ပိတ်သိမ်းရန် စီစဉ်နိုင်ခြင်းမရှိသေးကြောင်း ဗဟိုဘဏ်မှ သတင်းရရှိသည်။

Interbank Foreign Market တွင် နိုင်ငံခြားငွေရောင်းဝယ်မှုသည် ယခင်က ဒေါ်လာလေးသန်းခန့်သာအများဆုံးရှိသော်လည်း ယခုနောက်ပိုင်းတွင် ဒေါ်လာ ၁၀ သန်းကျော်ထိ လည်ပတ်ရောင်းဝယ်မှုများ ရှိလာပြီဖြစ်ကြောင်းသိရသည်။

"အခုက အရောင်းအဝယ်လုပ်တာတော့ များလာပြီ။ ကျွမ်းကျင်မှု နည်းနေသေးတဲ့အတွက် ဗဟိုဘဏ်လေလံဈေးကွက်က ဆက်ထားဦးမှာပါ။ ကျွမ်းကျင်စွာရောင်းဝယ်နိုင်တော့မှ ပိတ်မယ်ဆိုတော့ ဘယ်တော့ပိတ်မယ်ဆိုတာကို မစီစဉ်နိုင်သေးဘူး"ဟု ဗဟိုဘဏ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဘဏ်များအကြား နိုင်ငံခြားငွေဈေးကွက်(Interbank Forei–gn Market)ကို ဩဂုတ် ၅ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီးဘဏ်များအနေဖြင့် ယင်းဈေးကွက်ကို ကောင်းမွန်စွာအသုံးပြုနိုင်ချိန်တွင် ဗဟိုဘဏ်ဈေးကွက်ကိုရပ်သိမ်းသွားမည်ဖြစ်သည်ဟု ဆိုသည်။ ထိုဈေးကွက်ပြုလုပ်လိုက်ပါက နိုင်ငံခြားငွေဈေးနှုန်းကိုလွှမ်းမိုးနေသော ပြင်ပဈေးကွက်ပေါ်တွင် ဈေးနှုန်းမူတည်နေခြင်းမရှိနိုင်ဘဲ ဘဏ်များ၏ ဈေးနှုန်းသည်လည်း အတည်ဖြစ်လာပြီးဈေးကွက်တည်ငြိမ်မှုပိုရလာမည်ဖြစ်ကြောင်း ဗဟိုဘဏ်တာဝန်ရှိသူကပြောသည်။

နိုင်ငံခြားငွေဈေးကွက်တွင် ရောင်းဝယ်မှုများနေသည့်တိုင် ဗဟိုဘဏ်ကလည်း ဈေးကွက်တွင်းသို့ နေ့စဉ်ကန်ဒေါ်လာငါးသန်းခန့်ထုတ်ရောင်းပေးနေရဆဲဖြစ်သည်။

ဗဟိုဘဏ်လေလံဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သည့်ငွေကြေး ယခင်ကဲ့သို့ ဗဟိုဘဏ်တွင် ငွေသားများထုတ်၍ ရှင်းလင်းပေးခြင်းမရှိတော့ဘဲ ဗဟိုဘဏ်မှ နိုင်ငံတကာတွင်အပ်နှံထားသော ဘဏ်များ၏အကောင့်များမှ တိုက်ရိုက်ငွေပေးချေခြင်းစနစ်ကိုလည်း စတင်လိုက်ပြီဖြစ်သည်။ ဇွန် ၁ ရက်တွင် နိုင်ငံခြားငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ရောင်းဈေး ၉၈၀ကျပ်နှင့် ဝယ်ဈေး ၉၇၀ကျပ်ဖြင့်ရောင်းဝယ်မှုပြုလုပ်နေကြခြင်းဖြစ်သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၄ | ၉၆၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၄ | ၇၇၄ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၀၄ | ၁၃၂၂ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၇ | ၂၉. ၈၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၃ | ၁၅၅ | ကျပ် |

၂၀၁၄ မေ ၃၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၅၉၆၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၃၃၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၁.၇၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၄၇၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၈.၁၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၅၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၂၀.၃၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၁၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၈၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၆၅၇.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၃၅.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃.၈၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၂၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၀၇၃၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၇၅၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၀၈၄၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၄.၉၁၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၅ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၅၀.၅၀ |
| ရေနံစိမ်း | စည် | ၁၀၉.၅၄ |
| ငွေ | အောင်စ | ၁၈.၇၅ |
| ကြေးနီ | ပေါင် | ၃.၁၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၅၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ မေ ၃၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# မြန်မာ့ဆန်အရှေ့

**ပြည်သိမ်း**

ဆိပ်ကမ်းနှင့်အရည်အသွေး အားနည်းချက်ကြောင့် မြန်မာ့ဆန်သည် အာဖရိကသွားနေရာမှ တရုတ်သို့လမ်းကြောင်းပြောင်းလဲလာခဲ့သည်မှာ ၂ နှစ်ကျော်ကာလသို့ရောက်လာပြီဟု မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကုန်သည်များက ပြောကြားလာသည်။

အာဖရိကသို့မြန်မာ့ဆန်ကို အလုံးအရင်းဖြင့် ငါးနှစ်ခန့်တင်ပို့ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံမှ ကြားဖြတ်ဝင်ရောက်သွားခြင်း တရုတ်နိုင်ငံသို့ နယ်စပ်မှ အလွယ်တကူတင်ပို့နိုင်ခြင်း၊ ကမ္ဘာ့ဆန်ဈေးနှုန်းများကျဆင်းလာခြင်းစသည်တို့ကြောင့် မြန်မာ့ဆန်ဈေးကွက်၏ လက်ရှိဦးတည်ရာမှာတရုတ်ဈေးကွက်ဖြစ်လာသည်။

"ကုန်သွယ်မှုကဘယ်ကိုပဲသွားသွား ကြိုဆိုရမှာပဲ။ ဒါပေမဲ့ ရေရှည်အတွက်တော့ စဉ်းစားဖို့လိုတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင်က ပြောကြားသည်။

တရုတ်နိုင်ငံသည် မြန်မာ့ဆန်ကို ဝယ်ယူရာတွင် တရားဝင်ဝယ်ယူခြင်းမျိုးမဟုတ်ဘဲ မှောင်ခိုစနစ်ဖြင့်သာဝယ်ယူနေသည်။ ယူနန်ပြည်နယ်၏ များပြားလှသည့်လူဦးရေကြောင့် တစ်နှစ်လျှင် မြန်မာ့ဆန်တန်ချိန်ရှစ်သိန်းနီးပါး ဝယ်ယူနေသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့ပင် ဗီယက်နမ်နယ်စပ်မှလည်းဆန်ကိုတရားမဝင်ဝယ်ယူသည်။ ဗီယက်နမ်နယ်စပ်တွင် ပြဿနာများဖြစ်ခြင်း၊ ဗီယက်နမ်နိုင်ငံတွင် တရုတ်လူမျိုးများပဋိပက္ခတို့ကြောင့် နယ်စပ်ကုန်သွယ်ရေးပိတ်ချိန်များတွင် မြန်မာ့ဆန်ကို ယခင်ထက်နှစ်ဆဈေးပိုပေးပြီး ဝယ်ယူခြင်းဖြစ်သည်။

ယူနန်ပြည်နယ်သည် တစ်ရက်လျှင် နေ့စဉ်ဆန်တန်ချိန် ငါးထောင်ခန့်တင်သွင်းနေသည်။

"ပြည်ပဆန်ဈေးကွက်ကပုံသဏ္ဌာန်မမှန်ဘူး။ မြန်မာဘက်က တရားဝင်ခွင့်ပြုပေမယ့် တရုတ်က တရားဝင်မပေးဘူး"ဟု မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူးဒေါက်တာစိုးထွန်းကပြောကြားသည်။

မြန်မာနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှုသည် ၂၀၁၃ ခုနှစ်မှစတင်၍ ပင်လယ်ရေကြောင်းမှအာဖရိကအပါအဝင် အခြားနိုင်ငံများသို့တင်ပို့မှုမှာ သိသာစွာကျဆင်းလာသည်။ ၂၀၁၃–၁၄ ဘဏ္ဍာနှစ်တွင်ပြည်ပသို့ဆန်တင်ပို့မှုမှာ တရုတ်နိုင်ငံသို့နယ်စပ်ကုန်သွယ်ရေးဖြင့် တရားမဝင်၊ တရားဝင်နှစ်ခုပေါင်းတန်ချိန် တစ်သန်းနီးပါးရှိပြီး ပင်လယ်ရေကြောင်းမှ တန်ချိန်နှစ်သိန်းကျော်သာတင်ပို့နိုင်သည်။ ယခုနှစ်မှာလည်းနယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နေ့စဉ်ပျမ်းမျှတန်ချိန်တစ်ထောင့်ငါးရာမှ နှစ်ထောင်ကြား (တစ်လတန်တစ်သောင်း)တင်ပို့နိုင်သော်လည်း ပင်လယ်ရေကြောင်းမှတစ်ဆင့် တန်တစ်သောင်းကျော်တင်ပို့နိုင်ခြင်းမရှိကြောင်း ဆန်ကုန်သည်များထံမှ စုံစမ်းသိရသည်။

"ကမ္ဘာ့ဆန်ဈေးကလည်းကျတယ်။ ထိုင်းကလည်း ဈေးလျှော့ရောင်းနေတော့ ပြည်တွင်းဈေးနဲ့မပို့နိုင်ဘူး"ဟု ပြည်ပသို့တင်ပို့နေသော ဆန်ကုန်သည်ဦးမျိုးသူရအေးကဆိုသည်။

ပင်လယ်ရေကြောင်းမှ တင်ပို့မှုလျော့ကျရခြင်းမှာ ဆိပ်ကမ်းနှင့်ပတ်သက်၍ ဝန်ဆောင်မှုများအားနည်းခြင်း၊ ကုန်တင်ကုန်ချဈေးကြီးခြင်းစသည်တို့ကြောင့် မြန်မာနိုင်ငံမှ ဆန်ဝယ်ယူရန်နောက်ဆုံးမှစဉ်းစားကြသည်။ ထို့အပြင် မြန်မာနိုင်ငံမှဆန်အရည်အသွေးမှာလည်း အာမခံနိုင်ရန်လိုအပ်နေသည်။

၂၀၁၂ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ တစ်နှစ်ပတ်လုံးဆန်တန်ချိန်ငါးသိန်းဝယ်ယူရန်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး ပထမအသုတ်အနေဖြင့် တန်ချိန် ၅၀၀၀ ဝယ်ယူသည်။ ယင်းဆန်တင်ပို့ရာတွင် တန်ချိန် ၇၀၀ ခန့်မှာ အရည်အသွေးမကောင်းသောဆန်များပါဝင်ခဲ့သဖြင့် ဆက်လက်ဝယ်ယူခြင်းမရှိတော့ပေ။

ထို့ကြောင့် အရည်အသွေးထိန်းသိမ်းပြီး ကောင်းမွန်သောဆန်များထုတ်လုပ်နိုင်ရန် ၂၀၀၉–၁၀မှလုပ်ဆောင်ခဲ့သော်လည်း ယနေ့အချိန်ထိ လိုအပ်ချက်များစွာရှိနေသည်။ လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် လုပ်ကိုင်၍မရဘဲ စိုက်ပျိုးထုတ်လုပ်သည့်လယ်သမားမှစတင်ကာ ကြိတ်ခွဲမှုအပိုင်း၊ ထုပ်ပိုးမှုအပိုင်း စသည်တို့ကိုပါ စနစ်တကျလုပ်ကိုင်ရန်လိုအပ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်က ပြောကြားသည်။

လက်ရှိကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းကျဆင်းချိန်၌ မြန်မာ့ဆန်ကို ဈေးကွက်တွင်ဝင်ရောက်ယှဉ်ပြိုင်ရန် နောက်ဆုံးဝယ်လက်ကိုရှာဖွေရောင်းချနိုင်ရန် လိုအပ်ကြောင်း ဦးရဲမင်းအောင်က ပြောကြားသည်။ မိမိအမှတ်တံဆိပ်ကို ကမ္ဘာ့စားသုံးသူများထံ ရောက်အောင်ထိုးဖောက်ရန် လိုအပ်သည်။

"ကုန်သည်ပွဲစားတွေပဲရောင်းနေရင် ရေရှည်မှာခက်ခဲလိမ့်မယ်"ဟုအထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

ဥရောပသမဂ္ဂမှ အခွန်အထူးသက်သာခွင့်ကို မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်တွင် ပေးပြီးနောက် ဥရောပဈေးကွက်သို့ မြန်မာ့ဆန်တင်ပို့မှုမှာ တန်ချိန်လေးငါးသောင်းခန့်ရှိနေသည်။

မြန်မာနိုင်ငံတွင် ဆန်ထုတ်လုပ်မှုမှာ တစ်နှစ်လျှင် ဆန်တန်ချိန် ၁၂ သန်းခွဲရှိပြီး ပြည်တွင်းစားသုံးမှုမှာ ၁၁ သန်းနီးပါးရှိသည်။ မြန်မာနိုင်ငံတွင် လယ်ယာမြေဧက သန်း ၃၀ ကျော်ရှိပြီး လယ်တစ်ဧကလျှင် စပါးပျမ်းမျှတင်း ၆၀ ခန့်ထွက်သည်။ နှစ်စဉ်စပါးတန်ချိန် သန်း ၃၀ခန့်ထွက်ရှိသည်။

ယင်းကြောင့် မြန်မာ့ဆန်ကို ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် တစ်နှစ်လျှင် တန်ချိန် တစ်သန်းခွဲမှ နှစ်သန်းကြား တင်ပို့နိုင်သည်။ ထို့ကြောင့် ပြည်ပတင်ပို့မှုကို ဥရောပသမဂ္ဂသို့ တစ်နှစ်လျှင် တန်ချိန်နှစ်သိန်း၊ အရှေ့အလယ်ပိုင်းသို့တန်ချိန်နှစ်သိန်း၊ အာဖရိကသို့တန်ချိန်လေးသိန်းနှင့် အာရှသို့တန်ချိန်နှစ်သိန်း စုစုပေါင်းတန်ချိန်တစ်သန်းနှင့် နယ်စပ်ကုန်သွယ်ရေးမှ တရုတ်သို့ တန်ချိန်တစ်သန်း စုစုပေါင်း တန်ချိန်နှစ်သန်းတင်ပို့နိုင်ရန် ကြိုးစားနေကြောင်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်မှ သိရှိရသည်။



7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ကမ္ဘာ့ဖလားအတွက် စိတ်ရောကိုယ်ပါ ပြင်ဆင်ခြင်း



**ကြည်နေဝင်းမင်း**

ဟိုးဝပ်ဝက်ဘ်တစ်ယောက် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပြီး မတ်တတ်ပင် မနည်းရပ်နေရသည်။ သူ့မေးစေ့တွင် ချွေးများ တဒီးဒီးကျနေသည်။ လက်မောင်းနှင့် ခြေထောက်များတွင်လည်း ချွေးများ စီးနေသည်။

ရှက်ဖီးလ်ဟယ်လမ်တက္ကသိုလ်၏ ကျန်းမာရေးနှင့် ကြံ့ခိုင်မှုဌာနရှိ အခန်းကျဉ်းလေးထဲတွင် အပူရှိန်မြင့်လာပြီး စိုးထိုင်းဆ ကျဆင်းနေသဖြင့် အသက် (၄၂) နှစ်အရွယ် ကွင်းလယ်ဒိုင်လူကြီးမှာ အသက်ဝဝရှူရန် ရုန်းကန်နေရသည်။

ဘရာဇီးနိုင်ငံ ကမ်းခြေမှ မိုင်ပေါင်း ၆၀၀၀ ဝေးသောနေရာတွင် ကျွန်ုပ်တို့ ရှိနေပါသည်။ သို့သော် ဝက်ဘ်တစ်ယောက် အပြေးလေ့ကျင့်စက်ပေါ်တွင် မိုင်ပေါင်းများစွာ လမ်းလျှောက်ရင်းမှပင် သူ့စိတ်ထဲမှာတော့ ကမ္ဘာ့ဖလားဆီသို့ ရောက်ရှိနေပြီဖြစ်သည်။

"ဒါဟာ ခက်ခဲတယ်။ အရမ်းကို ခက်ခဲတယ်။ အပူချိန်နဲ့ စိုထိုင်းဆနည်းတာဟာ ဘရာဇီးမှာ အကြီးမားဆုံး စိန်ခေါ်မှုတွေဖြစ်လိမ့်မယ်။ ဒါကို ကျွန်တော်တို့အားလုံး သိနေကြတယ်" ဟု ဟိုးဝပ်ဝက်ဘ်က ပြောသည်။ အင်္ဂလန်နိုင်ငံ၏ တစ်ဦးတည်းသော ကိုယ်စားပြုဒိုင်လူကြီးအဖြစ် ဟိုးဝပ်ဝက်ဘ် မကြာမီမှာပင် ဘရာဇီးနိုင်ငံသို့ သွားရောက်ပါတော့မည်။

ကမ္ဘာ့ဖလားအတွက် ပြင်ဆင်ရမည့် အခြေအနေများနှင့် ပတ်သက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာမှ ညွှန်ကြားချက်များ မရှိပါ။ သို့သော်လည်း လွန်ခဲ့သော သီတင်းနှစ်ပတ်အတွင်း ဟိုးဝပ်ဝက်ဘ်တစ်ယောက် အခုလို အပူချိန်ထိန်းချုပ်ထားသော အခန်းသို့ လာရောက်၍ ၎င်း၏ ကိုယ်ခန္ဓာကြံ့ခိုင်မှု အဆုံးစွန်ဆုံးအထိ သူ့ကိုယ်သူ မောင်းနေခဲ့ပါသည်။

ဝက်ဘ်က ၎င်း၏ လေ့ကျင့်ခန်းကို မီတာ ၁၅၀ အခေါက်ပေါင်း ၂၀ တာတိုပြေးခြင်းဖြင့် စတင်ချိန်တွင် အခန်းအပူချိန်ကို ၄၀ ဒီဂရီ ဆဲလ်စီးယက်စ်နှင့် စိုထိုင်းဆ ၈၀ ရာခိုင်နှုန်းတွင် ချိန်ထားသည်။ သူလေ့ကျင့်နေသည်ကို ကြည့်ရသည်မှာ ရက်စက်လွန်းသည်။ သို့သော် ဟိုးဝပ်အတွက် တခြားရွေးချယ်စရာ ရှိပါ။

"ကျွန်တော် ဖြစ်နိုင်သလောက် အကောင်းဆုံး ပြင်ဆင်မှုရှိချင်တယ်။ ဒီအခန်းထဲမှာ လေ့ကျင့်တဲ့အတွက် အဲဒီအခွင့်အရေးပေးတယ်။ ဒီကနေ အားသာချက် အနည်းအကျဉ်းပေးတယ်ဆိုရင်တောင် တတ်နိုင်သလောက် အကောင်းဆုံး စွမ်းဆောင်နိုင်တယ်ဆိုရင်တောင် မလုပ်သင့်ဘူးလား" ဟု ဟိုးဝပ်ဝက်ဘ်က ဆိုသည်။

ကိန်းဂဏန်းများက အံ့အားသင့်လောက်သည်။ အင်္ဂလန်အသင်း အီတလီနှင့် ပထမဆုံးအုပ်စုပွဲစဉ် ကစားချိန်တွင် ဘရာဇီးနိုင်ငံ မာနော့စ်မြို့ အပူချိန်မှာ ၃၃ ဒီဂရီ ဆဲလ်စီးယက်နှင့် စိုထိုင်းဆ ၉၀ ရာခိုင်နှုန်းအထိ အမြင့်ဆုံး ရောက်ရှိနိုင်သည်။ ယင်းကို နှိုင်းယှဉ်ပြရလျှင် ပရီးမီးယားလိဂ်ပွဲတစ်ပွဲတွင် ကယ်လိုရီ ၂၂၀၀ ခန့် လောင်ကျွမ်းနိုင်သော ဟိုးဝပ်သည် ဘရာဇီးတွင် ကယ်လိုရီ လောင်ကျွမ်းမှု ၃၀၀၀ ကျော်အထိ မြင့်တက်သွားမည်ဆိုသော အဓိပ္ပာယ်ဖြစ်သည်။

ကမ္ဘာ့ဖလားတွင် တာဝန်ယူသော ပွဲစဉ်တိုင်း၌ ဒိုင်လူကြီး ဟိုးဝပ်ဝက်ဘ်ခန္ဓာကိုယ်မှ ချွေး ၁၀ ပိုင့် (10 Pints) ခန့်ထွက်ကာ ကွင်းအတွင်း တစ်နာရီကြာတိုင်း ကိုယ်အလေးချိန် တစ်ကီလို မယုံနိုင်စရာ လျော့ကျသွားလိမ့်မည်ဟု ရှက်ဖီးဟယ်လမ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

အားကစား သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ အလန်ရပ်ဒေါက်မှာ ဝက်ဘ်ကို မောင်းနေသော အထူးကျွမ်းကျင်သူအချို့မှ တစ်ဦးဖြစ်ပြီး သူ၏ ကြံ့ခိုင်မှုနှင့် တုံ့ပြန်စရာ အခြေအနေများကို ဖန်တီးပြီး စောင့်ကြည့်နေသူဖြစ်သည်။

ကျွန်ုပ်ရောက်ရှိနေချိန်တွင် သူတို့က ဒိုင်လူကြီးဟိုးဝပ်ဝက်ဘ်ဆီ အောက်ပါအတိုင်း အော်ဟစ်ပြောဆိုနေကြသည်။ "ရော်နယ်ဒိုက တန်ပြန်တိုက်စစ်ဆင်ဖို့ ပြေးထွက်သွားတယ်။ ကွင်းလယ်ကို ကျော်သွားပြီး ပင်နယ်တီဧရိယာအစပ်ရောက်နေပြီ။ လဲကျသွားတယ်။ ပင်နယ်တီဟုတ်ပါသလား" ဟူ၍။ ယင်းမှာ ကစားပွဲတစ်ခုထက် မပိုပါ။ သို့သော် ထိုသို့လေ့ကျင့်မှုမှာ ဝက်ဘ်၏စိတ်ကိုအာရုံစူးစိုက်စေပြီး ဘာကြောင့် အပူချိန်ထိန်းအခန်းထဲ ရောက်နေသည်။ ဘာအတွက် လေ့ကျင့်နေသည်ဆိုခြင်းကို သတိပေးနေသည်။

"နေရာမှန်မှာ ရောက်နေပြီး မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချဖို့က အရေးကြီးတယ်။ ခက်ခဲတဲ့ အခြေအနေမှာ ပင်ပင်ပန်းပန်း အလုပ်လုပ်နေရတယ်ဆိုရင်တောင်မှ ရှင်းလင်းတဲ့ဆုံးဖြတ်ချက် တစ်ခုပေးဖို့အတွက် စိတ်ရောကိုယ်ပါ ကြံ့ခိုင်နေဖို့ အရေးကြီးတယ်" ဟု မစ္စတာဝက်ဘ်က ဆိုသည်။

မစ္စတာ ဝက်ဘ်အတွက် အပူချိန်ထိန်းအခန်းသို့ လာရောက်ရေးစိတ်ကူးမှာ ယမန်နှစ်ကပင် ခေါင်းထဲရောက်လာခဲ့သည်။ ဘရာဇီးနှင့် မက္ကစီကိုတို့ ယှဉ်ပြိုင်မည့် တိုက်ကြီးများဖလား ပွဲစဉ်ကို ကြီးကြပ်ရန် လက်ထောက်ဒိုင်လူကြီး မိုက်မာလာကီ၊ ဒါရင်လန်းတို့နှင့် အတူ ကွင်းထဲဝင်ရောက်စဉ်တွင် ဖော်တာလီဇာမြို့၏ အပူချိန်ပြင်းထန်မှုကို ဝက်ဘ်တစ်ယောက် အံ့အားသင့်သွားခဲ့သည်။

"အဲဒါ တကယ့်ကို ခံရခက်ခဲတာပဲ" ဟု သူက ပြန်ပြောင်းပြောပြသည်။ ဖော်တာလီဇာမြို့မှာ ကျွန်တော် ကိုင်တွယ်ခဲ့တဲ့ ပွဲတွေလို စိန်ခေါ်မှုတွေ ပြည့်နေတယ်။ ဒါပေမဲ့ ဘယ်လိုကြုံရမယ်ဆိုတာ ကျွန်တော် သိသွားခဲ့တယ်" ဟု ဒိုင်လူကြီး ဟိုးဝပ်ဝက်ဘ်က ဆက်ပြောသည်။ "အဲဒီအတွက်လည်း ကျွန်တော် ဒီကိုလာပြီး ရာသီဥတုအသားကျအောင်လုပ်ဖို့ စေ့ဆော်ခဲ့တယ်။ ဘရာဇီးမှာ ပူပြင်းခြောက်သွေ့ပါလိမ့်မယ်။ အားကစားသမားတွေကို ထိခိုက်မယ်ဆိုတာလည်း သံသယရှိစရာ မလိုပါဘူး" ဟု ဝက်ဘ်က ပြောသည်။

သို့သော်လည်း ဘရာဇီးတွင် သူ၏ စွမ်းဆောင်ရည် မည်မျှပင်ကောင်းမွန်စေကာမူ ၂၀၁၀ ကမ္ဘာ့ဖလား၌ ဗိုလ်လုပွဲကို ကြီးကြပ်ခဲ့ပြီးပြီဖြစ်၍ ဝက်ဘ်တစ်ယောက် ယခုတစ်ကြိမ်တွင် နောက်ဆုံးဗိုလ်လုပွဲကို ထပ်မံကြီးကြပ်ရနိုင်ခြေမရှိဟူသော အသိဖြင့် ဘရာဇီးသို့ သွားရောက်မည်ဖြစ်သည်။

"ဗိုလ်လုပွဲကို နှစ်ကြိမ်မကိုင်တွယ်ရဘူးလို့ ပြဋ္ဌာန်းထားတာမျိုးတော့ မရှိပါဘူး။ သို့သော်လည်း အဲဒီလိုဖြစ်ဖို့က တော်တော်ထူးဆန်းပါလိမ့်မယ်" ဟု ဒိုင်လူကြီး ဟိုးဝပ်ဝက်ဘ်က ဆိုသည်။

"တောင်အာဖရိက ကမ္ဘာ့ဖလားဟာ မယုံနိုင်စရာ အတွေ့အကြုံပါပဲ။ နောက်ဆုံး ဗိုလ်လုပွဲအပါအဝင် အဲဒီတုန်းက ပွဲတွေ၊ ရက်တွေ၊ သီတင်းပတ်တွေကို ကျွန်တော် ဘယ်နှကြိမ်ပြန်စဉ်းစားမိတယ်ဆိုတာ မရေတွက်နိုင်တော့ဘူး။ ကျွန်တော်တို့ဟာ အဲဒီလို မယုံနိုင်စရာ ကြီးကျယ်တဲ့ အခမ်းအနားမှာ ပါဝင်ပတ်သက်လို့ရလောက်အောင် ကံကောင်းတဲ့ လူ နည်းနည်းလေးထဲမှာ ပါဝင်ပါတယ်။ ကျွန်တော် ဂုဏ်ယူ၊ ကျေနပ်မှုနဲ့အတူ ပြန်သတိရနေပါတယ်" ဟု ဒိုင်လူကြီး ဝက်ဘ်က ဆိုသည်။

ဘရာဇီးတွင်လည်း ယခင်ကမ္ဘာ့ဖလားကဲ့သို့ပင် ဖိအားအလွန် များလိမ့်မည်ဟု ဟိုးဝပ်ဝက်ဘ်က ပြောသည်။ "တစ်ကမ္ဘာလုံးက မျက်လုံးတွေက ခင်ဗျားကို ကြည့်နေတာ" ဟု ၎င်းက ဆိုသည်။

သို့သော် ဘရာဇီးကမ္ဘာ့ဖလားကိုလည်း ဝက်ဘ်တစ်ယောက်အငမ်းမရ ဖြစ်နေသည်။

"ဒီပွဲတွေဟာ တကယ့်အရေးကြီးတဲ့ ပွဲတွေပါ။ ဘယ်ကမ္ဘာ့ဖလားမဆို သူ့ဟာနဲ့သူ ထူးခြားတယ်။ ဒါပေမဲ့ ဘရာဇီးလို ဘောလုံးကိုချစ်ပြီး ပွဲတော်တွေမှာ တက်ကြွတဲ့နိုင်ငံမှာ ကမ္ဘာ့ဖလားကျင်းပတာ တကယ့်ကိုပိုပြီး ထူးခြားပါတယ်" ဟု ၎င်းက စကားကို လက်စသတ်သည်။

—Ref: BBC

7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

7DAY BOOK REVIEW

## ဟံသာဝတီဦးဝင်းတင်နှင့် တွေ့ဆုံခြင်း (အွန်လိုင်းဝဏ္ဏ)

ရန်ကုန်နွေသည် ပြေနွှောင်းပိုင်းရက်များက ပြင်းထန်လွန်းလှ၏။ ထိုနေ၏ အပူဒဏ်နှင့် မြေ၏အပူပြန်ခြင်းကိုပင် မမှုနိုင်ဘဲ သိန်းနှင့်ချီသောလူများသည် ယူကြုံးမရသည့် သောကတို့ဖြင့် ရေဝေးသုသာန်သို့ စုရုံးကာ ရောက်ရှိလာကြ၏။ ထိုလူပင်လယ်ကြီးထဲတွင် အပြာရောင်တို့က သိသိသာသာလွှမ်းခြုံစွန်းထင်းလျက်။ အပြာကား ဆရာကြီးဟံသာဝတီ ဦးဝင်းတင်၏သင်္ကေတနှယ်။ သူတို့အားလုံးအံကြိတ်လျက်၊ လက်သီးဆုပ်လျက် သို့သော်လည်းမျက်ရည်ဝဲလျက်။ ဆရာကြီး ဟံသာဝတီဦးဝင်းတင်၏ နောက်ဆုံးစျာပန ခရီးသည် ကမ္ဘာမြေကို တုန်ခါမတတ် လှိုက်ခတ်သွားခဲ့လေပြီ။

အဘယ့်ကြောင့် လူပေါင်းများစွာက ဆရာကြီးကို ထိုမျှချစ်ခင်ကြည်ညိုကြသနည်း။ လေးစားအားထားကြသနည်း။ ထိုအဖြေအတွက် ဆရာဖြတ်သန်းခဲ့သည့် ခရီးအချို့၊ ဆရာ့အတွေးအခေါ် ရပ်တည်ချက်အချို့ကို အွန်လိုင်းဝဏ္ဏက ဆရာကြီးနှင့် တွေ့ဆုံမေးမြန်းကာ စာဖတ်သူများထံသို့ ပို့ဆောင်လိုက်ပြီဖြစ်သည်။ ဆရာ့ရုပ်ပုံလွှာကို ပြည့်စုံစွာ မမြင်မတွေ့ရသည့်တိုင် ခဲခြစ် ကောက်ကြောင်းအချို့ကို ဤစာအုပ်မှ ပေးစွမ်းနိုင်ပါလိမ့်မည်။

"ကျွန်တော်ဟာ အရေးတော်ပုံတပ်သားပဲ။ ဒီမိုကရေစီ အရေးတော်ပုံကြီး ဆင်နွှဲတယ်။ ဆင်နွှဲတဲ့အခါမှာ ကျွန်တော်ဟာ နိုင်ငံရေးခေါင်းဆောင်လည်း မဟုတ်ဘူး။ နိုင်ငံရေးသမားလည်း မဟုတ်ဘူး။ ကျွန်တော်က သတင်းစာသမား"(စာ–၃)

"ခရိုနီတွေဟာ တိုင်းပြည်မှာ အလွန်အန္တရာယ်ကြီးတယ်။ တိုင်းပြည်မှာ ဒီလူတွေရဲ့ ယန္တရားကိုမဖျက်နိုင်ဘူးဆိုရင် သူတို့ထက်ကြီးတဲ့၊ စစ်တပ်ကိုယ်တိုင်က လုပ်နေတဲ့ စစ်အာဏာရှင်တွေ လုပ်နေတဲ့ ဦးပိုင်တို့ဆိုတာမျိုးကို ဘယ်လိုမှ ကျော်လွှားလို့မရဘူး"(စာ–၉၂)

"ဒေါ်အောင်ဆန်းစုကြည် ဟိုတစ်နေ့က ဝန်ခံသွားပြီလေနော်။ ရည်မှန်းချက် သုံးခုဆိုတဲ့ အင်န်အယ်လ်ဒီရဲ့ လမ်းစဉ်သုံးရပ်ကလည်း ဘာတစ်ခုမှ




အကောင်အထည်မပေါ်ဘူး။ ငြိမ်းချမ်းရေးလည်း ဘာမှအကောင်အထည် မပေါ်ဘူး။ ငြိမ်းချမ်းရေးတောင် သူ့ကို ခုမှငြိမ်းရေးထဲကို ခဏ ဖိတ်ရုံပဲရှိတယ်" (စာ–၁၇၀)

"ဥပမာ–ဆိုပါတော့ ဦးသန်းရွှေလက်ထက်ကို ကျွန်တော်တို့ပြန်ကြည့်တဲ့အခါ ဒီလူတွေမှာ ဘာစိတ်ကူးမှ သိပ်ရှိပုံမပေါ်ဘူး။ တိုင်းရေးပြည်ရေးနဲ့ပတ်သက်လို့၊ သူက အာဏာကိစ္စတွေကိုသာ ဒီသူတို့ရဲ့ကိုင်တွယ်ဖို့စုစည်းဖို့ဆိုတာရှိတာ။ ဦးနေဝင်းကတော့ အဲဒါတွေအတွက်ကို အမြဲတမ်းအာရုံစူးစိုက်မှုရှိတယ်လို့ကျွန်တော်ပြောချင်တယ်။ အဲဒါအတွက်ကို နောက်လူတွေဟာ တိုင်းပြည်ခေါင်းဆောင်လုပ် တဲ့လူတွေဟာ အာရုံစူးစိုက်မှုတော့ ဦးနေဝင်းလိုပဲ ထက်ထက်သန်သန်ရှိဖို့ ကောင်းတယ်လို့" (စာ–၂၁၄)

ဆရာကြီးဟံသာဝတီဦးဝင်းတင်၏ အတွေးအမြင်များသည် သတင်းစာသမားပီပီ ရဲရင့်၏။ ပြတ်သား၏။ အားထုတကင်း၏။ ထိုအရာများကပင် ဆရာကြီးကို ပြည်သူတို့၏ နှလုံးသားထဲ မဟာသဘာပတိအဖြစ် ရောက်စေခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

မန်းချောင်းစာပေက တန်ဖိုး ကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

---

# Knowledge ပဟုသုတ

## မဟာတံတိုင်းကြီးကို အာကာသထဲက မြင်နိုင်တယ်ဆိုတာ ဟုတ်ရဲ့လား

တရုတ်ပြည်မှ မဟာတံတိုင်းကြီးကို အာကာသထဲမှပင်မြင်နိုင်သည်ဟု ဆိုကြသည့် ဒဏ္ဍာရီရှိသည်။ သို့သော်တကယ်တမ်း၌ ကမ္ဘာ့အပြင်ဘက် အာကာသထဲရှိမည်သည့်နေရာမှ ကြည့်သည်ဖြစ်စေ မဟာတံတိုင်းကြီးကို ခွဲခြားမြင်တွေ့နိုင်ရန်ခက်ခဲသည်။ ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းမှ ကြည့်လျှင်ပင် သာမန်မျက်လုံးနှင့် မမြင်နိုင်သကဲ့သို့ အားကောင်းသည့် ကင်မရာမှန်ဘီလူးဖြင့် ကြည့်လျှင်လည်း လူတို့မြင်နိုင်ခြင်းမရှိဟု ပညာရှင်များက ဆိုသည်။ မဟာတံတိုင်းကို အာကာသထဲမှကြည့်လျှင် မြင်ရသည်ဟုဆိုသည့် ဒဏ္ဍာရီမှာ အာကာသယာဉ်များ မပေါ်မီခေတ်က အပြောအဆိုဖြစ်သည်။ နောက်တစ်ချက်မှာ မဟာတံတိုင်းကြီးသည် အလွန်ကြီးမားသည့် နံရံတံတိုင်းကြီးဖြစ်ကာ အရှည်မိုင်ရာနှင့် ချီသည့်အတွက် အာကာသထဲမှ ကြည့်လျှင် မြင်နိုင်လောက်သည်ဟု သာမန်အသိဉာဏ်ဖြင့် လူအများက မှတ်ယူကြသောကြောင့်ဖြစ်သည်။

သို့သော်အမှန်မှာမူ မဟာတံတိုင်းကြီးမှာ မြေပြင်ပေါ်တွင်ရှိသော ကျောက်တုံးများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ထိုကျောက်တုံးများရယူရာ မြေပြင်မှာ ကျောက်တုံးများ၏ အရောင်နှင့် တစ်ထပ်တည်းဖြစ်ရာ အာကာသထဲမှနေ၍ တံတိုင်းကို အခြားအရာများနှင့် ခွဲခြား၍ မြင်နိုင်သည်ဟုဆိုသည်မှာ မဟုတ်မှန်ပေ။ အကယ်၍ တရုတ်အာဏာပိုင်များက တံတိုင်းကို ပန်းရောင်ရဲရဲသုတ်ထားလျှင်သော်မှ အာကာသထဲမှ ခွဲခြားမြင်နိုင်ရန်မှာ လက်တွေ့တွင် ခက်ခဲနေဦးမည်ဖြစ်သည်။

*—Ref: 10 Completely False 'Facts' Everyone Knows By Jessika Toothman.//science.howstuffworks.com//*

---

# တစ်ပတ်တာကံကြမ္မာ

ဇွန် ၄ ရက်မှ ဇွန် ၁၀ ရက်အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

တွေဝေဒွိဟဖြစ်နေမည်။ ချီတုံချတုံနှင့် ဆုံးဖြတ်ချက်များမပြတ်မသားဖြစ်နေမည်။ စတင်ဆောင်ရွက်သမျှ တစ်ပိုင်းတစ်စဖြစ်တတ်သည်။ ရှေ့တိုးလုပ်ကိုင်ရခြင်းထက် ပြဿနာဟောင်းများပြန်လည်ဖြေရှင်းရခြင်း၊ ဆောင်ရွက်မှုဟောင်းများကို တစ်ဖန်ပြန်လုပ်ရမည်။ ရင်းနှီးသူများနှင့်စကားများရမည်။ ဆန့်ကျင်ဘက်ပြသူများနှင့်တွေ့မည်။ အခက်အခဲကြားမှ တိုးတက်မည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

မိသားစုနှင့်ပတ်သက်သောကောင်းသတင်းနှင့် တိုးတက်မှုဖြစ်ရပ်ကြုံမည်။ အခြေအနေသစ်များ၊ အခွင့်အရေးသစ်များရရှိမည်။ ကမ်းလှမ်းလာသော အခွင့်အလမ်းများကို လက်ခံနိုင်သည်။ ကာလအတန်ကြာဆုံးဖြတ်ရန်ခက်ခဲသည်များကို ယတိပြတ်ဆုံးဖြတ်နိုင်မည်။ မူလစီစဉ်ထားသည်မှခွဲထွက်ရမည်။ အပြိုင်အဆိုင်များကို ကျော်လွှားနိုင်မည်။ ငွေကြေးကိစ္စ စကားပြောဆိုအောင်မြင်မည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အကုန်အကျများမည်။ အလုပ်ပိုကိစ္စပိုများကြုံမည်။ နာမည်အောင်မြင်မှုများရရှိမည်။ တစ်ခုထက်မကသော လုပ်ငန်းများကို လုပ်ကိုင်ရလိမ့်မည်။ ကိုယ်ပိုင်အစွမ်းအစနှင့်အခက်အခဲများကို ကျော်လွှားနိုင်မည်။ ဇွဲကြီးမှု၊ မဖြစ်မနေဆောင်ရွက်မှုကြောင့် ကောင်းသောအကျိုးဆက်ရမည်။ မိဘအကြီးအကဲကျန်းမာရေးချူချာမည်။ ဆောင်ရွက်ခဲ့ပြီးလုပ်ငန်းဟောင်းမှ ကောင်းသောအကျိုးဆက်ဖြစ်မည်။ မမျှော်လင့်သောငွေဝင်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ဆန့်ကျင်ဘက်ပြုသူများနှင့် ထိပ်တိုက်တွေ့မည်။ လုပ်သမျှနှောင့်နှေးကြန့်ကြာမည်။ စိတ်ပျံ့လွင့်လွယ်မည်။ အလွယ်တကူပြီးမြောက်မည့်ကိစ္စကို အချိန်ယူခြင်းကြောင့် စိတ်အနှောင့်အယှက်ရှိမည်။ ထင်ရာစိုင်းလိုခြင်းနှင့် ဇွတ်တရွတ်လုပ်လိုခြင်းများကို လျှော့ရမည်။ အရေးကြီးသောစာရွက်စာတမ်းများပျောက်မည်။ ဆုံးဖြတ်ချက်မှား၍ ငွေကြေးလက်လွှတ်ဆုံးရှုံးမှုများဖြစ်တတ်သည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

အညှိုကင်းစင်၍ အဆင်ပြေခြင်းများရှိလာမည်။ ရန်ပဋိပက္ခများအေးချမ်းသွားမည်။ အခက်အခဲများကို ပြေလည်အောင်ဖြေရှင်းနိုင်မည်။ ကြန့်ကြာနေသောရပိုင်ခွင့်များ လက်ဝယ်ပြန်ရမည်။ ကြုံတွေ့နေသော အခက်အခဲများကိုဖြေရှင်းနိုင်မည်။ မိသားစုနှင့်ပတ်သက်သောကောင်းသတင်းစကားကြားရမည်။ အချစ်ရေး၊ မေတ္တာရေးကံအထူးကောင်းသည်။ အလှူမင်္ဂလာကိစ္စများပါဝင်ဆောင်ရွက်ရခြင်းရှိမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

အကုန်အကျ အပျောက်အရှများမည်။ ဆန့်ကျင်သူများနှင့်တွေ့တတ်သည်။ ရန်အနှောင့်အယှက်ပြုသူများနှင့်ရင်ဆိုင်ရမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ လာဘ်ပိတ်မည်။ ငွေကုန်မည်။ ဆုံးရှုံးနစ်နာစရာများ ကြုံမည်။ ရေနစ်တတ်သည်။ ရေချိုးခန်းတွင်လဲပြိုခြင်းဖြစ်တတ်သည်။ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်းများ ပျက်ယွင်းတတ်သည်။ ငွေချေးက ဆုံးမည်။ လူလိမ်လူကောက် တွေ့မည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

အရာရာသတိနှင့်ယှဉ်ပြီးဆောင်ရွက်ရမည်။ ရန်အနှောင့်အယှက်အတိုက်အခံများဝန်းရံနေသည်။ အနီးကပ်လူ ဒုက္ခပေးမည်။ မှန်းထားသည်နှင့် လက်တွေ့ဖြစ်ရပ်တို့ ကွာဟနေမည်။ မည်သည့်ကိစ္စမဆို ချက်ချင်းဆောင်ရွက် လက်ငင်းလုပ်ခြင်းဖြင့် တိုးတက်မှုရမည်။ အချိန်ဆွဲပြီးလုပ်လေ အနှောင့်အယှက်ကြုံလေဖြစ်မည်။ မမျှော်လင့်ဘဲ ငွေဝင်မည်။ ကြန့်ကြာနေသည်များပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

အခက်အခဲများကိုကျော်လွှားနိုင်မည်။ ရန်အတိုက်အခံများနှင့်ထိပ်တိုက်ရင်ဆိုင်ရမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ တစ်ပါးသူနှင့်မတူသောလမ်းကြောင်းမှ အောင်မြင်မည်။ မိဘအကြီးအကဲကျန်းမာရေး ချူချာမည်။ မတော်တဆအပူလောင်တတ်သည်။ မှန်းထားသည်နှင့်လက်တွေ့ ကပြောင်းကပြန်ကွာဟလင့်ကစား အောင်မြင်မည်။ အရပ်တစ်ပါးဆက်သွယ်၍ထူးခြားစွာတိုးတက်မည်။




### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

စိတ်ကူးသစ်နှင့် လက်တွေ့အောင်မြင်မည်။ အရာရာအဆင်ပြေသောအနေအထားကျရောက်မည်။ လုပ်ရိုးလုပ်စဉ်မှခွဲထွက်၍ အောင်မြင်ခြင်းအဆင့်ဆင့်မြင့်မားမည်။ အတိုက်အခံကြားမှတိုးတက်မှုဆောင်ရွက်ရမည်။ အများကိစ္စ၊ အဖွဲ့အစည်းနှင့်ပတ်သက်၍ ထူးခြားသောအကျိုးဆက်ရမည်။ လုပ်ကိုင်ပုံ၊ ဆောင်ရွက်ပုံ၊ ကြံစည်တွေးတောပုံအားလုံးတို့သည် အများနှင့်မတူခြားနားလင့်ကစားတိုးတက်မည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

အပြောင်းအလဲများသူများ၊ စကားမတည်သူများနှင့် ဆက်ဆံနေရမည်။ သစ္စာမဲ့သူများဒုက္ခပေးလိမ့်မည်။ ခုတုံးလုပ်၍ အသုံးချခံရတတ်သည်။ အခက်အခဲပဋိပက္ခများနှင့်ထိပ်တိုက်တွေ့ရတတ်သည်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ ယုံကြည်အားကိုး၍မရ။ ဖြစ်ပေါ်လာသောအပြောင်းအလဲများကိုအသုံးချ၍ တိုးတက်အောင်မြင်မှုရမည်။ မတော်တဆအန္တရာယ်သတိရှိရမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)


အရှုပ်အထွေးများကြား ဝင်ရောက်ဖြေရှင်းရမည်။ တစ်ပါးသူ၏အထင်မှားမှု၊ စွပ်စွဲမှုများခံရတတ်သည်။ မနာလိုသူများ ရန်အနှောင့်အယှက်များကိုထိပ်တိုက်တွေ့ကြုံရတတ်သည်။ ရှိနေသောငွေထက် ပို၍သုံးစွဲလိုစိတ်များကြုံမည်။ ငွေမချေးရ။ ဆုံးတတ်သည်။ လျှပ်စစ်ပစ္စည်းများသတိနှင့်ကိုင်တွယ်ပါ။ စက်ယန္တရားများနှင့်ထိခိုက်တတ်သည်။ ခြေ၊ ခါးတို့တွင် မတော်တဆထိခိုက်တတ်သည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

သူတစ်ပါးပြဿနာများ ကြားဝင်ဖြေရှင်းပေးရမည်။ ဖြေရှင်းပြီးသောပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းရမည်။ ရောဂါဝေဒနာဟောင်းများ ပြန်ပေါ်တတ်သည်။ အတတ်ပညာနှင့်ပတ်သက်၍ ကံကောင်းမည်။ သူတစ်ပါးနှင့်ယှဉ်ပြိုင်ပြီးလုပ်သောကိစ္စများအောင်မြင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ချစ်သူဟောင်းနှင့်တွေ့၍ ထပ်မံအသည်းကွဲကိန်းကြုံမည်။

# 7DAY PUZZLE ပဟေဠိ အမှတ်စဉ်(၂၈၆)



## အလျားလိုက်

၄။ ဇွန်လအတွင်း လိုင်စင်ရမည့် နေရာဌာနများ
၆။ နိုင်ငံတကာမဂ္ဂဇင်းတစ်ခု
၇။ အသက် ၄၀ ကျော်သူများ လိုအပ်သောအရာ
၈။ မြန်နှုန်းမြင့်နေသောအရာ
၁၀။ သံမဏိအမျိုးသမီး
၁၁။ ကိုယ့်သဘောနှင့်ကိုယ် မသောက်သင့်သောဆေးဝါး

## ဒေါင်လိုက်

၁။ ပြုပြင်ရန်လိုအပ်နေသောအရာ
၂။ ထိုင်းနိုင်ငံတွင် ဖြစ်ပွားခဲ့သည့်ကိစ္စ
၃။ ၇ ရက်သတင်းဂျာနယ်တွင် မေတ္တာလက်ဆောင်ပါသောအရာ
၅။ ကလေးများ သင်ယူနိုင်စွမ်းအပေါ် လွှမ်းမိုးမှုရှိသောအရာ
၆။ မြန်မာ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်
၉။ အမတ်များကို ထောင်ဖမ်းသောအရာ

**Smart Dictionary ကံထူးသူ**

၁။ ဒေါ်ခင်သန်းနွယ်၊ ၉/ပမန(နိုင်)၀၀၄၀၀၃ ၇၅/ ၇၈လမ်း၊(၃၅× ၃၆)မျက်ပါးရပ်၊မန္တလေး။

**ကျန်အဖြေမှန်သူများ**

၂။ မသန္တာမျိုးထွန်း၊ MME-660255
၃။ မဝေဝေမော်၊ ၁၄/ဘကလ(နိုင်)၁၈၂၇၅၄
၄။ မြတ်နိုးအောင်၊ ၁၂/ဂလမန(နိုင်)၁၆၀၆၃၃
၅။ ဒေါ်ရီရီမော်၊ ၁၂/ကတတ(နိုင်)၀၁၀၈၇၅
၆။ ကောင်းမြတ်မွန်၊ ၁၂/ရဖန(နိုင်)၀၆၅၇၃၃
၇။ ကိုကောင်းမွန်၊ ၁၂/အလန(နိုင်)၀၄၅၈၆၇

**ပဟေဠိ အမှတ်စဉ်(၂၈၅)အဖြေမှန်**




**အမည်** .......................... **မှတ်ပုံတင်အမှတ်** ..........................

**နေရပ်လိပ်စာ** ..........................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၂) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၆–၆–၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုထူးသူ

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**သင်ကြားပေးသည်**

အထက်တန်း ဂိုက်အိမ်လိုက်သင်ကြားပေးနေပါသည်။
ဖုန်း–၀၉ ၄၂၀၀၃၀၈၇၈

**သင်ကြားပေးသည်**

အထက်တန်း ဘာသာစုံ ဂိုက်သီးသန့် အိမ်အရောက်သင်ကြားပေးပါသည်။
ဖုန်း–၀၉ ၇၃၁၆၉၈၂၆

**OIEC Edu Centre**

Sec 2 (သို့) Grade 8 ကိုဖြေဆိုပြီးသူ များ Sec3,4/Grade 9,10တက်စရာမလိုပဲ IGCSE ကို ၁ နှစ်၊ ၂ နှစ်အတွင်း ဘာသာစုံဂုဏ်ထူးထွက်အောင် သင်ကြားပေးနေပါသည်။
ဖုန်း–၀၉ ၇၃၂၅၅၂၈၁

**စက်ချုပ်သင်တန်း**

လက်မနည်း၊ စင်တီမီတာနည်းဖြင့် ဝါရင့်ဆရာမ (ကိုယ်တိုင်) အိမ်၌ သင်ကြားပေးသည်။ အိမ်အရောက်သင်သည်။
ဖုန်း–၀၉ ၄၀၂၇၈၀၄၀၉

**ဂီတသင်တန်း**

စန္ဒရား၊ တယော၊ ဂစ်တာ၊ အဆို (ကလေးများနှင့် အမျိုးသမီးများအတွက် သီးသန့်) နိုင်ငံတကာသုံး ဂီတသင်္ကေတဖြင့် ကိုယ်တိုင်သီဆို၊ တီးခတ်ဖန်းတီးနိုင်သည်အထိ တစ်ဦးချင်း သင်ကြားပေးသည်။ အိမ်လိုက်သင်သည်။
ဖုန်း–၀၉ ၄၂၁၀၅၅၀၈၈

**ရွှေပညာဒါနသင်တန်း**

ကိုယ်ပိုင်ရွှေဆိုင်၊ ကိုယ်ပိုင်အပေါင်ဆိုင် ဖွင့်လှစ်လိုသူများအတွက် ရွှေအကြောင်းကို အခြေခံမှစ၍ လက်တွေ့၊ စာတွေ့ သင်ကြားပေးသည်။
ဖုန်း–၀၉ ၄၂၀၂၅၂၇၇၀

**ငှားလိုသည်**

ရန်ကုန်မြို့တွင်း စားသောက်ဆိုင် ဖွင့်လှစ်နိုင်သော တိုက်ခန်း၊ လုံးချင်းအိမ်၊ မြေကွက်များ ငှားရမ်းလိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်လျှင် အကျိုးဆောင်ခပေးရန် မလိုပါ။
ဖုန်း–၀၉ ၄၃၀၈၃၇၈၁

**ငှားမည်**

(၁၅×၆၀) ပေ၊ ငါးလွှာ၊ ထပ်ခိုးပါ၊ အခန်းတစ်ခန်းပါ၊ ပြင်ဆင်ပြီး၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမ၊ (မှတ်တိုင်အနီး) တာမွေ။ တစ်လ– နှစ်သိန်းကျပ်။
ဖုန်း–၀၉ ၅၁၆၇၀၉၂

**ရောင်းမည်**

(၁၁.၅×၅၀)၊ လေးလွှာ၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း ၆ လမ်း၊ အသင့်နေနိုင်သည်။ ဈေးနှုန်းညှိနှိုင်း။
ဖုန်း–၀၉ ၅၄၀၆၂၄၄

**ရောင်းမည်**

FMI အိမ်ရာ၊ လှိုင်သာယာ၊ ပေ (၄၀×၆၀)၊ နှစ်ထပ်တိုက်၊ City Markအနီး၊ အ သင့်ပြင်ဆင်ပြီး။ ဖုန်း–၀၉ ၈၆၂၀၇၇၂

**ဝန်ဆောင်မှု**

မြန်မာ–အင်္ဂလိပ်မှ အင်္ဂလိပ်–မြန်မာသို့ ကျွမ်းကျင်သပ်ရပ်စွာ အချိန်မီဘာသာပြန်/စာတန်းထိုးပေးသည်။
Email:aktranslatorgroup@gmail.com ဖုန်း–၉၅ ၉၄၂၀၀၉၈၉၇၂

**ဆောင်ရွက်ပေးသည်**

မည်သည့်နေရာ၊ မည်သည့်အဖွဲ့အစည်းအတွက်မဆို Computer,Network, Server, CCTV & Other Security အစရှိသော System များကို အထူးဆောင်ရွက်ပေးနေပါသည်။
ဖုန်း–၀၉ ၃၀၂၀၀၆၈၄

**အမြဲတမ်းစံအိမ်ခြံမြေအကျိုးဆောင်**

တိုက်ခန်း၊ ကွန်ဒို၊ လုံးချင်း၊ မြေကွက်များကို စိတ်တိုင်းကျ ရောင်းဝယ်ငှားအကျိုးဆောင်ပေးနေပါသည်။
ဖုန်း–၀၉ ၄၂၀၀၆၇၁၁၈

**သင်ကြားပေးသည်**

Grade–9,10,11 (ဘာသာစုံ ဂိုက်)။
ဖုန်း–၀၉ ၄၀၁၆၄၀၃၃၉

**သင်ကြားပေးသည်**

တရုတ်စာအခြေခံမရှိသူများကို အခြေခံမှစ၍ စနစ်တကျ သင်ကြားပေးသည်။ စကားပြောသင်တန်းနှင့် ကလေးများအတွက်လည်း သီးသန့်သင်ကြားပေးသည်။ ဖုန်း–၀၉ ၂၅၀၃၅၉၈၀၇

**သင်ကြားသည်**

၃ တန်းမှ ၈ တန်းထိ အင်္ဂလိပ်စာ အားနည်းသူများကို အိမ်အရောက်အထူးသင်ကြားပေးသည်။ သချ်ာ၊ အင်္ဂလိပ်စာ အိမ်အရောက်သင်သည်။
ဖုန်း–၀၉ ၂၅၆၃၁၃၉၁၇

**သဇင်(Design Group)**

ဖက်ရှင်ဒီဇိုင်းပန်းချီပုံများ(မော်ဒယ်၊ မဂ္ဂဇင်းများအတွက်) Pattern များရေးဆွဲခြင်း(ချုပ်ထည်လုပ်ငန်းများ)၊ Simple အထည်များ လက်ခံချုပ်ပေးခြင်းတို့ကို ဈေးနှုန်းချိုသာစွာ ဆောင်ရွက်ပေးသည်။
ဖုန်း–၀၉ ၅၀၅၁၃၅၁

**ဝန်ဆောင်မှု**

သင့်ဘဝ၏ လက်တွဲဖော်ကို ဝိုင်းဝန်းကူညီရှာဖွေပေးပါမည်။
ဖုန်း–၀၁ ၂၂၇၁၉၉

**ရိုက်ကူးပေးပါသည်**

အလှူ၊ မင်္ဂလာပွဲ၊ မွေးနေ့၊ တရားပွဲ၊ စာပေဟောပြောပွဲစသည်များကို ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသည်။ ဖုန်း–၀၉ ၄၅၀၀၄၅၆၂၇

**နားထောင်ပေးမည်**

မိမိတို့ဘဝအဆိုးအကောင်းအတွက် ရင်ဖွင့်စရာ၊ ပြောစရာလိုလျှင်နားထောင်ပေးမည်။ ပုဂ္ဂိုလ်ရေးလုံခြုံမှု အာမခံသည်။ (စေတနာကြေးဖြစ်ပါသည်။)
ဖုန်း–၀၉ ၄၃၀၄၃၂၀၃

**ရောင်းမည်**

ရွှေပေါက်ကံမြို့နယ်၊ ၁၅ ရပ်ကွက်၊ ပေ (၄၀×၆၀)၊ မြေကွက်သီးသန့်၊ ဂရန်မူလပိုင်ရှင်၊ လမ်းမကြီး၊ ဈေးနီး၊ ကျောင်းနီး၊ သိန်း (၃၅၀)။
ဖုန်း–၀၉ ၂၅၀၂၀၄၃၀၄

**ရောင်းမည်**

ဒဂုံဆိပ်ကမ်း ၈၅ ရပ်ကွက်၊ ပေ (၄၀×၆၀)၊ ပါမစ်မြေ၊ ကရဏာလမ်းမကြီး ကျောကပ်လမ်း၊ L ကွက် သိန်း (၂၂၀) ညှိနှိုင်း။
ဖုန်း–၀၉ ၇၃၁၈၂၅၃၇

**ရောင်းမည်**

မော်ဘီ ၅.၆ ဧက သိန်း (၁၀၀၀) ညှိနှိုင်း။ (ဝန်ဆောင်မှု ခြောက်မျိုးဖြင့် အမြန်ဆုံး ရောင်းလိုသည်။)
ဖုန်း–၀၉ ၄၂၀၁၄၂၁၅၆

**ရောင်းမည်**

ပေ (၄၀×၆၀)၊ ပါမစ်မြေပေါ်ရှိ၊ အိမ်ကြီးဖုန်းပါ၊ ၂၀ ကုန်တိုက်၊ ၂၀ ရပ်ကွက် ဒဂုံတောင်ပိုင်း၊ ဈေး (၆၅၀) သိန်းညှိနှိုင်း။
ဖုန်း–၀၉ ၃၁၆၈၆၄၅၇

**သင်ကြားပေးသည်**

သူငယ်တန်းမှ ရှစ်တန်းအထိ စာသင်/စာကျက်၊ (Home Special Guide) အိမ်အရောက် ဘွဲ့ရဆရာ၊ ဆရာမများကိုယ်တိုင် သင်ကြားပေးနေသည်။
ဖုန်း–၀၉ ၄၂၁၁၁၀၄၉၄

**Montassarie Moe (Guide Group)**

မြန်မာကျောင်းနှင့် International School မှ Grade 1 to 11 ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းအထူးသီးသန့် အာမခံဖြင့် သင်ကြားသည်။ (Singapore) MOE Exam ကို အောင်မြင်အောင် သင်ကြားပေးသည်။ ဖုန်း–၀၉ ၄၄၈၅၄၈၃၆၁

**သင်ကြားပေးသည်**

DAW SU MON AUNG(M.Sc Physics) ၉ တန်း၊ ၁၀ တန်းဘာသာစုံ သင်ကြားပေးသည်။ Special Guide ပြုလုပ်ပေးသည်။ ကြိုးစားသလောက် အောင်ချက်ကောင်းပြီး ဂုဏ်ထူးထွက်စေရမည်။ အချိန်ညှိနှိုင်းနိုင်သည်။
ဖုန်း–၀၉ ၄၄၈၀၀၁၈၄၈

**မျက်နှာဖြူစင်ဝင်းပအလှရည်**

သဘာဝထွက်၊ ပူစပ်လောင်ခြင်းမရှိ၊ နေ့စဉ်မှန်မှန်သုံးစွဲခြင်းဖြင့် ချွေးပေါက်ကျယ်ခြင်း၊ ဝက်ခြံအမာရွတ်များ ပျောက်ကင်း၍ မျက်နှာဖြူစင်ဝင်းပသွားမည်။
ဖုန်း–၀၉ ၄၃၀၄၃၂၀၃

**ကိုနိုင်ဝင်းနှင့်အဖွဲ့**

အားကစားပစ္စည်း အစုံပြုပြင်ရေးအဖွဲ့၊ လမ်းလျှောက်စက်စသည်ဖြင့်စက်အမျိုးမျိုးပြုပြင်သည်။ ဖုန်း–၀၉ ၇၃၀၉၈၆၃၀

**ဆောင်ရွက်ပေးသည်**

Small Office/home office Computer Network များကို စတင်တပ်ဆင်ခြင်း ပြုပြင်ထိန်းသိမ်းခြင်းများကို ISP များ ထက်ဈေးနှုန်းသက်သာစွာဖြင့် စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
ဖုန်း–၀၉ ၂၅၀၀၂၇၁၉၉

**ရောင်းမည်**

အမှတ် (၃)၊ လမ်းမကြီးအနီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မြတ်လေးလမ်း၊ (ရခိုင်ကျောင်းလမ်း)ပေါ်ရှိ၊ (၇၀×၁၀၀) ပေရှိ အိမ်နှင့် ခြံရောင်းမည်။
ဖုန်း–၀၉ ၄၂၀၁၇၉၄၇၉

**ရောင်းမည်**

ဘုရားကုန်း၊ ကျောက်ကန်း၊မြေကွက်များ ရောင်းရန်ရှိသည်။ ဖုန်း–၀၉ ၇၃၂၂၆၀၈၇

**ရောင်းမည်**

ကျောက်မြောင်းဈေးလမ်း၊ ခြောက်လွှာ၊ (၂၅×၅၀) ပေ၊ ကုက္ကိုသယလမ်း၊ ခြောက်လွှာ၊ (၁၂×၅၀)ပေ၊ သာကေတ ရန်ပြေလမ်း (၂၀)၊ လေးလွှာ၊ (၁၂ခွဲ× ၅၀)ပေ၊ သာကေတ၊ မာန်ပြေ၊ မြို့မလမ်း၊ ၁ လွှာ၊ (၁၂ခွဲ×၅၀)။ ဖုန်း–၀၉ ၅၁၅၆၅၅၇

**ရောင်းမည်**

ဒဂုံ(အရှေ့ပိုင်း) မြို့နယ်၊ ရှမ်းတဲကြီး ပေ ၁၂၀ ပတ်လည်၊ လမ်းခင်းပြီး ထောင့်ကွက်၊ (၁၁၀)သိန်း။
ဖုန်း–၀၉ ၄၂၁၀၀၈၀၁၉

7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

စာမျက်နှာ(၂၃) မှ

# ဆယ်နှစ်ကျော်သည့်တိုင် မပြီးဆုံးနိုင်သည့်အိမ်ရာစီမံကိန်းများ

တည်နေရာကောင်းများမှ အချို့သောစီမံကိန်းများကိုရွေးထုတ်ဖော်ပြရလျှင် ရှစ်မိုင်ခွဲပြည်လမ်းမှ Airport View Tower အိမ်ရာစီမံကိန်း၊ အထက်ပန်းဆိုးတန်းလမ်း ကူးစက်ရောဂါဆေးရုံမြေနေရာမှ မြန်မာ့ဂုဏ်ရည်အိမ်ရာစီမံကိန်း၊ ဦးဝိစာရအဝိုင်းအနီး Grand Golden View Tower အိမ်ရာစီမံကိန်း၊ ဒဂုံမြို့နယ် မနော်ဟရီလမ်းမှ မနော်ဟရီအိမ်ရာစီမံကိန်း၊ (၄၆)လမ်း၊ (၄၇)လမ်းနှင့် (၄၈)လမ်းမှ Central Area Development စီမံကိန်း၊ ပန်းဆိုးတန်းလမ်းမှ ယခင်မီးလောင်သွားသော ကောက်ပဲသီးနှံရုံးအဆောက်အအုံနေရာရှိ Cyber Tower စီမံကိန်း၊ အနော်ရထာလမ်း (၁၇လမ်းနှင့် ၁၈ လမ်းကြား)မှ Trio Tower စီမံကိန်း၊ ပြည်လမ်းဟံသာဝတီအဝိုင်းအနီးမှ ပြည်ဂါးဒင်းကွန်ဒိုမီနီယံစီမံကိန်း စသည်တို့ပါဝင်လေ၏။ အခြားစီမံကိန်းများရှိသေး၏။

အထက်ပါစီမံကိန်းများတွင် အချို့မှာ အစိုးရသို့အပ်နှံရမည့် အပိုင်းသာပြီးစီး၍ မိမိတို့ခွဲဝေရရှိသောအပိုင်းများကိုမူ လက်စမသိမ်းသေးဘဲ 'ဇိမ်ဆွဲလို့ တပေပေငယ်ရှည်ပါစေခင်ရဲ့' ဟု သဘောထားနေကြောင်းတွေ့ရ၏။ အချို့မှာ နှစ်ပိုင်းစလုံးပြီးစီးသော်လည်း အစိုးရသို့အပ်နှံသည့် အိမ်ခန်းများအား ဦးစားပေးပြန်လည်ဝယ်ယူခွင့်တောင်းဆိုထားပြီး အဆုံးအဖြတ်ကိုငံ့လင့်စောင့်ဆိုင်းနေကြောင်းသိရှိရ၏။ အချို့မှာ နှစ်ပိုင်းစလုံးဆောက်လုပ်မှုအပြည့်အဝမပြီးသေးကြောင်း သိရှိရ၏။

အမှန်အားဖြင့် စီမံကိန်းများ လက်စသိမ်းရန်အတွက် အုပ်ချုပ်မှုအပိုင်းမှအဆုံးအဖြတ်ပေးရမည့်ကိစ္စများကို အမြန်ဆောင်ရွက်ပေးရန်လိုအပ်၏။ ပံ့ပိုးရမည့်အပိုင်းရှိလျှင်လည်း ပံ့ပိုးမှုပေးရန်လိုအပ်၏။ စီမံကိန်းတစ်ခုချင်းအလိုက် နောက်ဆုံးအပြီးသတ်ရမည့်နေ့ရက်ကို နှစ်ဖက်ညှိနှိုင်းပြီး အတိအလင်းသတ်မှတ်ပေးရန် လိုအပ်၏။ အထူးသဖြင့် အစိုးရသို့ အပ်နှံမည့် အပိုင်းတစ်ခုတည်းကိုသာ ကွက်၍ တွန်းအားပေးခြင်းမပြုသင့်ပေ။ အိမ်ရာဈေးနှုန်းမြင့်မားမှုလေဟုန်စီးရန် တမင်နှေးကွေးစွာဆောင်ရွက်နေမှုနှင့် နောက်ချန်ထားမှုများကို သတိပြုသင့်၏။

ယခုအခါ အိမ်ရာဈေးကွက်ဝယ်လိုအားက အလွန်အမင်းမြင့်မားနေပြီး ဈေးနှုန်းများကလည်း မိုးထိုးလျက်ရှိ၏။ အထက်ပါ စီမံကိန်းများ ပြီးပြတ်လျှင် ဝင်ငွေအဆင့်မြင့်သူများနှင့် ဝင်ငွေအလယ်အလတ်ရှိသူများအတွက် အိမ်ရာဖြည့်ဆည်းမှု တိုးမြင့်လာမည်ဖြစ်သည့်အလျောက် ဈေးကွက်အတွင်းရောင်းအားပြိုင်ဆိုင်မှုကို ဖြစ်ထွန်းစေမည် ဖြစ်၏။ ရောင်းအားပြိုင်ဆိုင်မှုကြောင့် ဈေးနှုန်းကျဆင်းမှုသည်လည်း 'ကွဲကူးရေပါ' ဖြစ်လာနိုင်၏။ ထို့အပြင် အိမ်ရာစီမံကိန်းများ၏ ဆောက်လုပ်မှုသက်တမ်းမှာလည်း နိုင်ငံတကာတွင် မကြုံဖူးမကြားဖူးအောင် စုစုပေါင်း ၁၀ နှစ်ကျော်နေပြီဖြစ်၍ တိုင်းဒေသကြီးအစိုးရ သာမက ပြည်ထောင်စုအစိုးရအဆင့်မှအထူးဦးစားပေးစိစစ်ပြီးထိထိရောက်ရောက်ကွပ်ကဲရန်နှင့် ပွင့်လင်းမြင်သာသည့် တာဝန်ယူမှုများဖြင့် အပြတ်ဖြတ်ရန်လိုအပ်နေပြီဖြစ်ပါသည်။ သို့မဟုတ်ပါက တန်ဖိုးကြီးမားသော နိုင်ငံတော်ပိုင်မြို့ပြမြေယာသယံဇာတကို ၁၀နှစ်ကျော်အကျိုးအမြတ်တစ်စုံတစ်ရာမရှိဘဲ ပုဂ္ဂလိက လက်ဝကွက်အပ်ထားသကဲ့သို့ ရှိနေပါမည်။

အဆိုပါအဆောက်အအုံများ ပြီးစီး၍ နိုင်ငံတော်အတွက် ရသင့်သည့် ဝင်ငွေများအလုံးအရင်းနှင့် ရရှိလာသောအခါ တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုအစိုးရအတွက် ဝင်ငွေများတိုးပွားမည်သာမက တန်ဖိုးနည်းအိမ်ရာများတိုးချဲ့ဆောက်လုပ်ရန်အတွက်ပါ မတည်အရင်းအနှီးများဖြည့်ဆည်းပေးနိုင်မည်ဖြစ်၏။ ဤကဲ့သို့ ဆောင်ရွက်ခြင်းကို စီမံကိန်းတစ်ခုသို့ ဖြတ်သွယ်ထောက်ပံ့မှု(Cross Subisidization) ပေးခြင်းဟူ၍ ခေါ်ဆိုကြပေသည်။ ဥပမာအားဖြင့် ဝင်ငွေသန်းပေါင်းတစ်သောင်းရရှိသည်ဆိုပါစို့။ အစိုးရအတွက် သန်းလေးထောင်ခွဲဝေပြီး သန်းခြောက်ထောင်ကို ဆင်းရဲနွမ်းပါးသော အိမ်ရာမဲ့ပြည်သူများ၊ ကျူးကျော်များအတွက် တန်ဖိုးနည်းအိမ်ရာ(အရောင်း)နှင့်တန်ဖိုးနည်းအိမ်ရာ(အငှား)စသည့် စီမံကိန်းများကို နေရာအနှံ့တွင် အကောင်အထည် ဖော်ပေးရန် မတည်ရန်ပုံငွေ(သို့မဟုတ်)လှည့်ပတ်ရန် ပုံငွေအဖြစ် လျာထားဆောင်ရွက်ပေးမည်ဆိုပါက အိမ်ရာကဏ္ဍအတွက် ငါးကြင်းဆီနှင့် ငါးကြင်းကြော်ဆိုသကဲ့သို့လည်းကောင်း၊ ခေါင်းကျိုးပုစွန်များမှ ပုစွန်ဆီများထုတ်ယူသကဲ့သို့လည်းကောင်း များစွာအကျိုးရှိမည်ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတော်မှရရှိမည့် အိမ်ခန်းများအားလျှော့ဈေး သတ်မှတ်ပြီးနောက် လက်သင့်ရာ ရောင်းချခြင်းကိုမူ သတိပြုရှောင်ရှားရမည်ဖြစ်ပါကြောင်း.......။

## JOKE

### လက်တွေ့

ဆေးကျောင်းသားတစ်စုအား လူသေအလောင်းခွဲစိတ်ကုသမှု လက်တွေ့ပြသနေသော ပါမောက္ခက ကျောင်းသားများကို မိတ်ဆက်လက်ချာပေးနေသည်။ "မှုခင်းဆိုင်ရာ ဆေးပညာကို လိုက်စားမယ်ဆိုရင် အချက်နှစ်ချက်ကို သတိထားရမယ်။ ပထမအချက်က ကြောက်လန့်မှု လုံးဝမရှိရဘူး"ဟု ဆိုကာ အလောင်း၏ စအိုပေါက်ထဲသို့ လက်ချောင်းတစ်ချောင်းထိုးထည့်ကာ လျှာဖြင့် လျက်လိုက်သည်။

ဆေးကျောင်းသားများ ခဏတာ ငြိမ်ကျသွားပြီးနောက် ပါမောက္ခကြီး ညွှန်ကြားသည့်အတိုင်း လိုက်လုပ်ကြသည်။ ထို့နောက် ပါမောက္ခကြီးက "ဒုတိယတစ်ချက်အနေနဲ့ မင်းတို့ရဲ့ စမ်းသပ်လေ့လာမှုမှာ စေ့စေ့စပ်စပ်ရှိရမယ်။ ဥပမာအားဖြင့် ခုနက ဒီအလောင်းရဲ့ စအိုပေါက်ထဲကိုငါ့ရဲ့ လယ်ခလယ်ထိုးထည့်လိုက်ပြီး လျှာနဲ့ လျက်တဲ့အခါ လက်ညှိုးကို လျက်လိုက်တာ မင်းတို့ထဲက ဘယ်နှယောက်သတိထားမိလိုက်သလဲ"ဟု မေးမြန်းလိုက်သည်။

### ဒုတိယထင်မြင်ချက်

ဆေးခန်းသို့လာသော လူနာက ဆရာဝန်အား "ဒေါက်တာ ကျွန်တော့်အနေနဲ့ ဒုတိယထင်မြင်ချက်ရယူနိုင်ပါသလား"ဟု မေးမြန်းသည်။ ဆရာဝန်က လူနာကို မော့မကြည့်ဘဲ "မနက်ဖြန် ကျွန်တော့်ဆီ ထပ်လာခဲ့ပါ"ဟု ပြောသည်။

စာမျက်နှာ(၂၆) မှ

# ဆိုးကျိုးကိုသယ်ဆောင်သူဟာ ဖိနှိပ်မှုပါ



ဖွံ့ဖြိုးတိုးတက်တယ်ဆိုတဲ့အရသာကို နိုင်ငံသားတိုင်းခံစားခွင့်ရပါမှ နိုင်ငံတစ်ခုရဲ့ တိုးတက်မှုကိုဖြစ်စေပါတယ်။ တိုးတက်မှုကိုဆောင်ကြဉ်းပါတယ်။

အဲဒါကြောင့် ကမ္ဘာ့သမိုင်းကို ပြန်ကြည့်ရင် ပဒေသရာဇ်ခေတ်တွေတုန်းက နိုင်ငံတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးတယ်ဆိုတာ မရှိခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ လူများစုက ဆင်းရဲနေပြီး ချမ်းသာကြွယ်ဝမှုဟာ လူနည်းစုလက်ထဲမှာပဲ ရှိတာကြောင့်ပါ။ တိုတိုပြောရရင် နိုင်ငံတော်တစ်ခုတိုးတက်လာဖို့ အလုံးစုံသော အာဏာကို ဆုပ်ကိုင်ထားတဲ့ ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းမှဖြစ်တော့မယ်ဆိုတာကို နားလည်လာကြပြီး ဒီမိုကရေစီကျင့်စဉ်ကို စွဲကိုင်တဲ့ အစိုးရတွေ၊ နိုင်ငံတွေ ပေါ်ပေါက်လာတာပါ။ တကယ်လို့ ပဒေသရာဇ်ခေတ်ဆိုပေမယ့် လူတိုင်းပညာတွေတတ်၊ ဝင်ငွေကောင်း၊ တရားမျှတမှုလည်းရှိနေရင် ဒီမိုကရေစီအရေးဆိုတာ တော်တော်နဲ့ ခေတ်စားလာဦးမှာမဟုတ်ပါဘူး။ဒါပေမဲ့ ပဒေသရာဇ်စနစ်ဆိုတာ သဘာဝကိုကလူအများနဲ့မျှဝေစားသောက်တဲ့ စနစ်မဟုတ်လေတော့ နောက်ဆုံးမှာ ပျက်သုဉ်းရတာပါပဲ။

အခု ကျွန်တော်တို့နိုင်ငံမှာကော ပဒေသရာဇ်ဆန်ဆန် အမူအကျင့်တွေရှိနေသေးသလား။ နိုင်ငံတော်အစိုးရလုပ်သူဟာ နိုင်ငံသားတွေနဲ့ မျှဝေခံစားသလားဆိုတာ ဆန်းစစ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဟုတ်ကဲ့ မြန်မာနိုင်ငံမှာ အာဏာကိုရော ခနကိုပါ မျှဝေတယ်ဆိုတာ အခုအထိမရှိသေးပါ။ လုံးလုံးကို မရှိသေးပါ။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့ဆိုတဲ့ကိစ္စဟာ အနာဂတ်မှာ နိုင်ငံသားတို့အကြား မျှဝေမှုတွေတည်ရှိလာဖို့ ကြိုးပမ်းတဲ့ခြေလှမ်းဖြစ်တယ်လို့ ပြောလိုပါတယ်။

မြန်မာပြည်မှာ ဒီမိုကရေစီဖွံ့ဖြိုးအောင် ဆောင်ရွက်နေတယ်လို့ အာဏာရအစိုးရက ပြောနေပေမယ့် တကယ်တမ်းမှာတော့ လက်ရှိစစ်ဗိုလ်ချုပ်တွေနဲ့ အရပ်ဝတ်ပြောင်းဝတ်သွားတဲ့ စစ်ဗိုလ်ချုပ်တွေအတွက်သာ အလုပ်ဖြစ်နေတဲ့၊ အခွင့်အရေးရနေတဲ့ နိုင်ငံရေးစနစ်သာဖြစ်ပါတယ်။ ဒီကြားထဲမှာ အပြောအဆိုမတတ်တဲ့၊ အပြောအဆိုရိုင်းပျတဲ့၊ ပြောတာဆိုတာ ယုတ္တိမတန်တဲ့ အစိုးရခေါင်းဆောင်များလည်း အလျှိုအလျှိုဆိုသလို ပေါ်ပေါက်လာနေတာမြင်ရပါတယ်။ အဲသလိုအစိုးရမျိုးဟာ ဘယ်လိုလုပ်ပြီး တိုင်းပြည်ကို ခေါင်းဆောင်နိုင်မှာလဲ။

အားမနာတမ်းပြောရမယ်ဆိုရင် အခုလက်ရှိ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ သူ့ကိုယ်၌က ဖွဲ့စည်းပုံအခြေခံဥပဒေမပီသပါဘူး။ ဘိုလိုပြောရရင်တော့ The constitution itself is unconstitutional လို့ဆိုရမှာပါပဲ။

တကယ်တမ်းတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုယ်၌က တစ်ဖက်လှည့်နဲ့ ဖိနှိပ်တဲ့ဥပဒေဖြစ်နေပါတယ်။ ဒီလိုမျိုးဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်မဆင်ဘဲ ဆက်သွားနေမယ်ဆိုရင် မြန်မာပြည်ရဲ့ အနာဂတ်ဟာ ကောင်းလိမ့်မည်မဟုတ်ပါ။ တကယ်ကတော့ မြန်မာနိုင်ငံရဲ့ အခုလက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေဟာ တစ်ချိန်တုန်းက အင်ဒိုနီးရှားဖွဲ့စည်းပုံအခြေခံဥပဒေကို ခိုးချထားတယ်လို့ ပြောနိုင်ပါတယ်။ ပါလီမန်ထဲမှာ စစ်တပ်က ရွေးကောက်ပွဲဝင်စရာမလိုဘဲ ၂၅ ရာခိုင်နှုန်းနေရာယူမယ်ဆိုတဲ့ ကိစ္စမျိုးကစလို့ အတော်တူပါတယ်။ ဆူဟာတိုဦးဆောင်တဲ့ အာဏာရှင်အစိုးရဟာ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း အင်ဒိုနီးရှားနိုင်ငံကို ဦးဆောင်ခဲ့ပါတယ်။ ဆူဟာတို့အပေါင်းအပါ စစ်ခေါင်းဆောင်တွေ၊ ခရိုနီတွေသာ ကြီးပွားပြီး နိုင်ငံသားတွေကတော့ ဖွတ်ကျောပြာစုဖြစ်ခဲ့ပါတယ်။ နောက်ဆုံးတော့ အင်ဒိုနီးရှားနိုင်ငံရဲ့ လူတန်းစားပေါင်းစုံလမ်းပေါ်ထွက်လာပြီး ဆန္ဒပြတဲ့အချိန်မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြင်ဆင်ဖို့တောင် အချိန်မရလိုက်ဘဲ လုံးလုံးဖျက်သိမ်းလိုက်ရပါတော့တယ်။

အကယ်၍ အခုလက်ရှိ သမ္မတကြီးဦးသိန်းစိန်ရဲ့ အစိုးရဟာ ဖွဲ့စည်းပုံပြင်ဆင်ဖို့ ငြင်းဆန်နေမယ်ဆိုရင် လူထုတိုက်ပွဲတွေနဲ့ ရှေ့မှာရင်ဆိုင်ရဖို့ ရှိပါတယ်။ ဒါဟာ လူထုတိုက်ပွဲနဲ့ ခြိမ်းခြောက်တာမဟုတ်ပါ။ ဖိရင်ကြွတယ်ဆိုတာ ခေတ်အဆက်ဆက်မှာ တည်ရှိခဲ့တဲ့ နိုင်ငံရေးသီအိုရီပါ။ စက်မှုဖွံ့ဖြိုးတာ စောခဲ့တဲ့အင်္ဂလန်ဟာ တစ်ချိန်က ကုပ်သွေးစုပ်အရင်းရှင်စနစ်သက်သက်ကို ကျင့်သုံးခဲ့ပါတယ်။ ဒါပေမဲ့ ကုပ်သွေးစုပ်တာ လွန်လွန်းအားကြီးလာတော့ ဆင်းရဲသားလူတန်းစားရဲ့ အုံကြွမှုကို ရင်ဆိုင်ရမလိုဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ အင်္ဂလိပ်အရင်းရှင်တွေဟာ တင်းကျပ်လွန်းတဲ့ ကုပ်သွေးစုပ်အရင်းရှင်စနစ်ကနေ ဖြေလျှော့ပေးခဲ့ရပါတယ်။ အလုပ်သမားလူတန်းစားရဲ့အခွင့်အရေးတွေကို အသိအမှတ်ပြုပြီး ခံစားခွင့်တွေပေးခဲ့ရပါတယ်။ အဲဒါကြောင့် ရုရှားနိုင်ငံမှာလို ဇာဘုရင်ပြုတ်ကျတဲ့အထိ တော်လှန်ရေးဖြစ်တာမျိုးကို ရှောင်ရှားနိုင်ခဲ့တယ်လို့ နိုင်ငံရေးသိပ္ပံဆရာများက ဆိုပါတယ်။ ဇာဘုရင်က ဖိလွန်းတဲ့နိုင်ငံရေးစနစ်ကိုပဲသုံးခဲ့တော့ နောက်ဆုံးမှာ သူပဲကျဆုံးရတာ ဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ ၁၈ ရာစု ၁၉ ရာစုခေတ်တုန်းက အင်္ဂလိပ်အုပ်စိုးသူနဲ့ အရင်းရှင်တွေကတော့ ညှိနှိုင်းတယ်၊ ဖြေလျှော့ပေးတယ်၊ လိုက်လျောရတယ်၊ အခွင့်အရေးတွေကို ခွင့်ပြုရတယ်ဆိုတဲ့ ဖြစ်စဉ်တွေကို နဖူးတွေ့ ဒူးတွေ့ရှောင်မရဘဲ ဆောင်ရွက်ပေးခဲ့ရပါတယ်။

အခု ၂၁ ရာစုမှာ ကျွန်တော်တို့ဟာ သူများတိုင်းပြည်တွေမှာ ဖြစ်ပျက်ခဲ့တာတွေကို လေ့လာပြီး သင်ခန်းစာယူတတ်ဖို့လိုပါတယ်။ အုပ်စိုးသူအစိုးရဟာ သက်ဆိုင်တဲ့ နိုင်ငံရေးအဝန်းအဝိုင်းနဲ့ ညှိနှိုင်းတာ၊ ဆွေးနွေးတာ၊ ဖြေလျှော့ပေးတာတွေလုပ်ဖို့ ဆန္ဒရှိရပါလိမ့်မယ်။ အမှန်တကယ်လည်းဆောင်ရွက်ဖို့ လိုပါတယ်။ အဲသလိုမှ မဆောင်ရွက်ဘူးဆိုရင်တော့ အုံကြွမှုတွေနဲ့ ရင်ဆိုင်ရဖို့ အလားအလာရှိပါတယ်။ လူ့အဖွဲ့အစည်းအတွင်းမှာ ဆိုးကျိုးကိုသာ သယ်ဆောင်လာတဲ့၊ ဖိနှိပ်ထားတဲ့ နိုင်ငံရေးစနစ်သက်သက်နဲ့တော့ ရှေ့ကိုဆက်သွားဖို့ မဖြစ်နိုင်ပါကြောင်း။

Environment

7 DAY NEWS JOURNAL

Vol.13, No.13 • JUNE 4 , 2014

# တောပျောက်၍ သစ်ခွခြောက်

အိဖြူမွန်


ဓာတ်ပုံ – orchidfoto

သစ်တောများ ပြုန်းတီးလာခြင်းသည် ၎င်းတို့ကို မှီခိုနေသည့် သက်ရှိနှင့် သက်မဲ့တို့၏ ရှင်သန်မှုကို ထိခိုက်စေပြီး သက်ရှိ ဇီဝမျိုးစိတ်များရှားပါးလာသည့်နည်းတူသက်မဲ့ ပန်းမန်များလည်း ရှားပါးလာကာ ထိုအထဲတွင် မြန်မာသစ်ခွလည်း ပါဝင်သည်။

အစိုးရ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် သစ်ခွမျိုးစိတ် ၈၄၁ မျိုးရှိသည်ဟု ဆိုပြီး ပညာရှင်များကမူ ထိုထက်များပြားနိုင်သည်ဟု ခန့်မှန်းကြသည်။ သစ်ခွနှင့်ပတ်သက်၍ အစိုးရက သုတေသန ပြုလုပ်ခြင်း၊ မျိုးစိတ်ရှာဖွေခြင်းများ အားနည်းနေခြင်းတို့ကြောင့် အချက်အလက်သစ်များ မရနိုင်သေးပေ။

"မြန်မာနိုင်ငံရဲ့ အနေအထားက အပင်တွေ၊ တောကောင်တွေအတွက် အရမ်းကောင်းတဲ့ အနေအထားပါ။ ပေါက်ရောက်တဲ့ သစ်တော အမျိုးအစား စုံလင်တဲ့အတွက်ကြောင့် သစ်ခွမျိုးစိတ်ကလည်း များတယ်။ အခုထိ မှတ်တမ်းမတင်ရသေးတဲ့ မျိုးစိတ်တွေလည်း အများကြီးရှိတယ်" ဟု သစ်ခွမျိုးပွားခြင်းနှင့် သစ်ခွကျွမ်းကျင်ပညာရှင် ဒေါက်တာစောလွင်က ပြောသည်။

မြန်မာနိုင်ငံရှိ မှတ်တမ်းမတင်ရသေးသည့်၊ မှတ်တမ်းတင်ထားသည့် သစ်ခွမျိုးစိတ်များသည် သစ်တောပြုန်းတီးခြင်း၊ တရားမဝင်မှောင်ခိုရောင်းခြင်း၊ သတ္တုတူးဖော်ခြင်းနှင့် အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်းကြောင့် မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

သစ်ခွမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်ရန် ခြိမ်းခြောက်နေသည့် အန္တရာယ်လေးခုရှိသည့် အနက် သစ်တောပြုန်းတီးခြင်းသည် မြန်မာသစ်ခွများ ရှားပါးလာခြင်းကို အမြင့်မားဆုံးအခြေအနေနှင့် ခြိမ်းခြောက်လျက်ရှိသည်။

မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော သစ်ခွမျိုးစိတ်များ မည်မျှရှိသည်ဟု သုတေသနပြုလုပ်ခြင်း၊ စစ်တမ်းကောက်ယူခြင်းများ မရှိခဲ့သော်လည်း ယေဘုယျအားဖြင့် သက်တမ်းရင့် သစ်ပင်တစ်ပင် ပျောက်ဆုံးခြင်းသည် ၎င်းတွင် ကပ်ပေါက်နေသည့် ပစ်ကပ်ကား တစ်စီးစာ သစ်ခွအရေအတွက် ပျောက်ဆုံးသွားခြင်းနှင့် ညီသည်ဟု ဆယ်စုနှစ်တစ်ခုအထိ မြန်မာနိုင်ငံ၏ သစ်ခွများကို လေ့လာခဲ့သူ ဒေါက်တာစောလွင်က ပြောသည်။

မြေတွင်ပေါက်သည့် သစ်ခွနှင့်သစ်ပင်တွင် ကပ်ပေါက်သည့် သစ်ခွဟူ၍ နှစ်မျိုးရှိပြီး မည်သည့် ပုံစံဖြင့် ပေါက်ရောက်သည်ဖြစ်စေ သစ်ပင်များကို သွယ်ဝိုက် (သို့မဟုတ်) တိုက်ရိုက်မှီခိုအားထားရသည်။ လှပပြီး တွေ့ရှိရမှု နည်းပါးသော သစ်ခွနက်များသည် ချုံနွယ်များကြား၊ စမ်းချောင်းနှင့် သစ်ပင်အောက်တွင် ပေါက်ရောက်ကြသည်။ သစ်ပင်များ ပြုန်းတီးခြင်းများသည် ရေအရင်းအမြစ်များကို ထိန်းသိမ်းပေးသောကြောင့် မြေစိုက်သစ်ခွများ ပေါက်ရောက်မှုကို ထိခိုက်စေသည်။

သစ်ပင်များနှင့် မြေပြင်ပေါ်တွင် ပေါက်ရောက်သည့် သစ်ခွများရှားပါးလာခြင်းသည် ဝတ်မှုန်ကူးယူ မျိုးပွားပေးသည့် ပျားပိတုန်းများ၏ အစာဖူလုံမှုကို ထိခိုက်စေပြီး ထိုအကောင်ငယ်များ ရှင်သန်ရပ်တည်မှု ခက်ခဲလာခြင်းသည် သစ်ခွများ မျိုးပွားမှုနှုန်းကို ထိခိုက်စေသည်။ သဘာဝတရားကြီး ပြောင်းလဲမှုက သစ်ခွမျိုးစိတ်များ ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်နေသလိုတရားမဝင်မှောင်ခိုပို့ရောင်းဝယ်ခြင်းကလည်း ခြိမ်းခြောက်လျက်ရှိသည်။

လွန်ခဲ့သော အနှစ် ၂၀ကျော် အခြေအနေနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ နယ်စပ် လမ်းပန်းဆက်သွယ်ရေးမှာ ယခင်ထက် ကောင်းမွန်လာပြီ ဖြစ်သည်။ ၁၉၈၈ ခုနှစ်နောက် တိုးတက်လာသည့် တရုတ်နယ်စပ် ကုန်သွယ်ရေးက မြန်မာ သစ်ခွများကို ကြောက်ခမန်းလိလိ ခိုးထုတ်ရာနေရာကြီး ဖြစ်လာသည်။ တရုတ်နိုင်ငံ၏ တိုင်းရင်းဆေးလိုအပ်ချက်ကြောင့် ကမ္ဘာ့အရှားပါးဆုံး မျိုးစိတ်တစ်ခုဖြစ်သည့် ဒန်ရိုဗီယမ်သစ်ခွများမှာ တရုတ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော်၍ တရားမဝင်ဝင်ရောက်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ဒန်ရိုဗီယမ်သစ်ခွမျိုးစိတ်များ တဖြည်းဖြည်း ပျောက်ကွယ်လာပြီဖြစ်သည်။ ဒန်ရိုဗီယမ်များကိုအခြောက်ပြုလုပ်၍ပိသာချိန် ထောင်၊ သောင်းချီကာ တရုတ်နယ်စပ်တင်ပို့မှုများကို မရပ်တန့်နိုင်သေးပေ။ **အချပ်ပို**(A6) **သို့**

## ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ် အမှိုက်ကောက်မည်

ခိုင်ခိုင်စိုး

ရန်ကုန်၊ မေ-၃၁

လာမည့် ဇွန်လ၅ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ်အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်သူ လူငယ်များစုပေါင်း၍ ရန်ကုန်မြို့လယ်တွင် အမှိုက်ကောက်မည်ဟု သတင်းရရှိသည်။

မဟာဗန္ဓုလပန်းခြံမှ ဗိုလ်တထောင်မြို့နယ်အထိ စုပေါင်းအမှိုက်ကောက်သည့် လှုပ်ရှားမှုကို ဇွန်လ ၈ရက်တွင် ပြုလုပ်မည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးပါဝင်လုပ်ဆောင်မည့် ကိုရှိုင်းဝင်းလတ်က ပြောသည်။

ထိုသို့အမှိုက်ကောက်ခြင်းကို ရန်ကုန်စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး YCDCပါ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကာ စိတ်ပါဝင်စားသည့်လူငယ်များကလည်း ပူးပေါင်းပါဝင်နိုင်သည်ဟု ဆိုသည်။

ကမ္ဘာ့ပတ်ဝန်းကျင်နေ့အထိမ်းအမှတ်လှုပ်ရှားမှုများကို ရန်ကုန်အပြင် မြန်မာနိုင်ငံရှိ နေရာဒေသ ၁၅ခုတွင်ဟောပြောပွဲများ ပြုလုပ်ခြင်း၊ အမှိုက်ကောက်ခြင်း၊ စက်ဘီးစီးခြင်း စသည့်လှုပ်ရှားမှုများ ပြုလုပ်မည်ဟု သတင်းရရှိသည်။

ကမ္ဘာ့ ပတ်ဝန်းကျင်နေ့ကို မြန်မာနိုင်ငံ ၂၀၀၂ကတည်းက စတင်လုပ်ဆောင်လာခဲ့ရာ ဒေသ ၁၆ ခုပါဝင်လှုပ်ရှားခဲ့ပြီး ၂၀၁၃ခုနှစ်တွင် ဒေသ ၅၇ ခုပါဝင်လုပ်ဆောင်ခဲ့ကြောင်းသိရသည်။



# Tourism

7 DAY NEWS JOURNAL

Vol.13, No.13 • JUNE 4 , 2014


# ကြော်ငြာအားကောင်း၍ ပြည်တွင်းခရီးသွားများ မော်လဒိုက်သွားသူများလာ

**ခန့်ထက်**

**ရန်ကုန်၊ မေ-၃၁**

ဈေးကွက်မြှင့်တင်မှုကောင်းပြီး သွားရောက်လည်ပတ်ရာတွင် အဆင်ပြေခြင်းတို့ကြောင့် ပြည်တွင်းမှခရီးသွားများ မော်လဒိုက် ကျွန်းနိုင်ငံသို့သွားရောက်ရန် ရွေးချယ်လာကြသည်ဟု ခရီးသွားလုပ်ငန်းများမှသတင်းရရှိသည်။

"ရန်ကုန်–ဘန်ကောက်ကို အဆင်ပြေတယ်။ ဘန်ကောက်ကနေ မော်လဒိုက်ကိုသွားဖို့က လွယ်လွယ်လေး။ မော်လဒိုက်ကဗီဇာလည်းမလိုဘူး။ ဈေးနှုန်းကလည်း သင့်တယ်။ ပရိုမိုးရှင်းလုပ်တာနဲ့ လည်းကြုံတော့ မြန်မာကသွားတဲ့သူတွေများလာတာ"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဒေါက်တာအောင်မြတ်ကျော်ကပြောသည်။

မော်လဒိုက်ကျွန်းနိုင်ငံသည် ခရီးသွားလုပ်ငန်းအတွက်ဈေးကွက်မြှင့်တင်မှုသည် လွန်စွာကောင်းသောကြောင့် မြန်မာနိုင်ငံတွင်လည်း ယင်းကဲ့သို့ဈေးကွက်မြှင့်တင်ရန်လုပ်ဆောင်သင့်သည်ဟု ဒေါက်တာအောင်မြတ်ကျော်ကပြောသည်။



*လှပသော မော်လဒိုက်ကျွန်းစုတစ်နေရာ*

karmajello.com

"မော်လဒိုက်မှာဟိုတယ်တွေကနောက်ပိုင်းမှာများလာတယ်။ ပြီးတော့ လေကြောင်းလိုင်းတွေနဲ့ ချိတ်ပြီးတော့ပရိုမိုးရှင်းတွေအပြိုင်လုပ်လာတယ်။ ဟိုတယ်ခတွေကလည်း သက်သာတာကြောင့် သွားတဲ့သူတွေ များလာတာဖြစ်နိုင်တယ်"ဟု Nature Dream ခရီးသွားလုပ်ငန်းမှ ဒေါ်စံပယ်အောင်ကပြောသည်။

ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံမှ မော်လဒိုက်သို့သွားရောက်မည့်သူများလာနိုင်သည်ဟုလည်း ဒေါက်တာအောင်မြတ်ကျော်က ခန့်မှန်းသည်။

မော်လဒိုက်နိုင်ငံသည်၁၉၇၂ နောက်ပိုင်းတွင်ဟိုတယ်နှင့်အပန်းဖြေစရာနေရာပေါင်း ၁၀၀ နီးပါးတိုးတက်လာသည်ဟု မော်လဒိုက်နိုင်ငံဟိုတယ်/ခရီးဝန်ကြီးဌာန၏ စစ်တမ်းများတွင် ဖော်ပြထားသည် ။

မော်လဒိုက်သို့ အများဆုံးလည်ပတ်သူများမှာ ဥရောပမှ ကမ်းခြေကြိုက်သူများ၊ အအေးဒဏ်ရှောင်ရှားသူများဖြစ်သည်ဟု ဒေါ်စံပယ်အောင်ကပြောသည်။

မော်လဒိုက်တွင် ရိုးရိုးနှစ်ယောက်ခန်းဌားခမှာ တစ်ရက်လျှင် အမေရိကန် ဒေါ်လာ ၃၀ မှ၇၀၀ဝန်းကျင်ရှိသောကြယ်သုံးပွင့်အဆင့်ရှိဟိုတယ်များရှိပြီး ကြယ်လေးပွင့်အဆင့်ရှိဟိုတယ်တစ်လုံး၏အခန်းခမှာ ၁၀၀ ဝန်းကျင်မှ ၁၅၀ ရှိသောဟိုတယ်များရှိသည်ဟုသိရသည်။

မော်လဒိုက်နိုင်ငံရှိ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများသည် မြန်မာနိုင်ငံမှ မီဒီယာများနှင့် အနုပညာရှင်များကို အခမဲ့လည်ပတ်ရန်ဖိတ်ခေါ်ပြီး ၎င်းတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းဈေးကွက်တွင်မြန်မာနိုင်ငံမှ ခရီးသွားများရရှိရေးကို ဆောင်ရွက်လာကြသည်။

# မိုးရာသီတွင် ချောင်းသာကမ်းခြေ၌ ဖျော်ဖြေရေးအစီအစဉ်ဆောင်ရွက်နိုင်မည့်အဖွဲ့များအားဖိတ်ခေါ်

**ခန့်ထက်**

**ရန်ကုန်၊ မေ-၃၁**

မိုးရာသီတွင် ချောင်းသာ ကမ်းခြေ၌ ဖျော်ဖြေရေး အစီအစဉ်များ ဆောင်ရွက်ရန်စိတ်ပါဝင်စားသူများသည် အစီအစဉ်၊ကုန်ကျစရိတ်များနှင့်တကွ ဟိုတယ်လုပ်ငန်းရှင်များထံ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

ခရီးသွားရာသီကုန်ဆုံးချိန် မိုးကာလဇွန်လမှ စက်တင်ဘာလအတွင်း ချောင်းသာကမ်းခြေသို့ လာရောက်လည်ပတ်သောဧည့်သည်များအတွက် ဖျော်ဖြေရေးအစီအစဉ်များကိုလစဉ်ထည့်သွင်းနိုင်ရန် လုပ်ကိုင်နိုင်သူများအားဟိုတယ်လုပ်ငန်းရှင်များစုပေါင်းပြီး ပထမဆုံးခေါ်ယူခြင်းဖြစ်ကြောင်း ချောင်းသာဟိုတယ်ဇုန်အတွင်းရေးမှူး ဦးမင်းကျော်ဦးက ပြောသည်။ "အရင်က ဟိုတယ်တစ်လုံးချင်းစီကခေါ်တာတော့ရှိတယ်။ ဒီနှစ်မှာတော့ဟိုတယ်တွေစုပေါင်းပြီး ဒီလိုလုပ်ဖို့ခေါ်ခဲ့တယ်"ဟု ဟိုတယ်ဇုန် အတွင်းရေးမှူးဦးမင်းကျော်ဦးကပြောသည်။

မြန်မာနိုင်ငံ၌ခရီးသည်အဝင်များသော ကမ်းခြေသုံးခုအနက် ငွေဆောင်နှင့်ငပလီတို့သည်မေလကုန်မှစက်တင်ဘာလကုန်အထိ ဟိုတယ်များပိတ်ထားပြီး ချောင်းသာကမ်းခြေတစ်ခုတည်း၌သာ ဟိုတယ်ခန်းများဖွင့်လှစ်ပေးထားကြောင်းကမ်းခြေဟိုတယ်လုပ်ငန်းရှင်များထံမှသိရသည်။

"အရင်တုန်းကဆိုရင် ဒီလိုကာလမှာ အခန်းမလျှော့ပေးတာမျိုးတွေပဲလုပ်တယ်။ ဒီနှစ်တော့ အခန်းခရော ဖျော်ဖြေရေးအစီအစဉ်တွေပါရအောင်ဆောင်ရွက်ပေးသွားမှာ"ဟုဦးမင်းကျော်ဦးကပြောသည်။

ချောင်းသာကမ်းခြေသည် မိုးတွင်း၌ ခရီးသည်ဝင်ရောက်မှုမြင့်တက်ပြီး လာရောက်သူအများစုမှာ ပြည်တွင်းမှဧည့်သည်များဖြစ်ကြသည်။

၂၀၁၃ မိုးကာလတွင် ချောင်းသာသို့ ခရီးသည်ဝင်ရောက်မှုတိုးလာခဲ့ပြီး ယခုနှစ်တွင်လည်း ခရီးသည်အဝင်များနိုင်မည့်အနေအထားရှိနေသည်ဟု ချောင်းသာကျေးရွာအုပ်ချုပ်ရေးမှူးဦးတေဇအောင်ကသုံးသပ်သည်။


အာရှ၏ လူကြိုက်အများဆုံး အပျော်စီးဇိမ်ခံသင်္ဘော Super Star Gemini ဖြင့် မလေးရှားနိုင်ငံ Tioman ကျွန်းသို့ အပန်းဖြေခရီးစဉ်

Fly-Cruise Package (3D/2N)

သင်္ဘောထွက်ခွာမည့်ရက်များ

18 JUN 2014
13 AUG 2014
10 SEP 2014

US$ 799

Fly-Cruise-Land Package (5D/4N)

သင်္ဘောထွက်ခွာမည့်ရက်များ

16 JUL 2014
08 OCT 2014

US$ 1099




အောက်ပါအေဂျင်စီများတွင် ဝယ်ယူနိုင်ပါသည်။

GO & GO 09-402709876, 09-5154804
Royal Paramount 09-425033466, 09-425033464
Htoo 01-8603766, 09-73199955
Sri ASIA 09-5185623, 01-211944
Mai Hsoong 01-373776, 09-73117963
Sun Far 09-250093366, 09-250638883
One Best Myanmar 09-402627474, 09-43059119
Thousand Islands 09-5048528, 09-250577551
UA Ticketing & Tours 09-5402525, 09-5402929

** ခရီးစဉ်တိုင်းတွင် Yangon-Singapore-Yangon လေယာဉ်လက်မှတ်၊ Singapore Visa ကြေး၊ သင်္ဘောအခန်းနှင့်အစားအသောက်များ၊ Star Cruises Tour Leader တို့ပါဝင်ပါသည်။
ကြိုတင်ဝယ်ယူသည့်သူများကို Discount ပေးမည်ဖြစ်သောကြောင့် အမြန် booking ပြုလုပ်ကြပါရန် သတင်းကောင်းပါးအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# Cartoon

































7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014



# “ပြည်သူတွေက ဥရောပကို မဆန့်ကျင်ကြပါဘူး။ သူတို့က ဥရောပဘာလုပ်သလဲ နားမလည်ကြလို့ပါ”

## ဂျာမန်ဘဏ္ဍာရေးဝန်ကြီး ဝုဖ်ဂန်းရှော်ဘယ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ဥရောပဟာ ယူကရိန်းနိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းဖို့ ကြိုးစားနေရင်းကနေ ခရိုင်းမီးယားကို ရုရှားက ပြန်သိမ်းယူလိုက်တာကို ကြုံခဲ့ပြီးနောက် ရုရှားနဲ့ သံတမန်ရေး တင်းမာမှုတွေကို ဆက်လက်ရင်ဆိုင်လာရတယ်။ စစ်ရေးအရ စိုးရိမ်မှုတွေပါ ဖြစ်လာနေပါတယ်။ ဒီတော့ ယူကရိန်းအကျပ်အတည်းနဲ့ မကြာမီက ယူရိုဗစ်ရှင်း သီချင်းဆိုပြိုင်ပွဲမှာ ဆုရသွားတဲ့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေနဲ့ မိန်းမလိုဝတ်ထားတဲ့ အဆိုတော်ကွန်ချီတာဗတ်စ်တို့ ဘာများ သက်ဆိုင်ပါသလဲ။ ဂျာမန်ဘဏ္ဍာရေး ဝန်ကြီး ဝုဖ်ဂန်းရှော်ဘယ်ကတော့ စပိုင်းဂဲလ် မီဒီယာနဲ့ အင်တာဗျူးမှာ အများက ထင်ထားတာထက်ကို ပိုရှင်းပြထားနိုင်တာ တွေ့ရပါတယ်။ ဒါက အီးယူရဲ့ အကြီးမားဆုံးခွန်အားတွေကို ပြသနေတာပဲလို့ သူက ပြောပါတယ်။ ဒါကြောင့် သူ့အင်တာဗျူး ကောက်နုတ်ချက်တွေကို ဖတ်ကြည့်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

**ဝန်ကြီးမစ္စတာရှော်ဘယ်ခင်ဗျား။ ကွန်ချီတာဗတ်စ်ဆိုတဲ့နာမည်ကို ရင်းနှီးပါသလားခင်ဗျ။**

အဲဒါယူရိုဗစ်ရှင်း သီချင်းပြိုင်ပွဲရဲ့ ဆုရအဆိုရှင်ပဲ။ ဒါပေမဲ့ ကျွန်တော် သူ့ရဲ့သီချင်းတွေကို နားမထောင်ဖူးဘူးနော်။

**မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေနဲ့ မိန်းမလိုဝတ်စားထားတဲ့သူတစ်ဦးက ပြိုင်ပွဲမှာ အနိုင်ရသွားခဲ့တာဟာ ဥရောပတိုက်နဲ့ ပတ်သက်လို့ ဘာများ ပြောနိုင်ပါသလဲ။**

ဒီကိစ္စက ဥရောပမှာ ယဉ်ကျေးမှုမျိုးစုံ ကွဲပြားခြားနားစွာ တည်ရှိမှုကို ပြောပြနေတာပါ။ ဒါပေမဲ့ဒီကိစ္စကို အရမ်းကြီး အရေးပါတဲ့ အရာအဖြစ်တော့ တွဲစပ်မထားသင့်ဘူးပေါ့။

**ဝန်ကြီးက သီချင်းဆိုပြိုင်ပွဲ ပရိသတ်တစ်ဦး မဟုတ်ဘူးလား။**

ဒါက မျိုးဆက်နဲ့ဆိုင်တဲ့ ကိစ္စဖြစ်လိမ့်မယ်ဗျ။ ဒါပေမဲ့ အလေးအနက်ထား ပြောရရင် သူ့ရဲ့ အောင်မြင်မှုက ဆိုးရွားတဲ့အရာတစ်ခုမဟုတ်ပါဘူး။ ဒီကိစ္စက လက်ရှိမှာ ရုရှားနဲ့ အငြင်းပွားနေရမှုဟာ နိုင်ငံရေးကိစ္စဖြစ်တယ်ဆိုတာကို လူတော်တော်များများကို ပြသနိုင်ခဲ့တယ်။ ယူကရိန်းမှာ ဖြစ်ပျက်နေတာထက် ပိုကျော်လွန်သွားတဲ့ ကိစ္စဖြစ်တယ်ဆိုတာ ပထမဆုံးကြိမ်အဖြစ် ပြသနိုင်ခဲ့ပါတယ်။

**ဝန်ကြီးဆိုလိုတာက အနောက်တိုင်းတန်ဖိုးတွေနဲ့ ရုရှားသမ္မတပူတင်က ထိန်းသိမ်းနေတဲ့ တန်ဖိုးတွေကြားမှာ ပဋိပက္ခဖြစ်နေတယ်လို့ ဆိုလိုနေတာလား။**

ယူကရိန်းပဋိပက္ခက ပြသနေတာကတော့ အမျိုးသားရေးစိတ်ခံစားချက်တွေနဲ့သဘောထားကွဲလွဲမှုတွေကို အမြတ်ထုတ်ခြင်းဟာ အတိတ်နဲ့မဆိုင်ဘူးဆိုတာပါပဲ။ ပူတင်ဟာ လစ်ဘရယ်ဒီမိုကရက်တစ် အစီအစဉ်ကို အရေးမကြီးသယောင်လုပ်ဖို့ ရည်ရွယ်ချက်နဲ့ ပေါ်ထွက်လာတယ်။ ဒီလိုကြိုးပမ်းမှုကို အနောက်တိုင်းက သူတို့ရဲ့ လူ့အဖွဲ့အစည်းပုံစံနဲ့ ပွင့်လင်းလွတ်လပ်မှု၊ သည်းခံနိုင်မှု တန်ဖိုးစံတွေနဲ့ တန်ပြန်ပြလိုက်တာ ကောင်းတဲ့ကိစ္စပါပဲ။ ဒါက ကျွန်တော်တို့ရဲ့ စည်းရုံးသိမ်းသွင်းမှုကိုလည်း တိုးပွားစေပါတယ်။

**ဝန်ကြီးပြောနေတာက မကြာခဏဆိုသလို ညွှန်းကြတဲ့ပါဝါပျော့ Soft power အကြောင်းကို ပြောတာပေါ့။**

အားလုံးဆက်နွယ်ပတ်သတ်လာတဲ့ ကမ္ဘာကြီးထဲမှာ ပါဝါပျော့ဆိုတာ အင်မတန်ကို အရေးကြီးပါတယ်။ ကျွန်တော်တို့ ဥရောပတိုက်သားတွေကလည်း သိရပါမယ်။ ကျွန်တော်တို့ဟာ အများက ကိုယ့်ကို ထင်မှတ်တာထက်ပိုပြီး အားကောင်းတယ်။ ဆွဲဆောင်နိုင်စွမ်းရှိတယ်ဆိုတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် ပိုပြီး ယုံကြည်မှုရှိဖို့ လိုပါတယ်။ ဥရောပဆိုတာ ကမ္ဘာလုံးဆိုင်ရာမစ်ရှင်တစ်ခုပါ။ နိုင်ငံတကာ စစ်တမ်းတွေအရလည်း ဥရောပဟာ ပါဝါပျော့အင်အားအကြီးမားဆုံးဖြစ်ပါတယ်။

**ကွန်ချီတာကို ရုရှားနဲ့ အခြားအာဏာရှင်နိုင်ငံတွေမှာ ဥရောပနွယ်ဝင်တစ်ဦးရဲ သင်္ကေတအဖြစ် ပိုပြီး သတ်မှတ်ခဲ့ကြတယ်။**

အကြိုက်တွေကိုတော့ ထည့်မတွက်ပါနဲ့။ အခြားသူတွေအတွက် ယေဘုယျပြုထားတဲ့ စံနှုန်းတွေထဲမှာလည်း ကျွန်တော့်ကိုယ်ပိုင်အကြိုက်တွေ မထည့်သွင်းမိဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ ဒါက အဓိကအကြောင်းရင်းမဟုတ်ပါဘူး။ အဲဒီအစားအဓိကကျတာကတော့ လွတ်လပ်မှုနဲ့ လူ့ဂုဏ်သိက္ခာကို ကျွန်တော်တို့ နားလည်သဘောပေါက်ခြင်းက လူတိုင်းဆီကနေ သည်းခံနိုင်မှုနဲ့ ပွင့်လင်းမှုကို တောင်းဆိုနေတယ်ဆိုတာပဲ ဖြစ်ပါတယ်။

**ဒါပေမဲ့ ကိစ္စတစ်ခုမှာ ပူတင်ကတော့ အနောက်တိုင်းထက်သာသွားတဲ့ အားသာချက်တစ်ခု ရှိပါတယ်။ ဥရောပရဲ့ ပါဝါအပျော့ဟာ ခရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားက သိမ်းလိုက်တာကို မတားနိုင်ခဲ့ပါဘူး။**

ကျွန်တော်တို့ စစ်ရေးအရချီ တက်ကြရမှာလား။ ဘယ်သူမှ မလုပ်ချင်ကြပါဘူး။ ရုရှားဟာ ခရိုင်းမီးယားမှာ ခြေလှမ်းမှားခဲ့တယ်ဆိုတာ တဖြည်းဖြည်းချင်းနဲ့ ရှင်းသွားပါလိမ့်မယ်။

**ဒါဆို ရုရှားရဲ့ ခေတ်မီတိုးတက်ရေးကာလနဲ့ မော်စကိုနဲ့ ပူးပေါင်းဆောင်ရွက်မှု ကာလဟာ ယာယီအဆင့်တစ်ခုပဲ ဖြစ်ခဲ့တယ်ပေါ့။ ကျွန်တော်တို့အခု အရင်လိုမျိုး အရှေ့-အနောက် ထိပ်တိုက်တွေ့မှုအခြေအနေကို ပြန်ဦးတည်နေခဲ့ပြီလား။**

မဖြစ်ဘူးလို့ မျှော်လင့်ရတာပါပဲ။ ပူတင်ဟာ တရုတ်ပြည်ကို သွားခဲ့ပြီး သဘာဝဓာတ်ငွေ့ရောင်းချရေးစာချုပ်တစ်ရပ်လည်း လက်မှတ်ရေးထိုးခဲ့တယ်။ ဒါပေမဲ့ ဓာတ်ငွေ့စျေးနှုန်းက ဥရောပမှာ ရုရှားရတာထက် နည်းတယ်လို့ သိရပါတယ်။ ဒီအချက်က ပြနေတာက ရုရှားရဲ့ အကျိုးစီးပွားထဲမှာ တရုတ်ကိုမှီခိုဖို့ အများကြီးရှိလာလိမ့်မယ်မဟုတ်ဘူးလို့ ပြသနေပါတယ်။ ရုရှားဟာ ဥရောပနဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ်မှာ မှီခိုနေရတာပါ။ ဒါဟာတကယ်ပဲ ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံအုတ်မြစ်တစ်ခုပါ။

**ပြီးခဲ့တဲ့အပတ်က ဂျာမန်နေ့စဉ်သတင်းစာတစ်စောင်မှာ ဝန်ကြီးက အနောက်တိုင်းဟာ ပိုအားကောင်းရမယ်လို့ ရေးခဲ့တယ်။ ဝန်ကြီးက ရည်ညွှန်းတာ စစ်ရေးအင်အားကို ပြောတာလား။**

ကျွန်တော်တို့ရဲ့ ပါဝါပျော့က ဆွဲဆောင်သိမ်းသွင်းနိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အတိုက်အခိုက်မခံရအောင် စစ်ရေးအရ ခိုင်မာအားကောင်းနေရပါမယ်။

**ဝန်ကြီးအနေနဲ့ ဥရောပရဲ့ စီးပွားရေးအင်အားအခြေအနေကို ပိုတွက်နေတာတော့ မဟုတ်ပါဘူးနော်။ အီးယူဆန့်ကျင်ရေးပါတီတွေကလည်း ဥရောပထဲမှာပဲ လူကြိုက်များလာတော့ အီးယူဟာ အဖွဲ့အစည်းအတွင်းမှာပဲ ဆွဲဆောင်သိမ်းသွင်းနိုင်စွမ်းတွေ ဆုံးရှုံးနေပြီမလား။**

အများအားဖြင့်တော့ ဂျာမန်ကဗျာဆရာ ဟိုးဒါးလင်း တစ်ခါက ပြောဖူးသလိုပေါ့။ “အန္တရာယ်ရှိတဲ့နေရာမှာ ကယ်တင်ခြင်းခံရမှုလည်း ပိုကြီးကြီးမားမား ရှိလာမှာ” ဆိုတာလိုပဲလေ။ ဒီဖြစ်စဉ်က ဒီမိုကရက်တစ်အင်အား အများကြီးကြားထဲမှာ ဘယ်ဘက်ကို လိုက်မလဲဆိုတဲ့ ပြတ်သားမှုကို ပိုတိုးပွားစေပြီး ဥရောပကို ရှေ့သို့ဆက်တိုးတက်စေမှာပါ။

**ဝန်ကြီးက ဥရောပကို လုပ်ပိုင်ခွင့်အာဏာပိုပေးပြီး အီးယူဆန့်ကျင်ရေးအမြင်တွေကို တိုက်ချင်နေတယ်။ အဲဒါက နည်းနည်း ပြောင်းပြန်ဖြစ်နေသလားလို့။**

ပြည်သူတွေက ဥရောပကို မဆန့်ကျင်ကြပါဘူး။ သူတို့က ဥရောပက တကယ်ဘာလုပ်သလဲဆိုတာကို သေချာနားမလည်ကြလို့ပါ။ ဒါကို ရှင်းပြရပါမယ်။ နိုင်ငံရပ်ခြား အကျပ်အတည်းတွေက ဥရောပထဲမှာ နောက်တစ်ကြိမ် စိတ်အားထက်သန်မှု တက်လာအောင်တောင် အကူအညီပေးကောင်းပေးနိုင်တယ်။ ဂျာမနီမှာ ယူရိုငွေကို လက်ခံလာကြမှုဟာ ယူရိုငွေ အကျပ်အတည်းကာလမှာမှ အဆက်မပြတ် ပိုမြင့်တက်လာတာလည်း ရှိတယ်လေ။

*—Ref: German Finance Minister Schauble ‘Europe Needs More Self–Confidence’. Spiegei : 27 May*

7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014



# ဆီးရီးယား ကာ့ဒ်လူမျိုး ၂၀၀ နီးပါးကို ဂျီဟတ်ဝါဒီများ ပြန်ပေးဆွဲသွားဟု လူ့အခွင့်အရေးအဖွဲ့ပြောကြား

**ဘေရွတ်၊ မေ-၃၁**

ဆီးရီးယားနိုင်ငံမှအစွန်းအရောက်ဆုံး အီရတ်နှင့် လီးဗင့်အစ္စလာမ်မစ် နိုင်ငံတော်အဖွဲ့ (ISIL)က အလက်ပိုမြို့ရေိယာမှ ကာ့ဒ်လူမျိုး အရပ်သား ၂၀၀ နီးပါးကို ပြန်ပေးဆွဲသွားခဲ့သည်ဟု ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

အလက်ပိုခရိုင် ကာဘာစင် ကျေးရွာမှအသက်(၁၇)နှစ်မှ (၇၀) ကြား ကာ့ဒ်အရပ်သား အနည်းဆုံး ၁၉၃ ဦးကို ISIL အဖွဲ့ တိုက်ခိုက်ရေးသမားက ပြန်ပေးဆွဲသွားခဲ့သည်ဟု ဆီးရီးယားလူ့အခွင့်အရေးအဖွဲ့က ပြောသည်။

ပြန်ပေးဆွဲခြင်းအကြောင်းပြချက်များကို မသိရှိရသေးသော်လည်း ယင်းကဲ့သို့ အဖြစ်အပျက်များမှာ ISIL ထိန်းချုပ်မှုအောက်ရှိ ဒေသများတွင်အကြိမ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း စောင့်ကြည့်ရေးအဖွဲ့ ဒါရိုက်တာရာမီအဗ္ဗဒယ်ရာမန်က ပြောသည်။

အီရတ်နိုင်ငံ အယ်လ်ကိုင်ဒါအဖွဲ့အတွင်း အမာခံအင်အားရှိသော ISIL အစ္စလာမ်မစ် စစ်သွေးကြွများသည် ပြီးခဲ့သည့်နှစ် နွေဦးရာသီက ဆီးရီးယားစစ်ပွဲတွင် စတင်ပါဝင်လာခဲ့သည်။

ဆီးရီးယားနိုင်ငံမှ ကာ့ဒ်လက်နက်ကိုင်များက ISIL အဖွဲ့က အစောပိုင်းကပင် တိုက်ခိုက်ခဲ့သည်။

သမ္မတအာဆတ်ကို ဆန့်ကျင်သော ဆီးရီးယားလက်နက်ကိုင်များက အစပိုင်းတွင် ISIL ကို ကြိုဆိုခဲ့သော်လည်း ယင်းအဖွဲ့၏ ဆိုးရွားသော လုပ်ရပ်များကြောင့် နောက်ပိုင်းတွင်ယင်းအဖွဲ့ကို ဆန့်ကျင်ခဲ့သည်။

*—Ref: AFP*




REUTERS

# Siemens ကုမ္ပဏီ ပြင်ဆင်ဖွဲ့စည်းမှု ကမ္ဘာတစ်ဝန်း အလုပ်နေရာ ၁၁,၆၀၀ ထိခိုက်မည်

**ဘာလင်၊ မေ-၃၁**

ဂျာမနီစက်မှုလုပ်ငန်းကုမ္ပဏီကြီး Siemens သည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ကြီးမားသော ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်မည်ဖြစ်ရာ ဝန်ထမ်း ၁၁,၆၀၀ ဦးကို ထိခိုက်မည်ဖြစ်သည်။

ပြင်ဆင်ဖွဲ့စည်းမှုမှာ ကမ္ဘာတစ်ဝန်း အလုပ်နေရာ ၇,၆၀၀ ကို တိုက်ရိုက်ထိခိုက်မည်ဖြစ်ပြီး ဒေသခံအဖွဲ့အစည်းများ၌ အပြောင်းအလဲလုပ်ရာတွင် နောက်ထပ်အလုပ်နေရာ ၄,၀၀၀ ထိခိုက်မည်ဖြစ်သည်။

သို့သော် နယ်ပယ်တစ်ခုတွင် အလုပ်နေရာများ ဖယ်ရှားခြင်းမှာ အလုပ်နေရာ လျှော့ချခြင်းဟူ၍ ဆိုလိုခြင်းမဟုတ်ကြောင်း ကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အချို့ဝန်ထမ်းများကို နေရာပြောင်းလဲခန့်အပ်ထားမည်ဖြစ်ကာ ယင်းအစီအစဉ်များနှင့် ပတ်သက်၍ ၎င်းတို့၏ လုပ်ငန်းကောင်စီနှင့် ဆွေးနွေးနေသည်။

Siemens ကုမ္ပဏီ၏ လက်ရှိ ဌာနခွဲ ၁၆ ခုကို ဌာနခွဲကိုးခုအထိ ပြင်ဆင်ဖွဲ့စည်းမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှစ၍ နှစ်စဉ်ကုန်ကျစရိတ် တစ်ဘီလီယံ လျှော့ချရန် ရည်ရွယ်သည်။

Siemens သည် ကမ္ဘာတစ်ဝန်း အလုပ်နေရာ ၃၆၀,၀၀၀ ခန့်အပ်ထားပြီး ယင်းတို့အနက် သုံးပုံတစ်ပုံမှာ ဂျာမနီနိုင်ငံတွင် ရှိသည်။

*—Ref: BBC*

## Leader's Profile

# အဲဘတ်စ်အမှုဆောင်အရာရှိချုပ် ဖားဘရစ် ဘရီဂီယား

ရဲမင်း



မစ္စတာဖားဘရစ် ဘရီဂီယာသည် ပြင်သစ်လူမျိုးဖြစ်ပြီး ၂၀၁၂ ခုနှစ် ဇွန်လ ၁ ရက်က လေယာဉ်များ ထုတ်လုပ်သော အဲဘတ်စ် ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

မစ္စတာဖားဘရစ် ဘရီဂီယာသည် ဥရောပလေကြောင်း ကာကွယ်ရေးနှင့် အာကာသအေဂျင်စီ (EADS) ၏ အမှုဆောင်ကော်မတီတွင်လည်း ပါဝင်သည်။ EADS အဲဘတ်စ်၏ မိခင်ကုမ္ပဏီဖြစ်ပြီး အခြေခံစီးပွားရေးလုပ်ငန်းများ အဖြစ် Airbus Military၊ Eurocopter၊ Astrium နှင့် Cassidian လုပ်ငန်းများလည်း ပါဝင်သည်။

ဘရီဂီယာကို ၁၉၆၁ ခုနှစ်က ပြင်သစ်နိုင်ငံ ဒီဂျောင်ဒေသ၌ မွေး ဖွားခဲ့သည်။ ဘရီဂီယာသည် ၁၉၈၀ ပြည့်နှစ်တွင် Ecole Polytechnique ကျောင်းမှ ဘွဲ့ရရှိခဲ့ပြီး Ecole des mines de Paris မှလည်း ဘွဲ့ယူခဲ့သည်။

ဘရီဂီယာသည် ၁၉၈၃ ခုနှစ်တွင် ခရီးမယ်လ်ဗီလ် စူပါဖီးနစ် နျူကလီယားဓာတ်အားပေးစက်ရုံတွင် စမ်းသပ်မှု အင်ဂျင်နီယာအဖြစ် စတင်အလုပ်ဝင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ပြင်သစ်စက်မှုလုပ်ငန်း ဝန်ကြီးဌာနတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ယင်းနောက် ၁၉၈၉ ခုနှစ်တွင် စိုက်ပျိုးရေးဝန်ကြီးဌာနတွင် စီးပွားရေးနှင့် ဘဏ္ဍာရေးရာ ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းခံရသည်။ နောက်တစ်နှစ်အကြာတွင် မစ္စတာ ဘရီဂီယာသည် နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီး၏ နည်းစနစ်အကြံပေးအဖြစ် လုပ်ကိုင်ပြီး နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများအတွက် တာဝန်ရှိသူဖြစ်သည်။ ထို့နောက်တွင် စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး ဝန်ကြီး၏ နည်းစနစ်ပိုင်းအကြံပေးအဖြစ်လည်း လုပ်ကိုင်ခဲ့ပြီး စက်မှုပိုင်းဆိုင်ရာနှင့် နိုင်ငံတကာရေးရာများကို တာဝန်ယူခဲ့သည်။

၁၉၉၃ ခုနှစ်တွင်မူ မစ္စတာဖားဘရစ်ဘရီဂီယာသည် ကာကွယ်ရေး ပစ္စည်းများအဓိက ထုတ်လုပ်သော Matra ကုမ္ပဏီတွင် ပြောင်းရွှေ့လုပ်ကိုင်ပြီး Apache MAW GIE နှင့် Euro–drone GIE ပရောဂျက်နှစ်ခုတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ လုပ်ကိုင်ခဲ့သည်။ နောက်ပိုင်းတွင် Matra BAe Dynamics ကို ဦးဆောင်အကောင်အထည်ဖော်သူဖြစ်လာခဲ့သည်။

၁၉၉၈ ခုနှစ်တွင် မစ္စတာ ဘရီဂီယာသည် Matra BAe Dyna–mics ၏ စီအီးအိုအဖြစ် တာဝန်ယူခဲ့သည်။ နောက်ပိုင်းတွင် MBDA ဟု ခေါ်သော ဥရောပဒုံးကျည်စနစ်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် မစ္စတာဘရီဂီယာသည် ဥရောပရဟတ်ယာဉ်အဖွဲ့ (Eurocopter Group)၏ ဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်လာခဲ့ပြီး ၂၀၀၅ ခုနှစ် ဇွန်လတွင် EADS ရဟတ်ယာဉ် ဌာနကြီးတစ်ခုလုံး၏ အကြီးအကဲဖြစ်လာခဲ့သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာတွင်မူ မစ္စတာ ဘရီဂီယာသည် အဲဘတ်စ် လေယာဉ်ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်ရေးအရာရှိချုပ်အဖြစ် ခန့်အပ်ခံရသည်။ EADS အမှုဆောင် ကော်မတီအဖွဲ့ဝင်တစ်ဦးအဖြစ် အဲဘတ်စ်အုပ်စုတစ်ခုလုံး၏ အထွေထွေလုပ်ငန်းလည်ပတ်မှု ပိုမိုတိုးတက်လာစေရေး လုပ်ဆောင်ရန် တာဝန်အပ်နှင်းခြင်း ခံရသည်။

၂၀၁၂ ခုနှစ် ဇွန်လ ၁ ရက်တွင် မစ္စတာ ဖားဘရစ် ဘရီဂီယာကို အဲဘတ်စ်ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

*—Ref: Wikipedia*

# မိုနာကိုမင်းသား၏ ကြင်ရာတော်၌ ကိုယ်ဝန်ရှိနေပြီဟု တော်ဝင်မိသားစုကြေညာ

**ပါရီ၊ မေ-၃၁**

မိုနာကိုနိုင်ငံ၏ အုပ်ချုပ်သူ မင်းသား အဲဘတ်–၂ နှင့် ၎င်း၏ ကြင်ရာတော် မင်းသမီးရှာလင်းတို့သည် ပထမဆုံးရင်သွေးရတော့မည်ဟု မေလ ၃၀ ရက်တွင် ကြေညာသည်။

မင်းသမီးရှာလင်းသည် ယခုနှစ်မကုန်မီ မီးဖွားမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ဇနီးမောင်နှံသည် ကိုယ်ဝန်သတင်းကြောင့် အလွန်ဝမ်းသာနေကြောင်း တော်ဝင်ကြေညာချက်တစ်ရပ်က ဖော်ပြသည်။



*မိုနာကိုမင်းသား အဲဘတ်- ၂ နှင့် ၎င်း၏ကြင်ယာတော် မင်းသမီးရှာလင်း* Eric Gaillard/Files/REUTERS

မကြာမီမွေးဖွားလာမည့် ကလေးသည် ထီးနန်းဆက်ခံသူအဖြစ် မင်းသားအဲဘတ်–၂ ၏ အစ်မကြီး မင်းသမီးကာရိုလိုင်းနေရာကို အစားထိုးမည်ဖြစ်သည်။

မင်းသားအဲဘတ်–၂ တွင် အသက်(၂၂)နှစ်အရွယ် သမီးတစ်ဦးနှင့် အသက်(၁၀)နှစ်အရွယ် သားတစ်ဦးတို့ ရှိပြီးဖြစ်သည်။

မင်းသားအဲဘတ်–၂ သည် ခမည်းတော်မင်းသားရိန်းနီးယား–၃ နှင့် မယ်တော် ဟောလိဝုဒ်သရုပ်ဆောင် မင်းသမီး ဂရေ့စ်ကယ်လီတို့၏ သားဖြစ်သည်။

မင်းသားအဲဘတ်–၂ နှင့် မင်းသမီးရှာလင်းတို့သည် ၂၀၀၀ ပြည့်နှစ် ရေကူးပြိုင်ပွဲတစ်ခုတွင် စတင်တွေ့ဆုံခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် အီတလီနိုင်ငံ၌ ကျင်းပသော ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲ၌ စုံတွဲပွဲတက်ခဲ့၍ ၂၀၁၁ ခုနှစ်တွင် လက်ထပ်ခဲ့သည်။

မင်းသမီးရှာလင်းသည် တောင်အာဖရိက ရေကူးချန်ပီယံတစ်ဦးဖြစ်သည်။ *—Ref: BBC*

7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ၂၀၁၅ တွင် ကျောက်မီးသွေးတွင်း နှစ်ထောင်ကျော်ကို ပိတ်ပစ်ရန် တရုတ်အစိုးရစီစဉ်

**ဘေဂျင်း၊ မေ-၃၁**

တရုတ်အစိုးရသည် ၂၀၁၅ တွင် ထုတ်လုပ်နိုင်စွမ်းအားနည်းပြီး လုပ်ငန်းခွင်လုံခြုံမှုမရှိသည့် ကျောက်မီးသွေးမိုင်း အငယ်စား အရေအတွက် ၂,၀၀၀ ခန့်ကို ပိတ်ပစ်ရန် ပြင်ဆင်နေကြောင်း နိုင်ငံတော်လုပ်ငန်းခွင် လုံခြုံရေးအာဏာပိုင်အဖွဲ့က ထုတ်ဖော်ပြောကြားလိုက်သည်။

အဖွဲ့က ထုတ်ပြန်သည့် လာမည့်နှစ်တွင် ပိတ်သိမ်းပစ်မည့် ကျောက်မီးသွေးမိုင်းတွင်းအသေးစားများတွင် ချုံကင်းခရိုင်၊ ယူနန်၊ ကွီကျိုး၊ စီချွမ်၊ ဟူနန်၊ ဟူပိုင်၊ ကျန်ရှီး၊ ဟေလုံကျန်းနှင့် လျောင်နင်းပြည်နယ်များတွင်ရှိသော မိုင်းတွင်းများဖြစ်ကြောင်း အဖွဲ့ကဆိုသည်။

အဖွဲ့သည် ကျောက်မီးသွေးမိုင်းတွင်းများမှ နှစ်စဉ်ထုတ်လုပ်မှုကိုလည်း တန်ချိန်ကိုးသောင်းအောက်ရောက်ရန် လျှော့ချသွားမည်ဖြစ်ကြောင်း ဆိုသည်။



တရုတ်နိုင်ငံတွင်းရှိ ကျောက်မီးသွေးနှင့် အခြားသတ္တုမိုင်းတွင်းများမှာ ကမ္ဘာတွင် မတော်တဆမှုများဖြင့်လူသေဆုံးမှုအများဆုံးဖြစ်သည်။

ဖြစ်စဉ်များတွင် လုံခြုံရေးစံနှုန်းများလိုက်နာမှုအားနည်းခြင်းနှင့် စည်းကမ်းတကျ ထိန်းချုပ်နိုင်မှုများ အားနည်းခြင်းတို့ကလည်း အဓိကအကြောင်းတစ်ချက်ဖြစ်သည်။

—Ref: Xinhua

# အင်ဒိုနီးရှားတွင် ကမ္ဘာ့အကြီးဆုံး ဘူမိအပူငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်း မကြာမီစတင်မည်

**ဂျကာတာ၊ မေ-၃၁**

အင်ဒိုနီးရှားအစိုးရသည် မကြာမီကာလအတွင်း ဆယ်စုနှစ်များစွာ နှောင့်နှေးနေခဲ့ရသည့် ကမ္ဘာ့အကြီးဆုံး ဘူမိအပူငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရေးစီမံကိန်း စတင်နိုင်တော့မည်ဖြစ်သည်။

"အဲဒီစက်ရုံဟာ ကမ္ဘာမှာ ဘူမိအပူငွေ့ကနေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံတွေထဲမှာ အကြီးဆုံးဖြစ်ပါမယ်"ဟု အသစ်ခန့်အပ်ခံထားရသော ပူးတွဲ စီးပွားရေးဝန်ကြီး ချိုင်ရူလ်တန်ဂျုန်က ပြောသည်။

ဝန်ကြီးက အစိုးရ၏ အစီအစဉ်များထဲတွင် ထိုစက်ရုံသစ်တည်ဆောက်ရေးမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်းနှင့် ၂၀၂၂ တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုကို ၆၀ ဂစ်ဂါဝပ်အထိ တိုးမြှင့်နိုင်ရန် ရည်မှန်းထားကြောင်း ဆိုသည်။

အင်ဒိုနီးရှားတွင် မြေအောက်အပူငွေ့မှတစ်ဆင့် ဓာတ်အားထုတ်ယူနိုင်ရေး စီမံကိန်းများမှာ အနည်းဆုံး ၃၀ ခန့်ရှိနေပြီး ထိုစီမံကိန်းများ နှောင့်နှေးရခြင်းမှာ စက်ရုံတည်ဆောက်ရန် မြေနေရာများ ငှားရမ်းရေးကိစ္စများ၊ လုပ်ကိုင်ခွင့်ပါမစ်ရရေးကိစ္စများနှင့် ဆက်နွှယ်နေခြင်းဖြစ်သည်။

ယခုတည်ဆောက်မည့် ကမ္ဘာ့အကြီးဆုံး ဘူမိအပူငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ ဓာတ်အားထုတ်နိုင်စွမ်း ၃၃၀ မီဂါဝပ်ရှိမည်ဖြစ်သည်။

ဆူမတြားပြည်နယ်မြောက်ပိုင်းရှိ ဆာရူလာအရပ်တွင် စက်ရုံကိုလာမည့်နှစ်ဆန်းပိုင်းတွင် တည်ဆောက်သွားမည်ဟု သိရသည်။

ဝန်ကြီးချိုင်ရူလ်က ဂျာဗားပြည်နယ် အလယ်ပိုင်းတွင်လည်း ဘန်တန်ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်နေပြီး ထိုစက်ရုံမှာ ပြီးစီးသွားပါကလည်း အရှေ့တောင်အာရှတွင် အကြီးဆုံး ကျောက်မီးသွေးသုံး လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံ ဖြစ်လာမည်ဟု သိရသည်။

—Ref: The Jakarta Post

# ဂျပန်စီးပွားရေးလုပ်ငန်းများ၏ အွန်လိုင်းဘဏ်အကောင့်များ ဧပြီလအတွင်း ကန်ဒေါ်လာနှစ်သန်းခန့် ခိုးယူခံခဲ့ရ

**တိုကျို၊ မေ-၃၁**

ပြီးခဲ့သည့်ဧပြီလအတွင်း ဂျပန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏အွန်လိုင်းဘဏ်အကောင့်များမှ ကန်ဒေါ်လာနှစ်သန်းနီးပါး ခိုးယူခံခဲ့ရသဖြင့် အချို့သောဘဏ်များ အနေဖြင့် အွန်လိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပိတ်ပစ်ရန်နှင့် ဆုံးရှုံးမှုများအတွက် လျော်ကြေးပေးမည့် မူဝါဒများကို ပြန်လည်စဉ်းစားသုံးသပ်နေရသည်။

ဧပြီလထဲတွင် အွန်လိုင်းဘဏ်အကောင့်များမှ အခိုးခံရမှု ၅၀ ကြုံတွေ့ခဲ့ရပြီး ဆုံးရှုံးမှုမှာ ယန်းငွေ သန်း ၂၀၀ နီးပါးရှိခဲ့သည်။

ထိုသတင်းကိုအများပြည်သူသို့ ထုတ်ပြန်ခြင်းမရှိသော်လည်း ဘဏ်လုပ်ငန်းလောကနှင့် နီးစပ်သည့် သတင်းရင်းမြစ်ကို ကိုးကား၍ ဖော်ပြသော သတင်းတွင် ယမန်နှစ်က တစ်နှစ်လုံးခိုးယူခံရသော ပမာဏထက် ယခုဧပြီတစ်လအတွင်း အခိုးခံရသောပမာဏမှာ ပိုများကြောင်း ဆိုသည်။

ဂျပန်ဘဏ်လုပ်ငန်းရှင်များက ထုတ်ပြန်သော သတင်းအရ ပြီးခဲ့သည့်မတ်လတွင် အဆုံးသတ်ခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် အွန်လိုင်းဘဏ်လုပ်ငန်းမှ ခိုးယူခံရသော ငွေပမာဏမှာ ယန်း ၁၈၂ သန်းရှိခဲ့ပြီး ဒေါ်လာ ၁ ဒသမ ၈ သန်းခန့်ဖြစ်ကြောင်း ဆိုသည်။

ဂျပန်နိုင်ငံတွင် မစ်ဆူဘီရှီယူအက်ဖ်ဂျေ ဘဏ္ဍာရေးအုပ်စုနှင့် မစ်ဇူဟိုဘဏ္ဍာရေးအုပ်စုတို့မှာလည်း ၎င်းတို့၏ ဖောက်သည်များသည် အွန်လိုင်းမှတစ်ဆင့် ငွေခိုးယူခံရမှုများ ရှိနေကြောင်း တိုင်ကြားခံရသည်ဟု ပြောသည်။

ပုံမှန်အားဖြင့် အွန်လိုင်းမှ ငွေခိုးယူမှုများမှာ အသုံးပြုသူများ၏ အွန်လိုင်းဘဏ်အကောင့်များ၏ ပတ်စ်ဝေ့ဒ်များကို လှည့်ဖြားရယူခြင်း၊ ကွန်ပျူတာစနစ်များ၏ အားနည်းချက်များကို အသုံးချ၍ ချိုးဖောက် Hacking လုပ်ကာ ခိုးယူခြင်းတို့ဖြစ်သည်။

—Ref: Reuters



7 DAY NEWS JOURNAL

# Entertainment

Vol.13, No.13 • JUNE 4 , 2014




## Divergent နောက်ဆက်တွဲဇာတ်ကားသစ်မှာ ပါဝင်မယ့် ဆူကီဝါးတားဟောက်စ်

**လော့စ်အန်ဂျလိစ်၊ မေ-၃၀**

ဗြိတိန်မော်ဒယ်သရုပ်ဆောင် ဆူကီဝါးတားဟောက်စ်သည် အမေရိကန်သိပ္ပံစိတ်ကူးယဉ်ဇာတ်ကား Divergent နောက်ဆက်တွဲဇာတ်လမ်းဖြစ်သော Insurgent ၌ ပါဝင် သရုပ်ဆောင်မည်ဖြစ်သည်။

ဟောလိဝုဒ်နာမည်ကျော်မင်းသား ဘရက်ဒလေကူးပါး၏ ချစ်သူဖြစ်သော ဆူကီဝါးတားဟောက်စ်သည် Insurgent ရုပ်ရှင်ဇာတ်ကားသစ်တွေ ရှေးလန်ဝုဒ်လေ၊ သီအိုဂျိမ်းစ်၊ ကိတ်ဝင်းစလက်တို့နှင့်အတူ ပူးတွဲသရုပ်ဆောင်မည်ဖြစ်သည်။

Insurgent ဇာတ်ကားသည် ဆူကီဝါးတားဟောက်စ်အတွက် စတုတ္ထမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ဆူကီသည် Material Girl ရုပ်သံဇာတ်လမ်းတွဲ၌လည်း ပါဝင်သရုပ်ဆောင်ဖူးသူဖြစ်သည်။

အမေရိကန်စာရေးဆရာမ ဗာရိုနီကာရို့သ်၏ ရောင်းအားအကောင်းဆုံး Divergent ဝတ္ထုတွဲမှ Insurgent ဝတ္ထုကို အခြေခံရိုက်ကူးမည့် ရုပ်ရှင်ကားကို ၂၀၁၅ မတ်လ ၂၀ ရက်တွင် ရုံတင်ပြသမည် ဖြစ်သည်။

—*Ref: People Magazine*

# 'နင်စေရင်'က ကစ် တစ်ခါမှ သရုပ်မဆောင်ဖူးတဲ့ ကာရိုက်တာပါ

## ဝတ်မှုံရွှေရည်နှင့်တွေ့ဆုံခြင်း

**ခွဲညဏ်**

မကြာမီ ရုံတင်ပြသတော့မည့် ဒါရိုက်တာဝိုင်းရိုက်ကူးသော "နင်စေရင်" ရုပ်ရှင်ဇာတ်ကားကြီးတွင်ပါဝင်သည့် ဇာတ်ရုပ်မှာ အနုပညာခရီးတစ်လျှောက်တစ်ကြိမ်မျှ မလုပ်ဖူးသည့် ဇာတ်ရုပ်တစ်ခုဖြစ်၍ ပရိတ်အားပေးမှုကို ရင်ခုန်နေသည့် အနုပညာရှင်မှာ ဝတ်မှုံရွှေရည်ဖြစ်သည်။ လက်ရှိအချိန်တွင်လည်း ဇာတ်ကားရိုက်ကူးမှုများကို ယခင်ထက် စိစစ်ရွေးချယ်ရိုက်ကူးနေကာ လူငယ်ဆန်ဆန်ကာရိုက်တာများနှင့် ပရိသတ်အားပေးမှုရရှိခဲ့သလို ၎င်းကိုမြင်နေကျပုံစံများမှ ခွဲထွက်ကာ သရုပ်ဆောင်ထားသည့် 'လိပ်ပြာ' ဇာတ်ကားကိုလည်း ပရိသတ်များ ကြိုက်နှစ်သက်ခဲ့သည်။ ယခုရက်တွင်လည်း ဒါရိုက်တာဝိုင်း ရိုက်ကူးသည့် ချစ်လှစွာသောအမုန်းဟု အမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကို အောင်ရဲလင်း၊ သက်မွန်မြင့်တို့နှင့် တွဲဖက်သရုပ်ဆောင်နေသည့်ဝတ်မှုံရွှေရည်ကို ရှေ့ဆက်လျှောက်လှမ်းမည့် အနုပညာခရီးအကြောင်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**အခုရိုက်နေတဲ့ ချစ်လှစွာသောအမုန်းရုပ်ရှင်မှာပါတဲ့ ဇာတ်ရုပ်ကိုအရင်ဆုံးပြောပြပါလား။ ဒီဇာတ်ရုပ်ကရော ဝတ်မှုံရွှေရည်အတွက် လုပ်ကွက်ဘယ်လောက်ရလဲ။**

ဒီရုပ်ရှင်မှာ ကစ်က ထုံထုံထိုင်းထိုင်း အူကြောင်ကြောင်ပုံစံနဲ့ တောကတက်လာတဲ့ ကောင်မလေး။ လုပ်ကွက်ကတော့ ဒီရုပ်ရှင်မှာပါတဲ့သူတွေအကုန်လုံးသူ့နေရာနဲ့သူကောင်းကြပါတယ်။ ကစ်ကတော့ ဒီကားထဲမှာပါတဲ့ အမုန်းဆိုတဲ့ ကောင်မလေးရဲ့ဇာတ်ရုပ်နဲ့ကြိုးစားထားပါတယ်။ စာမျက်နှာ ၄၁ ››



ဓာတ်ပုံ-အေးဇော်မိုး(စက်မှု)



# တရုတ်ဒရာမာဇာတ်လမ်းတွဲမှာ ပါဝင်မယ့် ကင်ထယ်ဟီး

**ဆိုးလ်၊ မေ-၃၀**

တောင်ကိုရီးယား သရုပ်ဆောင် အများအပြား တရုတ်အနုပညာ ဈေးကွက်သို့ ဝင်ရောက်နေစဉ် ကေဒရာမာစတား ကင်တယ်ဟီး ကလည်း တရုတ်ဒရာမာဇာတ်လမ်းတွဲတစ်ခု၌ ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်မည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

Korea Times သတင်း၏ ဖော်ပြချက်အရ ကင်ထယ်ဟီးသည် တရုတ်ဒရာမာ ဇာတ်လမ်းတွဲသစ် Wang Xij ၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် ဇွန်လလယ်တွင် ရိုက်ကူးရေးစတင်မည်ဖြစ်ကြောင်း သိရသည်။

Wang Xij ဒရာမာဇာတ်လမ်းတွဲတွင် ပါဝင်မည့် အခြားသော ဇာတ်ကောင်များ၊ ဒါရိုက်တာနှင့် ဒရာမာဇာတ်အိမ်တို့ကို ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။

ကင်ထယ်ဟီးက "ဒီအခွင့်အရေးကနေ တရုတ်ယဉ်ကျေးမှုအကြောင်း လေ့လာသင်ယူနိုင်ဖို့ မျှော်လင့်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ခွင့် ရလို့လည်း ဂုဏ်ယူမိပါတယ်" ဟု ပြောကြားခဲ့သည်။ ကင်ထယ်ဟီးသည် မေ ၂၉ ရက်တွင် တရုတ်နိုင်ငံဘေဂျင်းမြို့၌ ပြုလုပ်ခဲ့သည့် တရုတ်သမိုင်းအခြေခံ ဒရာမာဇာတ်လမ်းတွဲ Wang Xij သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



ကင်ထယ်ဟီးသည် ၂၀၁၃ ခုနှစ်တွင် ကိုရီးယားနန်းတွင်းဒရာမာဇာတ်လမ်းတွဲ Jang Ok–jung, Living by Love ၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။

*—Ref: KDrama Stars*












7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

စာ(၃၉)မှ

# ဝတ်မှုံရွှေရည်နှင့်တွေ့ဆုံခြင်း

**မသက်မွန်မြင့်နဲ့တွဲဖက်သရုပ်ဆောင်ရတာဆိုတော့ အပေးအယူမျှအောင် ဘယ်လိုကြိုးစားခဲ့လဲ။ ဝါရင့်သရုပ်ဆောင်တစ်ယောက်နဲ့သရုပ်ဆောင်ရတာဆိုတော့ စိုးရိမ်စိတ်ဖြစ်တာမျိုးရောရှိလား။**

အဓိက,က နှစ်ယောက်ရိုက်တယ်ဆိုရင် အပေးအယူမျှဖို့လိုတယ်။ ဒီကားရဲ့ တော်တော်များများ လေးပုံသုံးပုံလောက်က မသက်မွန်နဲ့ ကစ်ရဲ့အဆုံကတ်တွေချည်းပဲ။ ဒါပေမဲ့ ကာရိုက်တာလည်းမတူသလို ဇာတ်လမ်းသဘောအရ ဇာတ်ရုပ်တွေမတူတဲ့အတွက် စိုးရိမ်စိတ်တော့မရှိပါဘူး။ ဒီကားထဲမှာပါတဲ့ ကောင်မလေးဖြစ်အောင် ကြိုးစားပြီးသရုပ်ဆောင်နေပါတယ်။

**သမားရိုးကျပုံစံမဟုတ်ဘဲ ခွဲထွက်ထားတဲ့လိပ်ပြာလိုဇာတ်ကားမျိုးကိုလည်း ပရိသတ်အားပေးမှုရခဲ့တာဆိုတော့ လက်ရှိအချိန်မှာ ဇာတ်ကားတွေကို ဘယ်လိုရွေးချယ်ရိုက်ကူးဖြစ်လဲ။**

ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ဇာတ်လမ်းတွေကို သေချာရွေးပြီးတော့ရိုက်ဖြစ်ပါတယ်။ ဇာတ်ကားစရိုက်တဲ့အချိန်တုန်းကတော့ Romance နဲ့ အလှဘက်ကိုသွားတဲ့ပုံစံမျိုးတွေ၊ ကိုယ့်ကာရိုက်တာနဲ့လိုက်မယ့် ဟာတွေကိုရွေးပြီးရိုက်ဖြစ်တယ်။ အခုကျတော့ အဲဒီလိုမဟုတ်ဘဲ ပရိသတ်တွေကိုယ့်ကိုမမြင်ရသေးတဲ့ဇာတ်ရုပ်နဲ့ဇာတ်လမ်းတွေကို ရွေးပြီးရိုက်ဖြစ်တယ်။ ဒါပေမဲ့ ကစ်တို့က တစ်လကိုသုံးကား အများဆုံးရိုက်တယ်။ တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါလောက် ဇာတ်ကားတွေထွက်တယ်ဆိုတော့ ကစ်ရဲ့ဇာတ်ကားတွေကို ပရိသတ်မရိုးသွားအောင် တစ်ကားနဲ့တစ်ကားမတူအောင် ကြိုးစားရွေးချယ်ပြီးရိုက်ဖြစ်တယ်။

**မြန်မာနိုင်ငံမှာ မင်းသားဈေးကွက်ပဲရှိတာဆိုတော့ မင်းသမီးတစ်ယောက်အနေနဲ့ ရပ်တည်ဖို့ဘယ်လိုအခက်အခဲတွေရှိလဲ။**

ရုပ်ရှင်ရိုက်တယ်ဆိုတာ Team Work လုပ်တာလေ။ မင်းသားတစ်ယောက်တည်းနဲ့မရသလို။ မင်းသမီးတစ်ယောက်တည်းနဲ့လည်းလုပ်လို့မရဘူး။ ဒါရိုက်တာတစ်ယောက်တည်းနဲ့လည်းလုပ်လို့မရဘူး။ အားလုံးဘက်ပေါင်းစုံက ရာနှုန်းပြည့်ကောင်းရမယ်လို့ပဲ ကစ်အနေနဲ့ လက်ခံထားတယ်။ ဒါပေမဲ့ နယ်ဈေးကွက်တွေမှာတော့ ပရိဂျူဆာအပေါ်မှာ မူတည်တယ်လို့ထင်တယ်။

**ရုပ်ရှင်တွေနဲ့ ပတ်သက်ပြီးကော်ပီရိုက်တဲ့ဇာတ်ကားတွေကို ပရိသတ်တွေ ဝေဖန်လာကြတာဆိုတော့ မင်းသမီးတစ်ယောက်အနေနဲ့ ဇာတ်ရုပ်ရွေးချယ်တဲ့အပိုင်းကို ကောပြောပြပါဦး။**

ကစ်ရိုက်ထားတာတော့ ကော်ပီကားက တစ်ကားလောက်ပဲရှိပါတယ်။ အဲဒီကားကလည်းအကုန်လုံးကူးချထားတာတော့မဟုတ်ပါဘူး။ ဇာတ်လမ်းကျောရိုးကို ယူရုံ၊ မှီငြမ်းရုံပါပဲ။ နှင်းဆီဆိုကိုလူမင်းနဲ့ ရိုက်ထားတဲ့ကားပါ။ ဒီကားရိုက်တုန်းက ကိုလူမင်းနဲ့ ဒါရိုက်တာကအဲဒီဇာတ်လမ်းကို လာပြတယ်။ ဒီဇာတ်လမ်းကိုမှီပြီး ရိုက်ချင်တယ်ဆိုပြီးပွင့်ပွင့်လင်းလင်း ပြောတယ်။ မြန်မာမှုပြုပြီး ပြန်ရိုက်တာဆိုတော့ တချို့ဟာကွက်တွေတော့ရှိတယ်။ ကစ်အနေနဲ့ကတော့ ရိုက်ကူးရေးပိုင်းတွေ၊ စက်ပစ္စည်းပိုင်းတွေ၊ နည်းပညာပိုင်းတွေကိုမကြည့်ဘဲ ကိုယ်သရုပ်ဆောင်ရမယ့် ဇာတ်ရုပ်ကိုပဲ အကောင်းဆုံးဖြစ်အောင်လုပ်ခဲ့ပါတယ်။

**မင်းသမီးတွေရဲ့ ဝတ်စားဆင်ယင်မှုပိုင်းနဲ့ပတ်သက်ပြီး ပရိသတ်တွေဘက်ကနေ ပွင့်ပွင့်လင်းလင်းဝေဖန်မှုတွေရှိတာဆိုတော့ ဝတ်မှုံရွှေရည်အနေနဲ့ ဖက်ရှင်ပိုင်းကိုရော ဘယ်လိုရွေးချယ်ဖြစ်လဲ။**

ကစ်ဘယ်လိုဝတ်တယ် ပရိသတ်တွေသိမှာပါ။ အဲဒါကြောင့် ဒါနဲ့ပတ်သက်ပြီး ပြောဖို့မလိုဘူးထင်တယ်။ ကိုယ်နဲ့ပရိသတ်တွေက စာစောင်တွေကဖြစ်ဖြစ်၊ ဖေ့စ်ဘွတ်ခ်ကပဲဖြစ်ဖြစ်၊ ရုပ်ရှင်တွေ၊ ကြော်ငြာတွေကပဲဖြစ်ဖြစ် ထိတွေ့နေတာပဲလေ။ အဲဒီတော့ ပရိသတ်တွေက ကစ်ဝတ်စားဆင်ယင်တာကိုတွေ့နေတာပဲလေ။

**ဝတ်မှုံရွှေရည်က ခန္ဓာကိုယ်ကို ထိန်းထားနိုင်တဲ့ မင်းသမီးတစ်ယောက်ဆိုတော့ ကိုယ့်ခန္ဓာကိုယ်ကို ဘယ်လိုနည်းတွေနဲ့ ထိန်းဖြစ်လဲ။**

အမြဲတမ်း Healthy ဖြစ်ဖို့တော့လိုတယ်။ အလုပ်လုပ်တာကလည်း အားရှိနေမှ လုပ်နိုင်တာလေ။ ကစ်တို့လုပ်ရတာကလည်း အရမ်းပင်ပန်းတာမျိုးတွေရှိတယ်လေ။ နေပူထဲထွက်ရတာမျိုးတွေ၊ ညဉ့်နက်တဲ့အထိ ရိုက်ရတာမျိုးတွေလည်းရှိတယ်။ အဓိက,ကအိပ်ရေးဝဝအိပ်ဖို့တော့လိုတယ်။ ကိုယ့်ခန္ဓာကိုယ် ကျန်းမာအောင်စားတယ်။ စားတဲ့နေရာမှာလည်း ချိန်ပြီးစားဖြစ်တယ်။ နောက်ပြီး လေ့ကျင့်ခန်းလုပ်ဖြစ်တယ်။

**ဝတ်မှုံရွှေရည်အနေနဲ့ ရုပ်ရှင်မှာ ဟာသကားတွေများပေမယ့် မကြာခင်ရုံတင်မယ့်'နှင်စေရင်'ရုပ်ရှင်က အရင်ကားတွေနဲ့ မတူဘူးဆိုတော့ ဒီရုပ်ရှင်က ဘဝအတွက် မှတ်တိုင်တစ်ခုဖြစ်နိုင်မယ်လို့ ယုံကြည်ထားလား။**

မပြောတတ်ဘူး။ ကိုယ်ကတော့ ကြိုးစားထားတယ်။ ဒါပေမဲ့ ပရိသတ်အကြိုက်ဖြစ်မလားဆိုတာက ရုံတင်မှ သိမှာဆိုတော့လေ။ ကစ်ကတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားထားတယ်။ ဒီကားမှာပါတဲ့ ကိုပြေတီဦး၊ ကိုဝိုင်း၊ ကိုမင်းဦး အကုန်လုံးကြိုးစားပြီးသရုပ်ဆောင်ထားပါတယ်။ နောက်ပြီး 'နှင်စေရင်'က ကစ်အနေနဲ့ ဗီဒီယိုမှာရော၊ရုပ်ရှင်မှာရော တစ်ခါမှ သရုပ်မဆောင်ဖူးတဲ့ ကာရိုက်တာပါ။

**'နှင်စေရင်'ရုပ်ရှင်မှာပါဝင်ခဲ့တဲ့ ဇာတ်ရုပ်အတွက်ရော ဘယ်လောက်ကြိုးစားခဲ့ရလဲ။ ရိုက်ထားတဲ့ အချိန်နဲ့ ရုံတင်ချိန်အရမ်းကွာဟနေတဲ့အပေါ်မှာရော ပြောပြပါဦး။**

အဲဒါကိုတော့ စိုးရိမ်စိတ်မရှိပါဘူး။ဇာတ်လမ်းတည်ဆောက်ပုံအရ အဲဒီလိုရိုးသွားမယ့်ကားမျိုးတော့မဟုတ်ဘူးလေ။

**ဒီရုပ်ရှင်မှာ ဝတ်မှုံရွှေရည်ရဲ့ သရုပ်ဆောင်မှုကို ဒါရိုက်တာကလည်း ကျေနပ်မှုရှိတယ်ဆိုတော့ ဒီဇာတ်ကားနဲ့ပတ်သက်ပြီး ဘာတွေမျှော်လင့်ထားလဲ။**

ကိုယ်လုပ်တဲ့အလုပ်ကို လူတိုင်းက အကောင်းဆုံးတော့မျှော်လင့်ချင်ကြတာပဲလေ။ ကိုယ်လည်း ကြိုးစားထားတာဆိုတော့ ပရိသတ်အတွက် ကားကောင်းတစ်ကား ဖြစ်ဖို့မျှော်လင့်ပါတယ်။ ပရိသတ်တွေကို Entertain ဖြစ်ဖို့ အကုန်လုံး အားစိုက်ပြီးလုပ်ထားတာဆိုတော့ ဒီကားကိုကြည့်ပြီး ပရိသတ်ရင်ထဲမှာတစ်ခုခု ကျန်စေချင်တယ်။

**ခုဆိုရင် သရုပ်ဆောင်တော်တော်များများ ဇာတ်လမ်းတွဲတွေရိုက်ကူးနေကြပြီဆိုတော့ ဝတ်မှုံရွှေရည်အနေနဲ့ရော ဇာတ်လမ်းတွဲရိုက်ကူးဖို့အစီအစဉ်ရှိလား။**

လောလောဆယ်ပြောထားတာတွေတော့ရှိပါတယ်။ စဉ်းစားနေပါတယ်။ ရိုက်မယ်၊ မရိုက်ဘူး မသေချာသေးလို့မပြောသေးတာပါ။

**ဖေ့စ်ဘွတ်ခ်မှာလည်း ဝတ်မှုံရွှေရည်ရဲ့ လှုပ်ရှားမှုတွေကို အမြဲတမ်း Updateတင်ပေးနေတာဆိုတော့ ဖေ့စ်ဘွတ်ခ်က ပရိသတ်တွေနဲ့ အနုပညာရှင်တွေအကြား ဘယ်လောက်အထိ ဆက်သွယ်ပေးနိုင်တယ်လို့ထင်လဲ။**

ဖေ့စ်ဘွတ်ခ်ကဖြစ်နေတာတွေကို ချက်ချင်းတင်လို့ရတယ်ဆိုတော့ သတင်းလည်းပိုမြန်တယ်။ ဒီကနေတစ်ဆင့် ကစ်ရဲ့သတင်းတွေပေးလို့ရတယ်။ များသောအားဖြင့် အလုပ်အကြောင်းတွေ၊ Current Activity တွေတင်ပေးဖြစ်တယ်။ ကစ်တို့အတွက်ကတော့ ဒီလို Fan Page လေးရှိတဲ့အတွက် ပရိသတ်နဲ့ပိုပြီး ရင်းရင်းနှီးနှီးဖြစ်ပါတယ်။

**ပရိသတ်တွေကအနုပညာရှင်တွေရဲ့ အချစ်ရေးကိုလည်း စိတ်ဝင်စားကြတာဆိုတော့ ဝတ်မှုံရွှေရည်ရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး ပရိသတ်ကိုဘယ်လိုသတင်းပေးချင်လဲ။ နောက်ပြီး မိန်းမတစ်ယောက်က ဘယ်အချိန်မှာ အိမ်ထောင်ပြုတာ အကောင်းဆုံးလို့ထင်လဲ။**

ပရိသတ်ကို အသိပေးစရာလည်းမရှိသေးပါဘူး။မိန်းကလေးတစ်ယောက် အသက်သုံးဆယ်ပတ်ဝန်းကျင်ကို နောက်အကျဆုံးအနေနဲ့ အိမ်ထောင်ပြုကြတယ်လေ။ ကစ်အတွက်တော့ မပြောတတ်ဘူး။

**အားပေးနေတဲ့ ပရိသတ်တွေကို ပြောချင်တဲ့စကားရှိရင်ပြောပြပေးပါဦး။**

ပရိသတ်အတွက် ကစ်ဇာတ်ကားတွေရိုက်နေပါတယ်။ တစ်ခါတလေ ဇာတ်ကားတွေရိုက်တာစိပ်လို့ ပရိသတ်နဲ့အကြိုက်မတူတာတွေရှိရင် နားလည်ပေးစေချင်ပါတယ်။ အမြဲတမ်းလည်းကြိုးစားနေပါတယ်။ အားပေးနေတဲ့ ပရိသတ်တွေကိုလည်းကျေးဇူးတင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

INFORMATIONMATRIX
INNOVATING FOR THE FUTURE

Diamond Center, Building (E), Pyay Road, Kamaryut Tsp, Yangon 11041, Myanmar.
Tel: +95 1 512 887, Fax: +95 1 513 519

**VACANCY : HR Executive**

| | | |
|---|---|---|
| **Job Title** | : | **HR Executive** |
| **Report To** | : | **HR Manager** |
| **Starting Date** | : | **As soon as possible** |

**Requirements**

- Age under 30
- Degree/Diploma in human resources management, business administration.
- At least 3 to 5 years' relevant experience.
- Proficient in HR matter.
- Able to communicate well with all levels of people.
- Good command of spoken and written English.
- Meticulous, detailed, well- organized and able to work independently to meet datelines.
- Expert user of MS Office and numerically inclined.
- Excellent communication and interpersonal skills.
- Ability to start in short notice a strong advantage.

**Responsibilities**

- Coordinates, negotiates and liaises with employment and advertising agents on service fee, advertisement recruitment and interview schedules.
- Prepares letter of offer to selected candidates and letter of rejection to unsuccessful candidates.
- Conducts exit interview.
- Conducts orientation program to new employees.
- Coordinates and liaises with external consultants on employees' training needs and arranges training schedules for employees.
- Evaluates the effectiveness of the respective training programs by obtaining feedback from employees.
- Attends to employees' grievances and complaints; provides guidance if necessary.
- Provides feedback to the management to enhance a better and cordial working environment.
- Organizes corporate events such as company's dinner, corporate trip, family day etc.
- Reviews, updates and maintains proper filing of insurance policy, HR handbook, performance appraisal form and training schedules.
- Reviews compensation and benefits.
- May need to draft agreement/contract to overseas and local freelancers.

**Deadline of application : 20th June, 2014. Email: hr@informationmatrix.com**


Sports
7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# တားမြစ်ဆေးသုံး၍ ဆီးဂိမ်းရွှေတံဆိပ်နှစ်ခုသိမ်းယူခံရသည့်ကစားသမားများထံမှ ဆုငွေများပြန်သိမ်းမည်မဟုတ်ဟုဆို

**ချစ်ဝိုင်း**

**ရန်ကုန်၊ ဇွန်-၂**

တားမြစ်ဆေးသုံးစွဲမှုကြောင့် ဆီးဂိမ်းပြိုင်ပွဲမှ ရွှေတံဆိပ်နှစ်ခုပြန်လည်သိမ်းယူခြင်းခံရသော်လည်း အဖွဲ့ချုပ်နှင့်အားကစားဝန်ကြီးဌာနတို့မှ ချီးမြှင့်ထားသည့် ဆုကြေးငွေများကို ပြန်လည်သိမ်းဆည်းသွားမည် မဟုတ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ – ငြိမ်းချမ်းနိုင်/အီးပီအေ

တာဝေးလမ်းလျှောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် စောမာလာနွယ်သည်တားမြစ်ဆေးသုံးစွဲမှုပေါ်ပေါက်ခဲ့သောကြောင့် ၎င်း၏ရွှေတံဆိပ် ပြန်လည်သိမ်းယူခြင်းခံခဲ့ရပြီး ပြည်တွင်းနှင့်နိုင်ငံတကာပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခွင့် ၂ နှစ်ပိတ်ပင်ခံခဲ့ရကြောင်း သတင်းရရှိသည်။ ထို့အပြင် ကာယဗလပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မင်းဇော်ဦးမှာလည်း တားမြစ်ဆေးစစ်ဆေးရာတွင် ဆေးကျခဲ့သောကြောင့် ၎င်း၏ရွှေတံဆိပ်ဆုသိမ်းယူခြင်းခံခဲ့ရသည်။

ဆီးဂိမ်းပြိုင်ပွဲကျင်းပရေးကော်မတီက စောမာလာနွယ်တားမြစ်ဆေးသုံးစွဲမှုစစ်ဆေးခြင်းကို အဆင့်နှစ်ဆင့်ဖြင့်စစ်ဆေးခဲ့ပြီး ပထမအဆင့်တွင် ဆေးစစ်ချက်အဖြေအရ တားမြစ်ဆေးသုံးစွဲခြင်းပေါ်ပေါက်ခဲ့မှုကြောင့် ပြိုင်ပွဲကျင်းပရေး ဆုတံဆိပ်ပြန်လည်သိမ်းယူရန် အစည်းအဝေးတစ်ရပ်ပြုလုပ်ကာ ဆုံးဖြတ်ချက်ချခဲ့ကြောင်း မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဦးမြသန်းထိုက်ကပြောသည်။

“စောမာလာနွယ်က တားမြစ်ဆေးသုံးတာပေါ်ပေါက်ခဲ့တဲ့အတွက် ရွှေတံဆိပ်ပြန်သိမ်းခံလိုက်ရတယ်။ ၂ နှစ်အတွင်း ဘယ်ပြိုင်ပွဲမှဝင်ပြိုင်လို့မရတော့ဘူး။ အဖွဲ့ချုပ်က ချီးမြှင့်တဲ့ဆုကြေးတွေ၊ အားကစားဝန်ကြီးဌာနက ချီးမြှင့်တာတွေကိုတော့ပြန်မတောင်းပါဘူး”ဟုဦးမြသန်းထိုက်ကပြောသည်။

ဆီးဂိမ်းပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကစားသမားအရေအတွက်၏ ၁၀ ရာခိုင်နှုန်းကို ဆေးစစ်ခြင်းဖြစ်ပြီး ကစားသမား ငါးရာကျော်ကို ဆေးစစ်မှုပြုလုပ်ခဲ့ကြောင်း စောမာလာနွယ်နှင့် မင်းဇော်ဦးတို့မှာ တားမြစ်ဆေးသုံးစွဲခြင်းပေါ်ပေါက်ခဲ့သောကြောင့် ၎င်းတို့၏ရွှေတံဆိပ်ဆုသိမ်းခံရသည့်အပြင် ကစားခွင့် ၂ နှစ်ပိတ်ခံခဲ့ရကြောင်း ဆီးဂိမ်းအားကစားသမားများ ဆေးစစ်မှုအဖွဲ့ခေါင်းဆောင် ဒေါက်တာမြလေးစိန်ကပြောသည်။

“အခုအချိန်ထိဘာမှမသိသေးဘူး။ အားကစားဝန်ကြီးဌာနကလည်း အကြောင်းကြားစာရောက်မလာသေးဘူး”ဟု မြန်မာနိုင်ငံကာယဗလအဖွဲ့ချုပ်မှ ဦးကျော်စိန်သန်းကပြောသည်။

စောမာလာနွယ်သည် ၂၀ ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲတွင် ၁ နာရီ ၃၅ မိနစ် ၃ စက္ကန့်ဖြင့် ပထမရရှိခဲ့ပြီး ဒုတိယနေရာတွင် ဗီယက်နမ်နိုင်ငံမှ ငုယင်သီသန်က ၁ နာရီ ၃၇ မိနစ်၊ ၈ စက္ကန့်တွင် ပန်းဝင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါရွှေတံဆိပ်ဆုကို ဗီယက်နမ်ကစားသမားက ရရှိမည်ဖြစ်ပြီး လက်ရှိအချိန်တွင် ရွှေတံဆိပ်တစ်ခုပြန်လည်သိမ်းယူခံခဲ့ရသဖြင့် ၂၀၁၃ ဆီးဂိမ်းတွင် မြန်မာနိုင်ငံပြေးခုန်ပစ်အားကစားအဖွဲ့မှာ ရွှေတံဆိပ်တစ်ခုသာရယူနိုင်ခဲ့သည်။

စောမာလာနွယ်အနေဖြင့် ၎င်းမှာ အိမ်ထောင်သည်တစ်ဦးဖြစ်သည့်အတွက် သန္ဓေတားဆေးကိုသုံးစွဲခဲ့ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ချိန်တွင် ဒဏ်ရာရရှိခဲ့သဖြင့် ဒဏ်ရာအမြန်သက်သာလာစေရန် ဆေးသောက်ခဲ့ရကြောင်း၊ အခြားမည်သည့်တားမြစ်ဆေးကိုမှ သုံးစွဲဖူးခြင်းမရှိကြောင်း ၎င်းကပြောသည်။


“ပြိုင်ပွဲနီးလာတော့ နေပူထဲမှာလေ့ကျင့်ရတယ်။ အဲဒီမှာကျွန်တော်အသက်ရှူကျပ်တဲ့အခါ တပည့်တစ်ယောက်က ဝေါက်ရှူကြည့်ဖို့ပြောတာနဲ့ စမ်းရှူကြည့်တယ်။ အသက်ရှူရတာလည်းကောင်း၊ အိပ်လို့လည်းကောင်းတယ်ဆိုတော့ ငါးရက်လောက်ပုံမှန်ရှူဖြစ်တယ်။ နောက်ပိုင်းသွေးစစ်မယ်ဆိုတော့ ကိုယ့်ဘက်ကလည်းမှန်နေတဲ့အတွက် ဘာမှမဖြစ်ခဲ့ဘူး။ တခြားဘာတားမြစ်ဆေးမှမသုံးခဲ့ပါဘူး”ဟု ကာယဗလပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ကိုမင်းဇော်ဦးကပြောသည်။

အားကစားဝန်ကြီးဌာနက ရွှေတံဆိပ်တစ်ခုလျှင် ကျပ်သိန်းတစ်ရာချီးမြှင့်ခဲ့ပြီး ကာယဗလအဖွဲ့ချုပ်က ရွှေတံဆိပ်တစ်ခုလျှင် ကျပ်ဆယ်သိန်းချီးမြှင့်ခဲ့ကြောင်း၊ ပြေးခုန်ပစ်အဖွဲ့ချုပ်မှလည်း ရွှေတံဆိပ်တစ်ခုလျှင် ကျပ်သိန်းသုံးရာချီးမြှင့်ခဲ့ကြောင်း ထိုဂုဏ်ပြုငွေများ ပြန်လည်ပေးအပ်စေမည်မဟုတ်ကြောင်းသတင်းရရှိသည်။

အသက် (၃၄)နှစ်အရွယ်ရှိ စောမာလာနွယ်သည် ၂၀၀၃ ခုနှစ်တွင် မြန်မာ့လက်ရွေးစင်ပြေးခုန်ပစ်ကစားသမား ဖြစ်လာခဲ့ပြီး ၂၀၀၅ စင်ကာပူဆီးဂိမ်းတွင်ရွှေတံဆိပ်ဆု၊ ၂၀၀၇ ဖိလစ်ပိုင်ဆီးဂိမ်းတွင် ကြေးတံဆိပ်ဆုနှင့် ၂၀၀၉ လာအိုဆီးဂိမ်းတွင် ငွေတံဆိပ်ဆုတို့ကို နိုင်ငံအတွက်ရယူပေးခဲ့သည်။

ထို့ကြောင့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် ၈၄ ခုရရှိမည်ဖြစ်ပြီး ဆုတံဆိပ်အရေအတွက်တွင်လည်း ရွှေတံဆိပ်နှစ်ခုလျော့နည်းခဲ့သည့်အတွက် ဆုတံဆိပ်ပေါင်း ၂၃၁ ခုသာရရှိမည်ဖြစ်သည်။ နိုင်ငံအလိုက်ရပ်တည်မှုတွင်ဒုတိယနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။




Vision accomplished.
The new S-Class.
Luxury styling at it's very best; the new S-Class redefines the luxury-sedan category by blending technology and esthetics into a mobile masterpiece.
S-Klasse
www.mercedes-benz.com.mm
Mercedes-Benz
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Showroom: 51 Pyay Road, Mayangone Township, Yangon. Opening hours : 9:00am - 9:00pm. Hotline: 09 5057045

7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ကမ္ဘာ့ဖလားမှာ ကွင်းထဲမှ ထုတ်ပယ်ခံရနိုင်ခြေအများဆုံး ဘောလုံးသမား ၁၀ ဦး







တစ်ခါတလေမှာ တစ်ဖက်အသင်းက ဘောလုံးသမားတစ်ယောက်ယောက်ကို ခပ်ကြမ်းကြမ်းချိတ်ဆွဲပြီး ဖျက်ထုတ်လိုက်တာ၊ ဒါမမဟုတ် ကွင်းထဲမှာ ဒိုင်တွေ၊ တခြားတာဝန်ရှိသူတွေနဲ့ ပြင်းပြင်းထန်ထန် စကားများတာစတဲ့ အမူအကျင့်မျိုးတွေကြောင့် အီတလီအသင်းရဲ့ လူမည်းတိုက်စစ်မှူး ဘာလော့တယ်လီဟာ အခုလာမယ့် ကမ္ဘာ့ဖလားမှာဖြင့် အနီကတ်အထိခံနိုင်ခြေ အမြင့်ဆုံး ဘောလုံးသမား တစ်ဦးရယ်လို့ မှတ်ယူနိုင်မှာပါ။ ဒါပေမဲ့ အနီကတ်အထိခံနိုင်ခြေအများဆုံး ကစားသမားတွေကတော့ ထုံးစံအတိုင်း ခံစစ်ကို အဓိကတာဝန်ယူရလေ့ရှိတဲ့ ကွင်းလယ်ခံစစ်နဲ့ နောက်ခံလူတွေချည်း အများစုဖြစ်နေတာတော့ အမှန်ပါပဲ။ ပြီးခဲ့တဲ့ ၂၀၁၀ ဂျာမနီကမ္ဘာ့ဖလားမှာ အနီကတ် ၁၇ ကတ်ပြခဲ့တယ်။ ဒါကြောင့် အခုလာမယ့် ကမ္ဘာ့ဖလားမှာလည်း အဲဒီထက်နည်းမလား၊ များမလား စောင့်ကြည့်ရမှာဖြစ်သလို ကွင်းထဲကနေ ဒိုင်ရဲ့ ထုတ်ပယ်ခံရနိုင်ခြေအများဆုံး ကစားသမား ၁၀ ဦး စာရင်းကိုလည်း တင်ပြလိုပါတယ်။

**စတက်ဖင် အမ်ဘီယာ (ကင်မရွန်း)**

ဒီကင်မရွန်းကွင်းလယ်လူဟာ နည်းနည်းတော့ ရက်စက်တယ်လို့ ကျော်ကြားတဲ့သူဖြစ်ပါတယ်။ လီဂူးဝမ်း (ပြင်သစ်ပထမတန်း)က မာဆေးလ်နဲ့ ရန်းနက်စ်မှာ ကစားစဉ် အနီကတ် လေးကြိမ် ထိခဲ့ဖူးပြီး ကျူပီအာနဲ့ ဆီဗီလာတို့မှာလည်း ကွင်းထဲက အထုတ်ခံရဖူးတယ်။ ဒီရာသီ လာလီဂါမှာ ဆီဗီလာအတွက် ၁၈ ပွဲကစားစဉ်မှာ အဝါကတ် ခုနစ်ကြိမ်ထိထားတယ်။ သူတို့ကင်မရွန်းကလည်း ဘရာဇီး၊ ခရိုအေးရှား၊ မက္ကဆီကိုတို့နဲ့ တစ်အုပ်စုအတွင်းဖြစ်နေတော့ တစ်ဖက်အသင်းတိုက်စစ်မှူးတွေအနေနဲ့ အမ်ဘီယာ (၂၈) နှစ်ရဲ့ ကြမ်းတမ်းတဲ့ ခံစစ်တွေ ကြုံရဖို့ ရှိနေပါတယ်။ ဒါကြောင့် သူ့ကို ကွင်းထဲက အနီကတ်ထိနိုင်ခြေ အများဆုံး စာရင်းမှာ ထိပ်ဆုံးက ထည့်ထားရတာပါ။

**ပီပီ (ပေါ်တူဂီ)**

ပြိုင်ပွဲက ဘယ်လိုပွဲပဲဖြစ်နေပါစေ။ ပေါ်တူဂီနောက်ခံလူ ပီပီဟာ ကွင်းထဲမှာ ဒိုင်ရဲ့ သတိပေးခံရကိန်း အများဆုံးကြုံတတ်တဲ့ ကစားသမားမျိုး ဖြစ်ပါတယ်။ ပီပီဟာ ဒီရာသီမှာ ရီးရဲလ်နဲ့ ပြိုင်ပွဲအားလုံးမှာ ၄၈ ပွဲ ကစားပြီး အဝါကတ် ၁၃ ကြိမ် ထိထားတယ်။ ဒါပေမဲ့ ထူးခြားတဲ့ ပီပီဟာ ပေါ်တူဂီနဲ့ ကစားတဲ့ပွဲတွေမှာတော့ တစ်ကြိမ်မှ ထုတ်ပယ်မခံရသေးဘူး။ ပေါ်တူဂီဟာ ကမ္ဘာ့ဖလားမှာ ဂျာမနီ၊ ဂါနာ၊ အမေရိကန်တို့နဲ့ ကစားရမှာမို့ ပေါ်တူဂီနောက်တန်းမှာ ပီပီတစ်ယောက် ဘယ်လို ထိန်းချုပ်နိုင်မလဲ စောင့်ကြည့်ရပါမယ်။ အဝါကတ်တစ်ကတ်လောက်ကို အုပ်စုအဆင့်မှာ သူ ရှောင်နိုင်မလား။ ကြည့်ရပါဦးမယ်။

**မစ်ချယ်လန်ဂါရက် (ဩစတြေးလျ)**

ဒေါ့မွန်ဂိုးသမားလည်းဖြစ်တဲ့ လန်ဂါရက်ဟာ အနီတွေ၊ အဝါတွေ ကမ္ဘာ့ဖလားမှာရခဲ့ရင် သူတို့နိုင်ငံအသင်း ကျရောက်နေတဲ့ အုပ်စုကျပ်ကိုပဲ အပြစ်တင်ရပါမယ်။ မာက်ရှဝါဇာပြီးနောက် ဩစတြေးလျရဲ့ ဂိုးစည်းမှာ ကာကွယ်နေတဲ့ လန်ဂါရက်ဟာ အုပ်စုမှာ သူတို့အသင်းကို ခြိမ်းခြောက်မယ့် စပိန်၊ နယ်သာလန်၊ ချီလီစတဲ့ အသင်းတွေနဲ့ ရင်ဆိုင်ရပါမယ်။ စပိန်က ဂေါ်စတာ၊ တောရက်စ်တို့အပြင် အင်နီယေစတာ၊ မာတာတို့ရဲ့ အနီးကပ်အပေးအယူတွေနဲ့ ရှုပ်ယှက်ခတ်နေအောင် ကစားတတ်တဲ့ ဟန်ရှိတယ်။ နယ်သာလန်မှာ ဗန်ပါစီ၊ ရော်ဘင်၊ ဂျာရာမိန် လန်းစ်တို့က တိုက်စစ်အားကောင်းတယ်။ ချီလီမှာ ဘာစီလိုနာရဲ့တိုက်စစ်မှူး ဆန်းချက်ဇ်နဲ့ အက်ဒွါဒိုဗားဂတ်စ်တို့က ဂိုးသွင်း အားကောင်းတယ်။ ဂိုးသမား လန်ဂါရတ်ဟာ အရမ်းမြန်ဆန်တဲ့ တစ်ဖက်အသင်း တိုက်စစ်တွေကို ထိန်းရင်းနဲ့ တစ်ပွဲမဟုတ် တစ်ပွဲမှာ အနီကတ်ထိနိုင်ခြေများနေတယ်လို့ ခန့်မှန်းနေကြပါတယ်။

**ဝီလ်ဆင် ပလာစီယို (ဟွန်ဒူးရပ်စ်)**

စတုတ်စီးတီး နောက်ခံလူ ပလာစီယို (၂၉) နှစ်ဟာ မကြာမီက ပြီးခဲ့တဲ့ ပရီးမီးယားလိဂ်ရာသီ ၁၆ ပွဲမှာ ၁၆ ပွဲ ကစားပြီး ပွဲကစားချိန် ၁၇၃ မိနစ်ပြည့်တိုင်းမှာ သတိပေးခံရမှု တစ်ကြိမ်ရတဲ့နှုန်း ရှိခဲ့ပြီး အဝါကတ်က သုံးကတ်ထိခဲ့တယ်။ ပြင်သစ်၊ အီကွေဒေါ၊ ဆွစ်

စာမျက်နှာ A4 »









# ကမ္ဘာ့အမြင့်ဆုံးကောင်းကင်ကြိုးရထားလိုင်း ဘိုလီးဗီးယားတွင်ဖွင့်လှစ်

**လာပက်ဇ်၊ မေ-၃၁**

ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၄,၀၀၀ မြင့်သောနေရာ၌ ခရီးသည်များကို မြို့တစ်မြို့မှ အခြားမြို့တစ်မြို့သို့ ပို့ဆောင်ပေးမည့် ကမ္ဘာ့အမြင့်ဆုံး ကောင်းကင်ကြိုးရထားလိုင်းကို ဘိုလီးဗီးယားသမ္မတ အီဗိုမိုရေးစ်က ဖွင့်လှစ်လိုက်သည်။

ယင်းကောင်းကင်ကြိုးရထားလိုင်းမှာ မြို့တော်လာပက်ဇ်နှင့် အနီးအနားရှိ အယ်လ်အယ်လ်တိုမြို့တို့ကို အင်ဒီးစ်တောင်တန်းများပေါ်မှ ဖြတ်၍ဆက်သွယ်ထားခြင်းဖြစ်သည်။

ကန်ဒေါ်လာ ၂၃၄ သန်းအကုန်အကျခံကာ ဩစတြေးလျကုမ္ပဏီ Doppelmayr က တည်ဆောက်ထားသော ယင်းကောင်းကင်ကြိုးရထားလိုင်းဖြင့် အဆိုပါမြို့နှစ်မြို့ကို ၁၀ မိနစ်မပြည့်မီအတွင်း သွားလာနိုင်မည်ဖြစ်သည်။

ကုန်းလမ်းခရီးဖြင့် သွားလာပါက ယင်းခရီးစဉ်မှာ မိနစ် ၃၀ ကြာမည်ဖြစ်သည်။

လာပက်ဇ်မြို့မှာ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၃,၆၆၀ တွင် တည်ရှိပြီး ကမ္ဘာပေါ်တွင် အမြင့်ဆုံးမြို့တော်တစ်ခု ဖြစ်သည်။



REUTERS

*လာပက်ဇ်မြို့နှင့် အယ်လ်အော်တိုမြို့ကြား ကြိုးရထားစတင်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် လာပက်ဇ်မြို့ပေါ်မှ ကြိုးရထားတွဲများကို မေလ ၃၀ ရက်က တွေ့ရစဉ်*

ယင်းကောင်းကင်ကြိုးရထားလိုင်းကို ၁၀ ကီလိုမီတာနီးပါးအထိ တည်ဆောက်သွားမည်ဖြစ်သည်။

၂ ဒသမ ၆ ကီလိုမီတာရှည်သည့်ကောင်းကင်ကြိုးရထားလိုင်း ပထမပိုင်း တည်ဆောက်ပြီးနောက် ၇ ဒသမ ၃ ကီလိုမီတာ ရှည်သော ကြိုးရထားလိုင်း ဒုတိယတစ်ပိုင်းကို ယခုနှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ရသည်။

ယင်းရထားလမ်းကို တစ်နေ့လျှင် ၁၇ နာရီ ပြေးဆွဲမည်ဖြစ်ကာ တစ်နှစ်လျှင် ရက်ပေါင်း ၃၆၀ ပြေးဆွဲပေးမည်ဖြစ်ပြီး တစ်နာရီအတွင်း ခရီးသည်ပေါင်း ၁၈,၀၀၀ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ကောင်းကင်ကြိုးရထားလိုင်းတည်ဆောက်ရေး စီမံကိန်းအရာရှိများ၏ ပြောကြားချက်အရ သိရသည်။

လက်မှတ်တစ်စောင်လျှင် ကန်ဒေါ်လာ ဝဒသမ ၄၃ ဖြင့် ရောင်းချပေးမည်ဖြစ်ကာ ကောင်းကင်ရထားတစ်တွဲတွင် ခရီးသည် ၁၀ ဦးအထိ လိုက်ပါနိုင်မည်ဖြစ်သည်။

ဘိုလီးဗီးယားနိုင်ငံ၏ တစ်ခုတည်းသော အခြားကောင်းကင်ကြိုးစနစ်မှာ ကိုချာဘမ်ဘာမြို့တွင်ရှိပြီး ကမ္ဘာလှည့်ခရီးသွားများအတွက် တည်ဆောက်ထားခြင်းဖြစ်သည်။ —*Ref: AFP*

# ငြိမ်းချမ်းရေးကို အာမခံကြောင်း တောင်ဆူဒန်သူပုန်ခေါင်းဆောင်ပြော

**နိုင်ရိုဘီ၊ မေ-၃၁**

တောင်ဆူဒန်သူပုန်ခေါင်းဆောင် မေချာက ငြိမ်းချမ်းရေးကို အာမခံကြောင်းနှင့် လာမည့်သီတင်းပတ်တွင် အီသီယိုးပီးယားနိုင်ငံ၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ရန် အဆင်သင့်ရှိကြောင်း မေလ ၃၀ ရက်တွင် ပြောကြားသည်။

တောင်ဆူဒန်ဒုတိယသမ္မတဟောင်း မေချာသည် ကင်ညာသမ္မတ အူဟာရူကင်ယက်တာနှင့် ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီတွင် တွေ့ဆုံခဲ့ပြီး တောင်ဆူဒန်နိုင်ငံ၌ ခြောက်လကြာ ဖြစ်ပွားခဲ့သော ပဋိပက္ခမှာ မိုက်မဲသောစစ်ဖြစ်ကြောင်း ပြောကြားသည်။

"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်လုပ်ဆောင်သွားမှာပါ။ တောင်ဆူဒန်နိုင်ငံမှာ အဓိပ္ပာယ်မရှိ သတ်ဖြတ်မှုတွေ အဆုံးသတ်သွားစေရမယ်။ ရန်လိုမှုတွေ ရပ်တန့်သွားအောင်လုပ်မယ်။ နိုင်ငံရေး လမ်းပြမြေပုံကို လေးစားမယ်။ အားလုံးအတူတူ ကြိုးပမ်းသွားမယ်"ဟု မေချာက ပြောကြားသည်။

တောင်ဆူဒန်စစ်တပ်အဖွဲ့များအကြား တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ရာမှ ယမန်နှစ် ဒီဇင်ဘာ ၁၅ ရက်တွင် မေချာသစ္စာတော်ခံအဖွဲ့များနှင့် သမ္မတဆယ်ဗာကီယာ သစ္စာတော်ခံတပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ပြည်တွင်းစစ်အဆင့်အထိ ရောက်ရှိသွားသည်။

မေချာနှင့် သမ္မတကီယာတို့သည် ယခုနှစ် ဇန်နဝါရီနှင့် မေလအစောပိုင်းတွင် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

တောင်ဆူဒန်ပြည်တွင်းစစ်ကြောင့် လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ပြီး လူတစ်သန်းကျော် အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

တောင်ဆူဒန်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဇွန်လ ၄ ရက်တွင် အီသီယိုးပီးယားနိုင်ငံ မြို့တော်၌ ပြန်လည်ကျင်းပမည်ဖြစ်သည်။ —*Ref: AFP*



7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ဘာသာစကားတစ်မျိုး ထပ်မံသင်ယူခြင်းဖြင့် ဦးနှောက်အိုမင်းမှုကို တုံ့နှေးစေနိုင်

**လန်ဒန်၊ ဇွန်-၂**

ဒုတိယဘာသာစကားတစ်မျိုးကို အသက်ကြီးချိန်တွင် သင်ယူခဲ့လျှင်ပင် ဦးနှောက်အပေါ် ကောင်းသော အကျိုးသက်ရောက်မှုရှိကြောင်း အီဒင်ဘာရာတက္ကသိုလ်၏ လေ့လာမှုတစ်ရပ်က ဖော်ပြသည်။

စာဖတ်ခြင်း၊ စကားပြောသွက်လက်ခြင်းနှင့် အသိပညာဗဟုသုတတို့အပေါ် စမ်းသပ်လေ့လာခဲ့သူ ၂၆၂ ဦးတွင် အသက် (၁၁) နှစ် (သို့မဟုတ်) ၎င်းတို့အသက် ၇၀ ကျော်အရွယ်များ၌ပင် တိုးတက်မှုရှိကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။

ဘာသာစကားနှစ်မျိုးပြောတတ်ခြင်းမှာ သက်ကြီးရွယ်အိုများတွင် သတိမေ့လျော့ခြင်းကို နှစ်ပေါင်းများစွာ နောက်ကျသွားစေကြောင်း ယခင်လေ့လာမှုတစ်ရပ်က ဖော်ပြခဲ့သည်။

ယခုလေ့လာမှုအတွင်း ကြီးကျယ်သော မေးခွန်းမှာ ဘာသာစကားသစ်တစ်မျိုး သင်ယူခြင်းသည် သိမြင်မှုဆိုင်ရာ လုပ်ဆောင်ချက်များ တိုးတက်စေနိုင်၊ မတိုးတက်စေနိုင် (သို့မဟုတ်) သိမြင်မှုဆိုင်ရာ စွမ်းရည်ပိုကောင်းသူများမှာ ဘာသာစကား နှစ်မျိုး ပိုတတ်မြောက်ဖွယ်ရှိ၊ မရှိဆိုသော မေးခွန်းပင်ဖြစ်သည်။

ယင်းမေးခွန်း၏ အဖြေကို ရှာဖွေတွေ့ရှိပြီဟု အီဒင်ဘာရာတက္ကသိုလ်မှ ဒေါက်တာ သောမတ်စ်ဘက်က ယုံကြည်ထားသည်။ လေ့လာမှုတွင် ပါဝင်စမ်းသပ်ခံခဲ့သူ ၂၆၂ ဦးအနက် ၁၉၅ ဦးမှာ ဒုတိယဘာသာစကားတစ်မျိုးကို အသက် (၁၈)နှစ် မတိုင်မီ လေ့လာသင်ယူခဲ့သူများဖြစ်ပြီး ၆၅ ဦးမှာ ယင်းအသက်အရွယ်နောက်ပိုင်းတွင် သင်ယူခဲ့သူများဖြစ်သည်။

ဘာသာစကားနှစ်မျိုး (သို့မဟုတ်) ယင်းထက်ပို၍ ပြောတတ်သူများသည် သိမြင်နိုင်မှုစွမ်းရည် သိသိသာသာ ပိုကောင်းကြောင်း ယင်းလေ့လာမှုတစ်ရပ်က ဖော်ပြသည်။

—Ref: BBC

စာမျက်နှာ ၄၈ မှ

### ဆီးရီးယားရှိ ဘာသာရေး အစွန်းရောက်များနှင့် ပတ်သက်သည်ဟု သံသယရှိသူ လေးဦး ပြင်သစ်အစိုးရဖမ်းဆီး

ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဂျူးလူမျိုးများ ပြတိုက်သို့ မေလ ၂၄ ရက်က ဝင်ရောက်ပစ်ခတ်မှုအတွက် သံသယရှိသူ နင်မောချီကို ဖမ်းဆီးမှုနှင့် ဇွန်လ ၂ ရက်က လူလေးဦးကို ဖမ်းဆီးခြင်းမှာ တိုက်ရိုက်ဆက်စပ်မှုမရှိကြောင်း သိရသည်။

နင်မောချီသည် လူလေးဦး သေဆုံးခဲ့သည့် ဂျူးလူမျိုးများ ပြတိုက်ပစ်ခတ်တိုက်ခိုက်မှုတွင် အသုံးပြုသော သေနတ်နှင့်ဆင်တူသည့် သေနတ်တစ်လက်၊ ရိုင်ဖယ်သေနတ်တစ်လက်နှင့်အတူ ခဲယမ်းမီးကျောက်များသယ်ဆောင်လာစဉ် မာဆေးမြို့တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

"ကျွန်တော်တို့နေရာတိုင်းမှာ အရေးယူမှုတွေ ပြုလုပ်နေပါတယ်။ အကြမ်းဖက်သမားတွေကို တိုက်ဖျက်တဲ့နေရာမှာ ကြန့်ကြာမှုတွေ လုံးဝရှိမှာမဟုတ်ပါဘူး" ဟု ပြင်သစ်ပြည်ထဲရေးဝန်ကြီး ကာဇန်နူးဗ်က ပြောသည်။

—Ref: Reuters

စာမျက်နှာ ၄၈ မှ

### ရှုံးနိမ့်သူ အီဂျစ်သမ္မတလောင်း အယူခံလွှာ ရွေးကောက်ပွဲကော်မတီ ပယ်ချ

အစ္စလာမ်မစ် သမ္မတ မိုဟာမက်မော်စီကို စစ်တပ်က ဖြုတ်ချခဲ့ပြီးနောက် ၁၀ လ အကြာတွင် ရွေးကောက်ပွဲကျင်းပခြင်းဖြစ်သည်။ အယ်လ်စီစီခေါင်းဆောင်သော စစ်အစိုးရသည် မော်စီထောက်ခံသူများအပေါ် အပြင်းအထန်ဖြိုခွင်းခဲ့ပြီး ထောင်နှင့်ချီသော လူများကို ထောင်ချခဲ့သည်။

ဆာဘာဟီသည် မေလ ၂၉ ရက်တွင် ရွေးကောက်ပွဲ၌ ရှုံးနိမ့်မှုကို လက်ခံခဲ့သော်လည်း အစောပိုင်း၌ လူ ၄၀ ရာခိုင်နှုန်းကျော်မဲ ပေးမှုမှာ များလွန်းကြောင်းနှင့် ယင်းမှာ အီဂျစ်နိုင်ငံသားများ၏ အသိဉာဏ်ကို စော်ကားမှုတစ်ခုဖြစ်ကြောင်း ပြောကြားသည်။ သို့ရာတွင် ၎င်းသည် နောက်ဆုံးမဲရလဒ်ကို လက်ခံသွားမည်ဟု ပြောကြားခဲ့သည်။

ဆာဘာဟီ မဲဆွယ်စည်းရုံးရေးအဖွဲ့က မဲရုံများအတွင်း အယ်လ်စီစီ ထောက်ခံသူများ၏ မဲဆွယ်စည်းရုံးမှုများ ရှိနေသည်ဟုသော တိုင်ကြားစာတစ်စောင်ကို ရွေးကောက်ပွဲကော်မတီသို့ ပို့ခဲ့သည်။

တတိယနေ့ မဲပေးမှုမှ ရလဒ်များအားလုံးကို ပယ်ဖျက်ပေးရန်လည်း ၎င်းတို့အဖွဲ့က တောင်းဆိုခဲ့သည်။

ဆာဘာဟီသည် ပြီးခဲ့သည့် ၂၀၁၂ အီဂျစ်သမ္မတ ရွေးကောက်ပွဲတွင် တတိယနေရာ ရရှိခဲ့သူဖြစ်သည်။

—Ref: Reuters







7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ဘရာဇီးစီးပွားရေး နှေးကွေး

**ဆော်ပေါလို၊ မေ-၃၁**

၂၀၁၄ ခုနှစ် ပထမသုံးလပတ်တွင် ဘရာဇီးနိုင်ငံ၏စီးပွားရေး၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများက ပြသနေသည်။

ဘရာဇီးပထဝီဝင်နှင့် ကိန်းဂဏန်းများ အင်စတီကျူ့ဒ်က ၂၀၁၃ ခုနှစ် နောက်ဆုံးသုံးလပတ် စီးပွားရေးတိုးတက်မှုကိုလည်း ၀ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်လိုက်သည်။

နှေးကွေးလေးကန်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းထားများမှာ ကမ္ဘာ့ဖလားပြိုင်ပွဲ မစတင်မီနှင့် အောက်တိုဘာ သမ္မတရွေးကောက်ပွဲများမတိုင်မီတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဒုတိယအကြိမ် သက်တမ်းရွေးကောက်ပွဲအတွက် ပြင်ဆင်နေသော သမ္မတဒီလ်မာရူးဆက်ဖ်က ကမ္ဘာ့ဖလားပွဲတော်ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာမည်ဟု ပြောကြားသည်။

သို့သော်လည်း ငွေကြေးဖောင်းပွမှု မြင့်မားခြင်းနှင့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းတို့က ကမ္ဘာ့ဖလားအတွက် အစိုးရ၏စီမံကိန်းသုံးစွဲမှုများမှ စီးပွားရေးဖွံ့ဖြိုးမှု မျှော်လင့်ချက်များကို မှေးမှိန်သွားစေခဲ့သည်။

ယင်းအတွက်ကြောင့်ပင် ကမ္ဘာ့ဖလားအတွက်ကြီးမားသော သုံးစွဲမှုရှိသော်လည်း တိုးတက်မှုကို အောက်ခြေအထိ မခံစားရ၍ ဒေါသထွက်နေသောဘရာဇီးနိုင်ငံသားများ၏ ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့သည်။—*Ref: BBC*



JOEDSON ALVES/REUTERS

*မေလ ၃၀ ရက်က ကမ္ဘာ့ဖလားအတွက် ငွေကြေးကုန်ကျမှုများပြားခြင်းကို ကန့်ကွက်နေသော ဆင်းရဲသားရပ်ကွက်နေသူများ*

# အငြင်းပွားဖွယ် မာလာဝီရွေးကောက်ပွဲ သမ္မတဟောင်း၏ညီ အနိုင်ရ

**ဘလန်တိုင်ယာ၊ မေ-၃၁**

သမ္မတဂွိုက်စ်ဘန်ဒါ ရှုံးနိမ့်ပြီးနောက် မာလာဝီနိုင်ငံ၏ အငြင်းပွားဖွယ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရသူမှာ ဒီမိုကရေစီတိုးတက်ရေးပါတီ ခေါင်းဆောင် ပီတာမူသာရီကာဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ကြေညာသည်။

သမ္မတဟောင်း ဘင်ဂူးဝါမူသာရီကာ၏ညီဖြစ်သူ မူသာရီကာသည် ထောက်ခံမဲ ၃၆ ဒသမ ၄ ရာခိုင်နှုန်းရရှိပြီး မစ္စစ်ဘန်ဒါမှာ ထောက်ခံမဲ ၂၀ ဒသမ ၂ ရာခိုင်နှုန်းသာရရှိသည်ဟု ရွေးကောက်ပွဲကော်မရှင်က ပြောသည်။

မဲရေတွက်မှုရလဒ် ထုတ်ပြန်မည်ကို တားဆီးရန်နှင့် မဲပြန်လည်ရေတွက်ချိန်ပေးရန် တောင်းဆိုမှုကို တရားရုံးချုပ်က ပယ်ချလိုက်ပြီးနောက် မိနစ်ပိုင်းအကြာတွင် ရွေးကောက်ပွဲရလဒ်ကို ကြေညာလိုက်ခြင်းဖြစ်သည်။

ယင်းရွေးကောက်ပွဲတွင် မာလာဝီကွန်ဂရက်ပါတီ(MCP)မှ သမ္မတလောင်း လာဇရုဇ်ချက်ဝီရာက ထောက်ခံမဲ ၂၇ ဒသမ ၈ ရာခိုင်နှုန်းရရှိခဲ့ပြီး မစ္စစ်ဘန်ဒါမှာ တတိယနေရာတွင် ရှိနေကြောင်း မဲရေတွက်မှုရလဒ်များက ဖော်ပြသည်။

မဲ ပြန်လည်ရေတွက်ရန် တောင်းဆိုထားသည့် MCP ပါတီ၏ ပြောရေးဆိုခွင့်ရှိ အမျိုးသမီး ဂျက်စီကက်ဝီလာက ယင်းရွေးကောက်ပွဲရလဒ်များကို တရားရုံးမှ တစ်ဆင့် စိန်ခေါ်သွားမည်ဟုပြောသည်။

ဝန်ကြီးဟောင်း ၊ ဥပဒေပါမောက္ခဖြစ်သူ မူသာရီကာမှာ အခြားအရာရှိများနှင့်အတူ ရာဇဝတ်မှု ကျူးလွန်ရန် ပူးပေါင်းကြံစည်မှု၊ ပုန်ကန်မှုဖြစ်စေရန် လှုံ့ဆော်မှု စွဲချက်များနှင့် ရင်ဆိုင်နေရသည်။

အာဖရိကတောင်ပိုင်းမှ နိုင်ငံငယ် မာလာဝီတွင် ရွေးကောက်ပွဲကျင်းပစဉ် မဲရုံများ၁၀ နာရီနောက်ကျပြီးမှ ဖွင့်လှစ်ကာ အချို့သော မဲရုံများတွင် မှတ်ပုံတင်ထားသော မဲပေးသူအရေအတွက်ထက် မဲပိုပေးမှုများရှိပြီး ရွေးကောက်ပွဲအစမှပင် အငြင်းပွားဖွယ်အခြေအနေများ ဖြစ်ပေါ်ခဲ့သည်။

ယင်းရွေးကောက်ပွဲနှင့် ပတ်သက်၍ စောဒကတက်လိုသူများအနေဖြင့် တရားရုံးသို့ လျှောက်ထားရန် သီတင်းတစ်ပတ် အချိန်ရသည်။

—*Ref: AFP*



7 DAY NEWS JOURNAL

# International

Vol.13, No.13 • JUNE 4 , 2014

## ဆီးရီးယားရှိ ဘာသာရေးအစွန်းရောက်များနှင့် ပတ်သက်သည်ဟု သံသယရှိသူလေးဦး ပြင်သစ်အစိုးရဖမ်းဆီး



SULTAN KITAZ/REUTERS

*အာဆတ်အစိုးရလေကြောင်းတိုက်ခိုက်မှုတွင် ဒဏ်ရာရသွားသည်ဆိုသော ကလေးငယ်များအား အရပ်ဘက်ကာကွယ်ရေးအဖွဲ့ဝင်များက ကယ်ဆယ်လာသည်ကို ဇွန်လ ၂ ရက်တွင် တွေ့ရစဉ်*

**ပါရီ၊ ဇွန်-၂**

ဆီးရီးယားနိုင်ငံရှိ အစွန်းရောက် အစ္စလာမ်မစ် ကွန်ရက်များသို့ ဝင်ရောက်လိုသူများအား ကူညီစုဆောင်းပေးနေသည်ဟု သံသယရှိသူ လေးဦးကို ပြင်သစ်ရဲတပ်ဖွဲ့က ဇွန်လ ၂ ရက်တွင် ဖမ်းဆီးလိုက်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဘားနက်ကာဇန်နူးဗ်က ပြောသည်။

ဆီးရီးယားပြည်တွင်းစစ်တွင် ပါဝင်တိုက်ခိုက်ရန် သွားရောက်နေသော ဥရောပတိုက်သားများ အပြန်ခရီး၌ အစ္စလာမ်မစ်စစ်သွေးကြွဝါဒများ ပြန်လည်ပါလာမည်ကို ဥရောပအစိုးရအဖွဲ့များက စိုးရိမ်နေသည်။

လူလေးဦး သေဆုံးခဲ့သည့် ဘရပ်ဆဲလ်မြို့ရှိ ဂျူးလူမျိုးများပြတိုက်ကို ပစ်ခတ်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ဖမ်းဆီးထားသော ပြင်သစ်နိုင်ငံသားတစ်ဦးသည် ဆီးရီးယားစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ပြီး မကြာမီက ပြန်လာသူဖြစ်ကြောင်း အစိုးရရှေ့နေများက ပြောကြားလိုက်ပြီးနောက် တစ်ရက်အကြာတွင် ယင်းသံသယရှိသူ လေးဦးကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံတွင် တိုက်ခိုက်နေသော ပြင်သစ်နိုင်ငံသား ၇၀၀ ရှိသည်ဆိုခြင်းကြောင့် ၎င်းတို့ပြင်သစ်နိုင်ငံသို့ ပြန်လာချိန်တွင် အန္တရာယ်ကြီးကြီး ပေးနိုင်သူများဖြစ်လာမည်ကို စိုးရိမ်မိသည်ဟု ပြင်သစ်နိုင်ငံ ဂျူးလူမျိုးများအဖွဲ့ CRIF အကြီးအကဲ ရော်ဂျာချီကာမန်းက ပြောသည်။

စာမျက်နှာ ၄၆ ››

## ရှုံးနိမ့်သူ အီဂျစ် သမ္မတလောင်း အယူခံလွှာ ရွေးကောက်ပွဲကော်မတီ ပယ်ချ

**ကိုင်ရို၊ ဇွန်-၁**

အီဂျစ်သမ္မတ ရွေးကောက်ပွဲ မဲရလဒ်ကို ဆန့်ကျင်နေသော ရှုံးနိမ့်သူ သမ္မတကိုယ်စားလှယ်လောင်း၏ အယူခံလွှာကို ပယ်ချလိုက်သည်ဟု အီဂျစ်ရွေးကောက်ပွဲကော်မတီက ဇွန်လ ၁ ရက်တွင် ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ် ရွေးကောက်ပွဲတွင် လက်ဝဲယိမ်းနိုင်ငံရေးသမား ဆာဘာဟီသည် မဲအရေအတွက် သုံးရာခိုင်နှုန်းသာ ရရှိခဲ့ပြီး စစ်တပ်အကြီးအကဲဟောင်း အယ်လ်စီစီက အီဂျစ်သမ္မတ ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရခဲ့သည်။

ရွေးကောက်ပွဲ ကော်မတီသည် ဆာဘာဟီ၏ အယူခံလွှာအပေါ် ဆုံးဖြတ်ချက်အသေးစိတ်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသော်လည်း ဇွန်လ ၃ ရက်ညတွင် တရားဝင်ရလဒ်ကို ကြေညာမည်ဟု ပြောကြားခဲ့သည်။

စာမျက်နှာ ၄၆ ››

## အီးယူရွေးကောက်ပွဲရလဒ် လျစ်လျူမရှုသင့်ဟု တိုနီဘလဲပြောကြား

**လန်ဒန်၊ ဇွန်-၂**

ပြီးခဲ့သည့် သီတင်းပတ်က ဥရောပတစ်ဝန်းကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် ဥရောပကို မယုံကြည်သူပါတီများ အမတ် နေရာ အများအပြားအနိုင်ရရှိခဲ့ပြီးနောက် ဥရောပသမဂ္ဂကို ပြုပြင်ပြောင်းလဲမှုများလုပ်ရန် ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲက တိုက်တွန်းလိုက်သည်။

ဗြိတိန်တွင် လွတ်လပ်ရေးပါတီ၊ ပြင်သစ်တွင် အမျိုးသားရေးတပ်ဦးပါတီတို့ အောင်ပွဲများရရှိခြင်းမှာ အချက်ပေးခေါင်းလောင်းသံဖြစ်သည်ဟု တိုနီဘလဲက ဗြိတိသျှစက်မှုလုပ်ငန်းအဖွဲ့ (CBI) အခမ်းအနားမိန့်ခွန်းတွင် ပြောကြားမည်ဟု သည်တိုင်းမ်သတင်းစာ၌ ဖော်ပြသည်။

ဥရောပရွေးကောက်ပွဲရလဒ်များမှနေ၍ မဲဆန္ဒရှင်များ၏ နက်ရှိုင်းသော စိုးရိမ်ပူပန်မှု၊ မယုံကြည်မှု၊ ဥရောပအဖွဲ့အစည်းများမှ ကင်းကွာမှုနှင့် ဥရောပ၏ ပင်မဒဿနနှင့် စိမ်းနေမှုတို့ကို ပြသနေသည်ဟု ဗြိတိန်ဝန်ကြီးချုပ်ဟောင်းက ပြောကြားသည်။

ဥရောပ တစ်ခုလုံးမှာပင် ပိုနေမြဲ၊ ကျားနေမြဲ ဥရောပကို ဆန့်ကျင်သော ပါတီများကို ရွေးကောက်တင်မြှောက်ကြခြင်းမှာ အကြောင်းအရာတစ်ခုခုကို ပုံကြီးချဲ့ပြနေပြီး ယင်းကို လျစ်လျူရှုထား၍မရဟု ၎င်းက ပြောသည်။

“ရွေးကောက်ပွဲ ရလဒ်က အရေးပါပါတယ်။ ဥရောပနဲ့ ဗြိတိန်ကို လှုပ်နှိုးလိုက်တာပါပဲ။ ဗြိတိန်နိုင်ငံအနေနဲ့ ဥရောပမှာ တံ့ပြန်မှုအတွက် ဦးဆောင်သွားရပါမယ်။ နောက်ကလိုက်ဖို့ မဟုတ်ဘူး” ဟု ဘလဲက ပြောသည်။

—*Ref: AFP*




ANDREW BURTON/GETTY IMAGES/AFP




BRAND'S®
အမြင့်မားဆုံးစွမ်းဆောင်ရည် အတွက်
ဘရင်းဂျင်စင်းကြက်ပေါင်းရည်ကို နေ့စဉ် သောက်ပါတယ်
ဂျင်စင်းပေါင်းစပ် ကောင်းမြတ်တဲ့ ဖော်မြူလာ
"ကျွန်တော်က အိပ်မက်ဆုံရာအစီအစဉ်နဲ့ အခြားဂီတ သင်တန်းတွေမှာ သင်ကြားမှုတွေ မပြတ်လုပ်နေရပါတယ်။ ဘရင်းဂျင်စင်းကြက်ပေါင်းရည်ကို နေ့စဉ်သောက်လို့ မောပန်းနွမ်းနယ်မှုမရှိဘဲ ကျန်းမာလန်းဆန်းပြီးအားရှိနေတာပေါ့။"
ခိုင်မြဲသာ
(အဆိုတော်၊ Vocal Trainer)
X-tra Herbs
BRAND'S
花旗參雞精
Essence of Chicken
with Ginseng X-Tra Herbs
ပင်ပန်းနွမ်းနယ်မှုမှန်သမျှ ပျောက်ကင်းစေပြီး လုပ်ငန်းတာဝန်များကို ပုံမှန်ထက်ပင် စွမ်းရည်မြင့်မားစွာ လုပ်ဆောင်နိုင်ခြင်း
ဂျင်စင်းပေါင်းစပ်ထားတဲ့ ကောင်းမြတ်သော ဖော်မြူလာ၏ အစွမ်းကြောင့် သက်လုံကိုအထူးကောင်းမွန်စေပြီး ခွန်အားကို လည်းတိုးမြှင့်စေနိုင်ခြင်း

# လေးစားတန်ဖိုးထားရပါသော ဝယ်ယူသူများနှင့် လူနာများခင်ဗျား ...

Roche

လူကြီးမင်းတို့၏ ရောဂါသက်သာပျောက်ကင်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Switzerland နိုင်ငံ Roche Co., Ltdမှထုတ်လုပ်ပြီး DKSH Co., Ltd မှ တရားဝင်တင်သွင်းဖြန့်ချိသော အရည်အသွေးစစ်မှန်ပြီး ယုံကြည်စိတ်ချရသည့် ဆေးဝါးများနှင့် တရားမဝင်ဖြန့်ချိပြီး အရည်အသွေးမစစ်မှန်သည့် ဆေးဝါးများကို အလွယ်တကူ ခွဲခြားနိုင်ရန် အောက်ပါအချက်များကို အထူးသတိပြု စစ်ဆေးဝယ်ယူကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

## စစ်ဆေးကြည့်ရှုရန်အချက်များ

(၁) Roche Hologram ( Roche ရောင်ပြန်တံဆိပ်ပြား )

(၂) Myanmar Registration Number (မြန်မာဆေးဝါးမှတ်ပုံတင်အမှတ် )

(၃) DKSH မှတိုက်ရိုက်ဝယ်ယူပါက တရားဝင် DKSH INVOICE ၊ ကုမ္ပဏီ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်

### Roche ရောင်ပြန်တံဆိပ်ပြား


ရောင်ပြန်တံဆိပ်ပြား ပါရှိသော ဆေးအစစ်အမှန်




ရောင်ပြန်တံဆိပ်ပြား မပါရှိသော ဆေးအတု




ဆေးကဒ်အစစ်အမှန်




ဆေးကဒ်အတု




### မြန်မာဆေးဝါးမှတ်ပုံတင်အမှတ်

မြန်မာဆေးဝါးမှတ်ပုံတင်အမှတ် ပါရှိသော ဆေးအစစ်အမှန်




မြန်မာဆေးဝါးမှတ်ပုံတင်အမှတ် မပါရှိသော ဆေးအတု




### DKSH INVOICE ၊ ကုမ္ပဏီ လိပ်စာနှင့် ဖုန်းနံပါတ်

**Customer Care Center Ph : 707181**

INVOICE

DKSH

**DIETHELM & CO., LTD.**

No.13, Thitsar Road, Yankin Township, Yangon.

Commercial Tax Registration No. Ka Tha / 1569

Print Date At: 1/16/2014 1:56:04 PM

*YP14016004693*

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## လူမျိုးရေး ဘာသာရေးနှင့်ဆက်နွှယ်ပြီး ဒေါ်အောင်ဆန်းစုကြည်အား ပုတ်ခတ်ရေးသားသည့်စာများဖြန့်ဝေ

ပုဒ်မ ၅၉(စ)ဟုရေးသားထားသည့် လေးထောင့်ပုံးပေါ်တွင် ကြိုးမြတ်သူတို့ထိုင်ရန်ထိုင်ခုံတစ်ခုံတင်ထားပြီး ထိုင်ခုံရှေ့ရှိ ပုဒ်မ ၄၃၆ ဟုရေးထားသည့် လေးဖက်ကုန်းနေသောလူတစ်ဦး၏ကျောပေါ်မှတစ်ဆင့် အစ္စလာမ်ဘာသာဝင်ဟုယူဆရသူတစ်ဦးက ထိုင်ခုံဆီသို့ဖြတ်လျှောက်နေသည့်ဟန်သရုပ်ဖော်ပုံတစ်ကွက်နှင့် ဘာကြောင့် ပုဒ်မ ၄၃၆ ကိုဒေါ်အောင်ဆန်းစုကြည်ပြင်ချင်သလဲ၊ ပုဒ်မ ၄၃၆ ကိုမပြင်သင့်သလဲဟူသည့် အကြောင်းများရေးသားထားသည့် စာရွက်များ မန္တလေးမြို့တွင်းရှိ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ မဟာအောင်မြေနှင့် အမရပူရမြို့နယ်များတွင် မေလ ၃၀ ရက်နံနက်ကတိတ်တဆိတ်ဖြန့်ဝေမှုများပြုလုပ်ခဲ့သည်။ပုဒ်မ ၄၃၆ ပြင်ဆင်နိုင်ရန် ပြည်သူလူထုအားလုံးပါဝင်သည့်လက်မှတ်ရေးထိုးရေးအစီအစဉ်ကို မြန်မာတစ်နိုင်ငံလုံးရှိမြို့များတွင်မေလ ၂၇ရက်မှဇူလိုင် ၁၉ ရက်ထိပြုလုပ်နေစဉ် ယခုကဲ့သို့ ပုဒ်မ ၄၃၆ ကိုမပြင်ဆင်ရန် ဆန့်ကျင်သည့်စာရွက်များဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

## နိုင်ငံခြားဘဏ်များအား စက်တင်ဘာလကုန်တွင် လုပ်ငန်းလိုင်စင်ခွင့်ပြုမည်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် အစိုးရက နိုင်ငံခြားဘဏ်များအား စက်တင်ဘာလကုန်တွင် လုပ်ငန်းလိုင်စင်များခွင့်ပြုပေးသွားမည်ဖြစ်သည်။ ပြည်တွင်းတွင် ကိုယ်စားလှယ်ရုံးခန်းဖွင့်ထားသော နိုင်ငံခြားဘဏ် ၃၀ သို့ အစိုးရကပေးသောစာများတွင် နိုင်ငံခြားဘဏ် ၁၀ခုအား သတ်မှတ်ထားသော ဝန်ဆောင်မှုပေးရန် ဘဏ်ရုံးခွဲတစ်ခုတည်ထောင်ခွင့်ကို အစိုးရကခွင့်ပြုပေးမည်ဖြစ်သည်။ထိုဝန်ဆောင်မှုများတွင် နိုင်ငံခြားကုမ္ပဏီများအား ငွေချေးငှားရမ်းခြင်းနှင့်ပြည်တွင်းကုမ္ပဏီများအား ငွေချေးရန်အတွက်နိုင်ငံခြားဘဏ်များသည် ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဟုလည်း စာတွင်ပါရှိသည်။ အဆိုပါ လိုင်စင်ထုတ်ပေးရေးအဖွဲ့သည် ဇူလိုင် ၆ ရက်တွင် လျှောက်လွှာများကို စိစစ်ပြီး စက်တင်ဘာလကုန်တွင် လုပ်ငန်းလိုင်စင်ငါးခုမှ ၁၀ ခုအထိထုတ်ပေးသွားမည်ဖြစ်သည်။

## နိုင်ငံသားအမည်ခံထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အထည်ချုပ်လုပ်ငန်း အများဆုံး ဖြစ်

နိုင်ငံသား အမည်ခံထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အထည်ချုပ်လုပ်ငန်းများတွင်အဓိကရှိနေသဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က နည်းလမ်းပေါင်းစုံဖြင့် ဖော်ထုတ်ဆောင်ရွက်နေကာ သံသယရှိသောစက်ရုံ ၁၂ ရုံရှိသည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်ကပြောကြားသည်။ နိုင်ငံသားအမည်ခံဖြင့် နိုင်ငံခြားသားပိုင်စီးပွားရေးလုပ်ငန်းများတွင် အာရှနိုင်ငံများမှ နိုင်ငံခြားသားများလုပ်ကိုင်မှုက အများဆုံးဖြစ်ပြီး ကျောက်မျက်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း၊ အိမ်ခြံမြေ၊ အထည်ချုပ်၊ ရေထွက်ကုန်နှင့်စားသောက်ကုန်လုပ်ငန်းများတွင် အမည်ခံဆောင်ရွက်နေမှုများရှိသည်ဟုဆိုသည်။ ထိုလုပ်ငန်းများကို ဆက်လက်စစ်ဆေးနိုင်ရန် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ၃၇ခုကို ဇုန်များအတွင်း ယင်းလုပ်ငန်းများဆောင်ရွက်နေမှုရှိ၊ မရှိ စိစစ်နေပြီး ဇုန် ၁၅ခုမှ ကော်မတီများက ၎င်းတို့နယ်မြေများတွင်မရှိဟု ပြောကြားထားသဖြင့် ကျန် ၂၂ ဇုန်တွင် စိစစ်နေဆဲဖြစ်သည်။

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံပြဿနာ အေးချမ်းစွာဖြေရှင်းနိုင်ကြောင်း နှစ်နိုင်ငံကြေညာ

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်များမေ ၂၈ရက်ကအပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ တပ်ကြပ်တစ်ဦးကျဆုံးသွားသည်။ကျဆုံးသွားသည့်တပ်ကြပ်မိုဟာမက်မီဇာနူးရာမန်ဆိုသူအား မြန်မာဘက်မှ ဖမ်းဆီးသွားခြင်းဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ်ဘက်မှ စွပ်စွဲထားချက်ကို မြန်မာအစိုးရက မေလ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်သည့်ကြေညာချက်တွင် ငြင်းဆိုထားသည်။ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့မှ အရာရှိဟုရည်ညွှန်းသောသူသည် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့၏ ယူနီဖောင်းဝတ်ဆင်ထားခြင်းမရှိဘဲ မြန်မာပိုင်နက်အတွင်းသို့ ဝင်ရောက်ခဲ့သည့် မသင်္ကာဖွယ်ပိုင်နက်ကျူးကျော်လာသူဖြစ်သည်ဟု တုံ့ပြန်ခဲ့သည်။ အပြန်အလှန်ပစ်ခတ်မှုနှင့် စွပ်စွဲမှုများဖြစ်ပွားခဲ့သော်လည်း နောက်ပိုင်းတွင် အခြေအနေပြန်လည်တည်ငြိမ်သွားပြီး ပြဿနာများကို အေးချမ်းစွာဖြေရှင်းနိုင်ခဲ့ကြောင်းနှစ်နိုင်ငံလုံးကကြေညာခဲ့သည်။ ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီးနောက် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်များအကြား မျက်နှာစုံညီဆွေးနွေးပွဲတစ်ခုကို ဇွန်လပထမပတ်တွင် ကျင်းပမည်ဖြစ်ကြောင်းနှစ်ဖက်လုံခြုံရေး အရာရှိများကပြောသည်။

## ချေးငွေဒေါ်လာသန်း ၁၃၀ ကျော် လယ်/ဆည် ချေးယူမည့်အစီအစဉ် လွှတ်တော်အတည်မပြု

ဖွံ့ဖြိုးမှုနောက်ကျနေသည့် ရခိုင်၊ ချင်းကဲ့သို့ပြည်နယ်များမပါဝင်ဘဲ နေပြည်တော်နှင့်မန္တလေး၊ ပဲခူး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဦးစားပေး၍ပြုလုပ်မည့် စိုက်ပျိုးရေးစီမံကိန်းများအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးရန်ပုံငွေအဖွဲ့မှအမေရိကန်ဒေါ်လာ ၁၃၆ သန်းချေးယူမည့် အဆိုကို ပြည်ထောင်စုလွှတ်တော်ကအတည်မပြုခဲ့ပေ။ ထိုသို့လွှတ်တော်နာယကအတည်ပြုမပေးခြင်းကိုထောက်ခံကြောင်းတောင်သူလယ်သမားအသင်း ဥက္ကဋ္ဌနှင့်စိုက်ပျိုးရေးပညာရှင်များက ပြောကြားသည်။

## မိတ္ထီလာရှိအိမ်တစ်အိမ်တွင် အလိုအလျောက်မီးလောင်မှုဖြစ်

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ ဗိုလ်မှူးဟောင်းတစ်ဦး၏ နေအိမ်တွင် အကြောင်းရင်းမသိရသော အလိုအလျောက်မီးထတောက်မှုများ၁၃ကြိမ်ဖြစ်ပွားခဲ့ပြီး ပုဏ္ဏကတိုက်သည်ဟု ကောလာဟလများထွက်ပေါ်နေကာ သွားရောက်ကြည့်ရှုသူများပြားခဲ့သည်။ အလိုအလျောက် မီးထတောက်မှုများ ဖြစ်ပွားခဲ့သော်လည်းကြီးမားသည့် မီးလောင်ကျွမ်းမှုများမဖြစ်ပေါ်ခဲ့ပေ။ ယင်းကောလာဟလများကြောင့် အဆိုပါနေအိမ်ကိုတံခါးပိတ်ထားပြီး မြို့နယ်ရဲစခန်းမှလုံခြုံရေးတာဝန်ယူကာ ဆရာတော်များဖြင့် ပရိတ်ရွတ်ဖတ်မှုများပြုလုပ်ခဲ့သည်။

## ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဖွဲ့စည်းပုံပြင်ဆင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ဖွဲ့စည်းပုံကို နိုင်ငံတော်သမ္မတရုံးက မေလ ၂၈ ရက်တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည်။ ယခင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည့် ဘဏ္ဍာရေးဒုဝန်ကြီး ဦးဝင်းရှိန်နေရာတွင် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်ကိုခန့်ထားလိုက်ပြီးအဖွဲ့ဝင်အသစ်သုံးဦးဖြင့် တိုးချဲ့ဖွဲ့စည်းလိုက်သည်။ ထို့ပြင် လုပ်ငန်းရှင်များကုမ္ပဏီမှတ်ပုံတင်လွယ်ကူစေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးကိုနေပြည်တော်မှ ရန်ကုန်သို့ ဇွန်လလယ်တွင်ပြောင်းရွှေ့ရန် စီစဉ်ထားသည်။

## အာရှပစိဖိတ်အလှမယ်ဆု မြန်မာအလှမယ် မေမြတ်နိုးရရှိ

တောင်ကိုရီးယားနိုင်ငံတွင်ကျင်းပခဲ့သော "Miss Asia Pacific World 2014" သရဖူကို မြန်မာအလှမယ် မေမြတ်နိုးက ဆွတ်ခူးနိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွက် ပထမဆုံးအလှမယ်သရဖူကို ရယူနိုင်ခဲ့သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

သရဖူရရှိခဲ့သည့်အတွက် ပွဲနှင့်ပတ်သက်သောအလုပ်များ လုပ်ဆောင်ရန် ကိုရီးယားတွင် တစ်ပတ်ကြာနေထိုင်ပြီး ဇွန်လ ၆ ရက်တွင်မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။"Miss Asia Pacific World 2014"သရဖူ၊ talent show တွင် Popularity Award, Missosology ဝက်ဘ်ဆိုက်မှချီးမြှင့်သော People Ch–oice Awardစုစုပေါင်းဆုသုံးဆုအပြင် တောင်ကိုရီးယားနိုင်ငံ၏ နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Pangyo Techno Valley က မေမြတ်နိုးအားငင်းတို့ကုမ္ပဏီ၏သံတမန်တစ်ဦးအဖြစ် ခန့်အပ်ခဲ့သည်။

## ဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်း အများပြည်သူသိရှိရန်ထုတ်ပြန်

မည်သူ့ကိုအတင်းအကျပ်ဘာသာကူးပြောင်းစေခြင်း၊ သွေးဆောင်ခြိမ်းခြောက်၍ကူးပြောင်းစေခြင်းအစရှိသည့်ကိစ္စရပ်များပြုလုပ်ပါက ပြုလုပ်သူကို ထောင်ဒဏ်၂နှစ်အထိ အပြစ်ပေးအရေးယူနိုင်မည့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အများပြည်သူများလေ့လာအကြံပြုနိုင်ရန် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်ကထုတ်ပြန်လိုက်သည်။ပုဒ်မ ၂၆ ခုပါဝင်သော အဆိုပါ ဥပဒေမူကြမ်းကို နိုင်ငံတော်သမ္မတရုံးမှဖွဲ့စည်းထားသည့် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်က ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့်အများပြည်သူတို့ထံမှလက်ခံရရှိသောအကြံပြုချက် အပေါ်ကနဦးရေးဆွဲထားခြင်းဖြစ်သည်။

## ရန်ကုန်နှင့်မြစ်ဝကျွန်းပေါ်ဒေသဘက်တွင် ငလျင်လှုပ်

တွံတေးမြို့အနီးကိုဗဟိုပြု၍ ရစ်ချ်တာစကေး ၄ ဒသမ ၇အဆင့်ရှိ ငလျင်တစ်ခု ဇွန်လ ၁ရက်နံနက်အစောပိုင်းက လှုပ်ခတ်ခဲ့ပြီး ရန်ကုန်မြို့နှင့်မြစ်ဝကျွန်းပေါ်ဒေသအများစုမှာအဆိုပါငလျင်ကိုသိရှိခံစားလိုက်ရသည်။ ၁၅ စက္ကန့်ခန့်သာကြာခဲ့ပြီး ထိခိုက်ပျက်စီးမှုမရှိခဲ့သော်လည်း အဆောက်အအုံအမြင့်တွင်နေထိုင်သည့် ရန်ကုန်မြို့ဒေသခံများ စိုးရိမ်ထိတ်လန့်မှုဖြစ်ခဲ့သည်။ မေလ ၂၄ နှင့် ၃၀ရက်ကလည်း မြန်မာ–တရုတ်နယ်စပ်တွင် ရစ်ချ်တာစကေး၅ အဆင့်ကျော်သည့် ငလျင်နှစ်ကြိမ်လှုပ်ခတ်ခဲ့ပြီး နယ်စပ်တစ်လျှောက်ရှိမြို့များ သိရှိခံစားခဲ့ရသည်။

## ပြိုင်ကားအမျိုးနှစ်ဆယ်ကျော် တင်သွင်းခွင့်ရပ်ပြီး အချို့ကို တင်သွင်းခွင့်ပြန်ပြုမည်

ပြိုင်ကားအမျိုးအစားများ တင်သွင်းခွင့်ကို ယာယီဆိုင်းငံ့ထားရာမှ ပြိုင်ကားအမျိုးအစား ၂၀ ကျော်ကိုတင်သွင်းခွင့်ရပ်ဆိုင်းပြီး ကျန်ရှိနေသည့် အမျိုးအစားများကိုမူ ပြန်လည်တင်သွင်းခွင့်ပြုရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီစဉ်နေသည်။ အင်ဂျင်ပါဝါကြီးပြီး တန်ဖိုးကြီးသည့်ဇိမ်ခံကားအနွယ်ဝင်ပြိုင်ကားအမျိုးအစားများကိုတင်သွင်းခွင့်မပြုရန်ရည်ရွယ်ထားပြီး ဈေးသက်သာပြီး လူစီးများသည့်ပြိုင်ကားများကိုမူ ပြန်လည်တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

စာမျက်နှာ ၁၅ မှ

# ကျောင်းအပ်ရာသီတွင် အလယ်တန်းကျောင်းများ၌ လာရောက်အပ်နှံသူလျော့ကျ

အကူအညီပေးထားသည့် အမေရိကန်ဒေါ်လာ သန်း ၈၀ အနက် သန်း ၆၀ မှာ သုံးနှစ်အတွင်း အသုံးပြုရန် ပြည်ထောင်စုလွှတ်တော်က ပထမအကြိမ် သတ္တမအစည်းအဝေးတွင် ခွင့်ပြုချက် ရရှိထားပြီဖြစ်ပြီး ကျန်သန်း ၂၀ ကို ပြည်ထောင်စုလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေးတွင် ၂၀၁၇–၁၈ ပညာသင်နှစ်တွင် အသုံးပြုရန် ခွင့်ပြုချက် ချလိုက်ပြီဖြစ်သည်။

"သန်း ၆၀ က လွှတ်တော်က ခွင့်ပြုချက် ကျပြီးသွားပြီ။ နဂိုခွင့်ပြုပြီးသား သန်း ၆၀ ရယ်၊ ဩစတြေးလျအစိုးရက ကူညီတဲ့သန်း ၂၀ ရယ်ပေါင်းပြီး ယခုနှစ် ပညာသင်နှစ်ကစပြီး အစီအစဉ်တွေစတော့မယ်။မူလတန်းရှိတဲ့ကျောင်းတွေကို အဓိက School Grants တွေ ပေးသွားမယ်" ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးတစ်ဦးက ပြောကြားထားသည်။

ကမ္ဘာ့ဘဏ် အကူအညီဖြင့် စီမံကိန်းကာလ လေးနှစ်သတ်မှတ်ထားပြီး ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်းအားလုံးအတွက် ထောက်ပံ့ကြေးများ ပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ရေးစီမံချက်ကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ထို့အတူ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဆန်းစစ်ကြီးကြပ်ရန် ပညာရေးဝန်ကြီးဌာန၏စွမ်းဆောင်ရည်မြှင့်တင်ရာတွင်လည်း အသုံးပြုသွားမည်ဖြစ်သည်။

"နိုင်ငံတော်က ပညာရေးအတွက် သုံးတဲ့ ဘတ်ဂျက်ကလည်း အရင်ကထက် ပိုတိုးတယ်။ ပြည်တွင်းကလည်း ပိုတိုးတယ်။ နိုင်ငံခြားက အကူအညီတွေကလည်း ရတယ်ဆိုရင် ကြိုဆိုရမှာပေါ့။ ဒီလိုအထောက်အပံ့တွေရရင် အရည်အသွေးနဲ့ အရေအတွက်ပေါ့။ တစ်ဖက်ကများလာတဲ့အတွက်အရေအတွက် တိုးလာမယ်။ အဲဒီမှာငွေကို အကျိုးရှိရှိသုံးဖို့ အရေးကြီးပါတယ်" ဟု နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

အခြေခံပညာကျောင်းများအား အထောက်အပံ့ပေးမည့် အစီအစဉ်မှာ ကျောင်းရှိ မူလတန်းအဆင့် ကျောင်းသားဦးရေပေါ် မူတည်၍ မူလတန်းကျောင်းသား ၁၀၀ အောက်ရှိသော ကျောင်းအတွက် ကျပ် ခြောက်သိန်း၊ ၁၀၀ မှ ၂၀၀ ကြားရှိသော ကျောင်းအတွက် ကျပ်ရှစ်သိန်း၊ ၂၀၁ မှ ၃၀၀ ကြားအတွက် ကျပ် ၁၀ သိန်း၊ ၃၀၁ မှ ၄၀၀ ကြားအတွက် ကျပ် ၁၂ သိန်းနှင့် ၄၀၀ အထက်ရှိသော ကျောင်းအတွက် ထောက်ပံ့ကြေးငွေ ၁၄ သိန်းကို ကျောင်းစရိတ်ထောက်ပံ့ကြေး ပေးသွားမည်ဖြစ်သည်။

ကျောင်းသားများအား ထောက်ပံ့ကြေးပေးမည့် အစီအစဉ်မှာ ဆင်းရဲနွမ်းပါးပြီး ကျောင်းထွက်နှုန်းမြင့်မားသော ဒေသရှိ ကျောင်းသား၊ ကျောင်းသူများနှင့် မိခင်တစ်ဦးတည်း တာဝန်ယူပြုစုစောင့်ရှောက်ရသည့် ကျောင်းသား၊ ကျောင်းသူများ၊ မောင်နှမများပြားသည့် မိသားစုများမှ ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်၍ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

၂၀၁၄–၁၅ ပညာသင်နှစ်တွင် ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့မှ မြို့နယ်ရှစ်ခုကို ရွေးချယ်ထားပြီး အဆိုပါ မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူသုံးသောင်းခုနစ်ထောင်ကျော်ကို ရွေးချယ်၍ ထောက်ပံ့ကြေးများ ပေးသွားမည်ဖြစ်ကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီး ဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်အောင်က ပြောသည်။

ထို့နောက် ဒုတိယနှစ်တွင် ၁၂ မြို့နယ်နှင့် တတိယနှစ်တွင် မြို့နယ် ၂၀ ကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စတုတ္ထနှစ်တွင် အဆိုပါမြို့နယ် ၂၀ မှ ကျောင်းသား၊ ကျောင်းသူ တစ်သိန်းကျော်အားထောက်ပံ့ကြေးများပေးသွားမည်ဖြစ်ကြောင်းပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၄–၁၅ ပညာသင်နှစ်တွင် စတင်မည့် ဝေးလံခေါင်ပါးသည့်နေရာမှ မြို့နယ်ရှစ်မြို့နယ်တွင် စတုတ္ထတန်းမှ ဒသမတန်းအထိ ကျောင်းသား သုံးသောင်းခုနစ်ထောင်ကျော်အား စတုတ္ထတန်းအတွက်တစ်လလျှင်ကျပ်ငါးထောင်၊ အလယ်တန်းအဆင့်အတွက် ကျပ်ရှစ်ထောင်နှင့် အထက်တန်းအဆင့်အတွက်ကျပ်တစ်သောင်းနှုန်းဖြင့် ဆယ်လထောက်ပံ့သွားမည်ဖြစ်သည်။

စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဆန်းစစ်ကြီးကြပ်ရန် ပြည်နယ်နှင့် တိုင်းအသီးသီးမှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများအား ဗဟိုအဆင့် သင်တန်းဆရာများအတွက် သင်တန်း (TOT သင်တန်း) ကို မေလ ၂၆ ရက်မှ ၃၁ ရက်အထိ နေပြည်တော် အထက (၆)တွင် ပို့ချခဲ့သည်။

"သူတို့ကနေတစ်ဆင့် မြို့နယ်အသီးသီးက အခြေခံပညာကျောင်းအုပ်ဆရာကြီးတွေအထိ School Grants ပေးတာနဲ့ ထောက်ပံ့ကြေး စတိုင်ပင်ပေးတာကို သိသွားအောင် ဆက်ဖြန့်ဝေသွားမယ်" ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

အဆိုပါကျောင်းသားများအား ထောက်ပံ့ကြေးပေးသော အစီအစဉ်ကြောင့် ဆင်းရဲနွမ်းပါးသော ကျောင်းသား၊ ကျောင်းသူ တစ်သိန်းခန့်မှာ ထောက်ပံ့ကြေးအကူအညီများ ရရှိသွားမည်ဖြစ်သည်။

"ကျောင်းသားတွေကို ထောက်ပံ့ကြေးပေးမယ်ဆိုတာ အခုမှပဲ ကြားရတယ်။ ကျောင်းမှာတော့ ပေးမယ်၊ ဘာမယ် ဘာမှမပြောဘူး။ ထောက်ပံ့ကြေးရရင်တော့ ကောင်းတာပေါ့။ ဒါပေမဲ့ အိမ်မှာ လူစုံအလုပ်လုပ်မှ ထမင်းစားဖို့ရတာ။ အဲဒီတော့ အငယ်လေးတွေပဲ ကျောင်းထားနိုင်ပြီး အကြီးကောင်ကတော့ သူ့အဖေနဲ့ လိုက်အလုပ်လုပ်ဖို့ ကျောင်းကနေ ဒီနှစ်ထုတ်ထားရတယ်" ဟု အင်းစိန်မြို့နယ်နေ ကျောင်းသားမိခင် ဒေါ်ကြည်က ပြောသည်။

ဝေးလံခေါင်ပါးပြီး ဆင်းရဲနွမ်းပါးသည့် နေရာဒေသများရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားများမှာ ကျောင်းလခများ မပေးသွင်းနိုင်ခြင်း၊ သင်ထောက်ကူပစ္စည်းများ မပြည့်စုံခြင်းစသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

"ဆင်းရဲတဲ့ကျောင်းသားတွေကို ပေးမယ်ဆိုရင်တော့ ဒီမှာရှိတဲ့ ကျောင်းသားတွေ အကုန်လုံးပေးမှပဲရမယ်။အောက်ခြေကကျောင်းတွေမှာက အကုန်လုံးက ဆင်းရဲနေကြတာ" ဟု ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်မှ အငြိမ်းစား အထက်တန်းပြ ဆရာမတစ်ဦးက ပြောသည်။

ကမ္ဘာ့ဘဏ်က ပေးသော အကူအညီကို အခြေခံပညာကျောင်းများအား ထောက်ပံ့ခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ကြေးပေးသည့် အစီအစဉ်များအပြင် ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအတွက် မြေယာစီမံကိန်းမျိုး အစီအစဉ်များပါ ပြုလုပ်ပေးသင့်ကြောင်း ဒဂုံတက္ကသိုလ် ဆရာများအသင်း ဥက္ကဋ္ဌ ဒေါက်တာအာကာမိုးသူကထောက်ပြသည်။

"သင်ပေးတဲ့ဆရာ၊ ဆရာမတွေအတွက်လည်း မြေယာစီမံကိန်းလိုမျိုး စီမံကိန်း ဖော်ဆောင်ပေးသင့်တယ်။ သူတို့မှာ အနှစ်သုံးဆယ်လောက် အရွယ်ကောင်းတဲ့အချိန်မှာ တိုင်းပြည်အတွက် ပေးဆပ်ခဲ့တယ်။ သူတို့ကို ဒီလိုမျိုး စီစဉ်ပေးမယ်ဆိုရင် ကျောင်းသားတွေကို လည်ပင်းညှစ်တဲ့ ကိစ္စမျိုးတွေ အလိုလိုနည်းသွားမယ်။ အိတ်ထဲထည့်မယ့်ဟာထက် ဆရာ၊ ဆရာမတွေကို ပြန်ကြည့်သင့်ပါတယ်" ဟု ဒေါက်တာအာကာမိုးသူက ပြောသည်။

ကုန်ဈေးနှုန်း၊ အိမ်ငှားစရိတ်၊ အထွေထွေကုန်ကျစရိတ်များတစ်နေ့တခြား မြင့်တက်လာသည့် အချိန်တွင် အိမ်ထောင်စုတစ်စု၌ အလုပ်မလုပ်နိုင်သော သက်ကြီးရွယ်အိုနှင့် ကလေးငယ်များမှ လွဲ၍ ကျန်သည့်မိသားစုများမှာ အလုပ်လုပ်ကိုင်နေရသောကြောင့် အခြေခံပညာကျောင်းများတွင် စိတ်အေးလက်အေး ပညာသင်ကြားနိုင်သည့် ကျောင်းသား၊ ကျောင်းသူများ ရှားပါးနေဦးမည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနကယခုနှစ် ၂၀၁၄–၁၅ ပညာသင်နှစ်မှစတင်၍ မူလတန်းနှင့် အလယ်တန်းအဆင့် အခမဲ့ပညာရေးစနစ်ကို စတင်ခဲ့သော်လည်း စားဝတ်နေရေး မပြေလည်မှုများ၊ မိသားစုဝင်များပြားခြင်းနှင့် ကုန်ဈေးနှုန်းမြင့်တက်လာမှုများကြောင့် စာသင်ကျောင်းကို စွန့်ခွာ၍ လုပ်ငန်းခွင်ထဲသို့ ဝင်ရောက်နေရသည့် ကျောင်းသားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားနေပါသည်။

စာမျက်နှာ ၄၄ မှ

# ကမ္ဘာ့ဖလားမှာ ကွင်းထဲမှ ထုတ်ပယ်ခံရနိုင်ခြေအများဆုံး ဘောလုံးသမား ၁၀ ဦး

ဇာလန်တို့နဲ့တွေ့ရမယ့်ပွန်ဒူးရပ်စ်အတွက် ပလာစီယိုဟာ သူကစားပုံ ခပ်ကြမ်းကြမ်းဟန်ကြောင့် ဒိုင်တွေရဲ့ သည်းခံစိတ်ကို ရလိမ့်မယ်မထင်ပါဘူး။

**ရာမီးရက်စ် (ဘရာဇီး)**

ကစားပုံစကေးကောင်းသလို ကွင်းလယ်မှာ ချိတ်လှဲဖျက်ထုတ်ပြီး ကစားတတ်တဲ့ ဒီဘရာဇီးကွင်းလယ်လူကလည်း ကွင်းထဲက အနီကတ်ထိနိုင်ခြေအများဆုံးစာရင်းမှာ ပါဝင်နေပါတယ်။ ဘရာဇီး လက်ရွေးစင်အသင်းအတွက်၄၁ ပွဲ ကစားရာမှာ အနီကတ်တစ်ကြိမ်နဲ့ အဝါကတ်ကိုးကြိမ် ရထားတဲ့ သူ့မှတ်တမ်းက မလွယ်ဘူးဆိုတာ ပြနေတယ်။ ပေါ် လင်ဟို၊ ဖာနန်ဒင်ဟိုတို့နဲ့ တွဲကစားနေရပေမယ့် သူ့ကွင်းလယ်အဖျက်ပိုင်းနေရာကို ရောက်ခဲ့ရင် ရာမီးရက်စ်ရဲ့ ကစားဟန်က အဝါကတ်၊ အနီကတ်တွေကို ဖိတ်ခေါ်နေတတ်တာပါ။ သူလည်း ဒိုင်တွေ စောင့်ကြည့်ရမယ့် ကစားသမားဖြစ်တာ အမှန်ပါပဲ။


**မိုက်ကယ်အူမန်နာ (ကော်စတာရီကာ)**

ကော်စတာရီကာဗဟိုနောက်ခံလူ အူမန်နာဟာ သူ့နိုင်ငံအသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ ချစ်ကြည်ရေးပွဲ လေးပွဲမှာ အဝါကတ်လေးကြိမ် ထိထားခဲ့တယ်။ အဝါကတ်နှစ်ခုက ဇန်နဝါရီတုန်း က ချီလီကို ၄–၀ ဂိုးပြတ်နဲ့ ရှုံးတဲ့ ပွဲမှာ ထိခဲ့တာပါ။ အခုသူတို့အသင်းဟာ အုပ်စု D မှာ အင်္ဂလန်၊ ဥရုဂွေး၊ အီတလီစတဲ့ တိုက်စစ်မှူး ကောင်းတွေပါတဲ့ အသင်းတွေနဲ့ တွေ့နေပါပြီ။ အင်္ဂလန်မှာ ရွန်းနေ၊ ဥရုဂွေးမှာ ကာဗာနီ၊ ဖော်လန်၊ ဆွာရက်ဇ်တို့က သူ့ခံစစ်ကို စမ်းသပ်ပါလိမ့်မယ်။ ဘယ်ပွဲမှာ သူဝါမလဲ၊ နီမလဲ စောင့်ကြည့်ရပါမယ်။

**အော်ရက်စတစ် ကာနီဇစ် (ဂရိ)**

လန်ဂါရတ်ပြီးရင် ဒီစာရင်းမှာ ပါဝင်နေတဲ့ ဒုတိယမြောက် ဂိုးသမားပါပဲ။ ကိုလံဘီယာ၊ ဂျပန်၊ အိုင်ဗရီကို့စ်တို့နဲ့ တွေ့ရမယ့် သူတို့အသင်းဟာ မာတီနက်ဇ် (ကိုလံဘီယာ)၊ ဒရော့ဂ်ဘာ (အိုင်ဗရီကို့စ်)၊ ဟွန်ဒါ (ဂျပန်) တို့ရဲ့ ဂိုးကန်သွင်းချက်တွေကို ရင်ဆိုင်ရမှာပါ။

ကာနီဇစ်ဟာ စပိန်လာလီဂါက ဂရင်းနာဒါကို မပြောင်းခင်မှာ ဂရိက ပင်နာသီနိုင်းကော့စ်မှာ အဂါကတ်သုံးကတ်နဲ့ အနီကတ်တစ်ကတ်ထိခဲ့တယ်။ ယူရို ၂၀၁၂ မှာ ဂရိက ဒေါ့မွန်နောက်ခံလူ ဆိုကရာတစ်ဟာ သူတို့အသင်းအုပ်စုက ထွက်ခဲ့ရခြင်းအတွက် တရားခံဖြစ်ခဲ့တယ်။ ဒီတစ်ခါတော့ ဂိုးသမား ကာနီဇစ်က အသင်းအုပ်စုထွက်ရတဲ့ တရားခံဖြစ်လာနိုင်တယ်လို့ ဆိုနေကြတယ်။



**ဖိလစ်ပီ ဆန်းဒရို့စ် (ဆွစ်ဇာလန်)**

ဆွစ်အသင်းရဲ့ အမာခံနောက်ခံလူ ဆန်းဒရို့စ်ဟာ ဗလင်စီယာမှာ ဒီရာသီ ၁၁ ပွဲကစားရာမှာ အဝါကတ် လေးကြိမ်ပြခံထားခဲ့ရတယ်။ သူက ဘာကာနဲ့ ပွဲမှာ နေမာကို နောက်ကနေ အမြန်လိုက်ပြီး ချိတ်လှဲဖျက်ထုတ်ခဲ့တာဟာ ကြမ်းလှတာမို့ ဒီကမ္ဘာ့ဖလားမှာလည်း သူ့ကို အနီကတ်နဲ့ တွေ့နိုင်ခြေများနေတာဖြစ်တယ်။

**ကလင့်ဒမ့်ဆေး (အမေရိကန်)**

အမေရိကန်အသင်းဟာ အုပ်စု G မှာ ဂျာမနီ၊ ပေါ်တူဂီ၊ ဂါနာတို့နဲ့ တွေ့ရမှာဖြစ်တယ်။ နောက်ဆုံးကစားရမယ့် ကမ္ဘာ့ဖလားဖြစ်လာမယ့် ဒီပွဲမှာ ဒမ့်ဆေး (၃၁) နှစ်ဟာ ဘာလော့တယ်လီလိုပဲ ဒေါသထွက်မြန် အငြင်းသန်တဲ့ ဆူဆူပူပူဟန်ကြောင့် အနီကတ် ထိနိုင်တယ်လို့ ခန့်မှန်းရတာပါ။

**ဒီဂျောင် (နယ်သာလန်)**

၂၀၁၀ ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲမှာ အလွန်ဆိုနဲ့ ရင်ဘတ်ချင်းတိုက်ပြီး အငြင်းပွားခဲ့တဲ့ ဒီဂျောင်ဟာ အုပ်စု B မှာ စပိန်၊ ချီလီ၊ ဩစတြေးလျတို့နဲ့တွေ့ပြီး အုပ်စုက တက်ရင်လည်း သူတို့နယ်သာလန်နဲ့ လာတွေ့နိုင်ခြေရှိတဲ့အသင်းတွေက အင်္ဂလန်၊ အီတလီ၊ ကိုလံဘီယာ၊ ဥရုဂွေးတို့ဖြစ်ပါတယ်။ သူ့အနေနဲ့ အုပ်စုမှာ မထိရင် နောက်အဆင့်တွေမှာ အဝါနဲ့ အနီတွေ ပြခံရနိုင်တာ သေချာပါတယ်။

*—Ref: The 10 Players Most Likely to Be Sent off at World Cup 2014 by tom Sunderland*

စာမျက်နှာ (၇)မှ

## ကျွန်မ . . . ကားစပယ်ယာ

က စိတ်တိုင်းမကျ၍ဟောက်ခြင်း၊ ယှဉ်ပြိုင်မောင်းလာသည့် နောက်ကား၊ ရှေ့ကားနံပါတ်များကိုမမှတ်မိခြင်း၊ မှတ်တိုင် နာမည်များ အော်ဟစ်သတိပေးဖို့ နှုတ်မရဲခြင်းတို့ ကြုံတွေ့ရသည်။

“ခရီးသည်ဦးလေးကြီးတစ်ယောက်ဆို သူ့ကိုငွေချက်ချင်း မအမ်းလို့ဆိုပြီး ညီမကို ဟောက်လိုက်တာ လန့်ဖျပ်သွားတယ်။ နားထင်နားရင်း ပူထူသွားတယ်။ ဒါပေမဲ့ အေးအေးဆေးဆေး ပြန်ပြောပြပါတယ်။ မအမ်းသေးဘူးဆိုတာ ဦးလေးက အခုမဆင်းသေးလို့ မပေးသေးတာပါ၊ စိတ်မဆိုးပါနဲ့လို့ပဲ ပြောရဲတယ်။ ကျန်တာတော့ မပြောရဲဘူး။ ကြောက်တယ်” ဟု ယင်းအဖြစ်အပျက်ကို ပြောနေစဉ် ပြန်လည်သတိရသည့်အတွက် မနီနီစိုးမျက်ရည်များ ရစ်ဝဲလာသည်။

မိသားစုခုနစ်ယောက်အနက် အငယ်ဆုံးသမီး မနီနီစိုးက ဆယ်တန်းအထိ ပညာသင်ပြီးနောက်ဇာထိုးပန်းထိုးအလုပ်ဖြင့် ဘဝရပ်တည်ရာကနေ ရပ်ကွက်ထဲက လိုင်းကားယာဉ်မောင်းမိတ်ဆွေ၏ ကူညီမှုဖြင့် ၄၈ ယာဉ်နောက်လိုက်ဖြစ်လာခဲ့သူ ဖြစ်သည်။

“သူများနိုင်ငံမှာ အမျိုးသမီး ယာဉ်နောက်လိုက်တွေရှိတယ်။ မြန်မာပြည်က ဒီလိုလုပ်မယ်ဆိုတော့ စိတ်ဝင်စားတယ်။ အလုပ်သွားလျှောက်တော့ ဂိတ်က ယောကျ်ားတွေတောင် အံ့သြတယ်။ ကျွန်မတို့ကလည်း ဖြစ်အောင်လုပ်မယ်ဆိုပြီး ယာဉ်ပိုင်ရှင်ကိုပြောတယ်။ ဒီနေ့လျှောက် မနက်ဖြန်ကားပေါ် စတက်တာပဲ” ဟု မနီနီစိုးက ဆိုသည်။

ယောကျ်ားသားများသာလုပ်နိုင်သော အလုပ်ဟု အလိုအလျောက်နားလည်ထားကြသော ကာယခွန်အားဦးစားပေး ယာဉ်နောက်လိုက် (စပယ်ယာ)အလုပ်မှာ ရုတ်တရက်ဆိုလျှင် အမျိုးသမီးများနှင့် မအပ်စပ်သယောင်ပင်။ သို့သော် မနီနီစိုး အပါအဝင် အမျိုးသမီး ၂၀ ဦးမှာ ၄၈ အဲကွန်းအထူးယာဉ်တွင် ယာဉ်နောက်လိုက်အဖြစ် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ မနီနီစိုးတို့ကို တွေ့ဆုံအားကျ၍ အလုပ်လာလျှောက်သူ အမျိုးသမီးများ၏ လျှောက်လွှာများကို နေ့စဉ်လက်ခံနေရကြောင်း ၎င်းတို့၏ ယာဉ်ပိုင်ရှင်ကိုတရုတ်လေးက ပြောသည်။

“ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးမှာဝန်ဆောင်မှုကောင်းကောင်းပေးနိုင်တဲ့ ယာဉ်လိုင်းမရှိတော့ အဲကွန်းဖွင့်တဲ့ ယာဉ်လိုင်းလုပ်ဖို့ စိတ်ကူးတယ်။ အဲဒီမှာ ခရီးသွားမိဘပြည်သူကိုချိုချိုသာသာ ပြောဆိုဆက်ဆံဖို့ ယာဉ်လုပ်သားလိုလာတယ်။ ဒါမျိုးက အမျိုးသမီးတွေနဲ့ပဲ သင့်တော်တယ်။ သူတို့အတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းပေါ်လာမယ်။ ဒါကြောင့် စပြီးခန့်ဖြစ်တာပါ” ဟု ကိုတရုတ်လေးက ပြောသည်။

အမျိုးသမီး ယာဉ်နောက်လိုက်များကြောင့် ဝန်ဆောင်မှုပိုင်းတွင် သိသိသာသာ ချီးကျူးခံရပြီး ခရီးသည်များ စိတ်ကျေနပ်မှုရှိကြောင်း တုံ့ပြန်မှုများ ပြန်ကြားရသည့်အတွက် ၎င်းတို့ကိုအလုပ်ခန့်ရတာ ထိုက်တန်သည်ဟု ကိုတရုတ်လေးက ဆိုသည်။

မြန်မာနိုင်ငံ၏ လက်ရှိအနေအထားမှာ ဘွဲ့ရပညာတတ်များပင် အလုပ်တစ်နေရာရဖို့ ရုန်းကန်ကြိုးစားရသည်။ အထူးသဖြင့် ပညာရေးအခြေခံအားနည်းသော အမျိုးသမီးများဆိုလျှင် တစ်နေ့လုပ်ခလစာ နှစ်ထောင်ခန့်ရဖို့ ရုန်းကန်နေရသည်။ ထို့ကြောင့် စားပြီးသောက်ပြီး စရိတ်ငြိမ်း တစ်နေ့အနည်းဆုံး ဝင်ငွေငါးထောင်ခန့် ရရှိသည့် ယာဉ်နောက်လိုက်အလုပ်မှာ အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းတစ်ခုအဖြစ် ပေါ်ထွက်လာသည်။

နဂိုပန်းထိုးသည့် အလုပ်ထက် ဝင်ငွေနှစ်ဆ ပိုရသောကြောင့် ယာဉ်နောက်လိုက်လုပ်ဖြစ်ခဲ့ကြောင်း မနီနီစိုးက ပွင့်ပွင့်လင်းလင်း ပြောသည်။

“တော်ရုံတန်ရုံ ကျန်းမာရေးကောင်းတယ်၊ ခံနိုင်ရည် ရှိတယ်ဆိုရင် ဒီအလုပ်က အထည်ချုပ်ထက်စာရင် စရိတ်ငြိမ်းဖြစ်တော့ လုပ်စေချင်တယ်။ တစ်လဝင်ငွေ တစ်သိန်းခွဲတော့ကျော်တယ်။ အရင်ပန်းထိုးတဲ့ အလုပ်ထက်လည်း နှစ်ဆလောက်ဝင်ငွေပိုရတယ်”ဟု မနီနီစိုးက တွက်ချက် ရှင်းပြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် လူမှုဓလေ့အရ အမျိုးသမီးများ ယာဉ်နောက်လိုက်လုပ်ခြင်းအပေါ် မျက်လုံးစိမ်းဖြင့် ကြည့်ကောင်း ကြည့်သူများ ရှိနိုင်သော်လည်း ရေရှည်တွင် ခရီးသွားပြည်သူများ၏ အဆင်ပြေလုံခြုံမှု၊ သက်သောင့်သက်သာဖြစ်မှုတို့ကြောင့် အမျိုးသမီး ယာဉ်နောက်လိုက်များကို ဈေးကွက်အရ တောင်းဆိုမှုများပင် ရှိလာနိုင်ကြောင်း အမျိုးသမီးအရေးလှုပ်ရှားသူ မခင်လေးက ပြောသည်။

“အမျိုးသမီးတွေကို အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်တဲ့အတွက် အစ်မတို့ကတော့ ကြိုဆိုတယ်။ အမျိုးသမီးတွေဟာ ပင်ကိုစိတ်က အေးချမ်းပြီး ပြဿနာမဖြစ်ချင်တဲ့သူတွေ ဖြစ်တဲ့အတွက် ယာဉ်တိုက်မှုတို့ ကားပြိုင်မောင်းတာတို့လို ပြဿနာတွေလည်း မရှိနိုင်ဘူး။ ခရီးသည်တွေကိုလည်း ကာယိန္ဒြေပျက်အောင် ကားပေါ်အတင်းဆွဲတင် ဆွဲချတာမျိုး အမျိုးသားတွေလို မလုပ်ကြတဲ့အတွက် ဈေးကွက်ကတောင် သူတို့ကို တောင်းဆိုလာလိမ့်မယ်” ဟု ၎င်းက ပြောသည်။

မနက် ၄ နာရီထိုးသည်နှင့် အိမ်နှင့် သုံးမှတ်တိုင်ရှိ ယာဉ်လိုင်းပိုင်ရှင်အိမ်ထံ ဘဝတူယာဉ်နောက်လိုက် အမျိုးသမီးတစ်စုနှင့်အတူ မနီနီစိုးတို့သွားကြသည်။ ၄၈ ဂိတ်ရောက်လျှင် မိမိတို့ကားက ရထားသည့် ဘုံပိုက်ဆံဖြင့် နံနက်စာ ဝဝလင်လင်စားသောက်ကြသည်။ ထို့နောက် ဗိုလ်တထောင် ဂိတ်ရောက်သည်နှင့် တန်းစီ၊ ရှေ့ကားမရှိလျှင် ချက်ချင်းပြန်ထွက်၊ နေ့လယ်ထမင်းစားချိန်တွင် ရှေ့ကားမထွက်ခင် ထမင်းအသည်းအသန်စား။ တစ်နေ့ မြို့ထဲအတက်လေးကြောင်း ပြည့်အောင်ဆွဲ။ ည ၁၀ နာရီတွင်တော့ ယာဉ်မောင်းနှင့်သူ အပါအဝင် ယာဉ်နောက်လိုက်နှစ်ဦးတို့က ဝင်ငွေခွဲဝေပြီးသည်နှင့် အလုပ်စခန်းသိမ်းကြောင်း မနီနီစိုးက တစ်နေ့တာ လှုပ်ရှားမှုကို ပြောပြသည်။

၁၉၆၀ ပြည့်နှစ်မတိုင်မီ ဝန်ကြီးချုပ်ဦးနုလက်ထက်က တိရစ္ဆာန်အရုပ်အမည်များဖြင့် မြို့တွင်းပြေးဆွဲသည့် ဘတ်စ်ကားများတွင် အမျိုးသမီးလက်မှတ်ရောင်းများကို ခန့်ထားခဲ့ဖူးသည်။ သို့သော် ယင်းဘတ်စ်ကားကြီးများမှာ အမျိုးသား၊ အမျိုးသမီးများကို သံဆန်ခါဖြင့် ကာရံခွဲခြားထားပြီး လက်မှတ်ရောင်းမှာ ကျား၊ မ သီးသန့်ဖြစ်သည်။ ယခု ၄၈ ယာဉ်လိုင်းတွင်တော့ ကျား၊ မ ခွဲခြားမှု မရှိဘဲ တစ်တန်းတည်းဝန်ဆောင်မှုပေးရခြင်းဖြစ်သည့်အတွက် ပထမဆုံး အမျိုးသမီး ယာဉ်နောက်လိုက်ဟုပင် ဆိုရမည်။

ခရီးသည် ယောကျ်ားလေးအများစုကလည်း မနီနီစိုးတို့ကို ညီအစ်ကိုမောင်နှမသဖွယ် ပျော်စေပြက်စေစနောက်မှုသာရှိပြီးကာယိန္ဒြေပျက်ယွင်းလောက်အောင်နှောင့်ယှက်မှုများ မပြုကြပေ။

“ယောကျ်ားလေး အုပ်စုလိုက်တက်လာရင် ကျွန်မတို့ကို ကြည့်ပြီး စကြတယ်။ အစ်မရေ ကျွန်တော့်အစ်မတွေလည်း စပယ်ယာလုပ်ချင်တယ်ပြောပေးပါတို့။ အစ်မတို့ကို လေးစားတယ်တို့။ ငါတို့နိုင်ငံလည်း နိုင်ငံတကာ အဆင့်မီဖြစ်သွားပြီတို့ အဲဒီလို မကြားတကြားရော သိသိသာသာရော စကြတယ်။ အရမ်းဆိုးဆိုးဝါးဝါးတော့ မရှိကြဘူး”

ဘယ်သူမှားမှားကိုယ့်အမှား။ ခရီးသည်နှင့် အဆင်ပြေအောင် သည်းခံရမည်ဟု သူဌေးမှာကြားချက်အတိုင်း လိုက်နာသည်။ ကားဆွဲကောင်းရင် ကောင်းသလို ကျပ်ငါးထောင်မှ ရှစ်ထောင်၊ ကိုးထောင်အထိရသော အလုပ်ကို သူမစွန့်လွှတ်နိုင်။ သို့သော် နံနက် ၄ နာရီကနေ ည ၁၀ နာရီအထိ နေ့စဉ်လှုပ်ရှားရသော ဒီအလုပ်ကို ဘယ်အထိ ဆက်လုပ်နိုင်မလဲဆိုတာတော့ သူသေချာ မပြောနိုင်သေး။

“အိမ်ကလည်း ဘယ်လောက်ထိ လုပ်နိုင်မလဲကြည့်မယ်တဲ့။ ကျွန်မကတော့ ပညာယူချင်သေးတယ်။ ကားလည်း ကိုယ်တိုင်မောင်းချင်တယ်။ အမျိုးသမီး မော်တော်ပီကယ်တွေ၊ ရဲမေတွေဆို အားကျတယ်။ အခုကားလိုက်တော့ သူငယ်ချင်းတွေနဲ့ ပြန်တွေ့တယ်။ သူတို့က ကျွန်မကိုလေးစားတယ်။ ဂုဏ်ယူတယ်။ လုပ်ရဲတယ်နော်”တဲ့။

ယာဉ်နောက်လိုက် အလုပ်ကြောင့် မနီနီစိုးတွင် အလုပ်အကိုင်အဆက်အသွယ်များ ပိုမိုရရှိလာသည်။ ဘုရားဖူးယာဉ်လိုင်းများ၊ အဝေးပြေးယာဉ်လိုင်းများက ၎င်းတို့ထံတွင် ယာဉ်အကူမယ်လာလုပ်ဖို့ ကမ်းလှမ်းကြသည်။ မနီနီစိုးကတော့ ယာဉ်နောက်လိုက်ဘဝတွင် အတွေ့အကြုံများစွာ ယူလိုသေးသည်။

အနာဂတ်အတွက် သူ့မျှော်မှန်းချက်ကလည်း သိပ်များများစားစားတော့ မဟုတ်ပါ။ ကားလုပ်ငန်းနှင့် နီးစပ်သည့် ဘဝတိုးတက်ရေးကို သူကရှာဖွေပြီးသားဖြစ်သည်။

“လမ်းကြောင်းတွေကို ကျွမ်းကျင်တဲ့ အမျိုးသမီး တက္ကစီယာဉ်မောင်းလုပ်ချင်တယ်။ ယာဉ်ပိုင်ရှင်ကလည်း ကားမောင်းသင်ပေးမယ်ပြောတယ်။ အခုလည်း ကားကြီးကို စက်တွေနှိုးတတ်ပြီ။ ကားအကြောင်းလည်း နည်းနည်းပါးပါး သိနေပြီ”

အချပ်ပို(A9) မှ

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း

ဒါကအခုတင်မဟုတ်ဘူး။ နောက်အစိုးရတက်လည်းရှိနေမှာပဲ။ ဒီမိုကရေစီက ဒီလိုပဲသွားရမှာ။ ထိုင်းမှာဖြစ်တဲ့ပြဿနာမျိုးဖြစ်ရင်တော့ ရင်းနှီးမြှုပ်နှံမှုက ထိမှာပဲ။ နိုင်ငံရေးတည်ငြိမ်မှုမရှိလို့ဆူဆူပူပူတွေဖြစ်ရင်တော့ ရင်းနှီးမြှုပ်နှံမှုကလာမှာမဟုတ်ဘူး။

**မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံမှုတွေဝင်ဖို့ တွန့်ဆုတ်နေတယ်လို့ သိထားတာတွေရှိပါတယ်။ ဥပမာဂျပန်၊ အီးယူနိုင်ငံက ရင်းနှီးမြှုပ်နှံမှုမျိုးတွေပေါ့။ သူတို့က ၂၀၁၅ကို စောင့်ကြည့်နေတယ်လို့သိရတယ်။ ဒါကြောင့်အခုချိန်မှာ ဘယ်လို ရင်းနှီးမြှုပ်နှံမှုတွေ ဝင်နေပါသလဲ။**

လက်ရှိရင်းနှီးမြှုပ်နှံမှုဝင်တဲ့ ကုမ္ပဏီကြီးတွေလည်းရှိတယ်။ ၂၀၁၅ကို စောင့်နေတယ်လို့ပြောနေကျတာတွေလည်းရှိတယ်။ ဒါပေမဲ့ အီးယူဘက်ကကြည့်ရင် ယူနီလေဗားတို့၊ နက်စလေတို့ဝင်လာတယ်။ အမေရိကန်ကလည်း နာမည်ကျော် ဂျီအီးတို့၊ ကိုကာကိုလာတို့လည်းဝင်လာတယ်။ ၂၀၁၅ကို စောင့်နေတယ်ဆိုရင်တော့ဝင်လာစရာအကြောင်းမရှိဘူး။ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့လူတွေက တစ်ခါတည်းတန်းလုပ်တာမျိုးမဟုတ်ဘူး။ ပထမ မြန်မာနိုင်ငံကိုလာကြည့်မယ်။ အချက်အလက်တွေ စုဆောင်းမယ်။ သုတေသနလုပ်မယ်။ နေရာရွေးချယ်မယ်။ ဖြစ်နိုင်ခြေတွေကို ခန့်မှန်းတွက်ချက်မယ်။ ဒါတွေပြီးမှ ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာတင်ပြီးဘာလုပ်မယ်ဆိုတာကို စီစဉ်ကြတာပါ။ ၂၀၁၃–၁၄မှာ လေးဘီလီယံတောင်ဝင်လာခဲ့တာလည်း ၂၀၁၁–၁၂ကတည်းက ဒီအဖွဲ့တွေက လာလိုက်ပြန်လိုက်နဲ့ ၂နှစ်လောက်အချိန်ယူခဲ့တယ်။ ဥပမာ NISSANဆိုရင် ၂နှစ်လောက်အချိန်ယူခဲ့တယ်။ အစိုးရသစ်တက်ကတည်းက လုပ်မယ်ဆိုပြီး စီစဉ်ခဲ့တာ။ မနှစ်ကမှ တကယ်ဝင်လာနိုင်ခဲ့တယ်။

**၂၀၁၄-၁၅မှာ ရင်းနှီးမြှုပ်နှံမှုက ဘယ်လောက်ဝင်လာမယ် ခန့်မှန်းထားလဲ။**

၂၀၁၄–၁၅မှာ မှန်းထားတာကတော့ အနည်းဆုံးအမေရိကန်ဒေါ်လာ ၄ဘီလီယံ၊ အများဆုံး၅ဘီလီယံဝင်လာမယ်လို့ တွက်ထားတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တယ်လီဖုန်းစီမံကိန်းတွေက အများကြီးရှိတယ်။ တယ်လီနောတို့ အူရီးဒူးတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုက ပထမအဆင့်ပဲ ပေးထားသေးတယ်။ ရင်းနှီးမြှုပ်နှံမှုကို ထပ်ချဲ့ရင် ထပ်ဝင်လာဖို့ရှိတယ်။ နောက်တစ်ခုကဟိုတယ်စီမံကိန်းတွေပဲအများကြီးဝင်ဖို့ရှိတယ်။

**လယ်ယာသားငါးကဏ္ဍမှာ ဘာကြောင့်ရင်းနှီးမြှုပ်နှံမှုတွေဝင်တာနည်းနေရတာလဲ။ တချို့က ဥပဒေတွေက အတားအဆီးဖြစ်နေတယ်လို့ကြားတယ်။**

လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုအားနည်းနေတာမဟုတ်ဘူး။ တကယ်တမ်းတော့လည်း လယ်ယာကဏ္ဍမှာ အခုချိန်ထိမြေယာနဲ့ ပတ်သက်တဲ့ မူဝါဒတွေက သိပ်အားမကောင်းသေးဘူး။ ပြုပြင်စရာတွေအများကြီးကျန်သေးတယ်။ တချို့နေရာတွေမှာ ဘာသွားဖြစ်လဲဆိုတော့ ဥပဒေကသွားပြီးအဟန့်အတားဖြစ်နေတယ်။ ဥပမာပြောရရင် MIC ကမြေလွတ်မြေရိုင်းနဲ့ ပတ်သက်ပြီးတော့ MIC မှာ အဆိုပြုလွှာတင်ချင်တယ်ဆိုရင်မြေစာရင်းကိုသွားပြီး ခွင့်ပြုချက် ယူရတယ်။ မြေစာရင်းမှာ စီမံကိန်း ရေးပြီးတော့မှ အဆိုပြုလွှာလာတင်ရတယ်။ဒါက MICရဲ့ ရင်းနှီး မြှုပ်နှံမှုဥပဒေက ဒါမျိုးပြုထားတယ်။ မြေလွတ်မြေရိုင်း ဥပဒေမှာ ဆိုရင်ပြောင်းပြန်ဖြစ်နေတယ်။ အဲဒါက ဘာလဲဆိုတော့ မြေလွတ်မြေရိုင်းကိုလိုချင်ရင် MIC ကိုအရင် တင်ရမယ်။ MICကခွင့်ပြုမှ မြေပေးမယ်။ ဒီဘက်ကလည်း မြေရတော့မှ ရင်းနှီးမြှုပ်နှံမှုပေးလို့ရတယ်။ ဟိုဘက်ဥပဒေကြတော့လည်း MICကခွင့်ပြုပေးလို့ရတယ်။ စိုက်ပျိုးရေးလုပ်ချင်တဲ့လူက ရှင်းရှင်းလင်းလင်းသိချင်တယ်။ ထိုင်းမှာဆိုရင်ရင်းနှီးမြှုပ်နှံမှုအဖွဲ့ကိုမြေပုံဖြန့်ပြီးတော့ လုပ်ချင်တဲ့နေရာကို ရွေးလို့ရတယ်။ ရင်းနှီးမြှုပ်နှံသူက စိုက်ပျိုးရေးပဲလုပ်ချင်လုပ်၊ စက်မှုလုပ်ငန်းပဲ လုပ်ချင်လုပ် ရွေးရတာလွယ်တယ်။ ဒီမှာက အဲဒီလိုလုပ်နိုင်တဲ့ အဆင့်မရောက်သေးဘူး။ မြေနဲ့ပတ်သက်ရင် အားနည်းချက်တွေအများကြီးရှိတယ်။ လုပ်ငန်းရှင်ကိုခေါ်ပြီးတော့ ဒီနေရာမှာပေးနိုင်တဲ့အနေအထားမရှိသေးဘူး။ လုပ်ငန်းရှင်က မြေလိုက်ရှာနေရတယ်။ မြေရှာလို့ရပြီဆိုတော့မှ လုပ်ငန်းစဉ်ကိုစရတယ်။ ဒီဟာကြီးက အတားအဆီးတစ်ခုလိုဖြစ်နေတယ်။

7 DAY NEWS JOURNAL
Vol.13, No.13 ▪ JUNE 4 , 2014

စာမျက်နှာ(၂၄) မှ

# မင်းဒင်ရဲ့ သက်ခိုင် (၂)

"တကယ်တော့ ဇောကပ်ပြီးတော့ ကျွန်တော်ကားကို ဇွတ်မောင်းထွက်လာတာဗျ။ ကိုသန်းမောင်တို့ အလုပ်သမားတန်းလျားတည်နေရာကို ကျွန်တော်အတိအကျ မသိပါဘူး။ ဖူးခက်ဆိုတာကလည်း ရွာကနေ မြို့ဖြစ်အောင်လက်ပူတိုက်ထားတာမို့ လမ်းမ၊ လမ်းသွယ်၊ ကမ်းခြေချောင်ကြိုချောင်ကြားတွေနဲ့ တည်ဆောက်ပုံ အင်မတန်ရှုပ်ထွေးတဲ့ မြို့ပါ။ အထူးသဖြင့် ကျွန်တော်တို့ဗမာရွှေ့ပြောင်းအလုပ်သမားအများစုဟာ သူတို့နေတဲ့ နေရာအတိအကျကို မပြောတတ်ကြပါဘူး။ အချိန်က ညကြီးမိုးချုပ်ဖြစ်၊ ကိုသန်းမောင်ရော ကျွန်တော်ပါ စိတ်လှုပ်ရှားနေကြတာမို့ ကျွန်တော်ဟာလိုရင်းနေရာကို တော်တော်နဲ့မရောက်နိုင်ဘူးဆိုပါတော့။ နောက်ဆုံးတော့ကျွန်တော်လည်း အတတ်နိုင်ဆုံး ခေါင်းအေးအေးထားပြီး ကိုသန်းမောင်၊ ခင်ဗျားညွှန်နေတဲ့ လမ်းကြိုလမ်းကြားတွေအတိုင်းဆို အဆင်မပြေလောက်ဘူးထင်မိတယ်။ ဒီတော့ ခင်ဗျားရော ကျွန်တော်ပါ နှစ်ယောက်စလုံးသိနေတဲ့ကြားနေရာတစ်ခုမှာ ဆုံလိုက်ကြရအောင်ဆိုတော့မှ ကလွန်းကမ်းခြေတောင်ကုန်းလေးတစ်ခုပေါ်ကို ဆုံရပ်အဖြစ် သတ်မှတ်လိုက်ကြပါတယ်"

"ဖြစ်ချင်တော့ဗျာ။ ခါတိုင်းလိုနေသာတဲ့ ပုံမှန်အချိန်တွေမှာ သက်သောင့်သက်သာတက်လို့ရတဲ့ အဲဒီတောင်ကုန်းလေးဟာ သဲကြီးမဲကြီး မိုးရွာချပြီး အောက်ခံရွှံ့တွေပေါ်လာတာကြောင့် အင်ဂျင်ပါဝါနိမ့်တဲ့ ကျွန်တော့်အေဗင်ဆာဆလွန်းကားလေးဟာ တောင်ကုန်းအတက်မှာ လျှောလျှောကျနေပြန်ပါရောလားဗျာ။ ဇောကပ်နေတဲ့ ကျွန်တော်ဟာ လျှောကျလိုက်ပြန်တက်လိုက် လေးငါးကြိမ်ကြိုးစားတော့မှ ကိုသန်းမောင်တို့စောင့်နေတဲ့ တောင်ထိပ်က အကြော်တဲလို တဲလေးတစ်ခုဆီရောက်ပါတော့တယ်။ ကျွန်တော့်ကို ပူပန်သောကစိတ်တွေနဲ့ စောင့်နေတဲ့သူတွေကတော့ ကိုသန်းမောင်နဲ့ သူ့ဇနီးပါပဲ။ ခေါင်းမှာပတ်တီးတွေနဲ့ ဝါဝါကတော့ သူ့အဖေလက်ပေါ်မှာ စောင်ကြားလေး တစ်ထည်ပတ်လို့ မျက်စိမှိတ်နေလေရဲ့။ သူတို့မိသားစုသုံးယောက် ကျွန်တော့်ကားပေါ်ကိုရောက်လာချိန်မှာတော့ ညနှစ်နာရီကျော်လောက် ရှိနေပါပြီ။ ကျွန်တော်ဟာကားကို ပါတောင်ကမ်းခြေဆီကို ဦးတည်လိုက်ပါတယ်။ ဟုတ်ပါတယ်။ ဝါဝါ့အတွက် နောက်ဆုံးမျှော်လင့်ချက်ရောင်ခြည်ဟာ ပါတောင်ဆေးရုံကြီးပါပဲ။ ပါတောင်ဆေးရုံကြီးမှာ ကျွန်တော့်ညီလိုဖြစ်နေတဲ့ လူရင်းမိတ်ဆွေမောင်ခိုင်ဝင်းဟာ ဝေါဇီးရှင်းရဲ့ တာဝန်ပေးချက်အရ ဆေးရုံဘာသာပြန်အဖြစ် တာဝန်ကျနေပါတယ်"

"လိုရင်းကို ချုံ့ရရင် ညဥ့်နှစ်နာရီခွဲသာသာမှာ ခိုင်ဝင်းရဲ့ အကူအညီနဲ့ ဝါဝါဟာ ပါတောင်ဆေးရုံကြီးရဲ့ လူနာခုတင်ပေါ်ကို ရောက်သွားခဲ့ပါပြီ။ ခိုင်ဝင်းရှင်းပြချက်အရ ပါတောင်ဆေးရုံဟာ ညဥ့်နက်အချိန်မတော် အသည်းအသန်လူနာမို့ ရုတ်တရက်လက်ခံထားလိုက်ပေမယ့် မိုးလင်းလို့ သမားတော်ကြီးတွေ လှည့်လည်စစ်ဆေးတဲ့အခါ ဝါဝါ့ရဲ့မူလဆေးမှတ်တမ်းတွေ ရှိနေတဲ့ ဝါချီလတ်ကို ပြန်ပြီးလွှဲပြောင်းပေးမှာ သေချာပါတယ်တဲ့။ မောင်ခိုင်ဝင်းပြောတဲ့အတိုင်းပါပဲ။ နောက်တစ်နေ့ နေ့လယ်မှာ ဝါဝါဟာဖူးခက်မြို့မ၊ ဝါချီလတ်ဆေးရုံကြီးကို အရေးပေါ်ဆေးရုံကားနဲ့ ပြန်ရောက်လာပါတယ်။ မမျှော်လင့်တဲ့နည်းနဲ့ ပြန်ရောက်လာတဲ့ ဝါဝါ့ကို ဝါချီလတ်ဆေးရုံက တာဝန်ရှိသူတွေမြင်လိုက်ရတဲ့အခါ မျှော်လင့်ထားတဲ့အတိုင်း ကိုသန်းမောင်တို့ဇနီးမောင်နှံကို ကြိမ်းလိုက်၊ မောင်းလိုက်၊ ဆူလိုက်၊ ဟောက်လိုက်တာ ပြောင်းဆန်နေတာပဲတဲ့ဗျာ။ ဒီလို အဆူအငေါက်ခံရမယ်။ ကိုသန်းမောင်တို့ ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်ခံနေလိုက်ကြပါလို့ ကျွန်တော်မှာထားပြီးသားမို့ နောက်ဆက်တွဲ ပြဿနာကြီးကြီးမားမား မရှိပါဘူး။ ဝါချီလတ်ဆေးရုံက သမားတော်ကြီးတွေ၊ သူနာပြုတွေနဲ့ တာဝန်ရှိသူအသီးသီးဟာ ဆေးပညာဝန်ထမ်းတွေ ဖြစ်တာမို့ ဝါဝါ့အသက်ကို အစွမ်းကုန်ကယ်ဖို့ အားထုတ်ခဲ့ကြပြန်ပါတယ်။ ဒါပေမဲ့ ဝါချီလတ်ဆေးရုံကြီးကို ရောက်ပြီး သုံးရက်အကြာမှာ ဝါဝါဟာ သူချစ်တဲ့မိသားစုကို နှုတ်ဆက်ပြီး ညင်ညင်သာသာ အသက်ထွက်သွားရှာပါတယ်။ ကျွန်တော့်ဘဝမှာ ဘယ်တော့မှ မေ့ပျောက်လို့ မရတဲ့အဖြစ်ပါပဲ"

"ဇာတ်လမ်းကတော့ ဒါပါပဲ ကိုမင်းဒင်။ ဒီအကြောင်းကို ဘယ်သူ့ကိုမှ ပြန်မပြောတော့ဘူးရယ်လို့ ဆုံးဖြတ်ထားခဲ့တာပါပဲ။ အဲဒီအဖြစ်အပျက်နောက်ပိုင်းမှာတော့ ကျွန်တော်ဟာ ဖူးခက်မှာရှိတဲ့ ဗမာအလုပ်သမားအသိုင်းအဝိုင်းနဲ့ ဆက်ဆံရေး ကျဲသွားခဲ့တယ်ဆိုပါတော့။ ဦးကုမာရကိုလည်း ကျွန်တော်အပြစ်မဖို့ချင်တော့ပါဘူး။ ကျွန်တော်က ပါရမီနည်းတယ်။ ဝါဝါက ကံခေရှာတယ်လို့ သာသဘောပိုက်ပါတော့တယ်။ ဒါလောက်ဆို ကိုမင်းဒင်ကျေနပ်လောက်မယ်ထင်ပါရဲ့။ လူတိုင်းလူတိုင်းဉာဏ်ရှေ့ဆောင်ပြီး တွေးတောပြောဆိုလုပ်ကိုင်နိုင်ကြရင် ဘယ်လောက်ကောင်းလိမ့်မလဲဗျာ"

ကိုသက်ခိုင်၏ မှုန်မှိုင်းနေသော မျက်နှာကို ကျွန်တော်ငေးကြည့်နေမိသည်။ ထိုအချိန်တွင် စားပွဲထိုးကလေးမလေး တစ်ယောက် ကျွန်တော်တို့ဝိုင်းနားသို့ ရောက်လာသဖြင့် ကိုသက်ခိုင်သည် အာရုံပြောင်းသည့်သဘောကော်ဖီနှစ်ခွက်လှမ်းမှာ၏။ ရုတ်ခြည်းဆိုသလို ရောက်လာသည့် ကော်ဖီခွက်အားခါတိုင်းကဲ့သို့အရသာခံမနေတော့ဘဲ တစ်ကျိုက်တည်းမော့ချကာ ကောင်တာမှာ ငွေထရှင်းရင်း ကျွန်တော့်ကို နှုတ်ဆက်ထွက်သွားသော ကိုသက်ခိုင်၏ ကျောပြင်ကို ကျွန်တော်မျက်စိတစ်ဆုံးကြည့်နေမိခဲ့လေသည်။

ထိုမှ နှစ်ရက်မြောက်သည့် နေ့ ၂၂၊ ၅၊ ၂၀၁၄ ကြာသပတေးညနေ ၄ နာရီခွဲတွင် ထိုင်းဘုရင့်တပ်မတော်က ထိုင်းနိုင်ငံ၏ အာဏာအရပ်ရပ်ကို သိမ်းယူလိုက်သည်။ အာဏာရအနီနှင့် အတိုက်အခံအဝါ၊ နှစ်ဖက်အုပ်စုခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်းသည်။ သည်တစ်ကြိမ် အာဏာသိမ်းသည့် ထိုင်းတပ်မတော်၏ လုပ်ပုံကိုင်ပုံမှာ အနည်းငယ်ကြမ်းတမ်းသယောင်ထင်မိသည်။ အကြောင်းအားလျော်စွာ ထိုနေ့က ကိုသက်ခိုင်နှင့် ကျွန်တော် အတူရှိနေခဲ့ရာ အာဏာသိမ်းဖြစ်ရပ် အပေါ် ကိုသက်ခိုင်၏အမြင်ကို ကျွန်တော် တီးခေါက်ကြည့်မိသည်။

"ခင်ဗျားထင်မြင်ချက်လေး လုပ်ပါဦးဗျ။ ကိုသက်ခိုင်။ ဒီတစ်ခါတော့ တကယ်အာဏာသိမ်းတာတဲ့နော်။ ဖမ်းဟယ် ဆီးဟယ်တွေဖြစ်ကုန်ပြီ"

"ဒီတစ်ကြိမ်နဲ့ဆို ထိုင်းစစ်တပ်အာဏာသိမ်းတာ စုစုပေါင်း ဆယ့်ကိုးကြိမ်ရှိပြီပေါ့ဗျာ။ တကယ်တော့ ထိုင်းနိုင်ငံမှာ ဒီမိုကရေစီစစ်စစ် မထွန်းကားသေးဘူးဆိုရမယ်ဗျာ။ လွတ်လပ်တဲ့ကုန်သွယ်မှု၊ ကမ္ဘာကြီးနဲ့ချိတ်ဆက်ထားတဲ့ စီးပွားရေးဘဝအပေါ် အခြေခံပြီး ထိုင်းဒီမိုကရေစီက ကျွဲကူးရေပါဖြစ်နေတာဗျ။ အာဏာရပါတီ၊ ထိုင်းအတိုက်အခံနဲ့ ထိုင်းတပ်မတော်ပါ ဒီမိုကရေစီပါးမဝသေးဘူးဆိုရမယ်။ ထိုင်းလူထုအများစုကလည်း တစ်ပြုံတစ်မကြီးဝင်လာတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရဲ့ နောက်ဆက်တွဲ အကျိုးခံစားခွင့်တွေအပေါ် လက်ကြောမတင်းဘဲ သာယာနေကြတာပါပဲ။ ပြည်သူတစ်ဦးချင်းကျင့်ဝတ်၊ အာဏာပိုင်နဲ့ ဝန်ထမ်းတွေရဲ့ကျင့်ဝတ် ဘာမှအားရစရာမရှိလှပါဘူး။ လွန်ခဲ့တဲ့လတွေတုန်းက ဘန်ကောက်ကို ကျွန်တော်ခဏခဏရောက်နေတုန်းက ဆုံခဲ့တဲ့ထိုင်းထိပ်တန်းပညာတတ်တချို့နဲ့ဆုံတုန်း ထိုင်းနိုင်ငံရဲ့ရှေ့ရေးကို တီးခေါက်ကြည့်မိတော့ ဘာအဖြေမှ မည်မည်ရရမပေးနိုင်ကြပါဘူး။ အားလုံးယောင်ဝါးဝါးဖြစ်နေကြတယ်။ ဒီအချက်ကိုက ထိုင်းစစ်တပ်အာဏာသိမ်းစေဖို့ အကြီးမားဆုံးလှုံ့ဆော်မှုထင်ပါရဲ့။ ကျွန်တော့်အယူအဆကတော့ သက်ဆင်ရဲ့ အနီအုပ်စုဟာ တိုင်းပြည်ကို အုပ်ချုပ်ရာမှာ အဝါအုပ်စုထက်နိုင်ငံရေးပါးပိုဝတယ်လို့ မြင်တယ်။ ဒါပေမဲ့ အနီခေါင်းဆောင်တွေဟာ လာဘ်ပေးလာဘ်ယူကိစ္စတွေ သိပ်များလွန်းနေပြန်တယ်။ ဒီအချက်ကို ထောက်ပြီး အဝါအုပ်စုက သက်ဆင့်အနီအုပ်စုကို ပွဲသိမ်းအောင် ပွဲခံနိုင်ဖို့ စိုင်းပြင်းတယ်။ တကယ်တော့ သူတို့မှာ တိကျခိုင်မာတဲ့ နိုင်ငံရေးအစီအမံတစ်ခု အဆင်သင့်မရှိဘူး။ အဝါအုပ်စုအနေနဲ့ အချိန်တစ်ခုအထိ မျှောထား၊ ကိုယ့်အုပ်စုဘက်က ဒေါင်ဒေါင်မြည်မြည်ခေါင်းဆောင်ကိုရွေး၊ ခိုင်မာတဲ့မဟာဗျူဟာကိုချပြီးမှ ပွဲသိမ်းတိုက်ပွဲကို ဆင်နွှဲရမှာ။ အတိုချုပ်ပြောရရင် အသိဉာဏ်က ရှေ့ကမသွားဘဲ ခံစားချက်ရှေ့တန်းတင်ခဲ့ကြလို့ ဒီအခြေဆိုက်တယ်လို့သာဆိုကြပါစို့"

သည်ရက်ပိုင်းအတွင်းကို သက်ဆိုင်ပြောဆိုဆွေးနွေးသမျှအကြောင်းအရာများထဲတွင် ဉာဏ်ကိစ္စတွေချည်းထပ်နေသည်ကို ကျွန်တော်သတိပြုမိသဖြင့် သူ့ကို မေးခွန်းတစ်ခုထုတ်မိပြန်သည်။

"နေပါဦးဗျ။ ဒီရက်ပိုင်း ခင်ဗျားပြောသမျှစကားတွေထဲမှာ ဉာဏ်ဆိုတာတွေချည်းထပ်နေတယ်။ နည်းနည်းရှင်းစမ်းပါဦး"

"ဘာအထွေအထူးရှင်းစရာလိုသလဲ ကိုမင်းဒင်ရယ်။ စာပေဟောပြောပွဲမှာ ကြုံရတဲ့အဆင်မပြေမှုတွေ၊ ဖူးခက်မြန်မာလူမှုရေးအသင်းပျက်ရတဲ့ကိစ္စ၊ ရခိုင်ကလေးမလေးဝါဝါ မသေသင့်ဘဲသေရတဲ့ကိစ္စ၊ ထိုင်းနိုင်ငံမှာ အာဏာသိမ်းတဲ့ကိစ္စ၊ ဒီကိစ္စရပ်တွေအပေါ် တစ်ခွန်းတည်းနဲ့ ကောက်ချက်ချရရင် ဉာဏ်ရှေ့မဆောင်တဲ့၊ ဉာဏ်မဦးစီးတဲ့ ပြဿနာကြောင့်ဖြစ်ရတာပေါ့။ စကားကြီးစကားကျယ်ပြောရရင် ကျွန်တော် နိုင်ငံရေးပုဒ်မ–၅(ည)နဲ့ ထောက်လှမ်းရေးမှာ အစစ်ခံရစဉ်တုန်းက လွတ်ချင်ဇောနဲ့ အလွတ်ကျက်ခဲ့တဲ့ ဓာရဏာပရိတ်တော်ထဲက စာသားတချို့တောင် ပြေးသတိရမိသေးဗျာ"

"ခင်ဗျားဗျာ ဘယ်ကနေ ဓာရဏာပရိတ်ကပါလာရပြန်တာတုံး။ လူပြိန်းနားလည်အောင် သေချာရှင်းပါဗျာ"

"ခင်ဗျားကြားဖူးနေတဲ့စကားလုံးတွေပါ ကိုမင်းဒင်ရာ၊ ပါဠိလို အတိုချုပ်ပြောရရင် ဗုဒ္ဓဿ ဘဂဝတော သဗ္ဗ ကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံလို့ဆိုနိုင်မယ်ထင်ပါရဲ့။ အဓိပ္ပာယ်ကတော့ ဘုရားရှင်တွေရဲ့ ကံသုံးပါးအပြုအမူတွေမှာ ဉာဏ်တော်လျှင်ရှေ့သွားမဖြစ်ခြင်းသည်မရှိတဲ့။ ဒီစကားကိုပဲ တဲ့ပြန်ရရင် ဘုရားရှင်တို့ဟာ ကံသုံးပါးကိစ္စရပ်တိုင်းမှာ ဉာဏ်တော်ကို ရှေ့မှာထားပြီးမှ ပြုမူလုပ်ကိုင်တယ်လို့ ဆိုလိုတာပေါ့။ ကျွန်တော်တို့၊ ခင်ဗျားတို့လို နလပိန်းတုံးတွေအတွက်တော့ ကိစ္စရပ်တော်တော်များများမှာ ဉာဏ်ကိုဘေးဖယ်ပြီး ကိုယ်မှန်တယ်ထင်ရာ ကိုယ်စိတ်ဇောသန်ရာ စွတ်လုပ်ကြတာမို့ ပြဿနာပေါင်း သောင်းခြောက်ထောင်တက်ကုန်ကြရောပေါ့ဗျာ"

"တယ်ဟုတ်တဲ့ ဓမ္မကထိကပါလားဗျာ။ ဘယ်တုန်းက ဓမ္မာစရိယအောင်လိုက်ပါလိမ့်"

ကျွန်တော် အရွှန်းဖောက်လိုက်သောကြောင့် ကိုသက်ခိုင်ပြုံးစစဖြစ်သွားသည်ဟု ထင်ရသည်။ ကိုသက်ခိုင်ပြောကာမှ ဉာဏ်ရှေ့သွား၍ ကျွန်တော် အတွေးဆက်မိသည်မှာ အမိမြန်မာပြည်ကြီးမှ ဗိုလ်ချုပ်ဟောင်းတို့၏ တစ်နေ့တစ်မျိုးမရိုးရအောင် ပြက်လုံးဆန်ဆန် နိုင်ငံရေး၊ လူမှုရေးသုံးသပ်မိန့်မြွက်ချက်များဆီသို့ဖြစ်၏။ အဆိုပါပုဂ္ဂိုလ်ကြီးတို့သည် ခေတ်စနစ်ကြီး၏ ပကတိအခြေအနေနှင့် လုံးလုံးလျားလျားကင်းကွာနေသည်မှာ မြင်သာလှသည်။ တစ်နေ့နှစ်ထောင်ဆိုရင် မိသားစုတစ်စုအတွက် လုံလောက်ပြီ။ မြေတွေသိမ်းရတာ တိုင်းပြည်နားရွက်တံတွေး အဆွတ်မခံရအောင်လို့ မြစ်ဆုံကို မဖြစ်မနေပြန်စရမယ်။ ဒီတစ်သက် ဒေါ်စုသမ္မတဖြစ်စရာ လမ်းကို မမြင်ဘူး...ထိုစဉ်တွင်ပင် ကျွန်တော်မကြာခဏရွတ်ဆိုလေ့ရှိသော ဓာရဏာပရိတ်တော်မှ ဗုဒ္ဓ၏ဂုဏ်တော်စာပိုဒ်အချို့သည်ကျွန်တော့်ခေါင်းထဲတွင် အစီအရီပေါ်လာနေလေ၏။

"မြတ်စွာဘုရား အလုံးစုံကိုယ်ဖြင့်ပြုအပ်သော အမှုသည် ဉာဏ်တော်ရှေ့သွားမရှိခြင်းသည် မရှိ၊ ဉာဏ်တော်သို့ အစဉ်မလိုက်ခြင်းသည် မရှိ။ မြတ်စွာဘုရားအား အလုံးစုံနှုတ်ဖြင့်ပြုအပ်သောအမှုသည် ဉာဏ်တော်ရှေ့သွားမရှိခြင်းသည် မရှိ၊ ဉာဏ်တော်သို့ အစဉ်မလိုက်ခြင်းသည် မရှိ။ မြတ်စွာဘုရားကို အလုံးစုံစိတ်ဖြင့်ပြုအပ်သောအမှုသည် ဉာဏ်တော်ရှေ့သွားမရှိခြင်းသည် မရှိ၊ ဉာဏ်တော်သို့ အစဉ်မလိုက်ခြင်းသည် မရှိ"

(ဆက်လက်ဖော်ပြပါမည်)

စာမျက်နှာ(၃၃) မှ

# တောပျောက်၍ သစ်ခွခြောက်

"ကြည့်မယ်ဆိုရင် ဒီဆေးဖက်ဝင်သစ်ခွတွေက အတော်လေးကို ပြုန်းတီးနေပါပြီ။ သစ်ခွအခြောက်လှန်းသူတွေက ကန်ကိုပက်ပြီး ဖျန်းကြတယ်။ ပိုက်ဆံရပေမယ့် သူတို့လည်း ရောဂါရမယ်ထင်ပါတယ်" ဟု ကလောမြို့နယ်နေသူတစ်ဦးက ပြောသည်။

ပြည်ပဝယ်လိုအားအပြင် ပြည်တွင်းဝယ်လိုအား မြင့်တက်လာသည့် သဇင်ပန်းများမှာလည်း ပြုန်းတီးမှုအန္တရာယ်နှင့်ရင်ဆိုင်နေရသည်ဟု သစ်ခွနှင့်ပတ်သက်ပြီး ပါရဂူဘွဲ့ယူခဲ့သူ ဒေါက်တာပန်းခက်ခက်က ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ပေါက်ရောက်သည့် ကမ္ဘာ့ရှေးကျသော ဆွန်ဒဟတ်သစ်တောကြီးများတွင် သဇင်ပေါက်ရောက်မှုသည် ယခုအခါ လွန်စွာနည်းပါးလာပြီး သဇင်ပန်း ရောင်းချရာတွင် မျိုးဥအရင်းကို ပေးလိုက်ခြင်းကြောင့် တစ်နှစ်တစ်ကြိမ် စိုက်ပျိုးရောင်းချသူများသည် မျိုးရင်းလိုက်ရှာဝယ်ယူရသည်။

"အရင်တုန်းက တစ်တောလုံး သဇင်ပန်းတွေနဲ့ မွှေးကြိုင်နေတဲ့ တနင်္သာရီတောကြီးထဲမှာ သဇင်တွေ မရှိတော့ဘူး။ တနင်္သာရီသဇင်က ရခိုင်သဇင်ထက် ကြီးတယ်။ ညွှတ်ကျနေပုံက ပိုလှတယ်။ အခု မရှိတော့ဘူး။ တောထဲမှာ မြေနင်းရှာတာ ဆယ်ဥလောက်ပဲ တွေ့ရတယ်" ဟု ဒေါက်တာပန်းခက်ခက်က ပြောသည်။

ပြည်တွင်းတွင် သဇင်ပန်းများရှားပါးလာခြင်းသည် ရောင်းချသည့်ပုံစံကြောင့်ဖြစ်ပြီး ထိုပုံစံကို ပြောင်းလဲပါက ရှားပါးမှုကို ထိန်းသိမ်းနိုင်ကြောင်း၊ သဇင်ပန်းများ ရောင်းချရာတွင် မျိုးဥမပေးဘဲ ပန်းခက်သာ ရောင်းချပါက တစ်နှစ်တစ်ခါ မျိုးဥရှာရသည့် ပြဿနာကို ဖြေရှင်းပေးနိုင်မည်ဟု ဒေါက်တာပန်းခက်ခက်က ပြောသည်။

မြန်မာ နိုင်ငံတွင် သစ်ခွမျိုးစိတ်မှာ တစ်ထောင့်နှစ်ရာကျော်ရှိနိုင်သည်ဟု ခန့်မှန်းရသော်လည်း ထပ်မံ၍ သုတေသန မပြုလုပ်ရသေးပေ။

"မြန်မာ့သစ်တောကြီးတွေထဲမှာ ကမ္ဘာမှာ ဘယ်မှာမှ မပေါက်တဲ့ မြန်မာသစ်ခွတွေရှိနိုင်သလို မှတ်တမ်းမတင်ထားရသေးတဲ့ သစ်ခွတွေလည်း ရှိနိုင်တယ်။ မျိုးခွဲပညာရှင် ဒေါက်ဟူးဗားနဲ့ ပူးတွဲလေ့လာမှုအရ ဆယ်စုနှစ်တစ်ခုအတွင်းမှာ သစ်ခွမျိုးစိတ်အသစ် ၁၂ မျိုးကျော် မှတ်တမ်းတင်နိုင်ခဲ့တယ်" ဟု ဒေါက်တာ စောလွင်က ပြောသည်။

ရှားပါးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် သစ်ခွများ ထိန်းသိမ်းကာကွယ်မှုများ မပြုလုပ်ပါက နောင်နှစ်များစွာ ကြာမြင့်လာပါက ပျောက်ကွယ်လာနိုင်သည်။

မြန်မာသစ်ခွများကို သိပ္ပံနည်းကျ မျိုးစပ်၍ ထုတ်ကုန်တစ်ခုအနေဖြင့် ရောင်းချနိုင်ပါက အမြတ်အစွန်းရနိုင်ပြီး ထိုင်းနိုင်ငံသည် သစ်ခွရောင်းချခြင်းမှ နှစ်စဉ် အမေရိကန်ဒေါ်လာသန်းနှစ်ရာကျော် ဝင်ငွေရှိသည်။

"သစ်ခွခြံတစ်ခြံမှာ အနည်းဆုံးအလုပ်သမား ၅၀၀ လောက်ကို အလုပ်ပေးနိုင်တယ်။ မြေနေရာများများ မလိုဘူး။ သယ်ယူပို့ဆောင်ရေး လွယ်ကူဖို့ပဲ လိုတယ်။ အဓိကက လေကြောင်းလိုင်းပေါ့" ဟု ဒေါက်တာ စောလွင်က ပြောသည်။ ထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် နယ်မြေအခြေအနေသည် သစ်ခွမျိုးစုံစိုက်ပျိုးနိုင်သည့် အခွင့်အလမ်းရှိသည်။ ယင်းအခြေအနေက မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းဖြစ်သည်။ မျိုးစပ်ရန်တတ်ကျွမ်းသည့် မြန်မာ့သစ်ခွပညာရှင်များလိုအပ်သလို သုတေသနလုပ်ရန်လည်းလိုအပ်သည်။

ထို့အပြင် မြန်မာမျိုးရင်းအဖြစ် ကမ္ဘာပေါ်တွင် မျိုးစပ်ရောင်းချရင်း မြန်မာသစ်တောကြီးထဲမှ မြန်မာမျိုးရင်း သစ်ခွများကို ထိန်းသိမ်းကြရမည်ဖြစ်သည်။

7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ထိုင်းမတည်ငြိမ်မှု မြန်မာ့စီးပွားရေးကို ထိခိုက်

**ဘန်ကောက်၊ ဇွန်-၂**

ထိုင်းနိုင်ငံမှ နိုင်ငံရေးမတည်ငြိမ်မှုများက အိမ်နီးချင်းမြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးမှုများအပေါ် သက်ရောက်နေပြီး အထူးသဖြင့် ခရီးသွားလုပ်ငန်းတွင်ဖြစ်ကြောင်း သတင်းရရှိသည်။

“မြန်မာကိုလာတဲ့လေယာဉ် ၈၀ ရာခိုင်နှုန်းက ဘန်ကောက်လေဆိပ်က တစ်ဆင့်လာကြတာပါ။ ဒါကြောင့် ဥရောပခရီးသည်တွေ မြန်မာနိုင်ငံကို လာဖို့ခက်ခဲနေပြီး ကျွန်တော့်အထင်တော့ ဥရောပကညေ့်သည် ၂၀ရာခိုင်နှုန်းလောက်ကျသွားလိမ့်မယ်”ဟု မြန်မာ့ခရီးသွားအသင်းမှ ဦးဘုန်းပိုင်ဦးကပြောဆိုသည်။

ယင်းဖြစ်ရပ်က ထိုင်းနိုင်ငံကို အမှီပြုနေရသည့် အဖြစ်မှ ရုန်းထွက်နိုင်ရန်အတွက် အာဏာပိုင်များကို တွန်းအားပေးဖို့ဖြစ်လာသည်ဟု ဆိုသည်။

“မြန်မာကို တိုက်ရိုက်ပျံသန်းတဲ့ လေယာဉ်တွေ လိုနေတယ်။ ခရီးသွားနဲ့ ကုန်သွယ်မှုပြပွဲတွေမှာ ပိုပြီး ပါဝင်ရမယ်။ နောက်ပြီး ကျွန်တော်တို့ ခရီးသွားလုပ်ငန်းနဲ့ ယဉ်ကျေးမှုကို ရုပ်မြင်သံကြားတွေ အင်တာနက်တွေကနေ တစ်ဆင့်ကြော်ငြာသင့်တယ်”ဟု ၎င်းကပြောသည်။

ထိုင်းနိုင်ငံအာဏာသိမ်းမှုကြောင့် လက်ရှိတွင် လုပ်ငန်း ဆုံးရှုံးမှုအတိအကျကို ပြောဆိုနိုင်ခြင်းမရှိသေးသော်လည်း လုပ်ငန်းအတော်များများနှေးကွေးသွားပြီး ကုန်တင်ပို့မှုကျဆင်းသွားသည်ကို သိသိသာသာတွေ့နေရသည်။

ထိုင်းနိုင်ငံမှ ကုန်များကို မြန်မာက ရေကြောင်း၊ ကုန်းကြောင်းလမ်းများဖြင့် ပုံမှန်တင်သွင်းနေရာ ယင်းကုန်များတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများမှ မြေဩဇာအထိပါ ဝင်သည်။

မြန်မာတွင်ထိုင်းနိုင်ငံ၏တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရှိခဲ့သည်။ ယင်းမှာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၂၂ ရာခိုင်နှုန်းဖြစ်ပြီး မြန်မာ၏ ဒုတိယအကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်သည်။

သို့ရာတွင် ထိုင်းနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် မြန်မာနိုင်ငံက လိုအပ်သော ပစ္စည်းများအတွက် အခြားနိုင်ငံများမှ ရယူနိုင်ရေး ရှာဖွေနေသည်။

“အိမ်နီးချင်းနိုင်ငံတွေနဲ့ပဲ၊ အာရှနိုင်ငံတွေနဲ့ပဲ ကုန်သွယ်နေတာမဟုတ်ပါဘူး။ ကျွန်တော်တို့က ဥရောပနိုင်ငံတွေနဲ့လည်း ကုန်သွယ်နေပါတယ်”ဟု ကုန်သွယ်ရေးဝန်ကြီးဌာနအကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်မောင်ကပြောဆိုသည်။

“ဒီရက်တွေမှာ ဈေးကွက်ကို အမျိုးမျိုးဖြန့်ထားမှာပါ။ အခွင့်အလမ်းတွေက အတော်ကောင်းပါတယ်။ လိုအပ်တဲ့ ပစ္စည်းတွေကို ထိုင်းက မရနိုင်ဘူးဆိုရင် တခြားဈေးကွက်ကို ကျွန်တော်တို့ရှာပြီး ပြောင်းရပါလိမ့်မယ်”ဟုဆိုသည်။

“ထိုင်းနဲ့လုပ်တဲ့ လုပ်ငန်းဆက်သွယ်ရေးတွေအားလုံးပုံမှန်လုပ်ဖို့ခက်ခဲနေပါတယ်”ဟု ဒေါက်တာမောင်မောင်ကပြောဆိုလိုက်သည်။

နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ထုတ်ကုန်များလည်း လျော့နည်းသွားသဖြင့် လူလျှော့ချရာမှ ထိုင်းနိုင်ငံရောက် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများ အလုပ်ပြုတ်နိုင်သည့် အန္တရာယ်ရှိနေကြောင်း သူက ထည့်သွင်းပြောဆိုသွားသည်။

နိုင်ငံရေးမတည်ငြိမ်မှုများက စက်မှုဇုန်ကဲ့သို့ နှစ်နိုင်ငံဖက်စပ်လုပ်ငန်းများကဲ့သို့ စီမံချက်များ နှောင့်နှေး(သို့) အချိန်အကန့်အသတ်မရှိရပ်တန့်နေမည်ကို မြန်မာအစိုးရက စိုးရိမ်နေကြောင်းလည်း သိရသည်။

ကိုးကား–CNA

**အချပ်ပို (A11) မှ**

## အရှိန်မြင့်လာသော ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းများ

“ဒေါ်အောင်ဆန်းစုကြည်ဟောပြောတဲ့ နေရာနှစ်ခုစလုံး ကျွန်တော်လည်းပါတယ်။ သူပြောတာကိုလည်း ကျွန်တော်တလေးတစားနားထောင်တယ်။ အဲဒီမှာပြောတာတွေက အခြေခံဥပဒေကို ချိုးဖောက်တာ တစ်ခုမပါဘူး။ အခြေခံဥပဒေကိုပြင်ဖို့ပဲ ပြောတာ။ ကျွန်တော်လည်း ဥပဒေသမားပါပဲ”ဟု ဟောပြောပွဲများတွင် ပါဝင်ဟောပြောခဲ့သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က မေလ ၂၇ ရက်တွင် 7 Day News အားပြောသည်။

သို့သော်လည်း ယင်းအပြောမျိုးကိုတာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားတပ်မတော်အရာရှိဟောင်းများကတော့ သိပ်သဘောမကျ။

“ဥပမာ–အခုကိုမင်းအောင်လှိုင်ဗျာ တပ်ချုပ်ပေါ့။ ဖွဲ့စည်းပုံအခြေခံဥပဒေဆွဲတုန်းက သူမပါဘူး။ ဒါပေမဲ့ ဒီဆွဲထားတဲ့ အခြေခံဥပဒေအတိုင်း သူလိုက်နာတယ်လေ။ နောက်ပြီးဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ရင်ပြင်တဲ့အတိုင်း လိုက်နာမှာပဲ။ တပ်ဆိုတာ ဒီအတိုင်းပဲ။ အဲဒါကြီးကို တပ်ကိုသွားပြဿနာရှာနေရင်တော့ ကျွန်တော်ကမရောင်ရာဆီလူးတယ်လို့ထင်တာပဲ”ဟု သူ၏အမြင်ကို မကြာခဏပွင့်ပွင့်လင်းလင်း ဆွေးနွေးလေ့ရှိသူ တပ်မတော်အရာရှိဟောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေကပြောသည်။

၂၀၁၅ရွေးကောက်ပွဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး စသည့်လှုပ်ရှားမှုများအရှိန်တက်လာချိန်တွင် ဟောပြောဆွေးနွေးပွဲများသည် ၁၉၉၀ ရွေးကောက်ပွဲ မတိုင်မီအချိန်များကို ပြန်ပြောင်းအောက်မေ့စေသည်။

ပြီးခဲ့သည့်နှစ်များက တိုင်းပြည်တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးအကျပ်အတည်းများသည်လည်း အခြေအနေပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

သို့သော်လည်း တပ်မတော်အကြောင်း ဒေါ်အောင်ဆန်းစုကြည်ဘက်က ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုမှုများနှင့် ယင်းပြောဆိုမှုများကို တပ်အသိုင်းအဝိုင်းက ဆတ်ဆတ်ထိမခံ တုံ့ပြန်ခဲ့မှုများကတော့ မပြောင်းလဲသေး။



TVS
အိန္ဒိယ ဆိုင်ကယ်များ

# စစ်မှန်တဲ့ အကျိုးရလဒ်များနဲ့ အကောင်းဆုံးလုပ်ငန်းလက်တွဲဖော်

**TVS MOTOR** မှ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ပုသိမ်၊ မကွေး၊ မင်းဘူး နှင့်တောင်ကြီး မြို့တို့ရှိ ဖြန့်ချိရေးကိုယ်စားလှယ် လုပ်ငန်းရှင်များအား ဖိတ်ခေါ်လိုက်ပါသည်။

TVS MOTOR သည် နှစ်တစ်ရာသက်တမ်းရှိပြီဖြစ်သော TVS လုပ်ငန်းစုကြီး၏ကုမ္ပဏီတစ်ခုဖြစ်ပြီး အရည်အသွေးမြင့်မားခြင်း၊ သင့်တော်သော ဈေးနှုန်းများရှိခြင်း စသောအရည်အသွေးများကြောင့် အိန္ဒိယနိုင်ငံ၏ ထိပ်တန်း ဆိုင်ကယ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခု အဖြစ် ရပ်တည်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်အတွင်း မန္တလေး၊ စစ်ကိုင်းနှင့် ကချင်ပြည်နယ်တို့တွင် အောင်မြင်စွာ ဖြန့်ချိရောင်းချနိုင်ခဲ့ပြီး ယခုအခါ TVS ဆိုင်ကယ်များကို အခြားသော တိုင်းဒေသကြီးများ အသီးသီးတွင် ရောင်းချနိုင်ရန်အတွက် ဖြန့်ချိရေး ကိုယ်စားလှယ်များအား ဖိတ်ခေါ်လျက်ရှိပါသည်။




TVS MOTOR နှင့်ဆက်သွယ်ရန် အောက်ပါ စီးပွားရေးလုပ်ငန်းစုများအား ဖိတ်ခေါ်အပ်ပါသည်။

- ဆန်းသစ်သောအမြင်များဖြင့် ဝယ်ယူအားပေးသူများ၏ ကောင်းကျိုးကိုရှေးရှုပြီး TVS တွင် ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များ၊
- အဆင့်မြင့်ရောင်းချမှု၊ ဝန်ဆောင်မှုများနှင့် အပိုပစ္စည်းများအား ပြသရောင်းချပေးနိုင်သော အရောင်းပြခန်းများကို ဖွင့်လှစ်ပေးမည်ဖြစ်သောကြောင့် ကိုယ်ပိုင် (သို့မဟုတ်) ငှားရမ်းထားသော အဆောက်အအုံ နေရာရှိသူများ၊
- ယာဉ်နှင့် စက်ကိရိယာပိုင်းဆိုင်ရာ ကျွမ်းကျင်တတ်မြောက်ထားသူများနှင့် စိတ်ပါဝင်စားသူများ၊
- နေရာများစွာတွင် တာဝန်ယူဖြန့်ချိလိုသော စီးပွားရေးလုပ်ငန်းစုများ၊

စိတ်ပါဝင်စားသူများသည် ဖြန့်ချိရေးကမ်းလှမ်းစာများကို အောက်ပါ အချက်အလက်များနှင့်အတူ "မန်နေဂျာ - Network Development" သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

- ကိုယ်ရေးရာဇဝင် အကျဉ်းဖော်ပြချက်
- ပင်မဖြန့်ချိရေးအဖြစ် လုပ်ကိုင်လိုသော မြို့အမည်
- အရောင်းပြခန်းဖွင့်လှစ်မည့် အဆောက်အအုံ၏ အချက်အလက်များ (ဓာတ်ပုံနှင့်တကွ ဖော်ပြရန်)

ဖြန့်ချိရေးကိုယ်စားလှယ်ရယူခြင်း နှင့်ပတ်သတ်ပြီး အသေးစိတ်သိရှိလိုသည်များကို
Moon Princess ကုမ္ပဏီ လီမိတက် Mr. Satish Kumar
ဖုန်း - ၀၉ ၅၁၃၃၃၈၅၇ ၊ ကိုသားကြီး ဖုန်း - ၀၉ ၂၅၄၂၁၀၉၅၈
အီးမေးလ် - tvsmyanmar@gmail.com သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

# "လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဝင်ဖို့က အားမကောင်းတဲ့ မြေယာမူဝါဒတွေကြောင့် အတားအဆီးဖြစ်နေတယ်"

## ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့်တွေ့ဆုံခြင်း

**အောင်သူရ၊ ပြည်သိမ်း**

မကြာသေးမီက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည်။ထိုအပြောင်းအလဲသည်ဦးသိန်းစိန်အစိုးရလက်ထက် တတိယ အကြိမ်မြောက် အပြောင်းအလဲ ပြုလုပ်ခြင်းဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဗဟိုဘဏ်ကဲ့သို့သီးခြားရပ်တည်သောအဖွဲ့အစည်းဖြစ်ရန် သက်ဆိုင်ရာသို့ တင်ပြထားပြီး ဇွန်လလယ်မှစ၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုရုံးကို ရန်ကုန်မြို့၌ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။ ထိုကဲ့သို့ အပြောင်းအလဲများပြုလုပ်ခြင်းနှင့်ပတ်သက်၍မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့်တွေ့ဆုံမေးမြန်းခဲ့သည်မှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။



*ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦး*

ဓာတ်ပုံ – အောင်သူရ

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်(MIC) ရဲ့ ခေါင်းဆောင်ပိုင်း အပြောင်းအလဲ လုပ်လိုက်ရတဲ့ အကြောင်းကို အရင်ပြောပြပါဦးခင်ဗျ။**

အဓိက ကတော့ MICကို အသွင်သစ်နဲ့ ဖွဲ့စည်းတာပါ။ အရင်တုန်းက MICဆိုတာ အစိုးရဝန်ကြီးတွေနဲ့ပဲ ဖွဲ့စည်းထားတယ်။ ပုဂ္ဂလိကဘက်က ငါးဦးနဲ့ အစိုးရဘက်က ငါးဦးအပြင် ရှေ့နေချုပ်ကြီးက ဒိုင်သဖွယ်ပါဝင်တယ်။ အခုအသစ်ဖွဲ့လိုက်တဲ့ MIC မှာတော့ ပုဂ္ဂလိကနဲ့ အစိုးရစုစုပေါင်း ၁၃ဦးပါဝင်တယ်။ အရင်ကတော့ ဥက္ကဋ္ဌဦးဝင်းရှိန်ပါပဲ။ ဒါပေမဲ့ သူ့ရဲ့မူလတာဝန်ကလည်းဘဏ္ဍာရေးမှာပြုပြင်ပြောင်းလဲမှုတွေလုပ်နေရတယ်။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေလည်း လုပ်နေရတယ်။ ခေတ်မမီတော့တဲ့ဥပဒေတွေကိုလည်း ပြန်ပြင်နေရတယ်။ နိုင်ငံတကာနဲ့လည်း ဆက်ဆံရတာတွေများလာတယ်။ သူ့ရဲ့မူရင်းအလုပ်တွေကများတယ်။ MICရဲ့ အလုပ်တွေကလည်းများလာတယ်။ အရင်ကဟုတ်တိပတ်တိမရှိဘူး။ အခုဆိုရင် အဆိုပြုလွှာတွေကို စိစစ်ရတာ မနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ စိစစ်နေရတယ်။ ပင်ကိုအလုပ်များရတဲ့ ဝန်ကြီးက ထပ်တိုးလာတဲ့ အလုပ်တွေနဲ့ဆိုတော့ ဘယ်လိုမှ မလွယ်ဘူး။ သူ့မူရင်းအလုပ်ကို ထိထိမိမိပိုပြီးလုပ်ကိုင်နိုင်အောင် တာဝန်ခွဲလိုက်တာပဲ။ အရင် ဝန်ကြီးနှစ်ယောက်စလုံးက အလုပ်များတော့ MICမှာ ဒုဝန်ကြီးတစ်ဦးကို ကိုယ်စားလှယ်ထည့်ထားတယ်။အလားတူ ဦးဝင်းရှိန်ကလည်း သူ့ရဲ့ ဒုဝန်ကြီးတစ်ဦးဖြစ်တဲ့ ဒေါက်တာမောင်မောင်သိမ်းကို အစားထိုး ထည့်ထားတယ်။ အဲဒီလို ဖွဲ့စည်းပုံပြင်ပြီးတော့ ကျန်တာတွေကတော့ အပြောင်းအလဲမရှိပါဘူး။

**လက်ရှိ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌသစ်ကို သမ္မတနဲ့ နီးစပ်သူလို့ ဝေဖန်မှုများရှိနေတဲ့အပေါ်မှာ ဘာများပြောချင်ပါသလဲ။**

ဦးဇေယျာအောင်မှ သမ္မတနဲ့ နီးစပ်တာမဟုတ်ပါဘူး။ ဝန်ကြီးအားလုံးက သမ္မတနဲ့နီးစပ်တယ်။ အားလုံးတွဲပြီးတော့ အလုပ်လုပ်နေကြတာပါ။ ဝေဖန်သူတွေထင်သလို သူနဲ့မှ နီးနီးကပ်ကပ်တွဲပြီးတော့ အလုပ်လုပ်တာမဟုတ်ပါဘူး။ ဦးဇေယျာအောင်ကိုတာဝန်ပေးရတာက သူ့ရဲ့လုပ်ငန်းတာဝန်က စွမ်းအင်ကဏ္ဍတစ်ခုတည်းကိုလုပ်တာဖြစ်တော့ ဦးဝင်းရှိန်နဲ့စာရင် သက်သောင့်သက်သာရှိတယ်။ ဦးဝင်းရှိန်လောက် အလုပ်မများဘူး။ ဦးဇေယျာအောင်က MICမှာ တစ်နှစ်လောက် တာဝန်ထမ်းဆောင်ဖူးတယ်။ သူ့မှာ MIC နဲ့ပတ်သက်ပြီး အတွေ့အကြုံရှိနေပြီ။ နောက်တစ်ခုက ဦးဝင်းရှိန်လောက်လည်း အလုပ်မများဘူး။ သမ္မတကြီးနဲ့ ဦးဇေယျာအောင်က တပ်ထဲမှာတစ်ခါမှ မဆုံဖူးဘူး။

**MIC အနေနဲ့ ပြည်တွင်းမှာအမည်ခံရင်းနှီးမြှုပ်နှံသူတွေကို အရေးယူမယ်လို့ ကြားနေတယ်။ ဘယ်လိုအရေးယူမှာတွေလုပ်မှာလဲ။ ပြစ်ဒဏ်နဲ့ ပတ်သက်ပြီတော့ကော ဘယ်လိုစီစဉ်ထားပါသလဲ။**

ဟိုအရင်က အခက်အခဲအမျိုးမျိုးရှိတယ်။ မူဝါဒပိုင်းဆိုင်ရာ အခက်အခဲ၊ ဥပဒေပိုင်းဆိုင်ရာအခက်အခဲတွေရှိခဲ့တယ်။ နိုင်ငံခြားက မြန်မာပြည်ကိုလာရင် အစိုးရမြေပဲငှားခွင့်ရှိတယ်။ ပုဂ္ဂလိကမြေကိုငှားပြီးလုပ်လို့မရဘူး။ မရတော့ တချို့လုပ်ငန်းရှင်က မြန်မာနိုင်ငံသားကို နာမည်ခံပြီး လုပ်တယ်။ တချို့က မြန်မာနိုင်ငံသားအရေခြုံပြီး လုပ်တာပိုကောင်းလို့လုပ်တာရှိတယ်။ တချို့က လုပ်လို့မရလို့လုပ်ရတာ။ တချို့က မရိုးမဖြောင့်နဲ့ နာမည်ခံခိုင်းတာရှိတယ်။ အစိုးရသစ် ပေါ်လာတော့ ဒါတွေကိုတွေ့နေရတယ်။ ဖော်ထုတ်ခဲ့တယ်။ ဒါပေမဲ့ ချက်ချင်းဖော်ထုတ်လို့ရပေမယ့် လုပ်ရပ်တွေကိုအရေးယူမယ်ဆိုရင် သူတို့ကိုအရေးယူတာကတစ်ပိုင်း။ သူ့နောက်မှာ အလုပ်သမားတွေထောင်ချီရှိနေတယ်။ ဒီစက်ရုံတွေကို ရပ်တန့်လိုက်တာနဲ့ ဒုက္ခရောက်မယ်ဆိုတာကို မဖြစ်စေချင်ဘူး။ လူကြီးတွေက စေတနာနဲ့ အမိန့်တစ်ရပ် ၁/၂၀၁၁ ကိုထုတ်ပေးတယ်။ မင်းတို့ နာမည်ခံထားတဲ့လူတွေဥပဒေနဲ့အညီပြန်ပြောင်းပါ။ ပြောင်းမယ်ဆိုရင် လက်ခံပြီး လုပ်ပေးမယ်။ ပြောင်းခွင့်ပေးမယ်။ အမိန့်ထုတ်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာကိုလည်း အသေးစိတ် ထုတ်ပြန်ပေးထားတယ်။ ဒီလို ထုတ်ပေးလိုက်တော့ တော်တော်များများပြောင်းလာကြတယ်။ တချို့ကတော့ မပြောင်းဘဲဆက်ရှိနေတယ်။အဲဒီမှာ နှစ်ပိုင်းရှိတယ်။ တချို့က MIC ကို နိုင်ငံသား အမည်ခံတင်ပြပြီးလုပ်တာရှိတယ်။ တချို့က MICကိုဘာမှမတင်ပြဘဲ နိုင်ငံသားအမည်ခံပြီး လုပ်တာရှိတယ်။ MICကိုအမည်ခံတင်ပြီးလုပ်တာတွေကိုတော့ MIC က တာဝန်ယူဖြေရှင်းရမယ့် တာဝန်ရှိတယ်။ MIC ကိုမတင်ဘဲ တခြားဟာနဲ့လုပ်တာကိုတော့ MIC က တာဝန်အပြည့်အဝ မရှိဘူး။ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကပဲ တာဝန်ရှိတယ်။ သူတို့ကိုဖော်ထုတ်အရေးယူရမယ်။ MICအနေနဲ့ကတော့ စစ်စစ်နေပြီ။ မသင်္ကာတဲ့ စက်ရုံတွေကို လိုက်ကြည့်ပြီး သတိပေးတယ်။ ပြောင်းပါလို့ပြောတယ်။ တချို့က ဆက်ငြင်းနေတယ်။ ပြဿနာမရှိဘူး။ စောင့်ကြည့်နေတယ်။အရေးယူမှုအပိုင်းက ဘာလာမလဲဆိုတော့ အများကြီးရှိပါတယ်။ နိုင်ငံခြားသားက နိုင်ငံခြားငွေကိုဥပဒေနဲ့မညီဘဲ တင်သွင်းမှု၊ ဟွန်ဒီနဲ့လွှဲမှု၊ အခြားနည်းနဲ့ယူလာခြင်းတို့က ဥပဒေနဲ့ငြိနေပြီ။ နောက်တစ်ခုကကော်မရှင်က အမိန့်ထုတ်ပြီးပြောင်းပါ ပြောလျက်နဲ့ ကော်မရှင်ရဲ့အမိန့် ကို မလိုက်နာမှု။ကော်မရှင်အနေ နဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေမှာ ပြစ်ဒဏ်တွေပါတယ်။ ဒါကဘာလဲဆိုတော့ သူ့ရဲ့လုပ်ငန်းကိုအခွန်ကင်းလွတ်ခြင်းတွေရပ်ပစ်တာ လုပ်လို့ရတယ်။ အမည်ပျက်သွင်းတာတွေရှိလာနိုင်တယ်။ အရေးယူမှုအပိုင်းကတော့ ကော်မရှင်ရဲ့ ဥပဒေမှာ ထောင်ချတာတော့မပါဘူး။

**အဲဒီလို စိစစ်အရေးယူမယ်ဆိုရင်တော့ အမည်ခံတွေပျောက်သွားမယ်လို့ ပြောနိုင်ပါ့မလား။**

အရေးယူလိုက်မယ်ဆိုရင်တော့အရေခြုံသမားတွေ အရေခွာသွားမယ်။သို့သော်တချို့တွေက ကွာချင်မှလည်း ကွာမယ်။ အကြောင်းအမျိုးမျိုးကြောင့် တရားဝင်ပြောင်းလဲသွားတာတွေရှိတယ်။ မပြောင်းလဲဘဲ ကျန်တာလည်း ရှိကောင်းရှိလိမ့်မယ်။ အများစုက အရေးယူမယ်ဆို လမ်းကြောင်းပေါ်တက်လာမယ်လို့ မျှော်လင့်တယ်။ အရင်က ကုန်သွယ်ရေးမှာ မှောင်ခိုတွေ အရမ်းလုပ်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ လိုင်စင်ယူရတာခက်လို့။ ဒါပေမဲ့ လိုင်စင်ကိုလွယ်အောင် ဖြေလျှော့ပေးလိုက်တယ်။ တစ်ဖက်ကလည်း လိုင်စင်မယူဘဲ သွင်းလို့ရအောင် ICTကတ်တွေထုတ်ပေးခဲ့တယ်။ဒါပေမဲ့မှောင်ခိုတွေက ရှိနေတယ်။ ခက်တယ်ဆိုတာ လွယ်အောင်လုပ်ပေးပြန်တော့ရှိနေတာပဲ။အဲဒီတော့ ကိုယ်တို့ဘက်ကအရေးယူတာ၊အပြစ်ပေးတာလုပ်ရင်အများစုက လမ်းကြောင်းပေါ် တက်လာမယ်။မတက်သေးတာတွေအနည်းအကျဉ်းတော့ ရှိကောင်းရှိလိမ့်မယ်။

**မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး မေးချင်ပါတယ်။ လက်ရှိ ထိုင်းမှာ အာဏာသိမ်းမှုတွေဖြစ်နေတယ်။ မြန်မာနိုင်ငံမှာလည်း နိုင်ငံရေးနဲ့ပတ်သက်ပြီး ဥပမာ အခြေခံဥပဒေပြင်ဆင်ရေးလို နိုင်ငံရေး ရေချိန်တွေကလည်း ရှိနေတော့ ဒီနှစ်မှာ ရင်းနှီးမြှုပ်နှံမှုပမာဏ လျော့သွားမယ် ထင်ပါသလား။**

မထင်ပါဘူး။ ဒါနဲ့ ဆက်စပ်ပြောရရင်ကိုယ်တို့မှာရင်းနှီးမြှုပ်နှံမှုမာစတာပလန်ရေးဆွဲထားတယ်။ နောက်နှစ်မှာ ဘယ်လောက်ဝင်မယ်ဆိုတာကိုစီမံကိန်းထဲမှာမဟာဗျူဟာတစ်ခုပါတယ်။ ဘာလဲဆိုတော့ တရုတ်အပေါင်းတစ်၊ ထိုင်းအပေါင်းတစ်ဆိုတာပါပဲ။ တရုတ်မှာလည်း ရင်းနှီးမြှုပ်နှံသူတွေက တခြားကိုရွှေ့ဖို့ စဉ်းစားနေတယ်။ ထိုင်းမှာလည်း အရင်အစိုးရလက်ထက်မှာအနိမ့်ဆုံးလစာကို ဘတ် သုံးရာသတ်မှတ်ထားတယ်။ လုပ်ငန်းရှင်တွေ မလုပ်နိုင်မကိုင်နိုင်ဖြစ်တယ်။ ရှပ်နီ၊ ရှပ်ဝါပြဿနာတွေလည်းရှိတယ်။ တိုင်းပြည်ရဲ့ နိုင်ငံရေးတည်ငြိမ်မှုက မကောင်းတော့ ရင်းနှီးမြှုပ်နှံသူအနေနဲ့ အခြားနေရာကိုလိုက်ရှာကြတယ်။ တရုတ်၊ ထိုင်းတို့အပြင် မြန်မာနိုင်ငံရှိတယ်ဆိုတာကိုမြင်အောင် ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာထဲမှာထည့်ထားတယ်။ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ပတ်သက်ပြီးတော့လည်း အစိုးရသစ်တက်ကတည်းက ပြန်ကြည့်ရင် မကြာခင်ကပဲ ဘာသာရေးဆိုင်ရာပြဿနာတွေ ရှိခဲ့တယ်။ ရခိုင်မှာဖြစ်တယ်။ ကချင်မှာဖြစ်တယ်။ မိတ္ထီလာမှာဖြစ်တယ်။ ဒီလို ဟိုနားဖြစ်၊ ဒီနားဖြစ် လို့ ရင်းနှီးမြှုပ်နှံမှုကို ထိလားဆိုရင်မထိပါဘူး။သုံးလေးနှစ်အတွေ့အကြုံအရပြောတာပါ။ ပထမနှစ်နဲ့ ဒုတိယနှစ်နှိုင်းယှဉ်ရင်လေးဆကျော်တက်တယ်။ဒုတိယနှစ်နဲ့ တတိယနှစ်နှိုင်းယှဉ်ရင် သုံးဆကျော်တက်တယ်။ မျှော်မှန်းထားတာထက်ပိုပါတယ်။ လက်ရှိ ၄၃၆လှုပ်ရှားမှုက နိုင်ငံရေးလှုပ်ရှားမှုအနေနဲ့ ရှိနေတာ။

**အချပ်ပို**(A5) **သို့**

7Day News Journal
Vol.13, No.13 • JUNE 4 , 2014

# ဘင်္ဂလားဒေ့ရှ်နှင့် နှစ်နိုင်ငံတပ်ချင်း ၁၉ ရက်ကျော်ကြာ တင်းမာမှုအပြီး ...

**အောင်သစ်လွင်**

မြန်မာ–ဘင်္ဂလားဒေ့ရှ်နယ်စပ်အရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ချင်း ၁၉ ရက်ကျော်ကြာ တင်းမာမှုဖြစ်ပြီးနောက် သံတမန်နည်းအရ ဖြေရှင်းကာပြေလည်မှုရသွားပြီဖြစ်ကြောင်း ဇွန်လ ၁ ရက်ညတွင် ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မောင်တောနယ်စပ်မှတ်တိုင် ၃၇ အနီးရှိ လုံခြုံရေးရဲကင်းတစ်ခုကို မေလ ၁၃ ရက်က လက်နက်ကိုင်အဖွဲ့တစ်ခု ဝင်ရောက်ပစ်ခတ်ခဲ့ပြီး မေလ ၁၇ ရက်တွင် နောက်တစ်ကြိမ်ပစ်ခတ်မှုဖြစ်ကာ အမှတ် (၁)နယ်ခြားစောင့် လုံခြုံရေးရဲတပ်ဖွဲ့မှ ရဲတပ်သား လေးဦးကျဆုံးခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ နှစ်နိုင်ငံနယ်ခြားစောင့်တပ်ချင်း မေလ ၂၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အခြေစိုက်လှုပ်ရှားနေသည့် RSO အဖွဲ့က လာရောက်ပစ်ခတ်သောကြောင့် တာဝန်ယူဖြေရှင်းပေးရန် ပြောရာ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့် တပ် (BGB) က တာဝန်ခံမှုမရှိသောကြောင့် တင်းမာမှုများပိုမိုပြင်းထန်ခဲ့သည်။

နယ်စပ်မိုင်တိုင်၅၂အနီးတွင် ပြုလုပ်ခဲ့သည့် အဆိုပါဆွေးနွေးပွဲတွင် နှစ်ဘက်ပိုမိုတင်းမာခဲ့ပြီး RSO အဖွဲ့နှင့် ပတ်သက်၍တာဝန်ခံမှုမရှိပါက ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် နေရာကို သောင်းကျန်းသူနယ်မြေအဖြစ်သတ်မှတ်ကာ လိုအပ်ပါက ချေမှုန်းမှုများပြုလုပ်မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်အရာရှိများအား မြန်မာနိုင်ငံနယ်ခြားစောင့်လုံခြုံရေးရဲအရာရှိများက အသိပေးခဲ့သည်။

ယင်းနောက်ပိုင်းမြန်မာဘက်မှ လုံခြုံရေးတိုးမြှင့်၍ နယ်စပ်လုံခြုံရေးစောင့်ကြပ်နေစဉ် မေလ ၂၈ ရက်က မိုင်တိုင် (၅၁) အနီး မြန်မာပိုင်နက် ပေ ၈၀ ခန့်အကွာသို့ ခိုးဝင်လာသည့် အဝါရောင်ယူနီဖောင်းဝတ်လက်နက်ကိုင်နှစ်ယောက်အနက် တစ်ယောက်ကို အမ် ၂၂ တစ်လက်၊ ကျည်ကတ် ၄ ခု၊ ကျည် ၉၈ တောင့်နှင့်အတူ အသေဖမ်းမိခဲ့သည်။တစ်ယောက်မှာမူ ထွက်ပြေးသွားခဲ့သည်။ မြန်မာလုံခြုံရေးတပ်ဖွဲ့က ပစ်ခတ်၍ ကျဆုံးသူမှာ RSO အဖွဲ့မှမဟုတ်ဘဲ နယ်စပ်လုံခြုံရေးစောင့်နေသည့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ ဖြစ်ကြောင်း BGB က ပြောကာ အလောင်းနှင့် လက်နက်ကို ပြန်အပ်ရန် တောင်းဆိုခဲ့ပြီးနောက် တင်းမာမှုအရှိန်မြင့်လာခဲ့သည်။

ခိုးဝင်လာသောကြောင့် အသေဖမ်းမိသူမှာ အဝါရောင်ယူနီဖောင်းသာဝတ်ဆင်ထားပြီး အဆိုပါယူနီဖောင်းတွင် မည်သည့်အဖွဲ့အစည်းတံဆိပ်မှ တပ်ဆင်ထားခြင်းမရှိသောကြောင့် BGB တပ်မှ မဟုတ်ကြောင်း မြန်မာ့နယ်ခြားစောင့်တပ်က တုံ့ပြန်ခဲ့သည်။ တင်းမာမှုများအား သံတမန်နည်းလမ်းအရ ဖြေရှင်းနိုင်ရေးအတွက် ဖမ်းမိသည့် အလောင်းနှင့် လက်နက်ကို ပြန်လွှဲပေးအပ်ရန် မေလ ၃၀ ရက်က မိုင်တိုင် ၅၀ အနီး၌ ချိန်းဆိုစဉ် ဘင်္ဂလားဒေ့ရှ်ဘက်မှ လက်နက်ကိုင်အဖွဲ့တစ်ခုက စတင်ပစ်ခတ်သောကြောင့် မိနစ် ၂၀ ခန့်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အစိုးရကလည်း မြန်မာဘက်မှ စတင်ပစ်ခတ်ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သောကြောင်း အဆိုပါ စွပ်စွဲချက်များ မဟုတ်မှန်ကြောင်းနှင့် ဖြစ်စဉ်တစ်ခုလုံးအား မြန်မာနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဇွန်လ ၁ ရက်တွင် ပထမဆုံးအကြိမ်တရားဝင်ထုတ်ပြန်ခဲ့သည်။

မေလ ၃၀ ရက် ပစ်ခတ်မှုဖြစ်ပွားပြီးနောက်ပိုင်း စစ်ရေးပြင်ဆင်မှုအထိ အရှိန်မြင့်လာကာ မြန်မာနယ်စပ်စည်းမျဉ်းကို ကာကွယ်နေသည့် နယ်ခြားစောင့်လုံခြုံရေးရဲတပ်ဖွဲ့၏ နောက်တွင် တပ်မတော်က အသင့်ရှိနေပြီး ကျူးကျော်ရန်စလာသော ရန်သူကို တုံ့ပြန်နိုင်သည့် အင်အားရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက မေလ၃၁ ရက်ညတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မေလ ၂၈ ရက်မှ ဇွန်လ ၁ ရက်အထိ စစ်ရေးပြင်ဆင်သည့် သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့ပြီး မြန်မာ့တပ်မတော်မှ ဖရီးဂိတ်စစ်ရေယာဉ်ကို ရခိုင်သို့ ပို့ခဲ့သလို ဘင်္ဂလားဒေ့ရှ်ဘက်မှလည်း တင့်ကားခြောက်စီးခန့် မောင်တောနယ်စပ်သို့ ပို့ခဲ့သည်။ ထို့အပြင်စစ်ရေယာဉ်သုံးစီးလည်း မြန်မာရေပိုင်နက်အနီးသို့ရောက်ခဲ့သည်။

ဇွန်လ ၁ ရက် ည ၈နာရီ သတင်းတွင်မှ နှစ်နိုင်ငံနယ်ခြားစောင့်လုံခြုံရေးရဲတပ်ဖွဲ့ချင်း ပြေလည်မှုရကာ ဘင်္ဂလားဒေ့ရှ်ဘက်မှ တောင်းဆိုသော အလောင်းနှင့် လက်နက်ကို ပြန်လွှဲပေးခဲ့ပြီဖြစ်ပြီး သံတမန်နည်းအရ ဖြေရှင်းပြီးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက နိုင်ငံပိုင်ရုပ်/သံမှတစ်ဆင့် ကြေညာခဲ့သည်။

မောင်တောနယ်စပ်ပြဿနာ စတင်သည့်အချိန်တွင် တင်းမာမှုများအရှိန်မြင့်လာသည့်ကာလ တစ်လျှောက်လုံး အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အင်တာနက်လူမှုကွန်ရက်စာမျက်နှာပေါ်တွင်သာမက ရပ်ကွက်အတွင်း လက်ဖက်ရည်ဝိုင်းနှင့် နယ်ပယ်ပေါင်းစုံ၊ အလွှာပေါင်းစုံတွင် ကြိုတွေးပူပန်ကာ ထင်မြင်သုံးသပ်ဆွေးနွေးမှုများဖြစ်ခဲ့သည်။

ဖြစ်စဉ် အသေးစိတ်ကို ပြည်ပမီဒီယာနှင့် ဘင်္ဂလားဒေ့ရှ်ပြည်တွင်းမီဒီယာများက ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ကို မေးမြန်း၍ ရေးသားသော သတင်းများ နေ့စဉ်ထွက်ပေါ်ခဲ့သော်လည်း မြန်မာအစိုးရမီဒီယာများက သတင်းတစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိခဲ့ပေ။ မီဒီယာများအားလည်း သက်ဆိုင်ရာ အစိုးရဌာနများက တိကျသော သတင်းမပေးခဲ့ဘဲ နယ်စပ်ပြဿနာစတင်ဖြစ်ပွားသည့်အချိန်မှ ရက်ပေါင်း ၂၀ ကြာမှသာအစိုးရက တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။



*ဘင်္ဂလားဒေ့ရှ်နယ်စပ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်*

ဓာတ်ပုံ – မောင်ကံ

# တပ်မတော်(ရေ)မြန်မာ့ပင်လယ်ပြင်တွင် စစ်ရေးလေ့ကျင့်ဖွယ်ရှိ

**အောင်သစ်လွင်**

**ရန်ကုန်၊ ဇွန်-၂**

မောင်တောနယ်စပ်အရေးတင်းမာမှုဖြစ်ပွားပြီးနောက် တပ်မတော်(ရေ)မှ မြန်မာ့ပင်လယ်ပြင်ပိုင်နက်တွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်သွားဖွယ်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

“သိပ်မကြာခင် စစ်ရေးလေ့ကျင့်ဖို့ ပြင်ဆင်နေတယ်လို့ သိရတယ်။ ရက်အတိအကျကိုတော့ မသိရသေးဘူး။ မောင်တော နယ်စပ်ပြဿနာနဲ့ ပတ်သက်လို့ ဘင်္ဂလားဒေ့ရှ်ရေတပ်ဘက်က အပြုအမူတွေကြောင့် တပ်မတော်(ရေ) က အခုလိုပြင်ဆင်ဖို့ လုပ်တာလည်းဖြစ်နိုင်တယ်”ဟု အမည်မဖော်လိုသော အဆိုပါအရာရှိကပြောသည်။

မောင်တောနယ်စပ်တင်းမာမှုများဖြစ်ပေါ်နေစဉ်ကာလအတွင်း ဘင်္ဂလားဒေ့ရှ်ရေတပ်ဘက်မှ စစ်ရေယာဉ်သုံးစီး မောင်တောမြို့အနီး အုန်းကျွန်းအနီးသို့ လာရောက်ကာ ဟန်ရေးပြမှုလုပ်ခဲ့ကြောင်းအမှတ်(၁)နယ်ခြားစောင့်လုံခြုံရေးရဲတပ်ဖွဲ့မှ ဒုရဲမှူးအဆင့်ရှိ အရာရှိတစ်ဦးကလည်းပြောသည်။

“မြန်မာရေပိုင်နက်နဲ့ နှစ်မိုင်၊ သုံးမိုင်အကွာကို ဘင်္ဂလားဒေ့ရှ်ဘက်က စစ်ရေယာဉ်သုံးစီး ရောက်လာတယ်။ သူတို့က ရေယာဉ်ပေါ်မှာ တပ်ဆင်ထားတဲ့ အမြောက်ပြောင်းတွေကိုတော့ ရေတပ်ဥပဒေအတိုင်း ဖုံးအုပ်ထားတယ်။ ပစ်မှတ်ရှာတဲ့ ရေဒါဖွင့်တာမျိုးလည်း မလုပ်ခဲ့ပါဘူး။ အခုတော့ မရှိတော့ပါဘူး”ဟုပြောတယ်။

အပြည်ပြည်ဆိုင်ရာ ရေတပ်ဥပဒေအရ မိမိရေပြင်ပိုင်နက်အနီးသို့ စစ်ရေယာဉ်များလာရောက်ပြီး ရေယာဉ်ပေါ်တွင်ရှိသည့် အမြောက်ကို အသင့်အနေအထားဖြင့် ပြင်ဆင်ထားခြင်း၊ ပစ်မှတ်ရှာသည့် ရေဒါကိုဖွင့်ခြင်းများပြုလုပ်ပါက ပစ်ခွင့်ရှိကြောင်း ဧည့်ဝတီရေတပ်စခန်းမှ အရာရှိတစ်ဦးကပြောသည်။

လက်ရှိတွင် မောင်တောနယ်စပ်လုံခြုံရေးအတွက် နယ်ခြားစောင့်ရဲတပ်ရင်းသုံးခုမှ တာဝန်ယူထားပြီး စစ်တပ်ဘက်မှလည်း အရန်သင့်ရှိနေကြောင်း အမှတ် (၄) ရဲတပ်ရင်းများကွပ်ကဲရေးအဖွဲ့မှ ရဲမှူးကြီး ထွန်းဦးကပြောသည်။ ရခိုင်ပြည်နယ် မောင်တောမြို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်းရော၊ ရေပိုင်နက်ပါ ထိစပ်နေပြီး သတ်မှတ်ထားသည့် နယ်မြေ (၁) မှ (၃) အထိမှာ ကုန်းမြေနှင့် ထိစပ်နေကာနယ်မြေ(၃)မှ(၇) အထိ နတ်မြစ်နှင့်ခြားနေကာ ပင်လယ်ဖက်သို့ ရေပြင်ချင်းဆက်စပ်သွားသည်။

တပ်မတော(ရေ)မှ နောက်ဆုံးစစ်ရေးလေ့ကျင့်မှုအဖြစ် စစ်ရေယာဉ်မျိုးစုံအစီး ၂၀ ပါဝင်သည့် စစ်ရေးလေ့ကျင့်မှုကို ကိုကိုးကျွန်းအနီးတွင် မေလ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# အရှိန်မြင့်လာသော ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းများ

**ထွန်းခိုင်၊ ရန်မျိုးနိုင်**

မျက်စိတစ်ဆုံးပြည့်နေသည့် ကွင်းပြင်ထဲ လူထုကြီးက ဒေါ်အောင်ဆန်းစုကြည်ထံမှ စိတ်အားတက်ကြွစရာစကား တစ်ခွန်းထွက်လာတိုင်း လက်ခုပ်သြဘာ ပေးကြသည်။

တပ်မတော်အနေဖြင့် အာဏာနှင့်အခွင့်အရေးကိုမမက်မောဘဲ တိုင်းပြည်ကိုချစ်လျှင် အခြေခံဥပဒေကိုပြင်၍ သက်သေပြရန် ဒေါ်အောင်ဆန်းစုကြည်၏စိန်ခေါ်သံကို ကွင်းလုံးပြည့်လာရောက်နားထောင်နေသူများက သဘောကျမဆုံး။

"အာဏာမက်မောလို့၊ အထူးအခွင့်အရေးမက်မောလို့၊ နေရာမက်မောလို့ လုပ်နေတာမဟုတ်ဘူးဆိုတာသက်သေထူလိုက်ပါလို့ ကျွန်မကတိုက်တွန်းချင်ပါတယ်။ တိုက်တွန်းတယ်ဆိုတာထက်တစ်နည်းအားဖြင့်ပြောရရင် စိန်ခေါ်မှုလို့လည်းပြောလို့ရပါတယ်။ ကျွန်မစိန်ခေါ်ပါတယ်"ဟု မန္တလေးမြို့ အောင်ပင်လယ်ကွင်းတွင် ၎င်း၏မိန့်ခွန်းကိုလာရောက်နားထောင်နေသည့် လူအများကိုမေလ ၁၈ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ခြင်းဖြစ်သည်။

နောက်လေးရက်အကြာတွင်တော့ ရွှေးကောက်ပွဲကော်မရှင်က ဒေါ်အောင်ဆန်းစုကြည်၏တပ်မတော်ကို စိန်ခေါ်ပြောဆိုမှုများသည် အခြေခံဥပဒေကခွင့်ပြုထားသည့်အတိုင်းအတာကိုကျော်လွန်နေကြောင်းအကြောင်းကြားစာပို့ပြီးသတိပေးခဲ့သည်။

"တကယ်ရင်ကြားစေ့ရေးလုပ်မယ်ဆိုရင်တော့ တစ်ယောက်နဲ့တစ်ယောက် သိပ်ကွာဝေးသွားစေမယ့် စကားမျိုးဆင်ခြင်စေချင်တယ်"ဟု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဗဟိုအလုပ်အမှုဆောင်ဦးထွန်းရီကပြောသည်။

ယခုလတ်တလောမြင့်တက်နေသည့် နိုင်ငံရေးအရှိန်သည် ၁၉၉၀နှစ်ကာလများဆီသို့ ပြန်လည်သတိရစေသည်။ ထိုစဉ်က တပ်မတော်အနေဖြင့် နိုင်ငံရေးနှင့်ကင်းကင်းရှင်းရှင်းနေရန်၊ တိုင်းသူပြည်သားများအား ပစ်ခတ်ချုပ်ချယ်မှုများမလုပ်ရန် ပွင့်ပွင့်လင်းလင်းဝေဖန်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ စကားများသည် လူကြိုက်များလှသည့် မိန့်ခွန်းများဖြစ်သော်လည်း ယင်းအပြောအဆိုမျိုးကို တပ်ဘက်ကမူ တပ်မတော်ကို ဖြိုခွဲမည့်လုပ်ရပ်အဖြစ် ရှုမြင်ခဲ့သည်။




*ဗိုလ်စိန်မှန်ကွင်းတွင် ခြေဥပြင်ဆင်ရေးမိန့်ခွန်းပြောနေသည့် ဒေါ်အောင်ဆန်းစုကြည်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ))

နှစ်ပေါင်း ၂၄နှစ်ကြာပြီဖြစ်သော်လည်း သူမြင်တွေ့လိုသည့် တပ်မတော်ပုံစံကို ဒေါ်အောင်ဆန်းစုကြည်ဘက်က ပွင့်ပွင့်လင်းလင်း ဝေဖန်ဆဲဖြစ်ပြီး ယင်းကဲ့သို့ သူပြောဆိုလိုက်တိုင်း တပ်ဘက်ကလည်း အပြင်းအထန်တုံ့ပြန်ဆဲဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းများနှင့် ပတ်သက်၍ "အန်တီစုက ဒါ သူ့စတိုင်ပဲ။ လွှတ်တော်ထဲမှာလည်း အစည်းအဝေးတွေမှာ တွေ့နေတာပဲ။ သူတမင်လုပ်နေတာလည်းမဟုတ်ဘူး။ သူ့စတိုင်နဲ့သူလုပ်နေတာပဲ။ သူစစ်တပ်ကိုပြောနေတာ အခုမှပြောနေတာလည်းမဟုတ်ဘူး။ အရင်ကတည်းကပြောနေတာပဲ"ဟု တပ်မတော်သားဟောင်းတစ်ဦး ဖြစ်သည့် သာပေါင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းသန်းကပြောသည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၎င်း၏ လှုပ်ရှားမှုအပေါ် နိုင်နင်းရန်လိုအပ်ပြီး မနိုင်နင်းပါက သူတစ်ပါးဝင်ထိန်းရဖွယ်ဖြစ်သွားနိုင်သည်ဟု ၎င်းကသုံးသပ်သည်။

အတိုက်အခံခေါင်းဆောင်၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည် ရာစုနှစ်ထက်ဝက်နီးပါး တိုင်းပြည်၏အမိကနေရာများကို တပ်မတော်အရာရှိများကသာ ချုပ်ကိုင်ထားသည်ကိုအမြဲတစေထောက်ပြဝေဖန်ခဲ့သည်။ တပ်မတော်သည်တိုင်းပြည်ကာကွယ်ရန်သာ တာဝန်ယူသင့်ပြီး အုပ်ချုပ်ရေးနယ်ပယ်တွင် နှစ်ပေါင်းများစွာ ဝင်ရောက်နေရာယူထားမှုများကိုလည်း ဒေါ်အောင်ဆန်းစုကြည်က တစ်စိုက်မတ်မတ်ဝေဖန်ခဲ့သည်။

မြန်မာ့တပ်မတော်ကို နိုင်ငံတကာတပ်မတော်များနည်းတူနိုင်ငံရေးနှင့် အုပ်ချုပ်ရေးတွင် ဝင်မစွက်ရန် ၎င်း၏တိုက်တွန်းပြောကြားချက်များကို ပြည်တွင်းပြည်ပမှ ၎င်းအားထောက်ခံသည့်သန်းပေါင်းများစွာသော သူများကအမြဲတစေထောက်ခံခဲ့သည်။

သို့သော်လည်း တိုင်းပြည်၏အာဏာကို ချုပ်ကိုင်ထားသည့်စစ်ဗိုလ်ချုပ်ကြီးများကတော့ ၎င်း၏အကြံပေးချက်များကိုတပ်မတော်ဖြိုခွဲမည့်လုပ်ရပ်များအဖြစ် ရှုမြင်ကြသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဘောလုံးပွဲတစ်ပွဲစာမျှ ကြာမြင့်သည့် မိန့်ခွန်းရှည်ကြီးများ၊ အပြန်အလှန်စကားစစ်ထိုးပွဲများ၊ ရေဒီယိုတွေ့ဆုံမေးမြန်းခန်းများထဲမှ ပြောစကားအားလုံး၏အနှစ်သာရကို ချန်လှပ်ပြီး တပ်မတော်နှင့်ပတ်သက်သည့် အားပါပြင်းထန်သည့် ပြောစကားများကိုသာအသုံးပြုပြီး တပ်မတော်ကိုဖြိုခွဲရေးဒေါ်အောင်ဆန်းစုကြည် လုပ်ဆောင်နေကြောင်း မကြာခဏ ပုံဖော်ခံခဲ့ရသည်။

၁၉၉၀ ရွေးကောက်ပွဲမတိုင်မီ လပိုင်းအလိုတွင် ယင်းကဲ့သို့သော စိတ်ဓာတ်စစ်ဆင်ရေးမျိုး တပ်မတော်အတွင်းတွင် ဖြန့်ဖြူးခဲ့သည်။ 7Day News မှ ရရှိသောအထောက်အထားများအရ ၁၉၉၀ ရွေးကောက်ပွဲမကျင်းပမီလပိုင်းအလို ၁၉၈၉ ဒီဇင်ဘာလအတွင်းတွင် ကက(ကြည်း)သုတေသနဌာနခွဲမှ "တပ်မတော်အားဖြိုခွဲရေးလုပ်ရပ်များ"အမည်ဖြင့် စာမျက်နှာ ၁၅၇မျက်နှာပါစာအုပ်တစ်အုပ် ထုတ်ဝေခဲ့သည်။

ယင်းစာအုပ်တွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင်အတိုက်အခံနိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၏ ပြောစကားများကို ဖော်ပြထားပြီးတပ်မတော်အားဖြိုခွဲမည့် လုပ်ရပ်များအဖြစ်သတ်မှတ်ခဲ့သည်။

"အခုတစ်လော နိုင်ငံရေးအရှိန်က မြင့်မြင့်လာတယ်။ နေပြည်တော်မှာ ပြောတဲ့ ဒေါ်စုရဲ့ မိန့်ခွန်းတွေက နည်းနည်းလေးသတိထားရမယ်ထင်တယ်"ဟု နိုင်ငံရေးလေ့လာသုံးသပ်သူတစ်ဦးက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပါတီအနိုင်ရသွားခဲ့သော်လည်း အာဏာလွှဲပြောင်းပေးရန် ငြင်းဆန်ခဲ့သည့် ၁၉၉၀ရွေးကောက်ပွဲနောက်ပိုင်းတွင်လည်း စစ်အစိုးရက နိုင်ငံပိုင်သတင်းမီဒီယာများမှ တစ်ဆင့် ဒေါ်အောင်ဆန်းစုကြည်ကိုဦးတည်ပြီးတိုင်းပြည်နှင့်တပ်မတော်ကို ဖြိုခွဲမည့်သူအဖြစ်ပုံဖော်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကို အားပေးထောက်ခံသူများကိုပါ ထောင်သွင်းအကျဉ်းချကာနည်းမျိုးစုံဖြင့် နှိပ်စက်ခဲ့သည်။ ၎င်း၏ပါတီဝင်များကိုသာမက ပါတီဝင်များ၏ မိသားစုများကိုပါအနုနည်းအကြမ်းနည်းမျိုးစုံသုံးကာ ခြိမ်းခြောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ပုံရိပ်ကို ၎င်းကို အားပေးထောက်ခံသူများနှင့်ဝေးရာကို ပို့ဆောင်ရန်ကြိုးပမ်းခဲ့သည်။ နှစ်ရှည်အကျဉ်းချခြင်း၊ ဟောပြောပွဲများ ပိတ်ပင်ခြင်းများပြုလုပ်ခဲ့သည်။

နောက်ဆုံးတင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဆန္ဒပြပြည်သူများအသုံးပြုခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ ဖခင်ပုံရိပ်များကို ပင်လူထုနှင့်အဝေးဆုံးဆီသို့ ပို့ဆောင်ပစ်ခဲ့သည်။

ထိုအခြေအနေများသည် အစိုးရသစ်တက်လာခြင်းနှင့် အတူ အဆုံးသတ်သွားမည့် အရိပ်အယောင်များလည်း မကြာခဏမြင်တွေ့ရသည်။ အစိုးရသစ်၏ သမ္မတက ဒေါ်အောင်ဆန်းစုကြည်အား သီးသန့်ခေါ်ယူတွေ့ဆုံခဲ့သည်။ အစိုးရသတင်းစာများတွင်လည်း ဒေါ်အောင်ဆန်းစုကြည်ကို ဦးတည်တိုက်ခိုက်ခြင်းများ ရင်ဆိုင်သွားခဲ့သည်။

အခြားအရာများ ပြောင်းလဲသွားခဲ့သော်လည်း တပ်မတော် နိုင်ငံရေးနှင့် ဝေးဝေးနေရန် ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်များကိုတော့လက်ရှိတပ်မတော်အရာရှိများနှင့် တပ်မတော်အရာရှိဟောင်းများ၏ သဘောထားက မပြောင်းလဲဘဲ ၁၉၉၀ နှစ်များတုန်းက တုံ့ပြန်မှုအတိုင်းသာ တုံ့ပြန်ခဲ့သည်။

အထူးသဖြင့် အငြင်းပွားဖွယ် ၂၀၀၈ အခြေခံဥပဒေမှ သာမန်တိုင်းသူပြည်သားများလို ငါးနှစ်တစ်ကြိမ်ကျင်းပသည့် ရွေးကောက်ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်စရာမလိုဘဲ လွှတ်တော်အမတ်နေရာများ၏ ၂၅ ရာခိုင်နှုန်းကို တပ်မတော်သားများက အမြဲတစေရရှိနေသည့် ကိစ္စများကို ဒေါ်အောင်ဆန်းစုကြည်က ဝေဖန်တိုင်းတပ်မတော်အရာရှိဟောင်းများက ပြင်းပြင်းထန်ထန်တုံ့ပြန်လေ့ရှိသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအဆင်ပြေချောမွေ့စေရေးအတွက် သမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်နာယက သူရဦးရွှေမန်းနှင့် နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ်ကျင်းပလိုကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ မေတ္တာရပ်ခံချက်ကို ဦးသိန်းစိန်ဘက်က ပယ်ချခဲ့ပြီးဝေဖန်မှုများထွက်ပေါ်ခဲ့ပြီးနောက်တွင်လည်း သမ္မတဘက်က ယခင်အစိုးရများလုပ်လေ့ရှိသည့်နည်းလမ်းများနှင့် ခပ်ဆင်ဆင်တစ်ခုဖြင့် တုံ့ပြန်ခဲ့သည်။

"မင်းသားကြီးမလုပ်ရလို့ ပတ်မကြီး ထိုးဖောက်တဲ့ နိမ့်ကျတဲ့ စိတ်ဓာတ်တွေ ဖျောက်ဖျက်ဖို့ လိုတယ်"ဟု သမ္မတက သူ၏ မိန့်ခွန်းတစ်ခုတွင် ထည့်သွင်းပြောဆိုခဲ့ပြီး ထိုစကားများသည် စစ်အစိုးရလက်ထက်က ဒေါ်အောင်ဆန်းစုကြည်အား ရည်ညွှန်းရေးသားသည့် အသေရေဖျက် ဆောင်းပါးများတွင်ထည့်သွင်းရေးသားလေ့ရှိသည့် "မင်းသမီးကြီးမလုပ်ရလို့ ပတ်မကြီးထိုး ဖောက်သူ"ဆိုသည့် အသုံးအနှုန်းများကို ပြန်လည် သတိရစေခဲ့သည်။

ပြီးခဲ့သည့် မေလ ၁၈ ရက်က မန္တလေးမြို့ အောင်ပင်လယ်ကွင်းတွင် တပ်မတော်အကြောင်းထည့်သွင်းပြောကြားခဲ့သည်ကိုလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးဟောင်း ခေါင်းဆောင်သည့် ရွေးကောက်ပွဲကော်မရှင်က ဒေါ်အောင်ဆန်းစုကြည်ကို သတိပေးစကားပြောခဲ့သည်။

**အချပ်ပို** (A7) **သို့**

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.13 • JUNE 4 , 2014

# ထိမိပွတ်မိ ဦးရာလူဖြစ်တဲ့ လမ်းမပေါ်က ပြဿနာ



***ရန်ကုန်မြို့လယ်တစ်နေရာကိုတွေ့ရစဉ်***

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## မိုးညို

ရန်ကုန်တွင် တိုးပွားလာသော ကားစီးရေနှင့် စည်းမဲ့ကမ်းမဲ့ မောင်းနှင်မှုများ နေ့စဉ်တိုးပွားလာသည့်အချိန်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားမှုနှုန်းက နေ့စဉ်မြင့်တက်လာဆဲဖြစ်သည်။

သီတင်းတစ်ပတ်လျှင် ယာဉ်တိုက်မှု ၄၀ ထက်မနည်း ဖြစ်ပွားနေသည့် ရန်ကုန်တွင် တစ်ဖက်နှင့်တစ်ဖက် ယာဉ်မတော်တဆမှုများ ဖြစ်ပွားပါက မိမိမှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ပိုင်ပိုင်နိုင်နိုင် ထိထိရောက်ရောက် ပြောဆိုနိုင်သူက အများအားဖြင့် လျော်ကြေးရနိုင်သည့် အခြေအနေကို ရန်ကုန်မြို့မှ ယာဉ်မောင်းများက သိရှိထားကြသည်။

ကားအာမခံထားသော အလေ့အထ အားနည်းသည့် မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ယာဉ်ကြောရှုပ်ထွေးမှု တစ်နေ့တခြားဆိုးရွားလာပြီး နည်းလမ်းမကျသည့် ဖြေရှင်းမှုကြောင့် နှစ်ဦးနှစ်ဖက် နစ်နာမှုများက လမ်းမများပေါ်တွင် နေ့စဉ်ဖြစ်ပေါ်နေသည်။

"ကိုယ့်ဘက်ကမှားနေလည်း အလျော်ရအောင်တစ်ဖက်လူကို ဖိဟောက်လိုက်ရင် အလိုလိုနေရင်း ကိုယ့်ဘက်က အမှန်လို ဖြစ်သွားတာတွေလည်း ရှိတယ်" ဟု လှိုင်သာယာနှင့် သီရိမင်္ဂလာဈေး မောင်းနှင်ပြေးဆွဲနေသည့် ကုန်တင်ယာဉ်မောင်း ကိုမြင့်နိုင်စိုးက သူ၏အတွေ့အကြုံကို ပြောပြသည်။

အစိုးရသစ်လက်ထက်တွင် လူတစ်ဦးလျှင် ကားတစ်စီး Free Permit ဖြင့် တင်သွင်းခွင့်ပြုပြီးနောက် နိုင်ငံ၏ လူဦးရေ သန်း ၆၀ ကျော်အနက် ကားစီးနင်းနိုင်သူ လူဦးရေမှာ သိန်း ၃၀ ထိ ရှိလာပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

ထို့ကြောင့် ယခင်အစိုးရလက်ထက်က လူတန်းစားတစ်ရပ်နှင့် ငွေကြေးတတ်နိုင်သူအချို့သာ စီးနင်းနိုင်ခဲ့သည့် ကားအများစုမှာ လက်ရှိတွင် အနည်းဆုံး ကျပ်သိန်း ၈၀ မှ သိန်း ၁၀၀ နီးပါးဖြင့် ဝယ်ယူစီးနင်းလာနိုင်ကာ ကားစီးရမှာလည်း မြင့်သထက်မြင့်လာသည်။

အထင်ကရ လမ်းမကြီးများမှ လွဲ၍ နည်းပညာမြင့် အသုံးပြုထားသည့် CCTV များမရှိခြင်း၊ ရန်ကုန်တွင် ယာဉ်ထိန်းအင်အားမလောက်ခြင်းများက ယာဉ်မတော်တဆမှုများ ဖြစ်ပွားပါက နှစ် ဦးနှစ်ဖက် ပြဿနာကို အဆင်ပြေသလို ကိုယ်တိုင်ဖြေရှင်းနေကြရမြဲ ဖြစ်သည်။

နိုင်ငံတကာတွင် ယာဉ်တိုက်မှုဖြစ်ပွားပါက နှစ်ဖက်ယာဉ်မောင်းအချင်းချင်း ဖြေရှင်းညှိနှိုင်းခြင်းမျိုး မပြုလုပ်ဘဲ နှစ်ဖက်လုံးမှ အာမခံထားသည့် ကုမ္ပဏီနှစ်ခုကသာ ဖြေရှင်းပေးနေခြင်းဖြစ်ပြီး ဖြေရှင်း၍မရသဖြင့် တရားရင်ဆိုင်ရမည်ဆိုပါက အာမခံကုမ္ပဏီ နှစ်ခုကသာ ဆက်လက်တရားရင်ဆိုင်ကြသည်ဟု အောင်သစ္စာဦး အာမခံကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဘထွန်းက ရှင်းပြ သည်။

"နိုင်ငံခြားမှာ ကားအချင်းချင်းတိုက်မိရင် အာမခံကုမ္ပဏီကို ဆက်သွယ်လိုက်ရုံပဲ။ အချိန်တန်ရင် ကိုယ်က လျော်ကြေးရမယ်" ဟု ဦးဘထွန်းက ဆိုသည်။

မော်တော်ယာဉ်အလုံးစုံအာမခံကို ပြည်ပနိုင်ငံအများစုတွင် မထားမနေရထားရှိရပြီး မြန်မာနိုင်ငံတွင်မူ မိမိစိတ်ကြိုက် နှစ်သက်မှသာ ထားရှိနိုင်သည်။ အလုံးစုံအာမခံကို ပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၁ ခုက ဆောင်ရွက်လျက်ရှိပြီး တစ်စုံတစ်ရာ ထိခိုက်မှု ဖြစ်ပွားပါက အာမခံကုမ္ပဏီနှင့် ချိတ်ဆက်ထားသည့် ဝပ်ရှော့များသို့ သွားရောက်ပြုပြင်ပေးပြီး ကျသင့်ငွေကို ဝပ်ရှော့က အာမခံကုမ္ပဏီသို့ တောင်းခံနိုင်သည်။

ပုဂ္ဂလိက အာမခံကုမ္ပဏီများတွင် တစ်လလျှင် မော်တော်ယာဉ်အလုံးစုံ အာမခံ ၁၀ စီးမှ ၁၅ စီးအထိ အာမခံလျော်ကြေးပေးနေရပြီး အဆိုပါ အာမခံအပေါ် စိတ်ဝင်စားမှုနှုန်း မြင့်တက်လာပြီဖြစ်ကြောင်း ပုဂ္ဂလိက အာမခံကုမ္ပဏီများက ဆိုသည်။

"အာမခံထားရင် ကိုယ့်ဘက်က မှားမှား၊ သူ့ဘက်က မှားမှား ပျက်စီးဆုံးရှုံးသွားတဲ့ အရာကို အ လျော်ပြန်ရတယ်။ ကျွန်တော် ကားနှစ်စီးကို နောက်ကနေ ဆင့်တိုက်တုန်းက ရှေ့ကကားနှစ်စီးလုံးကို ကုမ္ပဏီက လျော်ပေးတယ်။ ပုံမှန်ကတော့ ကုမ္ပဏီအနေနဲ့ ရှေ့ကားတစ်စီးတည်းလျော်ရင် လုံလောက်ပါတယ်" ဟု Grand Guardian အာမခံကုမ္ပဏီမှ ယာဉ်တိုက်မှုဖြစ်၍ အလျော်ရခဲ့ဖူးသူ ကားပိုင်ရှင်တစ်ဦးက ဆိုသည်။

ထို့ကြောင့် ယာဉ်တိုက်မှုဖြစ် ပွားပါက ကားတစ်စီးချင်းစီ၏ အာမခံထားရှိခြင်းက နှစ်ဦးနှစ်ဖက်လုံးအတွက် မည်သူကမှားမှား၊ မှန်မှန် လျော်ကြေးရနိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း အထက်ပါ ကားပိုင်ရှင်က ပြောသည်။

နိုင်ငံတကာတွင် ကားမတော်တဆမှုများ ဖြစ်ပွားပါက ဖြစ်ပွားသည့်နေရာတွင်ပင် ယာဉ်မောင်းက ကားကို ထားခဲ့ကာ အာမခံကုမ္ပဏီသို့ ဆက်သွယ်ပြီး ငါးမိနစ်အတွင်း သက်ဆိုင်ရာရဲက လာရောက်စစ်ဆေးမှတ်တမ်းရယူလေ့ရှိကြောင်းထိုင်းနိုင်ငံတွင် ၂နှစ်ကြာ မီဒီယာလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်ခဲ့ဖူးသူတစ်ဦးက ဆိုသည်။

စင်ကာပူကဲ့သို့ နိုင်ငံမျိုးတွင် အများစုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာကြပြီး ယာဉ်တိုက်မှုဖြစ်ပွားပါက အာမခံကုမ္ပဏီဖြင့်သာ လျော်ကြေးကိစ္စကို ဆက်လက်ညှိနှိုင်းကြသည်ဟု စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော ကိုဝေယံထက်က ပြောသည်။

"ဒီမှာက မတော်တဆဖြစ်ရင်လည်း စည်းကမ်းတကျ ဖြေရှင်းတယ်။ မြန်မာနိုင်ငံနဲ့တော့ တခြားစီပဲ" ဟု ကိုဝေယံထက်က ဆိုသည်။

ရန်ကုန်၌ လက်ရှိတွင် အများအားဖြင့် ယာဉ်မတော်တဆမှုဖြစ်ပွားပါကအများစုကသက်ဆိုင်ရာရဲသို့ ဆက်သွယ် အကြောင်းကြားခြင်းမရှိဘဲ ယာဉ်မောင်းနှစ်ဦးက မိမိဘာသာမိမိ ညှိနှိုင်းဖြေရှင်းကြသည်ကများပြီး နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ အဆင်မပြေမှသာ ယာဉ်ထိန်းရုံးသို့ ဆက်သွယ်အကြောင်းကြားကြသည်ဟု ဒဂုံမြို့နယ်မှ လမ်းပြယာဉ်ထိန်းရဲတစ်ဦးက ၎င်း၏ အတွေ့အကြုံကို ပြောပြသည်။

အဓိကအားဖြင့် ကားအချင်းချင်း ပွတ်ဆွဲခြင်း၊ ငြိခြင်းများ ဖြစ်ပေါ်ပါက ရန်ကုန်မှ ယာဉ်မောင်းအများစုသည် ယာဉ်မောင်းသူနှစ်ဦးနှစ်ဖက်သာ ဖြေရှင်းပြီး ညှိနှိုင်းရန် လုံးဝအဆင်မပြေမှသာ ယာဉ်ထိန်းရဲ (သို့မဟုတ်) နယ်မြေရဲကို အကူအညီတောင်းခံဖြေရှင်းနေရသည်ဟု ကုမ္ပဏီကားမောင်းနှင်နေသူ ယာဉ်မောင်း ကိုဇော်လတ်က ဆိုသည်။

"တကယ်လို့ ယာဉ်မတော်တဆဖြစ်ရင် လူဆိုတာ ကိုယ့်ဘက်က အမှန်ပဲ ပြောကြမှာချည်းပဲ။ အခင်းဖြစ်တဲ့နေရာမှာ အဓိကမှတ်တမ်းသက်သေက အရေးကြီးဆုံးပဲ။ ဒါမှ လျော်ကြေးကိစ္စ ဖြေရှင်းတဲ့ အခါမှာ မနစ်နာရမှာ" ဟု ရန်ကုန်တိုင်းဒေသကြီးအမှတ် (၂) ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မျိုးအောင်က ပြောသည်။

အဓိကအားဖြင့် ယာဉ်တိုက်မှုဖြစ်ပွားပါက မိမိတွင်ပါလာသည့် ဖုန်း (သို့မဟုတ်) ကင်မရာဖြင့် မှတ်တမ်းဓာတ်ပုံရိုက်ယူထားခြင်း၊ မူလနေရာမှ မပျက်ယွင်းအောင်ထားရှိခြင်း၊ ထိခိုက်ထားသည့်အနေအထား မပျက်ယွင်းအောင် ထားရှိခြင်းမျိုး ပြုလုပ်ထားသင့်ပြီး အချင်းများ ရန်စောင်မှုများ စတင်ဖြစ်ပွားပါက သက်ဆိုင်ရာနယ်မြေရဲသို့ ဆက်သွယ်အသိပေးသင့်ကြောင်း အထက်ပါ ရဲအုပ်က အကြံပြုပြောဆိုသည်။

"ဖြစ်ပြီဆိုတာနဲ့ ခင်ဗျားလည်း မရွေ့နဲ့ ကျွန်တော်လည်း မရွေ့ဘူး။ ဒီတိုင်းထားမယ်ဆိုပြီး ရဲကို ဆက်သွယ်တာ ပိုကောင်းမယ်။ နယ်မြေရဲကမှတစ်ဆင့် ကျွန်တော်တို့ ယာဉ်ထိန်းရဲကို ဆက်သွယ်လာပါလိမ့်မယ်။ ဒါက လုပ်ထုံးလုပ်နည်း အမှန်ပါပဲ" ဟု ရဲအုပ်မျိုးအောင်က ဆက်လက်ပြောကြားသည်။

"တချို့က ကားမောင်းသက်တမ်းနုတော့ ကိုယ်ကမှန်တယ်၊ အလျော်လည်းရနိုင်တဲ့အခြေအနေ၊ ဒါပေမဲ့ မှန်နေရဲ့သားနဲ့ မှားနေတယ်ထင်ပြီး မဖြေရှင်းဘဲ ကားကို မောင်းပြေးကြတာ ကြုံဖူးတယ်" ဟု အဆိုပါ ယာဉ်မောင်းက ပြောသည်။

ယာဉ်မတော်တဆမှုဖြစ်ပွား၍ မိမိဘက်မှ မှန်သည်ဟု ဖြေရှင်းနိုင်ပါက တစ်ဖက်ယာဉ်မောင်း၏ ဗီးတက်၊ အုံနာဘုတ်၊ လိုင်စင်တို့ကို သိမ်းဆည်းထားသင့်ပြီး တစ်ဖက်ယာဉ်မောင်းကို ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်တို့ကို ယူထားသင့်ကြောင်း ကိုဇော်လတ်က အကြံပြုပြောကြားသည်။

လိုင်စင်သိမ်းဆည်းရာတွင်မူ လက်ရှိတွင် လိုင်စင်အတုများ ပေါ်ပေါက်နေခြင်းကြောင့် စိတ်မချရနိုင်ဘဲ ဗီးတက်၊ အုံနာဘုတ်၊ ကားနံပါတ်တို့ကို စိတ်ချစွာ မှတ်သားသိမ်းဆည်းထားသင့်ကြောင်း ၎င်းက ဆိုသည်။

"တစ်ဖက်က အရမ်းဖိဟောက်နေတာတွေ၊ ဆဲဆိုတာမျိုးတွေ ရှိလာရင် ကိုယ့်ဘက်က မှန်နေရဲ့သားနဲ့ ကြောက်စိတ်ကဝင်လာပြီး သူပြောသမျှတွေလည်း လုပ်ပေးခဲ့ရဖူးတယ်။ ကားမောင်းတဲ့သက်တမ်း နုစဉ်တုန်းကပေါ့" ဟု ကိုဇော်လတ်က သူ၏ အတွေ့အကြုံကို ပြောပြသည်။

ယခုနောက်ပိုင်းတွင် ယာဉ်မောင်းအများစုမှာ အမျိုးသမီးယာဉ်မောင်းများပြားလာခြင်း၊ သက်တမ်းနုယာဉ်မောင်းငယ်များလည်း လိုင်စင်ရှိရုံဖြင့် ဝင်ရောက်မောင်းနှင်နေခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားပါက ဖြေရှင်းရန် အခက်ကြုံနေရသည်ဟု အငှားယာဉ်မောင်း ကိုစိုးသိမ်းဝင်းက ပြောသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားပါက ပတ်ဝန်းကျင်၏ ဝိုင်းအုံကြည့်ရှုမှု၊ တစ်ဖက်ယာဉ်မောင်း၏ နိုင်ထက်စီးနင်းပြောဆိုမှု၊ ကိုယ်ထိလက်ရောက် နှောင့်ယှက်ထိပါးရန်စောင်မှုများ ဖြစ်ပေါ်လာပါက အကောင်းဆုံးဖြေရှင်းနည်းမှာ သက်ဆိုင်ရာ နယ်မြေရဲသို့ ဆက်သွယ်အကြောင်းကြားသင့်ကြောင်း အထက်ပါ အငှားယာဉ်မောင်းက အကြံပြုသည်။